www.burmeseclassic.com

လာဘ်မိုးစွေစာပေ

# မနုတာရီ

(စတုတ္ထအကြိမ်)



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၁၁၀၇/၂၀၀၃ (၈)
ဂ်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၉၆၀၅၀၅
စတုတ္ထအကြိမ်
၂၀၀၅ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၁၀ ကျပ်
မျက်နှာဖုံး ဂရပ်ဖစ် - ရဲထွန်း(လာဘ်မိုးစွေ)
ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး
(မြဲ-၀၄၁၀)
လာဘ်မိုးစွေ စာပေ၊
အမှတ် ၂၀၅၊ ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊ ဘုရင့်နောင်၊
အင်းစိန်မြို့နယ်။
ပုံနှိပ် - ဦးမြင့်ဦး (မြဲ-၀၁၅၀၃)
သိန်းသန်းဦးပုံနှိပ်တိုက်
(၃၄) လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်။

# အစ်မတော်မနုစာရီနှင့်ပတ်သက်၍

ကျွန်ုပ်သည် အသက်သုံးဆယ်အရွယ် မတိုင်မီကပင် မနုစာရီကို သိကျွမ်းခဲ့ရ၏။

မနုစာရီ၏ ဉာဏ်ပညာကို မြတ်နိုးခဲ့ရ၏။ မနုစာရီ၏ ထက်မြက်မှုကို လေးစားခဲ့ရ၏။

သို့ရာတွင် မနုစာရီသည် ကျွန်ုပ်အား နှိပ်စက်လှဘိ၏။ သူ့ကြောင့် ကျွန်ုပ်သည် များစွာဒုက္ခရောက်ခဲ့ရ၏။ နောက်ဆုံးတွင် အိမ်၌ပင် မနေနိုင်တော့ဘဲ လမ်းဘေးသို့ ရောက်ခဲ့ရတော့၏။

နစ်အတန်ကြာသောအခါ၌ ကျွန်ုပ်သည် မနုစာရီအား မေ့လျော့ခဲ့၏။ လျစ်လျူရှုခဲ့၏။ ထိုအခါ၌ မနုစာရီသည် ကျွန်ုပ်အား လက်ယပ်ခေါ်ပြန်၏။ ထိုအခါ၌လည်း ကျွန်ုပ်သည် အမှတ်မရှိ၊ မနုစာရီအား တစ်ဖန် လေးစားပြန်၏။ မြတ်နိုးမြဲ မြတ်နိုးမိပြန်၏။ ထိုအချိန်၌လည်း ကျွန်ုပ်အား ကိုယ်အကြိမ် နှိပ်စက်ပြန်၏။ ကျွန်ုပ်အား ဝမ်းနင် မပေးဘဲ တန်းဖြုတ်၍ ထွက်သွား၏။ ကျွန်ုပ်သည် ရင်ကွဲပက်လက်နှင့် ကျန်ခဲ့ရ၏။

ယခုတစ်ဖန် မနုစာရီသည် ကျွန်ုပ်အား အလွန်လှပသော မျက်လုံးအားဖြင့် ကြည့်နေပြန်၏။ သွယ်လျသော လက်ချောင်းများဖြင့် လက်ယပ်ခေါ်ပြန်၏။ မနုစာရီသည် ကျွန်ုပ်လေးစားသော ကျွန်ုပ်၏ အစ်မတော်ပင်၏။ ကျွန်ုပ် မည်သို့ပြုရမည် မသိ။ ကျွန်ုပ်သည် မနုစာရီ နှင့်ပတ်သက်၍ အားကိုမျှ ဆောင်ရွက်ချင်စိတ် မရှိတော့ပါ။

သို့လင့်ကစား သူသည် လေးစားအပ်၏၊ မြတ်နိုးအပ်၏။

ထို့ကြောင့် မဝေခွဲနိုင်အောင် ဖြစ်နေသည့်ကြားမှပင် ဤအမှာစာကို ရေးပေးလိုက်ရပေတော့သတည်း။

သဇ္ဇေသဏ္ဍာ တမ္မသော
မင်းသိမ်

လာဘ်မိုးစွေစာပေ

www.burmeseclassic.com



ကြီးစွာသော နာကြည်းမှုအား အပိုးအခမဲ့၍

ညှိလက်ဖြင့် လက်ယပ်ခေါ်၏။

မောင်တော်အတိတ်ကျာနှင့် နီးပေါစေသတည်း။

မနုစာရီ

လာတ်မိုးငွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပညာဉာဏ်ထက်မြက်သောအမျိုးသမီးများသို့





(၁)

## ရတနာဂီရိရောက် ပန်းတဉ်းဝန်၏လက်ဆောင် သို့မဟုတ် လိုရမည်ရ မှာရသော စာရေးသူ၏အမှာ

ကျွန်ုပ်အဖို့ ဝင်ငွေအားဖြင့်လည်း အတော်အသင့် တန်ကျ၍ ကျွန်ုပ်ကိုယ်တိုင်လည်း များစွာဝါသနာရှိသော စပါးအဝယ်တော် အလုပ်ကို မလွှဲမရှောင်သာ စွန့်လွှတ်ခဲ့ရပြီးနောက် ကျွန်ုပ်အပေါ်၌ လွန်စွာသစ္စာရှိသော ကျွန်ုပ်၏ လက်စွဲတော် တပည့်ကလေး 'ဂျပု ဝိုင်းမောင်' နှင့်အတူ ရန်ကုန်မြို့ မအူတုန်းရပ်တွင် တိုက်ခန်း တစ်ခန်း ငှားရမ်း၍ အေးချမ်းစွာ နေထိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခန့်ကြာသည်အထိ မည်သည့် အလုပ်အကိုင်မျှ မလုပ်ဘဲ နေထိုင်ခဲ့ပြီးနောက် အလုပ်မရှိသဖြင့် ပျင်းရိငြီးငွေ့သော ဒုက္ခဆင်းရဲကို ဆက်လက် သည်းခံခြင်း မပြုနိုင်သည့်အဆုံး၌ မိတ်ဆွေဟစ်ဦး၏ အကြံပေးချက်အရ ပစ္စည်းအထူးအဆန်းကလေးများနှင့် ပန်းချီ၊ ပန်းပုရုပ် စသည်တို့ ရောင်းချသည့် ကျူရီယိုဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ် ရောင်းချခဲ့လေသည်။

ရောင်းဝယ်ရေးအတတ်ဟု ခပ်လွယ်လွယ် ပူးတွဲ၍ ခေါ်တတ်သော်လည်း အမှန်စင်စစ်အားဖြင့် ဈေးရောင်းခြင်း၊ ဈေးဝယ်ခြင်း အတတ်သည် တစ်မျိုးစီဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင် အတူတူပင်ဖြစ်သည်ဟု သဘောပိုက်ခဲ့သော်လည်း ဆိုင်ဖွင့်ပြီး များမကြာမီ ရောင်းခြင်းနှင့် ဝယ်ခြင်းသည် တူမလိုလိုနှင့်များစွာ ကွဲပြားခြားနားကြောင်းကို နားလည် သဘောပေါက်မိခဲ့ပါတော့ သည်။

ကျွန်ုပ်၏ နားနှင့်ပါးစပ်တို့သည် ကျွန်ုပ်ကိုယ်တိုင် ဝယ်သူအဖြစ်ရှိစဉ်က အလွန်သွက်၊ အလွန်လျင်လှသော်လည်း အရောင်းသမားအဖြစ်၌မူ လုံးဝလောက်နီးနီး အသုံးဝင်ခြင်း မရှိလှပါ။

ကျွန်ုပ်၏ မျက်စိသည်လည်း အနယ်နယ်အရပ်ရပ်မှ အလွန်လည်ပါပေသည်ဆိုသည့် စပါးပွဲစားများအား ချောင်းမြောင်းရာ၌ များစွာ အသုံးဝင်ခဲ့သော်လည်း ကျွန်ုပ် အရောင်းသမား ဖြစ်ရသည့်အခါ၌မူ ဝယ်သူဟုတ်မဟုတ်ပင် ခွဲခြား၍ မကြည့်တတ်လောက်





အောင် ညံ့ဖျင်း၍လာတော့၏။

ထို့ကြောင့် ဆိုင်ဖွင့်စ လအနည်းငယ်အထိ ကျွန်ုပ်၏ကျူရီယိုဆိုင်သည် ခပ်ထိုင်းထိုင်း၊ ခပ်အအ ဖြစ်ခဲ့၏။ သို့ရာ၌ ကျွန်ုပ်ကို ခင်မင်သော ဂျူးလူမျိုး ပွဲစားကြီး မစ္စတာ ယွန်၏ ကူညီပြသမှုကြောင့် နောင်တွင် ကျွန်ုပ်မျက်စိ၊ နားနှင့် ပါးစပ်တို့သည် ဈေးဝယ်သူကို ကွဲခနဲနေအောင် အရအမိ ဖမ်းနိုင်လာခဲ့ပေသည်။

ကျွန်ုပ်၏ တပည့်ကျော် ဂျပုပိုင်းမောင်သည် စပါးအပယ်တော်အဖြစ်နှင့် ကျွန်ုပ် အနယ်နယ်၊ အရပ်ရပ် လှည့်လည်ခဲ့စဉ်က အတော်အတန် အသုံးဝင်ခဲ့သော်လည်း ကျူရီယိုဆိုင်လုပ်ငန်း၌မူ ဘာတစ်ခုမျှ အသုံးပြု၍ မရခဲ့ပါ။

တံမြက်လှည်းခြင်း၊ လက်ဖက်ရည် မှာပေးခြင်း၊ လခပေးစားသော ထမင်းဆိုင်မှ ထမင်းချိုင့်ယူခြင်း စသည့် တောက်တိုမယ်ရ အလုပ်များနှင့် ကျွန်ုပ်မွေးမြူထားသည့် 'ဘိုးလိုက်' နှင့် 'တိုးဟောင်' ဆိုသော ခွေးဝဲစားနှစ်ကောင်အား အစာကျွေးခြင်း၊ အခြား ခွေးများနှင့် ကိုက်သည့်အခါ ကျွန်ုပ်၏ ခွေးများဘက်မှ ကူ၍ အခြားခွေးကို ဝင်ရိုက်ခြင်း စသည့် ဟန်မကျသော အလုပ်များမှလွဲ၍ ဆိုင်အတွက် မည်သို့မျှ အသုံးမဝင်ပါ။

အနိမ့်ဆုံးအားဖြင့် စာတိုက်တွင် ကျွန်ုပ်အမည်နှင့် ရောက်ရှိလာသော ပါဆယ်ထုပ်များကို သွားရောက် ရွေးယူရသော အလုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



နိုင်း၍ မဖြစ်အောင် လူရည်လူသွေး ညှိလုပါတော့၏။

ဆိုင်ဖွင့်စ လများတွင် ကျွန်ုပ်ဆိုခဲ့သည့်အတိုင်း အရောင်းထိုင်းသည်ကလည်း တစ်ကြောင်း၊ ဆိုင်လုပ်ငန်းအား ကိုယ်ခွဲမရှိ လုပ်နေရသဖြင့် ထင်တိုင်းမပေါက်သည်လည်း တစ်ကြောင်း။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ဝါသနာပါသည့်အလုပ် မဟုတ်သည်ကလည်း တစ်ကြောင်းကြောင့် ကျူရီယိုဆိုင်အလုပ်ကို များစွာစိတ်ပျက်ခဲ့သော်လည်း နောက်ပိုင်းတွင် ကျွန်ုပ်ကိုယ်တိုင် ထိုလုပ်ငန်းကို လွန်စွာ စိတ်ဝင်စားလာမိတော့၏။

ကျူရီယိုဆိုင်လုပ်ငန်းကို ကျွန်ုပ် စိတ်ဝင်စားလာရသည့်အကြောင်းအား စာဖတ်သူတို့ ရိပ်စားမိစေရန် ကျူရီယိုဆိုင်၏ သဘာဝကို ရှင်းပြပါမည်။

ကမ္ဘာပေါ်၌ ကျူရီယိုဆိုင်ဟူ၍ စတင်တည်ခင်းရောင်းချသူများမှာ ဂျူးလူမျိုးများသင် ဖြစ်၏။ ဂျူးဆိုသည့် လူမျိုးများမှာ သူ့တွင်ရှိသော မည်သည့်ပစ္စည်းကိုမဆို အမြတ်တင်၍ ရောင်းပစ်ရန် အစဉ်သဖြင့် စိတ်ကူးနေသော လူမျိုးဖြစ်၏။

မည်သို့မျှ အသုံးမဝင်သည့် ဗစ္စည်းဖြစ်စေ ဂျူးလက်ရောက်သွားလျှင် ဝယ်သူကြိုက်၍ ဈေးကြီးပေးရသောအဖြစ်သို့ ရောက်သွားတော့၏။ ဈေးရောင်းပညာ တတ်ကျွမ်းသော ဈေးသည်လူမျိုးဖြစ်၏။

ထိုကြောင့် ဂျူးလူမျိုးတို့သည် သူတို့ထံ၌ရှိသော အိုးစုတ်၊





ခွက်စုတ်၊ ပန်းကန်ဟောင်း၊ စားပွဲခုံဟောင်း စသည်တို့ကို ထုတ် ပြီးဆိုင်ခင်းရောင်းချရာမှ အစပြု၍ ကျူရီယိုဆိုင်ဟူ၍ ကမ္ဘာပေါ်တွင် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်၏။

ကျူရီယိုဆိုင်တစ်ဆိုင် မယ်မယ်ရရ ဖြစ်နိုင်ရန် ပစ္စည်းရှာဖွေရသော အလုပ်မှာလည်း လွယ်ကူလှသော လုပ်ငန်း မဟုတ်။ သတင်းအစအန၊ သဲလွန်စ အသေးအဖွဲကလေးများပေါ်တွင် အခြေပြု၍ လိုက်လံ ရှာဖွေဝယ်ယူရခြင်းဖြစ်ရာ အမဲလိုက်ရသော မုဆိုးလုပ်ငန်း၊ ဝရမ်းပြေးလူဆိုးကို လိုက်ရသော စုံထောက်လုပ်ငန်း သည်တို့နှင့် ခပ်ဆင်ဆင်တူလှသဖြင့် ကျွန်ုပ်အဖို့ ရသေ့စိတ်ပြေသဘောရှိခြင်းကြောင့် ပျော်သလိုလို ဖြစ်လာမိ၏။

ကျွန်ုပ်ကိုယ်တိုင် ရှာဖွေခဲ့ရသော ပစ္စည်း အထူးအဆန်းအမြောက်အမြားအနက်မှ စာဖတ်သူတို့ ကျူရီယိုဆိုင်၏ စိတ်ဝင်စားဖွယ်ရာ သဘာဝကို ပို၍ရိပ်စားမိစေရန် ပစ္စည်းကလေးတစ်ခုအကြောင်းအား တင်ပြပါအံ့။

သီပေါမင်းပါတော်မူစဉ်က သီပေါမင်းနှင့်အတူ ဟေမန်၊ ဝသန်၊ ဂိမာန်၊ ရွှေဦးဟုခေါ်သော အပျိုတော်ကလေးများ လိုက်ပါခဲ့ရျာ၏။ ရတနာဂီရိတွင်နေစဉ် ယင်း အပျိုတော်ကလေးများနှင့် သီပေါမင်း၏ မိဖုရား ထိပ်စုဖုရားလေးတို့သည် အဆင်မပြေ ဖြစ်ကြ၏။

အပျိုတော်ကလေးများကလည်း မိဖုရားသည် နန်းကျဘုရင်၏



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားဘဝရောက်နေသည့်တိုင်အောင် အမိန့်အာဏာ သုံးလွန်းသည်ဟု မကျေမနပ်ဖြစ်ကြ၏။ မိဖုရားကလည်း အရှင်သခင် နိမ့်ပါးသည့်အခါ၌ ကျေးကျွန်တို့က မရိုမသေမခန့်မညား ပြုရမည်လားဟု ရောဇမာန် ရှတော်မူ၏။

ယင်း မကျေနပ်မှုအား ပို၍အခြေအနေ ဆိုးသွားအောင် ဖြစ်ရသည့် အကြောင်းတစ်ခုက ရှိ၏။

ထိုအကြောင်းကား သီပေါဘုရင်နှင့်အတူ လိုက်ပါသွားသော ပန်းတဉ်းဝန်က အရှင်သခင်ကို မခန့်မညား ပြုရပါမည်လားဟု အပျိုတော်ကလေးများကို တစ်ယောက်စီ ခေါ်၍ ဆံကိုဆွဲကာ တံတောင်ဖြင့်ထောင်း ဆုံးမလိုက်ခြင်း ဖြစ်၏။

အပျိုတော်များသည် အဆုံးမ ရက်စက်သော ပန်းတဉ်းဝန်ကို ဆန္ဒပြသည့်အနေနှင့် အလုပ်မလုပ်ကြဘဲ တစ်ပတ်ကြာမျှ ထိုင်သပိတ်မှောက်ကြတော့၏။ ထိုကိစ္စနှင့် ပတ်သက်၍ သီပေါမင်းက ပန်းတဉ်းဝန်ကို အပျိုတော်ကလေးများ ကျေနပ်သည်အထိ ပြန်လည် ချော့မော့ရန် အမိန့်တော် မှတ်လိုက်တော့၏။

ထို့ကြောင့် ပန်းတဉ်းဝန်သည် မိုးကြိုးဖြင့် မြေအိုးသဏ္ဍာန် အိုးကလေး လေးလုံး ခတ်လုပ်၍ အပျိုတော်ကလေးများအား လက်ဆောင်ပေးကာ ချော့မော့၏။ ထိုအိုးကလေးသည် ဥသျှစ်သီး အရွယ်ခန့် ရှိပြီး ပန်းပြောက်ပန်းခက်များဖြင့် ဝေဆာ၍ လွန်စွာလှပသည်ဟု ဆို၏။





အိုးကလေးတစ်လုံးစီ ရကြသော အပျိုတော်များသည် ဆံပင်ဆွဲ၍ တံတောင်ဖြင့် ထောင်းထားသည့် ပန်းတဉ်းဝန်ကို ချက်ချင်း စိတ်ကောက်ပြေသွားကြသည်ကို ထောက်လျှင် ပန်းတဉ်းဝန်၏ အိုးကလေးများ မည်မျှ လက်ရာမြောက်သည်ကို ခန့်မှန်းနိုင်၏။

"မြေအိုးမှာလည်း သည်လို ပန်းပြောက်ပန်းခက်တွေ ပါရင် အိုးဟာ အလွန်လှသပေါ့။ သည်လို အိုးလှဖို့ကလည်း အိုးထိန်းသည်ဟာ လက်ခတ်နဲ့ ရိုက်ရတယ်ကွယ့်၊ အရိုက်ကောင်းလေ အိုးဟာ လှလေပေါ့ကွယ်"

"အိုးနာအောင်၊ အိုးအက်အောင်၊ အိုးကွဲအောင်ဆိုတဲ့ စိတ်စေတနာနဲ့တော့ ဘယ်အိုးထိန်းသည်မှ သူတို့အိုးတွေကို မရိုက်မပုတ်ကြပါဘူးလေ။ သူတို့ အိုးကလေးတွေ လှသွားအောင် တင့်တယ်သွားအောင် ရိုက်ကြတာချည်းပဲပေါ့ မယ်မင်းကလေးတို့ရယ်"

ပန်းတဉ်းဝန်ကလည်း သူ၏ လက်ဆောင်နှင့် ပတ်သက်၍ ရှင်းရှင်းနှင့်တိုတိုပင် ကွမ်းဝါးရင်း တစ်လုံးချင်း မိန့်လိုက်ပြန်ရာ အပျိုတော်ကလေး လေးဦးမှာ ပို၍ ကျေနပ်သွားကြပြီး အရှင် နှစ်ပါးနှင့်တကွ ပန်းတဉ်းဝန်ကို ရိုသေ ခန့်ညားလာကြသည်ဟု ကျွန်ုပ်ကြားခဲ့မှတ်ခဲ့ပူး၏။

တပတ်သူတို့ချည်း ထိုအဖြစ်အပျက်ကို ကျွန်ုပ်တို့သို့ ပင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးကောင်း ကြားဖူးပေလိမ့်မည်။ သို့ရာ၌ ပန်းတဉ်းဝန်၏ အမှုက်ချွေးသတ်ဆောင် မိုးကြိုးအိုးကလေးများကိုမူ မြင်ဖူးသူ ရှားပေလိမ့်မည်။ ကျွန်ုပ်အနေနှင့်မူ စာဖတ်သူတို့ထဲ၌ ထိုအိုးလေးများကို မြင်ဖူးသူသည် ပါကောင်းမှ ပါပေမည်ဟု ယူဆပါသည်။

ရှာမှရှားသော ထိုမိုးကြိုးအိုးကလေးတစ်လုံးသည် ကျွန်ုပ်၏ ကျူရီယိုဆိုင်တွင် ရောင်းချရန်အတွက် ကျွန်ုပ်ကိုယ်တိုင် လိုက်လံရှာဖွေခဲ့ရဖူး၏။ ဆိုင်ရှိ မှန်ဗီရိုထဲ၌လည်း ရောင်းချရန် တင်ပြခဲ့ဖူး၏။ ကင်းဘရိတ်တက္ကသိုလ်မှ အရှေ့တိုင်း ရာဇဝင် ပါမောက္ခတစ်ဦး မြန်မာပြည်သို့ အလည်အပတ် ရောက်ခဲ့စဉ်က ထိုအိုးကလေးကို အကြောင်းပြု၍ ကျွန်ုပ်၏ ကျူရီယိုဆိုင်ကလေးသို့ လေးခေါက်တိတိ ရောက်ခဲ့ဖူး၏။

ထိုစဉ်က ကျွန်ုပ် ခဲယဉ်းစွာရှာဖွေခဲ့ရသော မိုးကြိုးအိုးကလေးကို ပါမောက္ခကြီးက သုံးထောင်အထိ ပေး၍ ဝယ်ရှာသည်။ ကျွန်ုပ်က ငါးထောင်ဈေးခေါ်၍ တင်းခံထားလိုက်သဖြင့်သာ အရောင်းအဝယ် မတည့်တဲ့ ရှိခဲ့ကြ၏။ (ထိုအချိန်လောက်က မောရစ်မိုင်းနား ကားတစ်စီးမှ သုံးထောင်ထက် များစွာ မပိုသေးသောအခါဖြစ်ရာ ပါမောက္ခကြီး ပေးသောဈေးနှုန်းကို ချိန်ဆ ကြည့်စေလို၏။)

ကျွန်ုပ်သည် ထိုအိုးကလေး ရရန်အတွက် သုံးနှစ်ခန့် ကြိုးစားပမ်းစား ရှာဖွေခဲ့ရသဖြင့်သာ ဤမျှ ဈေးတင်ထားခြင်း ဖြစ်၏။ ကျွန်ုပ်





သည် မိုးကြိုးအိုးကလေးတစ်လုံး မြန်မာပြည်၌ ရှိသည်ဆိုသည့် သတင်းကို ကြားမိကတည်းက လိုက်ခဲ့ရ၏။

အပျိုတော် ဝဿန်သည် မြန်မာပြည်သို့ ပြန်လာပြီး မော်လမြိုင်၌ခေါင်းချသွားရှာသည်။ ကျန်သုံးဦးသာလျှင် အိန္ဒိယပြည်၌ အသက်ထက်ဆုံး နေထိုင်သွားကြသည်ဟု သိရ၏။ ထို့ကြောင့် အပျိုတော် ဝဿန်၏ မြစ်တော်သူ မြမြဆိုသည့် သူနာပြု ဆရာမလေးထံတွင် ရှိသည်ဟု ကြားရလျှင် ကြားရခြင်း ကျွန်ုပ်သည် မြမြကို မော်လမြိုင်ဆေးရုံတွင် ကွားရောက် ရှာဖွေတွေ့ဆုံရ၏။

မြမြနှင့် တွေ့ပြန်တော့လည်း သင်တန်းတက်ရောက်စဉ်က သူ၏သူငယ်ချင်းမကို အပ်နှံထားခဲ့သော ပစ္စည်းများတွင် ထိုအိုးကလေး ပါ ပါရှိကြောင်း၊ သူ၏ သူငယ်ချင်းမ ဂျင်နီဆိုသည့် မိန်းကလေးသည် သင်တန်းမှ သူမပြန်မီ၌ပင် အင်္ဂလိပ်အရာရှိတစ်ဦးနှင့် အကြောင်းပါပြီးနောက် အိန္ဒိယသို့ လိုက်ပါသွား၏။ သူ၏ အခြားပစ္စည်းများပင် ပြန်၍မရကြောင်း စသည့် မရေမရာ သတင်းများကြောင့် မိုးကြိုးအိုးကလေး၏ သဲလွန်စများသည် ရဲတိုက်ကို မိုးကြိုးပစ်ချလိုက်သကဲ့သို့ ပြိုပျက်ခဲ့ရ၏။

သို့သော် အဆက်မပြတ် နားစွင့်နေသော ကျွန်ုပ်၏နားသို့ ထိုအိုးကလေးသတင်းများသည် ထပ်မံ ရိုက်ခတ်လာပြန်သည်။ သတင်းရတိုင်းလည်း ကျွန်ုပ်သည် အလျှော့မပေးဘဲ ခက်ရာရထားပြီး လွှက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားသော သားကောင်နောက်သို့ တောလိုက်ကောင်းသော မုဆိုးလိုက်သကဲ့သို့ ကျွန်ုပ်လည်း ထိုသတင်းများကို အခြေပြု၍ တရစပ်လိုက်ခဲ့ရာ နောက်ဆုံး၌ ပန်းတဥ်းဝန်၏ မိုးကြိုးအိုးကလေးသည် ကျွန်ုပ်၏ ဖွဲလှံ့လကို လက်မြှောက်ရပါတော့သည်။

ကျွန်ုပ်သည် သူနာပြုဆရာမ ဂျင်နီ မြန်မာပြည်၌ ရှိ မရှိ သေချာရန်အတွက် ကျန်းမာရေးဌာနသို့ ချဉ်းကပ်ရတော့သည်။ ထိုအချိန်က ကျန်းမာရေးဌာနတွင် မြန်မာတစ်ပြည်လုံး ခန့်ထားသော သူနာပြုဆရာမများ၏ စာရင်းကို မဆိုထားဘိ၊ အလွန်အရေး ကြီးနည်းသော ဆရာဝန်များ၏ စာရင်းကိုပင် တစ်နေရာတည်း၌ ကြည့်ရှု၍ ရနိုင်သော (Shee Roll) ခေါ် စာရင်းချုပ်ကို ကျွန်ုပ် မတွေ့မြင်ခဲ့ရဘူးပါ။ မြို့အလိုက် ပြုစုထားသော စာရင်းများ၊ ဆေးရုံအလိုက် ပြုစုထားသော စာရင်းများမှာလည်း ထိုဌာနရှိ အရာရှိများသည် လည်းကောင်း၊ စာရေးစာချီများသည် လည်းကောင်း သေချာဂဃ ပြုလုပ်ထားသည်ကို ကျွန်ုပ် မတွေ့ခဲ့ရပါ။

ဟိုစာရေးထံမှာ တချို့တစ်ဝက်၊ သည်စာရေးထံတွင် တချို့တစ်ဝက် စသည်ဖြင့် မပြည့်မစုံ တွေ့ရပါသည်။ ကျွန်ုပ် ထင်ပါသည်။ မိမိ၏ ဌာနတွင် ဆရာဝန် မည်မျှ ခန့်ထားကြောင်းကိုပင် ထိုဌာန၏ မင်းစေ ပြာတာမှ ဝန်ကြီးတိုင်အောင် ဖြေဆိုနိုင်မည့်သူ တစ်ယောက်မှ ရှိလိမ့်မည်ဟု မထင်ပါ။





ကျွန်ုပ်သည် ထိုဂျင်နီဆိုသော သူနာပြုဆရာမတစ်ဦးကို တွေ့ရှိရေးအတွက် စာကူးရန် ယာယီအဖြစ် ကျွန်ုပ်ငှားရမ်းထားသူ နှစ်ဦးနှင့် ကျွန်ုပ်ပါ တစ်လတိုင်တိုင် ကျန်းမာရေးဌာနရုံး အသီးသီးမှ သူနာပြုဆရာမများ၏ အမည်နှင့် တာဝန်ထမ်းဆောင်နေသော ဆေးရုံစာရင်းများကို ကူးယူစုဆောင်းခဲ့ရာ နောက်ဆုံး၌ မြန်မာပြည် အရပ်ရပ်ရှိ မွေးရုံများနှင့် ယင်းဆေးရုံများတွင် တာဝန်ထမ်းဆောင်နေကြသော သူနာပြုဆရာမတို့၏ စာရင်းချုပ်တစ်စောင်အဖြစ် ရရှိခဲ့ပါသည်။

ကျွန်ုပ်သည် ထိုစာရင်း၌ ဂျင်နီဆိုသော သူနာပြု ဆရာမလေးသုံးယောက်ကို တွေ့ရှိရာတစ်ဦးမှာ ဗန်းမော်ဆေးရုံ၌ ဖြစ်ပြီး တစ်ဦးမှာ မအူပင်ဆေးရုံ၌ ဖြစ်၏။ အခြားတစ်ဦးမှာ အင်းစိန် ဆေးရုံမှ ဖြစ်၏။

ကျွန်ုပ်သည် အနီးဆုံး အင်းစိန်ဆေးရုံမှအစ အဝေးဆုံး ဗန်းမော်ဆေးရုံအထိ ကိုယ်တိုင် သွားရောက်၍ ဂျင်နီများကို တွေ့ဆုံခဲ့သော်လည်း ထိုသုံးဦးစလုံးမှာ အပျိုတော် ဒေါ်ဝသန်၏ မြေး သူနာပြုဆရာမ မြမြ၏ သူငယ်ချင်း ဂျင်နီများ မဟုတ်ကြောင်း သိရပါသည်။

ဖွဲညံ့သောသူသာ ဖြစ်ပါက ထိုအချိန်၌ မိုးကြိုးအိုးကလေးကို လက်လွှတ်ရလေမည်။ ကျွန်ုပ်သည်လည်း အစပထမတွင် လက်လျှော့တော့မည်ဟု စိတ်၌ ဖြစ်ပေါ်ခဲ့သော်လည်း 'ငုပ်မိသဲတိုင်' ဆိုသော စကားအရ အလျှော့မပေးဘဲ ဆက်၍ ကြံစည်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ကျန်းမာရေးဌာနတွင် စာရင်းများကူးခဲ့စဉ်က သိကျွမ်းခဲ့ရသော ပြာတာ မင်းစေကလေးနှင့် ကျွန်ုပ်သည် စိန်ပေါ်ကျောင်းအနီး ဘတ်စ်ကားမှတ်တိုင်၌ တွေ့ရာ သူကပင် စ၍ 'ဦးလေး သူနာပြုဆရာမတွေ စာရင်းကူးယူတာဟာ စစ်ဆေးရုံက စာရင်းတွေပါသလား' ဟု ကျွန်ုပ်ကို မေးပါသည်။ ကျွန်ုပ်က မပါရှိကြောင်း ပြောရာ သူက စစ်တပ်မှ သူနာပြု ဆရာမစာရင်းသည် ကျန်းမာရေးဌာနတွင် ပါရှိခြင်းမရှိဘဲ စစ်တပ်၏ အရာရှိများ စာရင်း၌ ပါရှိကြောင်း ပြောကြားလိုက်၏။ ကျွန်ုပ်သည် ထိုပြာတာလေး၏ နှံ့စပ်မှုကိုများစွာ လေးစားသွား၏။ ကျွန်ုပ်၌သာ ခန့်အပ်နိုင်သော အာဏာရှိပါမူ ထိုအချိန်၌ ယင်းပြာတာကလေးအား ထိုဌာန၏ ညွှန်ကြားရေးဝန်နေရာလောက်ကို ခန့်ထားလိုက်ချင်မိ၏။

ကျွန်ုပ်သည် ထိုပြာတာကလေး၏ အမည်ကို မမေ့ပါ။ သူ့ကိုလည်း များစွာရင်းနှီးသွားမိတော့၏။ ထိုသူငယ်၏ အမည်ကား 'မောင်မြတ်ကြွယ်' ဖြစ်၏။ သူ၏အမည်ကို ကျွန်ုပ်သည် မည်သည့်အခါမျှ မေ့ပျောက်လိမ့်မည် မဟုတ်ချေ။

ကျွန်ုပ်သည် မောင်မြတ်ကြွယ် ဆိုခဲ့သည့်အတိုင်း မင်္ဂလာဒုံ စစ်ဆေးရုံသို့ သွားရောက်၍ စစ်တပ် သူနာပြုဆရာမများ၏ စာရင်းကို ကူးရပြန်၏။

စစ်တပ်သည် စာရင်းအင်းထားသိုရာ၌ အခြားဌာနများထက်





သေချာမှုရှိသည်ဟု ကျွန်ုပ်ထင်၏။ မင်္ဂလာဒုံ စစ်ဆေးရုံ တစ်ခုတည်း၌ပင် မြန်မာပြည် စစ်တပ်တစ်ခုလုံး၌ရှိသော စစ်ဆေးရုံများ၏ စာရင်းကို လည်းကောင်း၊ သူနာပြုစခန်းများ၏ စာရင်းကို လည်းကောင်း၊ ခန့်အပ်ထားသော ဆရာဝန်နှင့် သူနာပြု ဆရာမများစာရင်းကို လည်းကောင်း ကြည့်ရှု၍ ရရှိသော (War Establish Prade State) ခေါ် စာရင်းကြီးတစ်စောင် ပြုလုပ်ထား၏။ သူတို့၏ အဆိုအရ သူတို့ထံ၌ မြန်မာပြည် အရပ်ရပ်ရှိ စစ်တပ်များသို့ ထုတ်ပေးခဲ့သော 'အမ်ဘီ' ခေါ် ကိုးဆယ့်ခြောက်ပါးပျောက် ဆေးပြားကလေးများကိုပင် အတိအကျ မည်သူ ဘယ်နှစ်ပြားသောက်သုံးခဲ့သည်ကို စာရင်းပြုထားလျက်ရှိသည်ဟု ဆို၏။ ကျွန်ုပ်ယုံကြည်ပါသည်။

အဘယ်ကြောင့်မူ ကျွန်ုပ်ကို လွန်စွာ အလုပ်ပေးခဲ့သော ဂျင်နီကို သူတို့၏ စာရင်း၌ တွေ့ပြီ ဖြစ်သောကြောင့်တည်း။

## ၃– ဗိုလ်ဂျင်နီ (သူနာပြု)
## မေမြို့စစ်ဆေးရုံ

*(မှတ်ချက်– ယခု ဖော်ပြသော ဇာတ်လမ်းမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဇာတ်လမ်းဖြစ်သဖြင့် ယခင်ကာလများက အခေါ်အဝေါ်များဖြင့် ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ယခုအခါတွင် မေမြို့သည် ပြင်ဦးလွင်မြို့ဟု ပြောင်းလဲ ခေါ်ဝေါ်လျက် ရှိသည်။)*



www.burmeseclassic.com

ကျွန်ုပ် ရှာဖွေလျက်ရှိသော ဂျင်နီ တုတ် မဟုတ်ကိုလည်း စစ်တပ်သုံး ဝိုင်ယာလက်ဖြင့်ပင် ထိုစစ်ဆေးရုံက ကူညီ၍ မေးပေးခဲ့၏။ ထိုနေ့ ညနေပိုင်းတွင် ကျွန်ုပ်တွေ့လိုသော မြမြ၏ သူငယ်ချင်း သူနာပြုဆရာမလေး ဂျင်နီမှာ ဒု-ဗိုလ်ဂျင်နီပင် ဖြစ်ကြောင်းကို သေချာစွာ သိရတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် နောက်တစ်နေ့၌ မေမြို့ (ယခု ပြင်ဦးလွင်) သို့လိုက်၍ သွား၏။ ဂျင်နီနှင့် ပက်ပင်းတွေ့ကာမှပင် ကျွန်ုပ်၏ ရင်ဝအား ခြေနှင့်တအား ဆောင့်၍ ကန်လိုက်သကဲ့သို့ ရှိတော့၏။

"အန်ကယ်ပြောတဲ့ အိုးကလေးတော့ မြမြအပ်ခဲ့တဲ့ ပစ္စည်းတွေထဲမှာ ပါတာအမှန်ပဲ။ ဒါပေမယ့် အဲဒီ အိုးကလေးကို ဂျင်နီတို့ အနေနဲ့ အရေးကြီးတဲ့ပစ္စည်းလို့လည်း မထင်မှတ်ခဲ့ပါဘူး။ သူ အပ်ထားခဲ့ကတည်းက ဒီလိုပဲ ပေါ့ပေါ့တန်တန် ထားခဲ့ပါတယ်။ တစ်ခါတလေတော့ ဂျင်နီ့ယောကျ်ားဟာ အဲဒီ အိုးကလေးကို ဆေးလိပ်ပြာခွက်အဖြစ် အသုံးပြုတတ်တာက လွဲပြီး ဂျင်နီတို့ အဖို့ အဲဒီဟာလေးကို မှတ်မှတ်သားသား လေးလေးစားစား မရှိခဲ့ပါဘူး။ ဂျင်နီအထင်တော့ အဲဒီအိုးလေးဟာ မော်လမြိုင် နေစဉ်ကတည်းကပဲ ပျောက်သွားပြီလို့ ထင်ပါတယ် အန်ကယ်"

ကျွန်ုပ်သည် အရှာကြီး ရှာခဲ့ရသော ဂျင်နီကို တွေ့ပြန်တော့





သည်း ကျွန်ုပ်၏မျှော်လင့်ချက် အစိုအညှောက်များသည် ကျိုက်ကျိုက် ဆူသော ရေနွေးပူနှင့် လောင်းသတ်ခံရသကဲ့သို့ လုံးဝ မျှော်လင့်ဖွယ် မရှိသော အခြေအနေသို့ ဆိုက်ခဲ့ရတော့၏။

ဂျင်နီကို ကျွန်ုပ် မည်သို့မည်ပုံ ရှာဖွေခဲ့ရသည်ကို ပြော မပြခဲ့ပါ။ ကျွန်ုပ်သည် ထိုအခါက မြန်မာတစ်ပြည်လုံးရှိ သူနာပြု ဆရာမများ၏ အမည်ကို အလွတ်လောက်နီးနီးပင် ရရှိနိုင်လောက်အောင် သူနာပြု ဆရာမများ၏ စာရင်းကို မွှေနှောက်၍ ဂျင်နီကို ရှာခဲ့ရခြင်းဖြစ်၏။ ထိုသို့ ခက်ရခက်ဆစ် ရှာဖွေပြီး တွေ့ရသော ဂျင်နီကလည်း ကျွန်ုပ် လိုချင်လှသော မိုးကြိုးအိုးကလေးကို မဆိုထားဘိ တွေ့နိုင်သော သဲလွန်စကိုပင် ပေးနိုင်သူတစ်ယောက် မဟုတ်ရုံမျှမက ကျွန်ုပ်ကိုပင် စိတ်ဓာတ် အကျကြီးကျအောင် ပြုလုပ်သကဲ့သို့လည်း ရှိ၏။

ကန္တာရအတွင်း ရေပြတ်သောသူသည် အဝေးမှ မြင်ရသော ရေကန်သို့ ရှိစုမဲ့စု ခွန်အားဖြင့် အရောက်သွားခဲ့ရာ ရေကန်ဆီ ရောက်ကာမှ ရေမဟုတ်ဘဲ သဲကျင်းကြီး ဖြစ်နေသည်ကို တွေ့ရသဖြင့် ရူးသွပ်သွားကြသော သဲကန္တာရ အရူးများအကြောင်းကို စာထဲ၌ ကျွန်ုပ် မကြာခဏ ဖတ်ခဲ့ဖူး၏။ ကျွန်ုပ်လည်း ယခုကဲ့ သို့ ဖြစ်နေချေ

ကျွန်ုပ်သည် ဂျင်နီထံမှ စိတ်ပျက်စွာ ပြန်ခဲ့ရတော့၏။ လူတို့၏ ကံကြမ္မာသည် ထူးဆန်းလှဘိ၏။ ကျွန်ုပ် အရှာကြီးရှာခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးအိုးကလေးသည် မရှာတော့ပါဘူးဟု လက်လျှော့လိုက်တော့မှပင် ကျွန်ုပ်၏ လက်ဝယ်သို့ ရောက်ရှိလာတော့၏။

ကျွန်ုပ်သည် ရထားပေါ်၌ အိုးကလေးကို ရှာဖွေခဲ့သော အချိန်ဝရိတ်စကာ၊ လူပင်ပန်းမှု၊ စိတ်ပင်ပန်းမှုများကို ပြန်လည်၍ စဉ်းစားပြီးနောက် ငါနှင့်မထိုက်လို့နေမှာပါပဲလေဟု သဘောပိုက်ကာ ထိုအိုးကလေးကို နောက်နောင်၌ မရှာဖွေတော့ပါဘူးဟု စိတ်ကို ဆုံးဖြတ်လိုက်၏။

ဆုံးဖြတ်လိုက်သော စိတ်သည် ကျွန်ုပ်ကို များစွာချမ်းသာမှုကို ပေး၏။ အလုပ်တာဝန်ကြီးတစ်ခု ပေါ့သွားသကဲ့သို့လည်း ရှိ၏။ ထို့ကြောင့် ထိုအိုးကလေးနှင့် ဖတ်သက်၍ ကြားခဲ့သမျှ သဲလွန်စများကို အပြီးအပိုင် မေ့ပစ်ရန်၊ ကြိုးစားရန်မှတစ်ပါး ကျွန်ုပ်၌ အခြားပြုဖွယ်ရာ မရှိတော့ပါ။

ကျွန်ုပ်သည် ပေါ်ပါးရွှင်လန်းစွာပင် ထိုရထားကို စီးနင်း လိုက်ပါခဲ့ရာ ရန်ကုန်မြို့သို့ဝင်ခါနီး လေးထောင့်ကန် ဘူတာ၌ ရထားသည် ရပ်ရိုးထုံးစံ မရှိဘဲလျက် ရပ်လိုက်သဖြင့် ကျွန်ုပ်သည် ပြတင်းပေါက်မှ အပြင်သို့ လှေလာကြည့်ရာ ရန်ကုန်အဝင် မိုးရိပ်တံတားအနီး၌ ရထားတစ်စီး လမ်းချော်နေသဖြင့် ခေတ္တ ရပ်စောင့်ရမည်ဖြစ်ကြောင်း ပြောဆိုနေကြသည်ကို တွေ့ရတော့၏။

လေးထောင့်ကန် ဘူတာရုံကလေးအတွင်း၌မူ အဒေါ်ကြီး သုံး





ယောက်ခန့်သည် ခရီးသွားမည့်ဟန် တောင်းများ၊ ပလုံးများဖြင့် ရထားစောင့်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ထိုခရီးသွားမည့် အဒေါ်ကြီးများထံသို့ ဒုတိယအကြိမ် မျက်စိရောက် သွားပြန်၍ ကြည့်လိုက်မိရာ အဒေါ်ကြီးတစ်ဦးသည် ပြောင်းပူးဖက် ဆေးပေါ့လိပ်ကြီးကို မီးသွားမကျစေရန် ခွက်ငယ်တစ်ခုဖြင့် ခံ၍ မြိန်ရှက်စွာ သောက်နေသည်ကို တွေ့ရတော့၏။ ထိုခွက်ငယ်ကို ထပ်၍ သေသေချာချာ ကြည့်လိုက်မိရာ အိုးကလေးတစ်လုံး သဏ္ဌာန်ဖြစ်နေသဖြင့် ကျွန်ုပ်သည် အားရလက်ဆွဲအိတ်ကို ဆွဲကာ ရထားပေါ်မှ ဆင်းလိုက်တော့၏။ စင်ပေါ်တွင် တင်ထားသော ကျွန်ုပ်၏ အိပ်ရာလိပ်ကိုမူ အနီးရှိ ခရီးသည်တစ်ဦးအား ကြည့်ထားပေးရန် မှာကြားခဲ့၏။

အဒေါ်ကြီးထံသို့ ရောက်လျှင် အဒေါ်ကြီးကို ခွင့်တောင်း၍ ထိုအိုးကလေးအား တောင်းကြည့်ရာ ကျွန်ုပ် ရှာဖွေလျက်ရှိသော မိုးကြိုးအိုးကလေးဟု အတပ်မပြောနိုင်သော်လည်း ထိုအိုးကလေးနှင့်လောက်သော လက်ရာနှင့် သဲလွန်စများကို တွေ့ရတော့၏။ ကျွန်ုပ် မည်မျှအထိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်ကိုမူ မဖော်ပြနိုင်တော့ပါ။

"အဒေါ် ဒီဆေးလိပ်ပြာခွက်ကလေး ကျွန်တော့်ကို ရောင်းပါခင်ဗျာ"

အဒေါ်ကြီးက ထူးဆန်းသလို ကျွန်ုပ်အား မော့ကြည့်ပြီးနောက် .....



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်ဟာ မဟုတ်ပါဘူး။ လမ်းမှာ မီးပွားလွင့်မှာစိုးလို့ ကုလား
အိမ်က ခဏယူလာတာပါတော်”

“အဲဒီကုလားကို ကျွန်တော့်ပြပါ။ ကျွန်တော် ဝယ်ပါ့မယ်”

ဘူတာရုံတွင်းရှိ လူများသည် ကျွန်ုပ်ကို အထူးအဆန်းသဖွယ် ဝိုင်း၍ ငုံ့ကြည့်နေကြ၏။ ထိုအချိန်၌ပင် ကျွန်ုပ် စီးလာခဲ့သော ရထား သည် ထွက်ရန် ဥသြဆွဲလိုက်တော့၏။ ကျွန်ုပ်သည် ထိုဥသြသံကိုမျှ မကြားတော့ပေ။ ကျွန်ုပ်၏ အိပ်ရာလိပ်အား ကြည့်ပေးရန် မှာကြား ခဲ့သော ရထားပေါ်မှ အမျိုးသမီးက ကျွန်ုပ်ကို ရထားထွက်တော့မည် ဖြစ်ကြောင်း အော်၍ခေါ်၏။ ကျွန်ုပ်က မကြားချေ။ သို့သော် ဘူတာ အတွင်းက လူများက ကျွန်ုပ်ကို ဝိုင်း၍ ပြောကြသည်။ ရထားမှာစ၍ ထွက်နေပြီဖြစ်၏။ ကျွန်ုပ်သည် ထိုရထားနှင့် မလိုက်နိုင်တော့ပေ။ ထို့ကြောင့် ကျွန်ုပ်၏ အိပ်ရာလိပ်အား ပစ်ချပေးခဲ့ရန် ရထားပေါ်မှ အမျိုးသမီးကို အော်၍ပြောလိုက်ရာ ထိုအမျိုးသမီးက ကျွန်ုပ်၏ အိပ်ရာလိပ်ကို မနိုင့်တနိုင်နှင့် မ,ကာ ပစ်ချထားခဲ့၏။ ကျွန်ုပ်သည် အနီး၌ရှိသော ကုလားမလေးတစ်ယောက်ကို ပိုက်ဆံတစ်မူးပေး၍ ကျွန်ုပ်၏ အိပ်ရာလိပ်ကို သွား၍ ကောက်ခိုင်း၏။

ကျွန်ုပ်ကိုယ်တိုင်ကမူ အိုးပိုင်ရှင်အဒေါ်ကြီးနှင့်သာ အချီအချ ပြောနေ၏။

“ခက်လိုက်တာတော်၊ ကြုံကြုံဖန်ဖန် ကျုပ် ဆေးလိပ်ခွက်ကိုမှ





မရမက ဝယ်ချင်လို့တဲ့။ ရထားပေါ်ကတောင် ဆင်းခဲ့သတဲ့တော်၊
ကြုံကြုံဖူးပါတော်”

အဒေါ်ကြီးသည် ပြောလည်း ပြော၏။ ခွက်ထိုးခွက်လန်လည်း ရယ်လိုက်သေးတော့၏။

“ဒေါ်ရှင်ရယ်၊ ဒါဖြင့်လည်း ရောင်းလိုက်ရောပေါ့တော်”

“ရောင်းလိုက်လို့ ဖြစ်ပါ့မလားဟဲ့၊ ငါ့ဟာမှ မဟုတ်ဘဲ၊ လမ်းမှာ
ဆေးလိပ်သောက်ဖို့ ကုလားအိမ်က ဝင်ဆွဲလာတာပါဆိုမှ”

ကျွန်ုပ်ဘက်မှ ဝင်ရောက်ပြောဆိုပေးသော အဒေါ်ကြီးတစ်ဦး နှင့် လက်ရှိအိုးပိုင်ရှင် ဒေါ်ရှင်ဟု အခေါ်ခံရသော အဒေါ်ကြီး နှစ်ဦးသည် အချီအချ ပြောဆိုနေကြ၏။

“အဒေါ်ကြီး မရှင်ကလည်း ဒီလိုဆိုရင် ဥစ္စာရှင်ကို ခေါ်ပေးလိုက်
ပါလား။ သူ့ခမျာ ရထားပေါ်ကတောင် ဆင်းခဲ့ရပြီ ဥစ္စာ”

ထိုတောရွာကလေးနှင့် မလိုက်အောင် ဝင်းဝါသန့်ပြန့်သော မိန်းမလှလှကလေး တစ်ဦးက ကျွန်ုပ်ဘက်မှ ဝင်၍ ပြောပေးပြန်၏။

“ဒါက ရထားလာတော့မှာမို့ သွားခေါ်မပေးနိုင်ဘူး အတင်၊
စေတနာရှိရင် ငါ့တူမပဲ သွားခေါ်ပေးပေတော့”

“ဘယ်ကုလားလဲ အဒေါ်ကြီး”

“ညည်းတို့အနားက အန်းတားဆာမိဆိုတဲ့ ကုလားဟာအေ”

ထိုမိန်းကလေးသည် ရုပ်ရည်သာမဟုတ်၊ စေတနာလည်း လှပါဘိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ခေါ်ပေးပါ့မယ်ရှင်"

ထိုသို့ပြောကာ ယုန်ဖြူမကလေး တစ်ကောင်အလား ကျွန်ုပ်တို့၏ အနီးမှ ပျောက်ကွယ်သွား၏။ များမကြာမီ၌ ထို တင်ဘင်ဆိုသော မိန်းကလေးနှင့်အတူ ပိန်ပိန်ရှည်ရှည် ချစ်တီး ကုလားတစ်ယောက် အပြင် မြန်မာတစ်ယောက်လည်း ပါလာ၏။

ချစ်တီးကုလားကို ကျွန်ုပ်က ပြုံး၍ နှုတ်ဆက်လိုက်ပြီးနောက်...

"ဒီအိုးကလေးက ခင်ဗျားပစ္စည်းလား၊ ကျွန်တော် လိုချင်ပါတယ်။ ကျွန်တော့်ကို ရောင်းပါ"

"ဟာ... ဆရာရယ်၊ ကျွန်တော့်တဲမှာ ဒီတိုင်းပစ်ထားတဲ့ ပစ္စည်းပါ၊ အဖိုးလည်း မတန်ပါဘူး။ ဝယ်မနေပါနဲ့၊ ယူသွားပါ"

ကျွန်ုပ်၏စိတ်ထဲ၌ ချစ်တီးကုလား ဆိုသည်မှာ အလွန်တရာ လောဘကြီးသူများ ဖြစ်ကြသည်ဟုသိထားရာ ကျွန်ုပ်က ငမ်းငမ်းတက် လိုချင်ကြောင်းပြောလျှင် မတန်တဆ ဈေးဆိုလိမ့်မည်ဟု ထင်မှတ်ခဲ့သော်လည်း ကျွန်ုပ်၏ အထင်နှင့်အမြင်မှာ များစွာလွဲမှားသွားခဲ့လေ၏။

ငင်းချစ်တီးကုလားသည် ရိုးရိုးသားသားပင် သူ့အတွက် အသုံးဝင်ခြင်း မရှိသော ပစ္စည်းဖြစ်သည့် အားလျော်စွာ ကျွန်ုပ်ကို ရက်ရောစွာပင် အလကားပေးနေ၏။





သူနှင့်အတူ ပါလာသော မျက်စိမှေးမှေးနှင့် သူ၏ မျက်နှာတွင် ကြက်ဖင်ဟုခေါ်သော ရွှံ့ရှုပွယ်ရာ အနာများဖြင့် ပြည့်နှက်နေသော မြန်မာတစ်ဦးကမူ –

"အို ဘယ်ဖြစ်မလဲ၊ တန်ရာတန်ဖိုးတော့ ပေးရမှာပေါ့"

"ဟ... စံထူးရ၊ တန်ရာတန်ဖိုး ယူရအောင် ဒါ့ဟာက တစ်ပြားမှ မတန်တာ"

"လိုချင်တဲ့လူရှိရင် ပစ္စည်းဆိုတာ တန်ဖိုးရှိတာပဲပေါ့ အန်းတားဆာမိရဲ့"

ကျွန်တော်သည် ချစ်တီးကုလားကို အထင်သေးမိသော်လည်း အမှန်တကယ်၌မူ ချစ်တီးမြန်မာက ပို၍ ဆိုးနေ၏။

မတတ်သည့်အဆုံး၌ ကျွန်ုပ်က ပြောရတော့၏။

"ကဲ... ဒီမှာမိတ်ဆွေ၊ အဲဒီပစ္စည်းကို ဘယ်လောက်တန်တယ်ဆိုတာ ခင်ဗျားပဲ ဈေးပြောပါ"

ထိုမြန်မာတောသား လူယုတ်မာသည် အဒေါ်ကြီးထံမှ အိုးလေးကို ယူ၍ကြည့်ကာ...

"ငါးကျပ်ဗျာ"

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျားကို ကျုပ်က ငါးကျပ် သပ်သပ်ပေးပါတယ်။ ဟောဒီ ပိုင်ရှင်ဖြစ်တဲ့ ကိုဆာမိကိုတော့ တစ်ဆယ်ပေးကယ်။ ဟောဒီက ဆေးလိပ်ခွက် လက်ဝင်းလိုသွားတဲ့ အဒေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဝါးကျပ်ပေးပါတယ်။ တကူးတကက် သွားခေါ်ပေးတဲ့ မိန်းကလေးကိုတော့ တစ်ဆယ်ပေးပါတယ်"

ကျွန်ုပ်သည် ပိုက်ဆံအိတ်ကို ဖွင့်၍ တစ်ရွက်ချင်းထုတ်၍ ပေးလိုက်၏။ ကိုစံထူးခေါ်သော မြန်မာချစ်တီးမှအပ ကျန်လူများသည် ကျွန်ုပ်ပေးသော ငွေကို ချက်ချင်းမယူဘဲ အားနာနေကြ၏။ ထိုသူ သာလျှင် ကျွန်ုပ်ပေးသော ငွေငါးကျပ်ကို အငမ်းမရ လှမ်းယူပြီးနောက် ကျွန်ုပ်ကို ကျေးဇူးရှင်ကြီးပမာ မျက်စိမှေးကလေးဖြင့် ကြည့်နေ၏။

ဤသို့အားဖြင့် ကျွန်ုပ်သည် လုံးဝအားလျော့ရမည်ဖြစ်သော အိုးကလေးကို ရရှိခဲ့ပေသည်။ သို့သော်လည်း ထိုအိုးကလေးမှာ ကျွန်ုပ်ရှာဖွေလျက်ရှိသော ပန်းတဉ်းဝန်၏ လက်ဆောင် အိုးကလေး တုတ် မဟုတ် သေချာစေရန်အတွက် အပျိုတော် ဒေါ်ဝသန်၏မြေး သူနာပြုဆရာမလေး မြမြထံသို့ သွားရပြန်၏။

မြမြသည် ကျွန်ုပ် ယူသွားသော အိုးကလေးကို မြင်ရကာမျှနှင့် သူ၏ အိုးကလေးဖြစ်ကြောင်း ချက်ချင်းသိ၏။ ကျွန်ုပ်သည် ဆရာမ ကလေး မြမြကို ငွေငါးဆယ်ပေးသော်လည်း မယူဘဲ အတင်းငြင်းဆန် နေသဖြင့် ငှင်းတန်ဖိုးနှင့် ညီမျှသောပစ္စည်းများ ဝယ်ယူကာ လက် ဆောင်အဖြစ် အတင်းပေးခဲ့ရ၏။

ကျွန်ုပ် သဲသဲမဲမဲ ရှာဖွေခဲ့သော ပန်းတဉ်းဝန်၏ လက်ဆောင် မိုးကြိုးအိုးကလေးကား ကျွန်ုပ်လက်ဝယ် ရောက်ရှိခဲ့ပေ၏။





ရတနာဂီရိတွင် အပျိုတော်ကလေးများအား အမျက်ပြေ လက် ဆောင်အဖြစ် မြန်မာပန်းတဉ်းပန်အနုပညာသည်ကြီး တစ်ဦး၏ လက် ရာ မိုးကြိုးအိုးကလေး၏ ဇာတ်လမ်းကား ဤမျှနှင့် နိဂုံးတံ၍ နိဂုံး ကမ္ပတ် အဆုံးသတ်ခြင်း မပြုခဲ့ပါ။

ထိုအိုးကလေးသည် 'မနုစာရီ' မည်သော ပညာရှင် မင်းသမီး နှင့် ဆက်နွယ်၍ နေ၏။ ထို 'မနုစာရီ' ကား ကျွန်ုပ်တို့ မြန်မာလူမျိုး အတော်များများ ဒဏ္ဍာရီအဖြစ် ပြောဆိုနေကြသော 'သုဓမ္မစာရီ'ကဲ့သို့ လူသိမများသော်လည်း သူ၏ အကြောင်းက အခိုင်အခန့် ရှိ၏။

ရွှေမျဉ်း ဓမ္မသတ်၊ မနုကျယ် ဓမ္မသတ်တို့သည် မနုစာရီ၏ လက်ရာခြေရာများ ဖြစ်၏။ ကုန္နာစရိယမည်သော ဇာတ်ကျမ်းသည် လည်းကောင်း၊ ဓာတော သဓိသံယော ဂါဂါ ဒိကြိယာမည်သော ဓာတ် ကျမ်းသည်လည်းကောင်း၊ (ပေမူ) ပါသာဏာဓာတွာ ဒိဝိစာ ကရဏာ ဘသ္မိကရဏာ မည်သော သတ္တုအမျိုးမျိုးတို့၏အကြောင်း ကျမ်း (ပေမူ) သည်လည်းကောင်း၊ မနုစာရီမည်သော ပညာရှင်မင်းသမီး၏ ပစ္စည်း များ ဖြစ်တော့၏။

ဖြတ်ထုံးများ စီရင်ခဲ့သော သူကား အမှန်အားဖြင့် သုဓမ္မစာရီ မဟုတ်၊ မနုစာရီသာလျှင်ဖြစ်ကြောင်း အာဂါရဝိနယမည်သော မနုစာရီ ၏ ကျမ်းကိုကောက်၍ ပညာရှိအချို့က ဆုံးဖြတ်ကြ၏။

ထိုပညာရှင် မင်းသမီး မနုစာရီ၏အကြောင်းကို လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထိုမင်းသမီးနှင့် ကျွန်ုပ်လက်ဝယ် ရောက်ရှိနေသော မိုးကြိုးအိုးကလေး မည်သို့မည်ပုံ ဆက်စပ်နေသည်ကို လည်းကောင်း၊ တအုပ်တစ်အုပ် အဖြစ် ရေးသားရန်မှာ အလွန် ဆူးပေါသောတောကို တိုးရသကဲ့သို့ ရှိပေလိမ့်မည်။

ကျွန်ုပ် တစ်ခုရိုးရိုးမိမိပြုနိုင်သည်မှာလည်း မနုတာရီအား တကယ်ရှိခဲ့သော မင်းသမီးအဖြစ် ယခုခေတ် လူသားတော်တော်များများ လက်ခံနိုင်ရန် ခက်ခဲပေလိမ့်မည်။ ထိုအခက်အခဲများကို လျစ်လျူရှု၍ မရေးမဖြစ် ရေးသားရန် အကြောင်းတစ်ခုက ပေါ်လာသော ထိုအကြောင်းသည်ပင် မနုတာရီဝတ္ထုမည်ပေတော့၏။

အကယ်၍ စာဖတ်သူသည် 'မနုတာရီ' အား တကယ်မှ ဟုတ်ပါရဲ့လား၊ စိတ်ထင်ရာတွေများ လုပ်ကြံရေးသားထားခြင်းများ ဖြစ်နေရော့သလားဟု သံသယဖြစ်ခဲ့ပါမူ ကျွန်ုပ်၌ ဤမျှ ရှုပ်ထွေးလှသော အကြောင်းအရာတစ်ခုကို ရေးသားရန်ပင် မဆိုထားဘဲ တစ်ပါးသူ ရေးသားထားခြင်းကိုပင် ဖတ်နိုင်လောက်သော စိတ်ရှည်မှုမျိုး ကျွန်ုပ်၌ သုံးဝ မရှိကြောင်း ဝန်ခံရပေမည်။

ထို့ကြောင့် အခိုင်အခံ့ဆိုရပါမူ ကျွန်ုပ်၌ရှိသော–

(တစ်) ပန်းတဉ်းဝန်၏ လက်ရာ မိုးကြိုးအိုးကလေး

(နှစ်) မနုတာရီနှင့် ကျွန်ုပ် ပူးပေါင်းရေးသားထားသည်ဟု ဆိုရမည့် ကျွန်ုပ်ကိုယ်တိုင် မတတ်ကျွမ်းသော မာဂဓ သဒ္ဒါ၊ သရေ





ခေတ္တရာထက်စောသော မြန်မာစာ၊ ဗျည်း–သရ ရေးဟန်များ ပါသော တထုပ်ကြီးတစ်ထုပ်၊

(သုံး) တာမွေ သုသာန်အတွင်းရှိ မနုတာရီဟု ကမ္ပည်းထိုးထားသော အုတ်ဂူကလေး၊ *(မှတ်ချက်– တာမွေသုသာန် ယခုအခါတွင် မရှိတော့ပါ။)*

(လေး) တက္ကသိုလ်ကျောင်းသား မောင်ကျော်နိုင်၏ စိတ္တဇဆေးရုံက ကိုယ်ရေးရာဇဝင်၊ *(မှတ်ချက်– ယခုအခါ စိတ္တဇဆေးရုံကို စိတ်ကျန်းမာရေးဆေးရုံဟု ခေါ်သည်။)*

(ငါး) ဘားလမ်း စတီးဝပ် အချုပ်ခန်းမှ ဖောက်ထွင်းရာ မတွေ့ဘဲ ထူးဆန်းစွာ ပျောက်ဆုံးသွားသော ဗိုလ်နန်းဝေနှင့် ပတ်သက်သည့် ရဲအမှုတွဲဟောင်း ၎င်းတို့နှင့် ပတ်သက်သော သတင်းစာ ဖြတ်ပိုင်းကလေးသာလျှင်၊ *(မှတ်ချက် – ယခုအခါ ဘားလမ်းကို မဟာဗန္ဓုလပန်းခြံလမ်းဟု ခေါ်သည်။)*

ကျွန်ုပ်ဘက်က သက်သေများအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပေသတည်း။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com





# (၂)

## လက်ဖဝါးနင် နန်းဝေနှင့် ထူးဆန်းသော လက်ပြတ်တစ်ခု

တစ်နေ့သ၌ ကျွန်ုပ်၏ ကျောင်းနေဘက် သူငယ်ချင်း ဖြစ်သော ကောက်ပဲသီးနှံ အရာရှိကလေး ကိုစိန်ရသည် ကျွန်ုပ် ကြိုက်တတ်သော ပျားအုံတံဆိပ် ဘရန်ဒီအရက် တိုက်ကျွေး ညှော်ခံပါမည်။ သူနှင့်အတူ ညစာလာရောက် စားသောက်ပါဟု ဖိတ်ခေါ်သဖြင့် ကုက္ကိုင်းလမ်းရှိ တရုတ်ပျော်ပွဲစားရုံ တစ်ရုံသို့ ညနေ၌ လာခဲ့မည်ဖြစ်ကြောင်း အကြောင်းပြန်ပြီးနောက် ထိုနေ့ညနေ ခြောက်နာရီသာသာလောက်တွင် ချိန်းဆိုထားသော ပျော်ပွဲစားရုံသို့ ကျွန်ုပ်သွားရောက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သောက်စားပျော်ပါးခြင်း အလုပ်၌ အလွန် ဝီရိယကောင်းသော ကိုစိန်ရသည် ကျွန်ုပ်ထက် စောပြီး ရောက်ရှိနေရာ ကျွန်ုပ်ကို ဆီးကြို၍ သူဦးထားသော ချောင်ကျကျ အခန်းတွင်းသို့ ခေါ်၍ သွား၏။ အခန်းတွင်း၌ အခြားတစ်ယောက်လည်း ထိုင်နေသဖြင့် မေးကြည့်ရာ ကိုစိန်ရက သူနှင့်အတူ ပါလာသူဖြစ်ကြောင်း ပြောဆိုပါသည်။

ထို့ပြီး မကြာမီပင် စားသောက်ဖွယ်ရာများ မှာကြားရင်း ကိုစိန်ရသည် ထိုသူနှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးရာ အိန္ဒိယနိုင်ငံသို့ သွားရောက်အမှုထမ်းနေသော မြန်မာစစ်သံအဖွဲ့ဝင် စစ်ဗိုလ်တစ်ဦး ဖြစ်ကြောင်း သိရှိရသည်။

၎င်းစစ်ဗိုလ်ကလေးသည် ကိုစိန်ရ၏ညီ တစ်ဝမ်းကွဲဖြစ်ပြီး အသက်အားဖြင့် သုံးဆယ်ခန့်သာ ရှိသေး၏။ သူ၏ စစ်တပ်ဆိုင်ရာ ရာထူးမှာ လက်ဖတင်နင်ဖြစ်ရာ အစ်ကိုတော်စပ်သူ ကိုစိန်ရကပင် သူ့ကို လက်ဖတင်နင်နန်းဝေဟု ခပ်စိမ်းစိမ်း ခေါ်ဝေါ်သဖြင့် ကျွန်ုပ်ကလည်း သူ့ကို လက်ဖတင်နင် နန်းဝေဟုပင် ခေါ်ဝေါ်သုံးနှုန်းခဲ့၏။

ကျွန်ုပ်ကိုမူ သူက ရင်းနှီးစွာပင် အစ်ကိုကြီး 'ကိုအောင်ထွန်း' ဟု ခေါ်ဝေါ်သုံးနှုန်းပါသည်။ လက်ဖတင်နင် နန်းဝေသည် မြန်မာလူငယ်ထဲ၌ ယခုအခါ တွေ့ရခဲသော အရုပ်အမောင်း ဖြစ်သည့် ငါးပေဆယ်လက်မခန့်ရှိသော အရပ်နှင့် ကျစ်လျစ်၍ ကြည့်ကောင်း





...သော ကိုယ်ထည်အချိုးအစားကိုမူ ကျွန်ုပ်ကိုယ်တိုင် အားကျမိ...

...ရုပ်ရည်မှာ ချောသည်ဟု မဆိုနိုင်သော်လည်း မြန်မာပီသ၍ ...ားကြည်လင်သော ဥပမိရုပ်မျိုး ရှိသည်ဟု ဆိုရပေမည်။ စကား ...ပါးစပ်များမှ ထွက်သောအသံမဟုတ်ဘဲ ရင်ခေါင်းတွင်းမှ ထွက် ...သော အသံဩဇာပါသည့် အသံတစ်ခုတည်းကိုသာ ထောက်ဆ ...ခတ်ရုံနှင့်ပင် သတ္တိအရာ၌ စံထားခဲ့ရသော အလောင်းဘုရား ...ကျော်စွာ စသည့် မြန်မာကြီးများ၏ ဂုဏ်ကို ထိန်းသိမ်းနိုင် ...တ်သော ရှားရှားပါးပါး ခေတ်လူငယ်တစ်ဦး ဖြစ်ကြောင်း ရိပ်စား ...မိ၏။

စကားကို လှည့်ပြောခြင်း၊ လော၍ပြောခြင်း စသော ရာထူးရာခံ ...လူငယ်အတော်များများ ကျူးလွန်တတ်သော အောက်တန်းကျ ...သည့် အပြုအမူမျိုးကို လက်ဖတင်နင် နန်းဝေ၌ လုံးဝ မတွေ့ရပါ။ သူသည် ကျွန်ုပ်က ပြောသည့်အခါ၌ စိတ်ဝင်စားစွာနှင့် နား ...ထောင်၏။ သို့သော် ကျွန်ုပ်မျက်နှာသို့ကား မကြည့်။ ကျွန်ုပ်၏ ရင်ညွန့် ...ကြည့်၍ နားထောင်တတ်၏။ အကယ်၍ ကိုစိန်ရ ပြောလှည့်ကြ၍ ...လျှင်လည်း ကိုစိန်ရ၏ မျက်နှာကို မကြည့်၊ ကိုစိန်ရ၏ ရင်ညွန့်ကို ...ကြည့်၍ စိုက်ပြီး နားထောင်၏။

သို့သော် သူကိုယ်တိုင် ပြောလျှင်မူ ကျွန်ုပ်တို့၏ ရင်ညွန့်ကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ ကျွန်ုပ်တို့၏ နာခေါင်းရင်း မျက်လုံးနှစ်လုံးကြားသို့ စိုက်၍ ကြည့်ပြီး ပြောတတ်၏။

စွန်ရဲ၏ အရိပ်ကို နင်း၍ မဟောသဓာသည် မော့ကာ ဟစ် အော်လိုက်ရုံမျှဖြင့် စွန်ရဲသည် သူ၏ ရင်တွင်းသို့ ဝင်ရောက်၍ အော် တစ်လိုက်သည်ဟု ထင်မှတ်ပြီး သားတစ်ကို ချပေးရသည် ဆိုသည့် စာကို ယခင်က နှစ်နှစ်ကာကာ လက်ခံခြင်း မရှိခဲ့သော်လည်း လက်ဖတင်နင် နန်းဝေနှင့် စကားပြောမိသည် ဆိုလျှင်ပင် ကျွန်ုပ် လုံးဝ လက်ခံမိပါတော့သည်။

အဘယ်ကြောင့်ဆိုသော် လက်ဖတင်နင် နန်းဝေ၏ အသံသည် ကျွန်ုပ်၏ နှလုံးသို့ ခိုက်သည်အထိ ဆိုက်ရောက်သွားသည်ဟု ထင် မှတ်ခဲ့သောကြောင့် ဖြစ်၏။

ကျွန်ုပ်တို့သည် ပျားအုံတံဆိပ် ဘရန်ဒီများကို အမျိုးမျိုး အဖုံဖုံ ချက်ပြုတ်ကြော်လှော်ထားသော စားသောက်ဖွယ်ရာများဖြင့် စား သောက်ကြပြီး၊ နောက်မှ ထမင်းကို စားကြ၏။ ထမင်း စားပြီးလျှင် ကိုစိန်ရှန်နှင့် ကျွန်ုပ်က စီးကရက်များ သောက်ကြ၏။ ဆေးလိပ် မသောက်တတ်သော လက်ဖတင်နင် နန်းဝေကမူ 'ဆင်ဆင်'ဟုခေါ် သော ဗလရှင်ဆေးပြားကဲ့သို့ ဆေးပြားကလေးများကို ထုတ်၍ ထုတ်၍ ငုံနေ၏။

"ကိုအောင်ထွန်းကို ပြောပြရင် ယုံပါ့မလား မသိဘူး"





ကိုစိန်ရှန်သည် အထက်ပါအတိုင်း စကားစလိုက်၏။

"ဘာကို ပြောပြမှာလဲ၊ ယုံစရာရှိလည်း ယုံရတာပေါ့ဗျာ"

"ယုံစရာ လုံးလုံးမရှိလို့ ခက်နေတာပေါ့ဗျာ။ သိမ့်မူးရော၊ စစ်သံမှူးရော၊ စစ်ဆေးရုံက ဆရာဝန်တွေရော၊ မိခင်တပ်ရင်း က တပ်ရင်းမှူးကရော၊ အိုဗျာ ဒီနေ့ထိတော့ လက်ဖတင်နန်း ဝေရဲ့အဖြစ်ကို ပြောပြရင် ယုံတယ်ဆိုတဲ့ လူတစ်ယောက်မှ မတွေ့ပါဘူးဗျာ"

*(မှတ်ချက်– ယခုအခါ စစ်ဆေးရုံကို တပ်မတော်စစ်ဆေးရုံဟု ပြောင်းလဲခေါ်ဝေါ်သည်။)*

"ဘယ်လိုကိစ္စလဲ လုပ်စမ်းပါဦး"

"ကျွန်တော်ကတစ်ဆင့် ပြောရတာထက် ကာယကံရှင်က ရှိနေလေတော့ ကာယကံရှင်ကိုယ်တိုင် ပြောပြရင် ပိုပြီး ကောင်း တာပေါ့ဗျာ၊ ကဲ လက်ဖတင်နန်းဝေ ဟောဒီက မောင့်အစ်ကို ကြီး ကိုအောင်ထွန်းကို ဖောက်သည် ချလိုက်စမ်းပါဦး"

"ဟုတ်ပါတယ် လက်ဖတင်နင်နန်းဝေ၊ ဘယ်လိုကိစ္စလဲ ဆိုတာ သိရတာပေါ့ဗျာ"

လက်ဖတင်နင် နန်းဝေသည် ပြုံး၍ ခေါင်းညိတ်၏။

"အစ်ကိုကြီး ကိုအောင်ထွန်းရော၊ ကျွန်တော် အနေနဲ့တော့ ပြောရမှာ သိပ်ပြီး အားမရှိလှဘူး။ ကြားသမျှ သူတွေဟာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ပြောပြတာကို ယုံတယ်ဆိုတဲ့လူ တစ်ယောက်မှ မတွေ့ရသေးဘူး။ အဲဒီလိုမယုံကြလို့ စစ်သံမှူးကနေ သံမှူးကိုအကြောင်းကြားပြီး အိန္ဒိယမှာကတည်းက ကျွန်တော်ဟာ စိတ်ဝေဒနာရှင်၊ တိုတိုပြောရရင် ရူးသွားပြီဆိုပြီး မြန်မာပြည် ပြန်ပို့ခဲ့တယ်။ မြန်မာပြည်ရောက်တော့လည်း ကျွန်တော့်စကားကို ဘယ်သူမှ မယုံကြတဲ့အတွက် မင်္ဂလာဒုံဆေးရုံ၊ စိတ္တဇဆေးရုံ (ယခု စိတ်ကျန်းမာရေးဆေးရုံ)၊ စစ်ရာထူး ခန့်ရုံးတွေကနေ ခေါ်ခေါ်ပြီး စစ်ဆေးနေလိုက်တာဗျာ၊ စိတ်ကို ရှုပ်နေတာပဲ၊ ကျွန်တော့် အထင်တော့ နဂို မရူးဘဲ သူတို့က ရူးတယ်လို့ ထင်ပြီး ခေါ်ခေါ်စစ်နေတာနဲ့ ကြာရင် စိတ်ညစ်ပြီး တကယ်ရူးသွားမှာတောင် စိုးရိမ်မိပါတယ် အစ်ကိုကြီးရာ”

“ဘယ်လိုကိစ္စမျိုးမို့ ဒါလောက်တောင် မယုံကြတာလဲ လက်ဖတင်နင်”

“ဒီလိုပါခင်ဗျ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က အိန္ဒိယပြည်ကို စစ်သံအဖြစ်နဲ့ ရောက်ခဲ့ပါတယ်။ သံမှူးကရော သံရုံးအဖွဲ့ဝင်တို့ကပါ ကျွန်တော့်ကို ခင်ခင်မင်မင် လေးလေးစားစား ရှိကြပါတယ်၊ ဖြစ်ပုံက ဒီကစပါတယ်ခင်ဗျာ”

လက်ဖတင်နင် နန်းဝေသည် ထုံးစံအတိုင်း ကျွန်ုပ်၏ မျက်မှောင်တုခေါ်သည့် နှာခေါင်းရင်း မျက်လုံး နှစ်လုံးကြားသို့ ကြည့်၍





တစ်လုံးချင်း အေးအေးဆေးဆေး ပြောနေ၏၊ ရွှံ့ပျော့ပျော့ထဲသို့ ကျောက်ခဲကို တစ်လုံးချင်းပေါက်၍ ငြ...းသကဲ့သို့ သူ၏ စကားများသည် ကျွန်ုပ်၏ နှလုံးအိမ်သို့ တစ်လုံးချင်း မြုပ်၍မြုပ်၍ ဝင်သွားသည်ပုံ ံတားရမိ၏။ ထို့ကြောင့် ကျွန်ုပ်သည် လက်ဖတင်နင် နန်းဝေ၏ စကားများကို ဤတစ်သက်၌ မေ့သွားရန် အကြောင်း မရှိတော့ချေ။ သူသည် ဆက်၍ ပြောပြန်၏။

“ပြီးခဲ့တဲ့နှစ်က ကျွန်တော်က မိတ်ဆွေတစ်ဦး တိုက်တွန်း တာနဲ့ ကျွန်တော်နေတဲ့ နေရာနဲ့ သိပ်မဝေးတဲ့ ဟိုတယ်တစ်ခုမှာ ဖွင့်ထားတဲ့ အူရဒူစကားပြောသင်တန်းကို ညနေဘက်မှာ သွားတက်တယ်ခင်ဗျ။ ကျောင်းတက်လို့ နှစ်လလောက် ကြာလည်း သွားရော ကျောင်းကအပြန် လမ်းမှာ မိန်းကလေးတစ်ယောက်ကို လူဆိုးတွေက လုယက်ဖို့ ကြိုးစားနေကြတာနဲ့ ဝင်ပြီး ကူညီခဲ့ရတယ်”

“အင်း ဆက်စမ်းပါဦး၊ မောင့်ဇာတ်လမ်းမှာ ထရိုဂျစ်ဒီခေါ် တဲ့ အလွမ်းတွေ ဘာတွေလဲ ပါမယ်ထင်တယ်”

“ပါပြီလား အစ်ကိုကြီးရယ်”

“ကဲပါ.. ကဲပါ... ဆက်စမ်းပါဦး”

“တိုတို ကောက်ရရင်တော့ အဲဒီ မိန်းကလေးနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်သွားကြတယ် ဆိုပါတော့၊ သူက မင်္ဂလာလေးပါ။ သူနာမည်က ဘီဘီနာတဲ့”

“အဲဒီထက် စကားမစပ် လက်ဖတင်နင် နန်းဝေနဲ့ အဲဒီ မိန်ကလေး ခင်မင်တာတော့ ဟုတ်ပါပြီ၊ မောင်တို့ တစ်ယောက်နဲ့ တစ်ယောက် ဘယ်စကားနဲ့ ပြောကြသလဲ”

“ကျွန်တော်က ဟိန္ဒူ စတန်နီစကား ကောင်းကောင်းပြော တတ်ပါတယ်။ အဲဒါပေမယ့် ဘီဘီနဲ့ ကျွန်တော်ကတော့ အင်္ဂလိ လိုပဲ ပြောကြတာပါ။ ဘီဘီဟာ အင်္ဂလိပ်စကားကို သူ့အမေ စကားလောက်နီးနီး ကျွမ်းကျင်ပါတယ်”

“သြော်.... သြော် တုတ်ပြီ၊ ဟုတ်ပြီ”

“ကြာတော့ ဘီဘီရယ်၊ ကျွန်တော်ရယ်ဟာ မိတ်ဆွေအ ကနေ ချစ်သူဘဝကို ရောက်သွားကြပါတယ်”

“အဲကတော့ ဒီလိုပဲ ဖြစ်ရမယ်လေ၊ ဟဲ.. ဟဲ”

ဟု ကိုစိန်ရက ပြုံး၍ နားထောင်နေရာမှ ဝင်၍ ထော လိုက်၏။

“ကဲ ဆက်စမ်းပါဦး လက်ဖတင်နင်”

“လွန်ခဲ့တဲ့ သုံးလလောက်မှာ ဘီဘီဟာ ပြောင်းလဲလာပါတယ် ကျွန်တော်နဲ့ တွေ့တဲ့အခါမှာ အရင်ကလို ဟက်ဟက်ပက်ပ ပျော်ပျော်ရွှင်ရွှင် မရှိပါဘူး၊ အဲကြောင့် ကျွန်တော်က ဘီဘီရ





မင်း ကိုယ့်ကို တကယ်မှ ချစ်ရဲ့လားကွယ်၊ ကိုယ်တို့ မြန်မာ လူမျိုးဆိုတာ ချစ်မိရင်ဖြစ်ဖြစ်၊ မုန်းမိရင်ဖြစ်ဖြစ် သဲသဲမဲမဲရှိ တတ်လွန်းလို့ တကယ်လို့များ ဘီဘီဟာ ကိုယ့်ကို မချစ်တော့ ဘူး ဆိုရင်တော့ ကိုယ် သိပ်ပြီး စိတ်ထိခိုက်မိမှာပဲလို့ ပြောလိုက် မိတယ်”

“ဒီတော့ သူက ဘာပြောသလဲ”

“ပြောပါတယ်၊ ဘီဘီ မပျော်တာဟာ ကို ဘီဘီကို ချစ်တာ ဟာ တကယ် ချစ်တာမှ ဟုတ်ရဲ့လားလို့ စိုးရိမ်နေလို့ပါတဲ့။ ဒီတော့ ကျွန်တော်က တကယ်ချစ်တာပါ ဘီဘီရယ်၊ မင်းယုံ အောင် ကိုယ် ရင်ကို ခွဲပြီး ပြပါဆိုလည်း ပြပါ့မယ်လို့ ပြောလိုက် တယ်ခင်ဗျ”

“အင်း လုပ်စမ်းပါဦး”

“ဒီတော့ ဘီဘီက ရင်ကိုတော့ မခွဲပါနဲ့တဲ့၊ ဘီဘီကို ချစ်ရင် ဒီလက်ကလေးပဲ ဆက်ပေးပါဆိုပြီး သူ့ဆာရီထဲက ညာလက် ကို အပြင်ဘက် ထုတ်လိုက်တယ် ခင်ဗျ၊ ကျွန်တော့်အဖို့တော့ ကမ္ဘာကြီး ချာချာလည်သွားသလားတောင် အောက်မေ့မိပါ တယ်၊ စိတ်မကောင်းလည်း ဖြစ်၊ ဝမ်းလည်း ဝမ်းနည်း ဖြစ်ခဲ့ရ တယ်”

“လက်က ဘယ်လိုဖြစ်နေလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ညာဘက်လက်တာ လက်ကောက်ဝတ်ကနေ တိတိရို[...]
ပြတ်နေတယ် ခင်ဗျ။ တကယ်လို့များ ဘီဘီယာ အဲဒီလို လ[...]
ပြတ်မနေဘူးဆိုရင် မိုးပေါ်က နတ်သမီးနဲ့တောင် ကျွန်တော်[...]
ကြေးကျော်ပေးပြီး အလှပြိုင်နိုင်းဝံ့ပါတယ် အစ်ကိုကြီ[...]
ကိုအောင်ထွန်းရာ တကယ်ပါပဲ"

"သနားစရာ ကောင်းလိုက်တာ လက်ဖတင်နှင် နန်းဝေ[...]
မောင် ဘယ်လို ခံစားရမယ်ဆိုတာ ကျုပ် ကိုယ်ချင်းစာမိ[...]
တယ်။ ဒါနဲ့ အရင်က သူ့လက်ကို မကြည့်မိဘူးလား"

"ခါတိုင်းတော့ ဆာရီခြုံထားတဲ့ ရှေ့ဘက်က ဆာရီစကို သူ[...]
အင်မတန်လှတဲ့ ဘယ်ဘက်လက်ကလေးနဲ့ ဆွဲစေ့ပြီး ကို[...]
ထားတာ ခင်ဗျာ၊ ညာလက်က အတွင်းမှာ အမြဲ ထည့်ထားတ[...]
ပြီးတော့ ကုလားမလေးတိုင်းလိုလိုကလည်း ဒီပုံစံအတိုင်[...]
ခြုံခြုံထားကြလေတော့ ဘယ်သိပါ့မလဲ၊ တစ်ခါ ဘီဘီအနေ[...]
မြန်မာလူမျိုးကို အထင်သေးသွားမှာကလည်း တစ်ကြောင်[...]
ကျွန်တော်ကိုယ်တိုင်ကလည်း လက်မထပ်ရသေးတဲ့ ချစ်သူ[...]
ပိုင်စိုးပိုင်နင်း မပြုရက်တာကလည်း တစ်ကြောင်းမို့ တွေ့ရ[...]
မျက်နှာချင်းဆိုင် ထိုင်ပြီး စကားပြောတာကလွဲလို့ တခြာ[...]
မရှိလေတော့ မသိဘူးပေါ့ ခင်ဗျာ စောင့်ထိန်းတာကို အ,တယ်
လို့ ထင်တတ်ကြတဲ့ လူတွေအတွက်တော့ ကျွန်တော်တ[...]





လူအ,တစ်ယောက်ပေါ့ အစ်ကိုကြီးရာ"

"ဒီလို စောင့်ထိန်းတာဟာ စိတ်ထားဆိုင်းခံတဲ့ ယောက်ျားတွေရဲ့ အလုပ်ပါ။ ချစ်သူကို လက်မထပ်ခင်မှာ အပိုင်ကြံထားမှ စိတ်ချရတယ်ဆိုတဲ့ လူမျိုးတွေဟာ သူတို့ရဲ့ အတွင်းစိတ်မှာ ကိုယ့် ချစ်သူကို အကျပ်ကိုင်ပြီး ချုပ်ချယ်ထားတဲ့ စိတ်ယုတ်ကလေး ခိုကပ်နေလို့ပါ။ တည့်တည့်ပြောရရင် မရခင် အပိုင်ကြံထားမယ်ဆိုတဲ့ လူမျိုးဟာ ချစ်သူကို ကာမ ဆက်ဆံရေးကိစ္စက လွဲပြီး မွန်မွန်မြတ်မြတ် သဘောမထားတတ်တဲ့ လူညံ့တွေရဲ့ အလုပ်ပါ၊ လက်ဖတင်နှင် နန်းဝေ၊ ကျုပ်တော့ မောင့်အပြုအမူကို လေးစားပါတယ်။ ကဲ... ဆက်စမ်းပါဦး။ ဇာတ်လမ်းက အရေးကြီးတဲ့ ကလိုင်းမက် ရောက်နေပြီ"

"ဟုတ်တယ် ဟုတ်တယ်၊ ဒီနေရာက စပြီး အရေးကြီးတာပဲ"

ကိုစိန်ရကပါ ဝင်၍ ထောက်ခံလိုက်ပြန်၏။ လက်ဖတင် နှင် နန်းဝေသည် 'ဆင်ဆင်' ဆေးပြားလေး နှစ်ပြားသုံးပြား ယူ၍ ငုံလိုက်ပြီးနောက်...

"ဒီလိုပါ အစ်ကိုကြီး၊ ဘီဘီဟာ မဂိုကုလားမလေး မဟုတ်ပါဘူး။ မြန်မာအမျိုးသမီး တစ်ဦးပါ။ ဘီဘီနာမည် အစစ်အမှန်ဟာ မနုစာရီ ဖြစ်ပါတယ်။ မနုစာရီရဲ့ လက်ဝါးတစ်ဖက်တို့ မနုစာရီတို့ရဲ့ မျိုးစဉ်မျိုးဆက်လိုက် တစ်ဖက်နဲ့ တစ်ဖက်ရှိန်ပြု



www.burmeseclassic.com

www.burmeseclassic.com



လာကြတဲ့ ဆွေမျိုးတစ်စုဟာ ဖြတ်ယူပြီး မြန်မာပြည် ကျောက်
ဆည်မြို့ ဝေဘူတောင်ပေါ်မှာ ရှိတဲ့ ကျောက်သေတ္တာကြီးထဲမှာ
ထည့်ထားပါတယ်။ မပုပ်မသိုးအောင် ရှေးခေတ် လျှို့ဝှက် ဆေး
ပညာနဲ့ စီရင်ပြီး ထည့်ထားခဲ့တာမို့ အခုထက်တိုင်အောင် မပုပ်
မသိုးဘဲ ရှိပါသေးတယ်။ တကယ်လို့ အဲဒီလက်ကို ပြန်ရမယ်ဆို
ရင် အိန္ဒိယမှာ ပြန်ပြီး ဆက်ပေးနိုင်တဲ့ အိန္ဒိယ တိုင်းရင်းဆေး
ပညာရှင်တွေ ရှိပါတယ်၊ မနုစာရီ တခြားလူကို မခိုင်းတာနဲ့
ပတ်သက်လို့တော့ ဗိုလ်နန်းဝေကို ရှင်းမပြပါရစေနဲ့ဦး၊
မနုစာရီကို တကယ် ချစ်တယ်ဆိုရင် ဗိုလ်နန်းဝေ မြန်မာပြည်ကို
ပြန်သွားပြီး မနုစာရီရဲ့လက်ကို ယူပေးပါလား"

"ယူပေးမယ် မပေးဘူးသာ ဖြေပါ။ တခြား ဘာမှ မမေးပါနဲ့
တော့၊ မနုစာရီက မေးလည်း ဖြေမှာ မဟုတ်ဘူး။ တကယ်လို့
ယူပေးမယ်ဆိုရင် ကျောက်သေတ္တာထဲမှာ တခြား လက်ပြတ်
တွေ များ ရှိနေခဲ့ရင် မနုစာရီရဲ့ လက်ဝါးမှာ ဂျေရာလို့ ခေါ်တဲ့
အမှတ် အသားလေးကို ဆေးမင် ထိုးထားပါတယ်"


"ကျွန်တော့်ကို မနုစာရီက ဒီအတိုင်း ပြောပါတယ် အစ်ကို
ကြီး၊ ဂျေရာဆိုတဲ့ အမှတ်အသားဆိုတာကို ရေးပြတာကတော့
ဒီအတိုင်းပါပဲ"

လက်ဖတင်နှင် နန်းဝေသည် စားပွဲပေါ်၌ ရေခဲရေဖြင့် ရေး





ပြရာ အမှတ်အသားမှာ အောက်ပါပုံအတိုင်း ဖြစ်ပါသည်။



"ဒီတော့ လက်ဖတင်နှင် နန်းဝေက ဘယ်လို အဖြေပေး
သလဲ"

"ကျွန်တော်ဟာ ကျွန်တော့်ချစ်သူ ဘီဘီခေါ် မနုစာရီသာ
ခိုင်းမယ်ဆိုရင် ဝေဘူတောင်က ကျောက်သေတ္တာထဲမှာသာ
မဟုတ်ပါဘူး၊ ငရဲပြည်ကို ဆင်းပြီး ငရဲဒယ်ကြီးထဲက
နှိုက်ယူခဲ့ရမယ် ဆိုရင်တောင် ယူပေးမယ့်လူပါ အစ်ကိုကြီး၊
ဒါကြောင့် မကြာခင် ယူပေးမယ့် ကတိပေးပြီး လမ်းခွဲခဲ့ပါတယ်"

"ပြီးတော့ကော၊ ဘာဆက်ဖြစ်သေးသလဲ လက်ဖတင်နှင်
နန်းဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စကို ကျွန်တော်နဲ့ ရင်းနှီးတဲ့ တခြားစစ်ဗိုလ် နှစ်ယောက်ကို ပွင့်ပြီး တိုင်ပင်ပါတယ်၊ အဲဒီ စစ်ဗိုလ်နှစ်ယောက်က ကျွန်တော့် ပြောတာကို လုံးလုံး ယုံကြည်မှု မရှိကြဘူး။ အဲဒီတော့ သူတို့ နှစ်ယောက်ကနေ စစ်သံမှူးကို တိုင်ပါလေရောဗျာ"

"အဲဒီလို စစ်သံမှူးကို တိုင်လိုက်တော့..."

"စစ်သံမှူးက ကျွန်တော်ကို ခေါ်ပြီးတွေ့တယ်၊ အဖြစ်အပျက် အသေးစိတ်ကို မေးတယ်၊ ကျွန်တော်ကလည်း အမှန်အတိုင်း ပြောပြပါတယ်၊ ဒါပေမယ့် ကျွန်တော့်စကားကို စစ်သံမှူးက မယုံဘူးခင်ဗျ၊ သူကပြောပါတယ်၊ မင်းချစ်သူ ဘီဘီ(ခေါ်) မနုစာရီဆိုတဲ့ ကောင်မလေးကို ငါနဲ့ တွေ့ပေးပါ၊ တွေ့ပေးလို့ မင်းပြောတာ ဟုတ်ခဲ့လို့ရှိရင် ကျောက်ဆည်မြို့က ကျောက်သေတ္တာကြီးထဲက လက်ပြတ်တစ်ဖက်ကို မင်းကိုယ်တိုင် တောင် သွားယူဖို့ မလိုပါဘူး။ ကျောက်ဆည်မှာရှိတဲ့ စစ်တပ်ကို ဒီကနေ သံကြိုးရိုက်ပြီး ယူခိုင်းလိုက်ပါ့မယ်"

"အဲဒီလိုဆိုတော့ လက်ဖတင်နင်နန်းဝေက ဘီဘီနဲ့ စစ်သံမှူးကို တွေ့ဆုံမပေးခဲ့ဘူးလား"

"တွေ့မပေးဘဲ ဘယ်နေပါ့မလဲ အစ်ကိုကြီး ကိုအောင်ထွန်းရာ၊ ကျွန်တော် ဘီဘီ့အိမ်ကို တစ်ခေါက်မှ မရောက်ဖူးပါဘူး၊





ဒါပေမယ့် ကျွန်တော့်မှာ သူပေးထားတဲ့ လိပ်စာရှိတယ်မဟုတ်လား၊ ဒီတော့ လိပ်စာအတိုင်း အီဒင်ဆေးရုံလမ်း၊ အမှတ် (၁၀) ကို စစ်သံမှူးကိုပါ တစ်ခါတည်း ခေါ်သွားတော့တာပေါ့၊ ကျွန်တော့်စကားကို မယုံတဲ့ ကျွန်တော့်သူငယ်ချင်း စစ်ဗိုလ်နှစ်ယောက်ကိုလည်း တစ်ခါတည်း ခေါ်သွားပါတယ်"

"ဘီဘီနဲ့ တွေ့ကြရောဆိုပါတော့"

"မတွေ့ပါဘူး အစ်ကိုကြီး ကိုအောင်ထွန်းရာ"

ဟုဆိုကာ လက်ဖတင်နင် နန်းဝေသည် စိတ်ပျက် ညှိုးငယ်လွန်းသော မျက်နှာနှင့် စကားကိုရပ်ကာ ဦးခေါင်းကို ငုံ့ပစ်လိုက်လေ၏။ ကျွန်ုပ်သည် သူရသတ္တိနှင့် ပြည့်စုံလှလောက်သည်ဟု ကျွန်ုပ်သူဆထားသောသူများ စိတ်ပျက်အားငယ်ခြင်း ဖြစ်သွားသည့် အခါ၌ လွန်စွာသနားတတ်သည်ဖြစ်ရာ ယခုလည်းလက်ဖတင်နင် နန်းဝေသည် မျှော်လင့်ချက် ကင်းမဲ့သူတစ်ယောက်အဖြစ် စိတ်ပျက်အားငယ်သွားသည်ကို တွေ့ရသဖြင့် ကိုယ်ချင်းစာနာ စိတ်ဖြင့် သနားမိလေတော့၏။ ထိုအခါ၌ ကိုမိန်ရက ကျွန်ုပ်အား ဆက်၍မေးရန် မျက်နှာရိပ်မျက်နှာကဲနှင့် အချက်ပြလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဆက်လက်၍ မေးမြန်းရန်အတွက် အားတုံ့အားနာဖြစ်လျက်နှင့်ပင် မေးရပြန်၏။

"ဘယ်လိုကြောင့် မတွေ့ရတာလဲ လက်ဖတင်နင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ အစ်ကိုကြီး ကိုအောင်ထွန်း၊ ဘီဘီ ကျွန်တော့်ကို ပေးထားတဲ့ အိဒင်ဆေးရုံလမ်း၊ အမှတ် (၁၀) ဆိုတာက အိမ် မဟုတ်ဘူး ခင်ဗျ၊ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တဲ့ နတ်ကွန်းကြီးတစ်ခု ဖြစ်နေတယ်"

"ဘာ နတ်ကွန်း ဘာလိမ့်"

"နတ်ရဲ့ အမည်နာမကတော့ အတိအကျ ကျွန်တော် မသိပါဘူး၊ လက်ချိုမီးနတ်သမီးလို လက်ခြောက်ဖက်နဲ့ ရှေးဟောင်း ကလယ်လူမျိုးစုကလေး တစ်စုက ကိုးကွယ်တဲ့ နတ်သမီး တစ်ဦးရဲ့ နတ်ကွန်းပါပဲ"

"အဖြစ်အပျက်ကလေးက တော်တော်လေး ဆန်းကြယ်နေပါလား လက်ဖတင်နင် နန်းဝေ"

"အဲဒီလို အဖြစ်အပျက်က ဆန်းလေ၊ ကျွန်တော့်မှာ ပိုပြီး ဒုက္ခရောက်လေပေါ့ ခင်ဗျာ၊ စစ်သံမှူးကလည်း ကျွန်တော့်ကို ဘယ်လိုလဲ ဗိုလ်နန်းဝေ၊ ခင်ဗျားရည်းစားက ဒီကုလားတွေ ကိုးကွယ်တဲ့ နတ်သမီးများလားဗျာလို့တောင် ခပ်ထေ့ထေ့ ငေါ့ ငေါ့ သရော်တယ်။ ကျွန်တော့်တဲ့ စစ်ဗိုလ်နှစ်ယောက်ကလည်း ပြုံးစေ့ စေ့နဲ့ ကျွန်တော်ကို ကြည့်လိုက်တဲ့အကြည့်ဟာ ကျွန်တော်ဖြင့် သတ်ပြီး သေချင်လောက်ကို ရှက်မိပါတော့တယ် ခင်ဗျာ။ ကျွန် တော်က မကျေနပ်သေးတာနဲ့ ဘီဘီရဲ့ ပုံပန်းသဏ္ဍာန်ကို ပြော





ပြပြီး အနီးအနား စုံစမ်းကြည့်ပြန်တော့လည်း အဲဒီနားက လူ တွေက ဒီမှာ သူတို့နေတာ ကြာပြီဆိုပဲ၊ ကျွန်တော်ပြောတဲ့ မိန်းကလေးမျိုး တစ်ကြိမ်တစ်ခါမျှ မနေဘူးရုံ မဟုတ်ဘူး။ ဒီနာမည်မျိုး၊ ဒီပုံစံမျိုးနဲ့ ခေတ္တ စဏလာရောက်ပြီး တည်းခိုတဲ့ လူတောင် မရှိပါဘူးလို့ ပြောကြတယ်"

"အဲဒီတော့ စစ်သံမှူးနဲ့ လက်ဖတင်နင် နန်းဝေတို့ ပြန်လာ ကြရောဆိုပါတော့"

"ရိုးရိုးပြန်လာကြရင် တော်တာပေါ့ ခင်ဗျာ။ အခုတော့ကျွန် တော်ကို စစ်သံမှူးက ဆရာဝန်တွေ ဘာတွေနဲ့ စစ်ဆေးပါလေ ရောဗျာ၊ အစတော့ ကျွန်တော်က အစစ်မခံပါဘူး။ ဒါပေမယ့် စစ်သံမှူးက စစ်မိန့်ကို အသုံးချပြီး အစစ်ခံခိုင်းတဲ့အတွက် ဆေး စစ်ခံရပါတယ်"

"ဆရာဝန်တွေက စစ်ဆေးပြီးတော့ ဘယ်လိုများ ထင်မြင် ချက် ပေးကြသလဲ"

"ဆရာဝန်တွေကတော့ ကျွန်တော့်ကိုယ်မှာ ရောဂါရှာလို့ မတွေ့ပါဘူး။ ဒါပေမယ့် ကျွန်တော် တွေ့ခဲ့တယ်ဆိုတဲ့ ဘီဘီ (ခေါ်) မနုစာရီ ဆိုတာဟာ တကယ်မရှိတဲ့ အရာကို ရှိတယ်လို့ ထင်မြင် တတ်တဲ့ အာရုံမှား စွဲလမ်းမှုရောဂါ အင်္ဂလိပ်လိုတော့ (Hallucination) ဟယ်လူစီနေရှင်း ဖြစ်နေတယ်လို့ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



အမည် တပ်တော့တာပါပဲ အစ်ကိုကြီး ကိုအောင်ထွန်းရာ”

“လက်ဖတင်နင် အဖြစ်ကလည်း တိမ်မယောင်နဲ့ နက်တဲ့ အဖြစ်အပျက်တစ်ခုပဲဗျို့”

ကျွန်ုပ်လည်း ခံတွင်းချဉ်လာသည်နှင့် ဆေးလိပ်ကို မီးညှိလိုက်လျှင် လက်ဖတင်နင် နန်းဝေကလည်း သူ၏ ကုတ်အင်္ကျီတွင်းမှ ရွှေရောင် စီးကရက်ဘူးကလေးကို ထုတ်ကာ လွန်စွာ မွှေးကြိုင်လှသော ကုလားအုပ်တံဆိပ် စီးကရက်ကို ထုတ်၍ ဆင်စွယ်တံကလေးတွင် စွပ်ကာ ဣန္ဒြေရရ ရှိုက်ဖွာနေလေ၏။

ကိုစိန်ရကလည်း ဦးကျောက်လုံး ဆေးပြင်းလိပ်ကို ခဲ၍ တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ နေရာမှ...

“အဖြစ်အပျက်က တော်တော်လေး ထူးတယ်ဗျ၊ စိတ်သိမျှ က မယုံကြည်နိုင်တာလည်း မပြောနဲ့လေ၊ ကျုပ်အနေနဲ့လည်း မယုံပါဘူး။ ဒါပေမယ့် လက်ဖတင်နင် နန်းဝေဟာ ငယ်ငယ်ကတည်းက လိမ်ညာပြီး ပြောဆိုတတ်တဲ့ အကျင့် မရှိပါဘူးဆိုတဲ့ အချက်တစ်ချက်ပဲ၊ ဒါကြောင့် သူပြောတဲ့ကိစ္စဟာ ဖြစ်နိုင် မဖြစ်နိုင် ဝိုင်းပြီး စဉ်းစားနိုင်အောင်လို့ ကိုအောင်ထွန်းကို ကျုပ်က ဖိတ်လိုက်ရတာပဲ၊ ကဲ... ဆက်ပြီး ပြောပါဦး လက်ဖတင်နင် နန်းဝေ”

“အဲဒါနဲ့ ကျွန်တော်လည်း ဘီဘီနဲ့ ဖဲတွေ့နေကြနေရာလေးကို





နေ့တိုင်းသွားပြီး စောင့်ခဲ့ပါတယ်၊ ဒါပေမယ့် ဘီဘီကို နောက်ထပ် မတွေ့ရတော့ပါဘူး”

လက်ဖတင်နင် နန်းဝေသည် ပြောပြီး စကားကို ရပ်လိုက်ကာ အပေါ်သို့ ဝေ့၍ တက်နေသော ဆေးလိပ်မီးခိုးများအား ငေးစိုက်၍ ကြည့်နေသဖြင့် ကျွန်ုပ်က ပြတ်သွားသော စကားအား ပြန်၍ ဆက်မိရန်အတွက် မေးခွန်းတစ်ခု ထပ်၍ မေးရပြန်၏။

“နောက်ထပ် ဘာတွေ ထူးထူးဆန်းဆန်း ဖြစ်သေးသလဲ၊ လက်ဖတင်နင် နန်းဝေ”

“အင်း... ထူးဆန်းတာ တစ်ခုတော့ရှိတယ်”

“လုပ်စမ်းပါဦး၊ ပြောစမ်းပါဦး”

“ကျွန်တော် အိဒင်ဆေးရုံလမ်း၊ အမှတ် (၁၀) က နတ်ကွန်းကို တစ်ခေါက်ထပ်ပြီး သွားသေးတယ်ခင်ဗျ၊ ကျွန်တော် သွားတဲ့အချိန်က မနက်စောစောပိုင်းဆိုတော့ နတ်ကွန်းမှာ လူရှင်းနေတယ်။ နတ်ကွန်းစောင့် ကပ္ပိယကုလားအဘိုးကြီးပဲ ရှိတယ်၊ နတ်ကွန်း တစ်ခုလုံးဟာ အမွှေးတိုင်တွေ၊ လော်ပံ အမွှေးတိုင်တွေ ထွန်းထားကြတော့ မွှေးကြိုင်နေတာပဲခင်ဗျာ။ အဲဒါနဲ့ နတ်သမီးပုံကို ကြည့်ပါရစေလို့ ခွင့်တောင်းပြီး သေသေချာချာ သွားကြည့်တော့ နတ်သမီးပုံဟာ တကယ့် လူအရွယ်လောက် ထုထားတယ် ခင်ဗျ၊ လက်ကလည်း ခြောက်ဖက် ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထုထားတဲ့ ပန်းပုလက်ရာကလည်း ကောင်းလိုက်တာဗျာ၊ တကယ့်ကို အသက်ရှိနေတဲ့ နတ်သမီး ကျနေတာပဲ၊ နတ်သမီးရဲ့ လည်ကိုင်မှာတော့ ကိုးကွယ်တဲ့လူတွေက လာပြီး ဆွဲပေးထားတဲ့ ရွှေဘယက်၊ ရွှေကြိုး၊ စိန်ကြိုးတွေ ရှိတယ်၊ နဖူးပေါ်မှာတော့ ကြိုးကလေးတစ်ကုံးမှာ အလယ်က ပတ္တမြားကလေး တစ်လုံး တပ်ထားပြီး ဒဲ တားကာကို တွေ့ရတယ်။ နတ်သမီးရဲ့ နာမည်ကို သိချင်လို့ မေးတော့ ကပ္ပိယကြီးဟာ ကောင်း မပြေနိုင်ဘူး။ ဘုရားလို့ပဲ ပြောနိုင်တယ်၊ နတ်သမီးရဲ့ လက်ခြောက်ဖက်ရှိတဲ့အနက် လက်တစ်ဖက်မှာတော့ ကျွန်တော်တို့ မြန်မာပြည်မှာ ဗုဒ္ဓသရဏံပန်းလို့ ခေါ်တဲ့ ပန်းမျိုးတွေကို လူတွေက လာပြီး လှူထားတယ်ခင်ဗျ။ ကျွန်တော်နဲ့ ကပ္ပိယကြီး စကားပြောနေတုန်းမှာ ကုလားကြီးတစ်ယောက် ရောက်လာပြီး အဲဒီလက်ထဲမှာ ဗုဒ္ဓ သရဏံမှန်းတွေ ထပ်ထည့်ပြီး ဆုတောင်းတာကို တွေ့ရတာနဲ့ အဲဒီကုလားကြီးကို မေးကြည့်တော့ အဲဒီကုလားကြီးဟာ သာမုန္ဒြိကသျှတ္တာရနဲ့ ဆာရီရေ သျှတ္တာရ ခေါ်တဲ့ လက္ခဏာဗေဒင် အတတ်မှာ နာမည်ကြီးလှတဲ့ လက္ခဏာ ဆရာကြီးဖြစ်ကြောင်း သိရတယ်၊ အဲဒီ ဆရာကြီး အဆိုကတော့ ဒီနတ်သမီးဟာ ဗေဒင်လက္ခဏာ အတတ်ကို ...ရှာက်တယ်ဆိုပဲ။ လက္ခဏာဆရာ လုပ်မယ့်၊ ဗေဒင်





ဆရာလုပ်မယ့် လူတွေဟာ အဲဒီ နတ်သမီးကို ဗုဒ္ဓသရဏံပန်း၊ နောက်ပြီး ကျွန်တော်တို့ မြန်မာပြည်မှာ သစ္စာပန်းလို့ခေါ်တဲ့ ပန်းမျိုး... လှူဒါန်းပြီး ပူဇော်ရင် ဟောပြောတဲ့ ဗေဒင်ဟာ မှန်ကန်ပြီး နာမည်ကြီးတော့တာပဲတဲ့ ခင်ဗျ"

"ပြီးတော့ လက်ခြောက်ဖက်ထဲမှာ လက်တစ်ဖက်ဟာ လက်ကောက်ဝတ် နေရာလောက်ကနေ ကျိုးနေတာကို တွေ့ရတယ် ခင်ဗျ၊ ဒါနဲ့ ကျွန်တော်က ကပ္ပိယကြီးကို ဒီနေရာမှာ ကျိုးနေတယ်။ ကြည့်လို့ မကောင်းဘူး၊ ပန်းပုဆရာခေါ်ပြီး ပြန်ဆက်လိုက်ပါလားလို့ ပြောတော့ ကပ္ပိယကြီးက လူမှာ တစ်ခုခုဖြစ်ရင် ဘုရားက လုပ်ပေးနိုင်တယ်။ ဘုရားမှာ တစ်ခုခု ဖြစ်ရင်တော့ လူက လုပ်မပေးနိုင်ပါဘူး လူကလေးရယ်လို့ ကျွန်တော့်ကို ပြန်ပြောပါတယ်"

"ကပ္ပိယကြီးပြောတဲ့ စကားဟာ ရိုးရိုးကလေးပဲဗျ၊ ဒါပေမယ့် ဒီလိုဆိုဒီပါတယ်နော်၊ လက်ဖတင်နင် သတိထားမိမှာပေါ့"

ဟူ၍ ကျွန်ုပ်က ကြားဖြတ်၍ ဝင်ပြောမိလေ၏။ ကျွန်ုပ်၏ ကြားဖြတ်စကားဆုံးသည်နှင့် တစ်ပြိုင်နက် လက်ဖတင်နင် နန်းပေက ဆက်၍ ပြောပြန်ပါသည်။

"ဒီလိုဆိုဒီ ပါတယ် မပါဘူးဆိုတာကိုတော့ ကျွန်တော် မစဉ်းစားမိခဲ့ပါဘူး။ ဒါပေမယ့် နတ်သမီးရုပ်ရဲ့ အောက်နားမှာ



www.burmeseclassic.com

www.burmeseclassic.com

စောစောက ကျွန်တော်ပြောတဲ့ လက်ကောက်ဝတ်နေရာ
ကျိုးတဲ့လက်ရဲ့ လက်ဖါးပိုင်းကလေးကို ကလပ်ကလေးတစ်
တင်ထားကို တွေ့ရတယ်ဗျ၊ အဲ့နဲ့ အဲဒီကလပ်ပေါ်က လက်ပြ
ကလေးကို ကြည့်လိုက်တော့"

"ကြည့်လိုက်တော့ ဘာဖြစ်သလဲ လက်ဖတင်နှင်"

ကျွန်ုပ်လည်း သိလိုစိတ်အား မျိုသိပ်ထားနိုင်ခြင်း မရှိ
အငမ်းမရ မေးလိုက်လေ၏။

"ဘာတွေ့ရမှာလဲ အစ်ကိုကြီးရဲ့ ဘီဘီ ကျွန်တော်ကို ပြောပြ
ဂျေရာဆိုတဲ့ တံဆိပ်ကလေးကို တွေ့ရတယ်၊ စောစော
စားပွဲဖွင့်ပေါ်မှာ ကျွန်တော်ရေးပြတဲ့ တံဆိပ်လေ"

"တော်တော် အံ့ဩဖို့ကောင်းနေပြီ ကိုစိန်ရဲ့ လက်ဖတင်
နန်းဝေတော့ မပြောတတ်ဘူး။ သူပြောပြလို့ တစ်ဆင့်ကြားရ
ကျုပ်အဖို့တောင် တအံ့တဩ ဖြစ်မိတယ်ဗျာ၊ ဆက်ပြီး ပြော
လက်ဖတင်နှင် နန်းဝေ"

"ကျွန်တော် ကပ္ပိယကြီးကို ပေကပြတ်ပေါ်က ဂျေရာတံဆိပ်
ပတ်သက်လို့ မေးစမ်းကြည့်ပါသေးတယ်၊ သူကလဲ ဒီတံဆိ
ဟာ ဂျေရာလို့ခေါ်ကြောင်း၊ ဒီနတ်သမီးရဲ့ တံဆိပ်ဖြစ်ကြောင်
လောက်ပဲ ပြောနိုင်ပါတယ်။ ဒီနတ်သမီးဟာ ဘယ်တု
လောက်ကတည်းက သူတို့ လူမျိုး ကိုးကွယ်ခဲ့ကြတာလဲ





မေးကြည့်တော့ ကပ္ပိယကြီး ပြောပြချက်အရဆိုရင် နှစ်ပေါင်း
သုံးထောင်နီးပါး ရှိပြီဆိုပဲ ခင်ဗျ"

"နောက်ထပ် ဘာတွေ ထူးထူးဆန်းဆန်း ဖြစ်သေးသလဲ
လက်ဖတင်နှင် နန်းဝေ၊ အခုင်တော့ အာရေးဗီးယန်းနိုက်
ခေါ်တဲ့ တစ်ထောင့်တစ်ည ပုံပြင်မျိုး နားထောင်ရသလိုပါပဲဗျာ၊
တကယ့်ကို အံ့ဩဖို့ ကောင်းလှပါတယ်"

"နောက်ထင်တော့ ဘာမှ ထူးထူးဆန်းဆန်း မဖြစ်တော့
ပါဘူး၊ ဒါပေမယ့် စစ်သံမှူးက ကျွန်တော့်ကို ဆရာဝန်တွေရဲ့
ဆေးစာအရ မြန်မာပြည်ကို ပြန်ပို့ခဲ့ပါတယ်။ ကျွန်တော် မြန်မာ
ပြည် ပြန်ရောက်တာ တနှစ်ခွဲ နှစ်ပတ်ရှိသွားပြီ။ စစ်ဆေးရုံနဲ့
စစ်ရာထူးခန့် အတွင်းဝန်ရုံးက ကျွန်တော့်ကို စစ်ဆေးပြီး တပ်
မတော်ကနေ အငြိမ်းစား ပေးလိုက်ပါပြီ"

*(မှတ်ချက် – ယခုအခါ စစ်ဆေးရုံကို တပ်မတော်စစ်ဆေးရုံဟု
…သည်။ )*

"အငြိမ်းစားပေးလိုက်တာ ဘယ်လောက် ကြာသွားပြီလဲ
လက်ဖတင်နှင် နန်းဝေ"

"တစ်နေ့ကပဲ ထွက်ဆဲခွင့် တစ်နှစ် ပေးလိုက်ပါတယ်။' ဒီ
တစ်နှစ်အတွင်း ဘာတာဝန်မှ မထမ်းဆောင်ရပေမယ့်
တပ်မတော်အရာရှိစာရင်းက မပယ်ထုတ်သေးပါဘူး။ တစ်နှ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သွားတဲ့အခါမှာတော့ ကျွန်တော်ဟာ လုံးဝ အနားယူသွာ
တဲ့ အရပ်သားဘဝကို ရောက်သွားပါပြီ-ခင်ဗျ"

"ဒီလိုဆိုရင် လက်ဖတင်နင် နန်းဝေ ကျောက်ဆည်က
ကျောက်သေတ္တာကြီးဆီကို မရောက်သေးဘူးပေါ့"

"ကျွန်တော် မနက်ပြန်မနက်သွားမယ် အစ်ကိုကြီး၊ ဒါကြော
ကိုကြီးကိုစိန်ရက ကျွန်တော့်ကို ညစာဖိတ်ကျွေးတာပေါ့"

ကျွန်ုပ်သည် လက်ဖတင်နင် နန်းဝေ၏ ပသီပုံပြင်နှင့် တူလှသော
သူ၏ အဖြစ်အပျက်အား နားထောင်ပြီးနောက် လက်ဖတင်န
နန်းဝေအား စေ့စေ့စပ်စပ် တစ်ကြိမ်ထပ်မံ၍ အကဲခတ်မိပြန်တော့၏

သူ၏ ပီယိစေ့စပ်လှသော နှုတ်ခမ်းများသည် မဟုတ်သည်
ဟုတ်သည့်အလား၊ ဖြီးဖြန်း လိမ်ညာ၍ ပြောဆိုမည့်သူ မဟု
ကြောင်း ထောက်ခံနေဘိသကဲ့သို့ ရှိသည့်အပြင် ကြည်လင် တော
နေသော သူ၏မျက်လုံးများကလည်း ဆရာဝန်၏ဆေးစာတွ
ရေးထားသကဲ့သို့ စိတ်ဝေဒနာရှင်တစ်ဦး မဟုတ်ကြောင်း အခိုင်အ
ဖော်ပြလျက် ရှိ၏။

လက်ဖတင်နင် နန်းဝေသည် စီးကရက်အသစ်တစ်လိပ်
ထပ်မံ၍ မီးညှိရင်း ကျွန်ုပ်နှင့် ကိုစိန်ရအား အင်္ဂလိပ်ဘာသာဖြင့်

"ဒီလောကကြီးရဲ့ မိုးပြာရောင်အောက်မှာ ထူးဆန်းတ
ဆိုတာ မရှိပါဘူး၊ ကိုယ်မသိသေးတာကို လူတွေက ဆ





ဟယ်လို့ ထင်တတ်ကြပေမယ့် နောက်ဆုံး သေသေချာချာ
နားလည်သွားတဲ့အခါမှာတော့ ဆန်းတယ်ဆိုတဲ့ အရာဝတ္ထု
တွေဟာ သာမန်ရိုးရိုး ကိစ္စတွေသာ ဖြစ်ကြောင်း"

ကျွန်ုပ်သည် လက်ဖတင်နင် နန်းဝေ၏ အင်္ဂလိပ်စကားပြော
တန်နှင့် လှုပ်ရှားပုံများကို ကြည့်ကာ အင်္ဂလိပ်ရုပ်ရှင်မင်းသား
'ဗလင်တီနို' အား မျက်စိထဲ၌ မြင်ယောင်လေမိတော့၏။

လက်ဖတင်နင်နန်းဝေနှင့် စိတ်ကျေနပ်သည်အထိ တိုတယ
၌ စကားပြောပြီးနောက် ကျွန်ုပ်တို့သည် တက္ကစီကား တစ်စီးစီ
ငှားရမ်းကာ လူစုခွဲ၍ ပြန်ခဲ့ကြလေ၏။ ကိုစိန်ရက အင်းစိန်သို့ ပြန်ရပြီး
ကျွန်ုပ်က မအူကုန်း ကျွန်ုပ်အိမ်သို့ ပြန်ရ၏။ လက်ဖတင်နင် နန်းဝေမှာ
မူ ရွှေတိဂုံဘုရားအနီး ဂေါ်ရာကုန်း စစ်တပ်တွင်းရှိ လူပျိုအရာရှိရိပ်
သာသို့ ပြန်ရလေ၏။

ထိုနေ့ညက ကျွန်ုပ်သည် အိမ်သို့ ည (၁၀)နာရီကျော်မှ
ပြန်ရောက်ခဲ့၏။အခါတိုင်း၌ဆိုလျှင် 'အရက်သောက်မိသော ညများ
၌ အိပ်ရာထက်တွင် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတတ်သော်
လည်း ထိုနေ့ညက တော်တော်နှင့် အိပ်၍ မပျော်ပါဟု ဆိုလျှင်
ယုံနိုင်စရာ အကြောင်းမရှိပေ။

ကျွန်ုပ်သည် ထိုည၌သာ အိပ်၍မပျော်ခဲ့သည် မဟုတ်ဘဲ၊
နောက်ညများ၌လည်း အိပ်၍မပျော်ဘဲ လက်ဖတင်နင် နန်းဝေ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြသွားသော လက်တစ်ဖက်ပြတ်နေသော နတ်သမီး ရုပ်ကိုလည်းကောင်း၊ လက်ဖတင်နှင်နန်းဝေဇါချစ်သူ လက်တစ်ဖက်ပြတ်နေသော မဂိုမလေးဘီဘီအားလည်းကောင်း၊ လက်ပြတ်ကလေးအပေါ်မှ 'ဂျေရာ' ဆိုသည့် အမှတ်တံဆိပ်ကလေးအား လည်းကောင်း စဉ်းစားနေမိတတ်လေ၏။

ကျွန်ုပ်၏ ကျူရီယိုဆိုင်၌ ဝယ်သူပါးသော နေ့ခင်းနေ့လယ်အခါများ၌လည်း လက်ဖတင်နှင် နန်းဝေ၏ ပြောပြချက်များအားလည်းကောင်း၊ 'ဂျေရာ' အမှတ်တံဆိပ်နှင့် နတ်သမီး လက်ပြတ်တစ်ခုအားလည်းကောင်း စဉ်းစားနေမိတတ်ရုံမျှမက စာရွက်များပေါ်၌လည်း 'ဂျေရာ' အမှတ်တံဆိပ်ကလေးများအား ရေးဆွဲနေမိတတ်လေ၏။

မကြာခဏ ကျွန်ုပ်သည် ထိုဂျေရာတံဆိပ်ကလေးများကို ရေးမိတတ်သည်ဖြစ်ရာ ဆရာလုပ်သည့် အလုပ်မှန်သမျှအား ဘာမဆိုကောင်းသည်ဟု မှတ်ယူပြီး မျောက်တစ်ကောင်ကဲ့သို့ အတုခိုးတတ်သော ကျွန်ုပ်၏တပည့် လူပုကလေးဗိုင်းမောင်ကလည်း ထိုတံဆိပ်ကလေးများကို ကူး၍ ရေးလေတော့၏။

ကျွန်ုပ်က စက္ကူလွှတ်များပေါ်၌သာလျှင် ရေးခဲ့သော်လည်း သိဉာဏ်မဲ့သော လက်ကမြင်းတတ်သော ကျွန်ုပ်၏ တပည့်ကမူ မြူတစ်ချောင်းနှင့် ဆိုင်၏တံခါးများ၊ နပူးစီးများ၊ နံရံများနှင့်





စိုရိုများပေါ်တွင် အရွယ်အစား အမျိုးမျိုးရှိသော 'ဂျေရာ' တံဆိပ်များကို အနှံ့အပြားလျှောက်၍ ရေးလေတော့၏။ ကျွန်ုပ်က သူ့အား...

"ဟော့ကောင် မင်းကဘာဖြစ်လို့ ဒီတံဆိပ်တွေ တစ်ဆိုင်လုံး လျှောက်ရေးရတာတုံး"

ဟုမေးကြည့်ရာ လူပုလေး ဗိုင်းမောင်က...

"ဒီတံဆိပ်ကလေးတွေကို ဆရာ ရေး,ရေးနေတာတွေ့လို့ ကျွန်တော်လည်း ရေးကြည့်တာ ဆရာ၊ ဘာရယ်လို့တော့ မသိပါဘူး၊ ဒါပေမယ့် ဒီတံဆိပ်ကလေးတွေက ဆန်းတယ်ဆရာ၊ တစ်ခု ရေးမိရင် နောက်ထပ်မရေးဘဲ မနေနိုင်ဘူးဆရာ၊ အနည်းဆုံးတော့ နောက်ထပ်တစ်ခုလောက် ရေးလိုက်ရမှ ကျေနပ်တယ်၊ ဆရာ မယုံရင် စမ်းကြည့်ပါလား၊ ကျွန်တော် စမ်းကြည့်ပြီးပြီ၊ ဟိုဘက် လက်ဖက်ရည်ဆိုင်က စားပွဲထိုးတွေကို ကျွန်တော်က ဘာမှမပြောဘဲ ဒီတံဆိပ်ကလေး ရေးကြည့်စမ်းဆိုပြီး ရေးခိုင်းတာ ဒီကောင်တွေ အနည်းဆုံး တစ်ယောက်ကို သုံးခုစီလောက်တော့ ရေးကြည့်ကြတယ် ဆရာ"

ကျွန်ုပ်၏တပည့် လူပုလေးသည် ကျွန်ုပ်အား ဂျေရာတံဆိပ်ကလေးများ၏ ထူးဆန်းပုံကို ပြောပြသဖြင့် ကျွန်ုပ်သည် လက်ဖက်ရည် မသောက်ချင်ပါဘဲသျှက် ထိုနေ့ နေ့လယ်ပိုင်းလောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့လေ၏။ လူပုလေး ဝိုင်းမောင် ပြောသည့်အတိုင်းပင် ၎င်းဆိုင်တစ်ဆိုင်လုံး၌ ဂျေရာတံဆိပ်များ ပြည့်နှက်လျှက် ရှိတော့သည်။ ကျွန်ုပ် လက်ဖက်ရည် သောက်နေစဉ်မှာပင် စားပွဲထိုးလူငယ်တစ်ဦးသည် ရေနွေးကြမ်း ပန်းကန်ထဲမှ ရေနွေးအား လက်ညှိုးနှင့်တို့၍ ယူကာ စားပွဲပေါ်၌ ဂျေရာ အမှတ်တံဆိပ်အား ရေးနေသည်ကို တွေ့ရလေ၏။

ထို့ပြင် ကျွန်ုပ်သည် ကျွန်ုပ်မိတ်ဆွေ ဦးစိုးတင့်၏ ညီမလေးများဖြစ်ကြသော လွင်လွင်အေးနှင့် မြင့်မြင့်အုံးဆိုသည့် အပ်ချုပ်ဆိုင်မှ မိန်းကလေးနှစ်ဦးအား ထိုတံဆိပ်ကလေးများ ရေးပြခဲ့ရာ ထိုမိန်းကလေးနှစ်ဦးတို့သည် ၎င်းတံဆိပ်ကလေးများကို တစ်ဦးလျှင် နှစ်ဆယ်ကျော်ခန့် ရေးခြစ်ကြသည်ကို တွေ့ရလေ၏။

တစ်ဖန် ကျွန်ုပ်၏မိတ်ဆွေ ဆရာဝန်တစ်ဦးအား ၎င်း တံဆိပ်မျိုးခင်ဗျား ဘယ်နေရာမှာများ မြင်ဖူးသလဲဟု ပြော၍ တံဆိပ်တစ်ခုကို ရေးပြပြီးနောက် အမှတ်တမဲ့ စောင့်ကြည့်ခဲ့ရာ ၎င်းဆရာဝန်သည် ကျွန်ုပ်ရေးပြသော တံဆိပ်ကလေးမျိုး ခုနစ်ခု ထက်မနည်း ရေးခြစ်ခဲ့သည်ကို တွေ့ရသဖြင့် ကျွန်ုပ်၏ တပည့်ပြောသော စကားကို လက်ခံအတည်ပြုလိုက်လေတော့၏။

❀ ❀ ❀





တစ်နေ့သ၌ ကျွန်ုပ်သည် ဆိုင်ဖွင့်ပြီးနောက် လချုပ်စာရင်းများ ရေးသွင်းရန် ရှိသည်နှင့် ရေးသွင်းနေစဉ်၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်၏ မိတ်ဆွေ ကိုစိန်ရသည် အဖော်တစ်ယောက်နှင့်အတူ ရေးကြီးသုတ်ပြာနှင့် ရောက်လာလေတော့၏။

"ဆိုစမ်းပါဦး အိုင်ဆေး၊ ဘာများ အရေးကြီးလာသလဲ"

"အရေးကြီးတယ်ဗျို့ သိပ်ပြီး အရေးကြီးတယ်။ ကျုပ်တို့ လက်ဖတင်နင် နန်းဝေတော့ အချုပ်ထဲ ရောက်နေပြီ၊ အဲဒါ ခင်ဗျားကို လာပြောတာပဲ"

"ဗျာ... ဒါနဲ့ ကျုပ်တို့ တိုတယ်မှာ ထမင်းစားကြတဲ့ ညက နောက်တစ်နေ့ဆိုရင် ကျောက်ဆည်ကို လက်ဖတင်နင် နန်းဝေက သွားမယ်ဆို ခုထိ မသွားဖြစ်သေးဘူးလား"

"သွားဖြစ်ပါတယ်ဗျာ၊ အဖမ်းခံရတယ်ဆိုတာလည်း ကျောက်ဆည်မှာ အဖမ်းခံရတာပါ"

"အခု လက်ဖတင်နန် နန်းဝေက ဘယ်မှာလဲ ကိုစိန်ရ"

"ကျောက်ဆည် ရဲအချုပ်ခန်းမှာပေါ့ဗျာ၊ ကျုပ်လည်း ဘာမှ မသိရဘူး။ ဟောဒီမိတ်ဆွေ လာပြောလို့ သိရတာ၊ ဒါနဲ့ ကျုပ်လည်း ဒီမိတ်ဆွေကိုပါ တစ်ပါတည်း ခင်ဗျားဆီ ခေါ်လာခဲ့တာပဲ။ ဒါမှ အဖြစ်အပျက်ကို ခင်ဗျားအနေနဲ့ ပြည့်ပြည့်စုံစုံ သိရမယ်၊ ဒီလို သိရမှလည်း ကျုပ်က ဘယ်လိုလုပ်သင့်တယ်ဆိုတာ အကြံ



www.burmeseclassic.com

www.burmeseclassic.com



ညာဏ်ပေးနိုင်မယ်။ ဟောဒီ မိတ်ဆွေက ခြင်းဝိဇ္ဇာကိုပေါ်ကာတဲ့။ ခြင်းခတ်မှာတော့ ဝိဇ္ဇာပေါ့ဗျာ။ ကိုပေါ်ကာ ဟောဒါကတော့ ကျုပ်ရဲ့မိတ်ဆွေဆိုလည်း ဟုတ်ရဲ့၊ ညီအစ်ကိုဆိုလည်း ဟုတ်ရဲ့ပေါ့ဗျာ။ ဦးအောင်ထွန်းလို့ ခေါ်တယ်''

ကျွန်ုပ်လည်း ကိုစိန်ရ မိတ်ဆက်ပေးလိုက်သော ခြင်းဝိဇ္ဇာကို ပေါ်ကာဆိုသူအား အမှတ်တမဲ့ အကဲခတ်ကြည့်လိုက်မိရာ အသား ညိုညို၊ အရပ်ပုပုနှင့် ဦးခေါင်းမှာလည်း နောက်စေ့ထွက်လှသော ဦးခေါင်းမျိုးဖြစ်၍ သူ၏ ပုံသဏ္ဌာန်မှာ ခုန်ပျံ လှုပ်ရှားနေရမည့် အလုပ်မျိုးနှင့် အလုံး သင့်လျော်လှသည့် ပုံသဏ္ဌာန် ဖြစ်ပေရာ 'ခြင်းဝိဇ္ဇာ' အဖြစ်နှင့် နာမည်ကြီးခြင်းမှာ များစွာ အံ့သြဖွယ်ရာ မဟုတ်တော့ သကဲ့သို့ ဖြစ်၏။

''ကျုပ်တို့က မိတ်ဆွေ ကိုပေါ်ကာတို့လို လူသိများတဲ့ ပုဂ္ဂိုလ် မဟုတ်ပေဘူး။ ဒါကြောင့် ကိုပေါ်ကာက ကျုပ်ကို မသိပေမယ့် ကျုပ်ကတော့ ကိုပေါ်ကာကို သိပါတယ်။ ရွာမ ဘုန်းကြီးပျံမှာ ခတ်ပြတုန်းက ကျုပ် လာပြီး ကြည့်ပါသေးတယ်။ ဆရာလော်ပေါ်တို့ ဆရာထွန်းတင်တို့ရဲ့ ခြေရာကို နင်းနိုင်ဖို့ သိပ်ပြီး ကြိုးစားရမယ်လို့ မထင်ပါဘူးလို့တောင် ကိုပေါ်ကာနဲ့ ပတ်သက်လို့ မိတ်ဆွေတစ်ယောက်ကို ပြောမိသေးတယ်''

''ဦးအောင်ထွန်း ပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမယ့်





ကျွန်တော့်အနေနဲ့ အခုနေအခါမှာ သိပ်ပြီး မကြိုးစားနိုင်ဘူး ခင်ဗျာ။ ဝမ်းရေးက ရှိလေတော့ ခြင်းခတ်ကျင့်ရတာယ် မရှိဘဲ ခြင်းလုံးရုံတွေအတွက် ကြိမ်ဝယ်ပေးတဲ့ အလုပ်ကို လုပ်နေရလေတော့ ခရီးပဲ ထွက်နေရတော့တာပါပဲ ခင်ဗျ''

''ကဲ... ကျုပ်တို့ လက်ဖတင်နှင်နှန်းဝေအကြောင်းလေး ရှင်းပြစမ်းပါဦး ကိုပေါ်ကာ''

''ဒီလိုခင်ဗျ၊ ကျွန်တော် မန္တလေးက အပြန် ရထားပေါ်မှာ လူတစ်ယောက်နဲ့ စကားစပ်မိပြီး ကာယသိဒ္ဓိ၊ ဝီယသိဒ္ဓိ စတဲ့ ဆေးဘက်မှာ အစွမ်းထက်တဲ့ ဘုန်းကြီးတစ်ပါး ကျောက်ဆည်မှာ ရှိတယ်လို့ သိရတာနဲ့ ကျွန်တော်က ကျောက်ဆည်ကို ဝင်ပြီး အဲဒီဘုန်းကြီးကို ရှာတယ်ခင်ဗျ။ ကျောက်ဆည်ဈေးနားမှာ မမျှော်လင့်ဘဲ ဗိုလ်နှန်းဝေနဲ့ သွားပြီး တွေ့တော့တာပဲ''

''ကိုပေါ်ကာနဲ့ ဗိုလ်နန်းဝေ ဘယ်တုန်းကတည်းက သိကြတာလဲ''

''ကြာပါပြီခင်ဗျာ၊ သူနိုင်ငံခြားကို စစ်သံအဖွဲ့နဲ့ မသွားခင်ကတည်းက သိကြတာပါ။ အဲဒီလို နှစ်ယောက်သား တွေ့ကြတော့ အေးအေးဆေးဆေး စကားပြောရအောင် ဆိုပြီး ဈေးထဲက လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်ခင်ဗျ။ အဲဒီမှာ သူနဲ့ ကျွန်တော် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်းရယ်မောနေကြတုန်း ဆိုင်ရှေ့ကားလမ်းပေါ်က ကုလားမတစ်ယောက် လျှောက်သွားတယ်။ အဲဒီကုလားမရဲ့ လက်ဝါးက ဂျေရာတံဆိပ်ကလေး တစ်ခု ဆေးမင်ထိုးထားတာ ထင်းနေတာပဲဗျ၊ အဲဒါကို ကျွန်တော်က လှမ်းပြီး မြင်လိုက်တော့ ကျွန်တော့်စိတ်ထဲမှာ ဒီကုလားမတော့ ဒီတံဆိပ်ထိုးရတာ တော်တော်နာရှာမှာပဲလို့ အောက်မေ့မိတာနဲ့ ဘာရှုယ်လို့တော့ မဟုတ်ပါဘူး။ ကျွန်တော်က ''ဗိုလ်နန်းဝေ ဟိုမှာ ကြည့်စမ်း၊ ကုလားမလက်ဝါးမှာ ဆေးသိုးထားတာ တော်တော် နာမယ်ဗျ''လို့ ပြောလည်း ပြောလိုက်ရော ဗိုလ်နန်းဝေဟာ ကုလားမကို လှမ်းကြည့်ကာ 'ဆတ်'ခနဲ ထိုင်နေရာမှ ထ,တဲ့လို့ လက်ဖက်ရည်ဆိုင်က ဓားတစ်ချောင်းကို ယူပြီး ပြေးလိုက်သွားတော့တာပါပဲ''

''ကိုပေါ်ကာက ဆွဲမထားလိုက်ဘူးလား။ ဒီလို မေးတာတော့ စိတ်မရှိပါနဲ့နော်၊ ပိုပြီး ပြည့်စုံအောင် မေးရတာပါ''

''ဒီလို ဖြစ်လိမ့်မယ်မှ မထင်ဘဲ ဦးအောင်ထွန်းရာ၊ ကျွန်တော်လည်း အစမှာတော့ ကြောင်သွားတာပေါ့ဗျာ၊ ကျွန်တော် လိုက်ပြီး ဆွဲတဲ့အချိန်ကျတော့ ကုလားမကို လက်ဖြတ်ပြီးနေပြီ'





''ဘယ်လိုဗျ''

''ဒီလိုလေ ဦးအောင်ထွန်းရဲ၊ ကျွန်တော်က ကုလားမလက်မှာ ထိုးထားတာ တွေ့လို့ ကုလားမတော့ နာရှာမှာပဲလို့ ပြောလည်း ပြောရော ဗိုလ်နန်းဝေက ကုလားမကို လှမ်းကြည့်ပြီး လက်ဖက်ရည်ဆိုင်က ဓားနဲ့ ကုလားမလက်ကို လိုက်ပြီး ဖြတ်ချလိုက်တာဗျာ''

''ဘယ်လိုကြောင့် ဖြတ်ပစ်လိုက်ရတာလဲ ကိုပေါ်ကာ''

''ကုလားမလက်ကို ဖြတ်ပြီးပြီးချင်း ကျွန်တော် ရောက်သွားတော့ လက်ဖြတ်ကြီးဟာဗျာ လမ်းပေါ်မှာ တဆတ်ဆတ် ခုန်နေတာ အံ့သြစရာကြီးပါပဲ။ ကုလားမကတော့ ခွေလဲကျသွားပြီး သတိလစ်သွားတော့တာပဲဗျို့ ဗိုလ်နန်းဝေဟာ အဲဒီလက်ဖြတ်ကြီးကို ကောက်ပြီး ယူလိုက်တယ်။ ကျွန်တော်က ဘယ်လို လုပ်လိုက်တာလဲ ဗိုလ်နန်းဝေလို့ မေးကြည့်တော့ ကျွန်တော့်ချစ်သူရဲ့ လက်ပါဗျာလို့ ပြန်ပြောသေးတယ်။ အဲဒီအချိန်မှာ သူ့ကို ကြည့်ရတာဟာ တစ်မျိုးကြီးပဲ၊ မှုးယစ်စေတတ်တဲ့ ဆေးဝါးတစ်ခုကို စားသုံးထားသလိုလို စိတ်ညှို့ခံထားရတဲ့ လူလိုလို သူ့မျက်စိတွေဟာ ရီဝေဝေ ဖြစ်နေတာကိုတော့ ကျွန်တော် သတိထားမိတယ်။ ဒါပေမယ့် သိပ်မကြာဘူးခင်ဗျ၊ ဗိုလ်နန်းဝေဟာ သတိပြန်ရလာပုံ ရတယ်။ ကိုပေါ်ကာရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မှားသွားပြီဗျို့လို့ ပြောတော့တယ်ခင်ဗျ။ ဈေးနားဆိုတော့ဗျာ လူတွေကလည်း ချက်ချင်း ဝိုင်းအုံလာလိုက်တာ ပွဲကျနေတာပဲဗျာ၊ သတိရတာနဲ့ တစ်ပြိုင်တည်း ဗိုလ်နန်းဝေဟာ ကိုင်ထားတဲ့ လက်ပြတ်ကြီးကိုရော ဓားကိုရော ပစ်ချလိုက်တော့တယ်။ နောက်တော့ ရဲတွေ ရောက်လာပြီး ဖမ်းကြတော့တာပါပဲ။ ကျွန်တော်လည်း ဌာနကို လိုက်သွားပါတယ်။ ဗိုလ်နန်းဝေကို ကျွန်တော်က အိမ်ကို အကြောင်းကြားပေးမယ်လို့ပြောတော့ သူက ငြင်းနေပါသေးတယ်။ တစ်ည စောင့်ပြီး နောက်တစ်နေ့ မိုးလင်းမှ ကျွန်တော်မေးလွန်းမက မေးလို့ ကျွန်တော့်ကို အားနာပြီး ဟောဒီ ဦးစိန်ရဲ့ လိပ်စာကို ရေးပေးလိုက်တယ်။ ကျွန်တော်လည်း မီရာ ရထားနဲ့ လိုက်လာခဲ့တာပဲခင်ဗျ"

ခြင်းစိဇ္ဇာ ကိုပေါ်ကာသည် ပြောပြပြီးနောက် အနည်းငယ် စိတ်အိုက်သွားဟန်ဖြင့် ကျိုးတိုးကျဲတဲနိုင်လှသော ဆံပင်များသာ ရှိသည့် သူ၏ ဦးခေါင်းလုံးလုံးကလေးအား ပွတ်နေလေတော့၏။

ကျွန်ုပ်သည် မိနစ်အတော်ကြာသည်အထိ တစ်စုံတစ်ရာ ပြောနိုင်ခြင်း မရှိဘဲ ချောမော သန့်ပြန့်၍ ယောကျ်ားပီသလှသော လက်ဖတင်နှင့် နန်းဝေဆိုသည့် လူငယ်ကလေး တစ်ဦးသည် ထိတ်လန့်ဖွယ်ရာ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ပြီးနောက် အဖမ်းဆီး





အချုပ်အနှောင် ခံနေရသည့်အဖြစ်ကို တွေးမိ၍ စိတ်မကောင်း ဖြစ်နေမိ၏။

"ကဲ... ကိုအောင်ထွန်း၊ ဘယ်လိုလုပ်ရရင် ကောင်းမလဲ၊ အကြံပေးစမ်းပါဦး"

ကိုစိန်ရက ကျွန်ုပ်အား အကြံတောင်းလိုက်သဖြင့် ကျွန်ုပ်သည် လက်ဖတင်နှင့် နန်းဝင်အကြောင်း စဉ်းစား၍ စိတ်မကောင်း ဖြစ်နေရာမှ တစ်စုံတစ်ခုကို ဆုံးဖြတ်၍ အကြံပေးလိုက်ရန် အတွက် အနည်းငယ် စဉ်းစားလိုက်ပြီးနောက်...

"ကိုစိန်ရ၊ ဒီညနေ ရထားနဲ့ ကျောက်ဆည်ကို လိုက်သွားပေါ့ဗျာ၊ ဟိုရောက်လို့ ကျုပ် အကူအညီလိုရင် ချက်ချင်း သံကြိုးရိုက်လိုက်ပါ၊ ကျုပ် လိုက်ခဲ့ပါမယ်"

ကိုစိန်ရနှင့် ကိုပေါ်ကာလည်း ကျွန်ုပ်၏ အကြံပေးချက် အတိုင်း လိုက်နာ၍ ကျောက်ဆည်သို့ ညနေရထားဖြင့် လိုက်ပါ သွားရန် ပြင်ဆင်စရာကလေးများကို ပြင်ဆင်ရဦးမည်ဟု ဆိုကာ ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်သွားကြလေ၏။

ထိုနေ့ညနေက ကျွန်ုပ်သည် ကိုစိန်ရနှင့် ကိုပေါ်ကာအား ဘူတာကြီးသို့ လိုက်ပို့ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်ရသည် ထိုသို့ လိုက်သွားပြီး သုံးရက်မြောက်သော နေ့၌ ကျွန်ုပ်ထံသို့ ရောက်လာလေ၏။ ကျွန်ုပ်ကလည်း အားရ ဝမ်းသာနှင့် ဆီးကြိုကာ လက်ဖတင်နှင့် နန်းဝေ၏ သတင်းကို မေးမြန်းလေ၏။

"ဘယ်လိုလဲ ကိုစိန်ရ၊ လက်ဖတင်နှင့် နန်းဝေကိစ္စ အဆင်ပြေခဲ့ရဲ့လား"

"အဆင်ပြေလှတယ်တော့ မဟုတ်ပါဘူးဗျာ။ သတင်းစာထဲမှာ သတင်းမပါအောင်တော့ ကျုပ် ငွေ ၂၀၀၀ိ/- လောက် အသုံးချရလိုက်တယ်။ ဒါပေမယ့် တချို့ သတင်းစာကလေးတွေမှာတော့ သတင်းတိုကလေးအဖြစ် ပါလိမ့်မယ်ဗျို့"

"ဘယ်လိုဖြစ်လို့ ဒီလို လုပ်လိုက်ရတာလဲဗျ၊ ခင်ဗျား သူ့ကို မေးမကြည့်ဘူးလား"

"ကျုပ်မေးပြီလားဗျာ၊ ဒါပေမယ့် သူကိုယ်တိုင် ရေရေရာရာ မပြောနိုင်ဘူးခင်ဗျ၊ သတိလစ်ပြီး ဖြစ်သွားတယ်လို့ပဲ ပြောတာပဲ၊ လောလောဆယ် ငွေ ၃၀၀၀ိ/- ကိုလည်း ကုလားမကို လက်ဖတင်နှင့် နန်းဝေက ပေးပါတယ်။ အမှုသက်သာအောင် ပေးတဲ့သဘော မဟုတ်ပါဘူးတဲ့။ အဖြစ်ကတော့ သူ့ထိုက်နဲ့ သူ့ကံ ရှိပါလိမ့်မယ်လို့ ပြောပြီး ပေးလိုက်တယ်"

"အမှုအခြေအနေက ဘယ်လိုရှိသလဲဗျ"

"အမှုအခြေအနေကတော့ လက်ဖတင်နန်းဝေဟာ တပ်က





ထွက်သွားတယ်ဆိုပေမယ့် ထွက်ဆဲခွင့် တစ်နှစ် မပြည့်သေးတဲ့အတွက် သူဟာ အရပ်သား တစ်ယောက် မဖြစ်သေးဘူး မဟုတ်လား။ ဒီတော့ သူ့အမှုကို ရဲက မကိုင်ဘဲနဲ့ စစ်ဘက်လွှဲပေးလိုက်တယ်။ ဒါကြောင့် မနေ့ကပဲ ကျုပ်တို့နဲ့အတူတူ ရန်ကုန်ကို ရထားနဲ့ ပို့လိုက်ပြီ၊ လောလောဆယ်ကေ ဘားလမ်းစတီးဝပ်အချုပ်မှာ ချုပ်ထားတယ်၊ ရဲဘက်ကနေ စစ်ဘက်ကို အပြီးအပိုင် လွှဲလိုက်ရင်တော့ စစ်ဘက်က လာ သုတ်ပြီး စစ်တရားခုံရုံး အကျဉ်းမှာ စစ်ဆေးပြီး အပြစ်ပေးလိမ့်မယ် ကိုအောင်ထွန်း"

"ဒါဖြင့် အခု လက်ဖတင်နှင့် နန်းဝေ ဘားလမ်း စတီးဝပ် အချုပ်မှာ ရှိတယ်ပေါ့"

*(မှတ်ချက်– ယခုအခါ ဘားလမ်းကို မဟာဗန္ဓုလပန်းခြံလမ်းဟု ခေါ်သည်။ စတီးဝပ် အချုပ်ခန်းမှာ ယခုအခါ စုပေါင်းတရားရုံးကြီးမှ ထုတ်တရားခံများ ခေတ္တချုပ်နှောင်ရာ အချုပ်ခန်း ဖြစ်သည်။)*

"ဟုတ်ကဲ့၊ ရှိပါတယ်"

"ဒီလိုဆိုရင် ကျုပ် တွေ့ချင်တယ်ဗျာ၊ သွားတွေ့ရအောင်"

"ဒီအချိန် တွေ့ ခွင့်မပေးတော့ဘူးဗျ၊ မနက် ၇ နာရီကနေ ၁၀ နာရီအတွင်းပဲ တွေ့ခွင့်ပေးတာ၊ တရားခံတွေ တရားရုံး ထုတ်တဲ့အချိန်ပေါ့ဗျာ၊ မနက်မှပဲ သွားတွေ့ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိန်ရေ၊ လက်ဖြတ်ခံရတဲ့ ကုလားမနဲ့ တွေ့သေးလား"

"တွေ့ပါတယ်ဗျာ၊ ဆေးရုံပေါ်မှာ ကုလားမက ငိုလို့ စကား ကောင်းကောင်း မပြောခဲ့ရပါဘူး။ သူ့လက်ဖြတ်ကြီးကိုတော့ ဂါတ်တဲမှာ ကြည့်ခဲ့ပါတယ်။ လက်ဖတင်နှင် နန်းဝေ ကျုပ်တို့ ဟိုတယ်မှာ ရေခဲရေနဲ့ ရေးပြတဲ့ 'ဂျေရာ' ဆိုတဲ့ တံဆိပ်ကလေး မျိုး ပါတယ်ဗျ"

"ကျုပ် စဉ်းစားရကြပ်နေတယ်ဗျာ၊ လက်ဖတင်နှင် နန်းဝေ နဲ့ ရည်းစား ဘီဘီလက်ပြတ်ရယ်၊ လက်ဖတင်နှင် နန်းဝေ ဘီဘီကို ရှာရင်း တွေ့ခဲ့တဲ့ နတ်ကွန်းက နတ်သမီးရုပ်ရဲ့ လက် ပြတ်ရယ်၊ အခု ကုလားမရဲ့ လက်ပြတ်ရယ်၊ ဂျေရာဆိုတဲ့ တံဆိပ်ကလေးရယ်ဟာ ဘယ်ပုံဘယ်နည်း ဆက်သွယ်နေ သလဲဆိုတာ တွေးစရာကြီးပဲဗျ"

"ကိုအောင်ထွန်းပြောတာ ဟုတ်ပါတယ်၊ ကျုပ်လည်း အတိုင်းပဲ စဉ်းစားမိတာပါပဲ။ လက်ဖတင်နှင် နန်းဝေ တွေ့ခဲ့တဲ့ နတ်ကွန်းက နတ်သမီးဟာ ကလယ်လူမျိုးစု တစ်စုက လွှ တဲ့ နှစ်ပေါင်း သုံးထောင်နီးပါးလောက်က ကိုးကွယ်လာခဲ့တာ ဆိုတော့ ကျုပ်တို့ ဂေါတမမြတ်စွာဘုရားတောင် ပွင့်သေးတာ မဟုတ်ဘဲ၊ အဲဒီ ကွန်းက နတ်သမီးရုပ်ရဲ့ လက်မှာပါတဲ့ 'ဂျေရာ' ဆိုတဲ့ တံဆိပ်ဟာ ကျောက်ဆည်မြို့က ကုလားမတစ်ယောက်





ရဲ့ လက်မှာပါတဲ့ 'ဂျေရာ' ဆိုတဲ့ တံဆိပ်နဲ့ ဘယ်လို ဆက်စပ် နိုင်သလဲဆိုတာ တော်တော် စဉ်းစားကြပ်တဲ့ ပြဿနာပဲဗျ"

ကျွန်ုပ်နှင့် ကိုစိန်ရတို့သည် လက်ဖတင်နှင် နန်းဝေနှင့် က်၍ လည်းကောင်း၊ ကျွန်ုပ် ကို နှစ်ဦးစလုံး နားမလည် သည့် 'ဂျေရာ' ဆိုသည့် တံဆိပ်နှင့် ပတ်သက်၍ လည်း ကောင်း၊ အတော်ကြာသည်အထိ ဆွေးနွေးကြပြီးနောက် လူချင်းခွဲကြ သည်။

ကျွန်ုပ်သည် ထိုနေ့ညက အိပ်၍ မပျော်သည်နှင့် မအူကုန်း ရှိ ကာကာလက်ဖက်ရည်ဆိုင်၌ ကျွန်ုပ်အား ကပည့် လူပုလေး မောင်နှင့်အတူ ရောက်တတ်ရာရာ စကားများကို ပြောဆိုရင်း ကုန်ခဲ့လေ၏။ ထိုသို့ ညဉ့်နက်သည့်တိုင်အောင် အိပ်မပျော်ခဲ့သည် အတိုးချ၍ နောက်တစ်နေ့တွင် နေမြင့်သည့်တိုင်အောင် အိပ်မည်ဟု ခဲထားသော်လည်း နံနက် ၈ နာရီလောက်တွင် ကျွန်ုပ်ထံသို့ ရဲ ရောက်လာသဖြင့် လူပုလေး ဝိုင်းမောင်က ကျွန်ုပ်အား လေ၏။

"ဘယ်လိုလဲ ကိုစိန်ရ၊ လက်ဖတင်နှင် နန်းဝေဆီကို သွားဖို့ မဟုတ်လား"

"မဟုတ်ဘူး ကိုအောင်ထွန်းရေ၊ ထူးထူးဆန်းဆန်းတွေတော့ ဖြစ်ကုန်ပြီဗျို့ စတီးဝဝ်မှာ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မရှိတော့တာလဲ၊ စစ်တပ်က လာခေါ်သွားပြီလား"

"ဘယ်ကလာ စစ်တပ်က လာခေါ်ရမှာတုန်းဗျာ၊ အချုပ်ခန်းထဲကနေ ကျုပ်တို့လူ ပျောက်သွားပြီဗျ"

"အို..."

ကျွန်ုပ်သည် ယောင်ယမ်း၍ 'အို' ဟု တစ်လုံးတည်းသာ ရေရွတ်နိုင်လေ၏။ ကိုစိန်ရက ဆက်၍ ပြောပြန်သည်မှာလည်း ကျွန်ုပ်သည် ကျွန်ုပ်၏ နားကိုပင် မယုံနိုင်အောင်ပင် ရှိလေတော့၏။

"မနက် ၆ နာရီလောက်မှာ စတီးဝပ်က ရဲတွေ ကျုပ်ကို အကြောင်းကြားလို့ စတီးဝပ်ကို လိုက်သွားရတယ်။ ဟိုကျတော့ ရဲမှူးက ခင်ဗျားညီ ဗိုလ်နန်းဝေတော့ အချုပ်ခန်းကနေ ပျောက် သွားပြီ။ ထူးဆန်းတာကတော့ ဖောက်ထွင်းရာလည်း မတွေ့၊ အချုပ်ခန်းသော့လည်း မပြုတ်ဘူး။ အပြင်ဘက်က တံခါးမကြီး သော့လည်း မပြုတ်ဘူး။ ကျုပ်တို့ရဲတွေလည်း မစဉ်းစားတတ် အောင် ဖြစ်နေပြီ။ အမှုကလည်း စစ်ဘက်ကို လွှဲရမယ့်အမှုဆိုတော့ ပိုပြီး ခေါင်းကြီးမ်းလှတယ်ဗျာလို့ ပြောတယ်ဗျာ၊ အဲဒါကြောင့် ခင်ဗျားကို ကျုပ် လာခေါ်တာပဲ။ ဒီတော့မှ ခင်ဗျားလည်း ပြည့်ပြည့်စုံစုံ သိရမယ် မဟုတ်လား"

ကျွန်ုပ်သည် ကိုစိန်ရ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် တစ်လုံးတစ်ပါဒမျှ ပြန်၍ပြောခြင်း၊ မေးခြင်းများ မပြုတော့ဘဲ အမြန်ဆုံး ချက်နာသစ်ဆိုကာ အကျႌကောက်၍ ဝတ်ပြီးလျှင် ကိုစိန်ရနှင့်အတူ ဘားလမ်းစတီးဝပ် အချုပ်ခန်းသို့ လိုက်ခဲ့လေတော့၏။





*(မှတ်ချက်- ယခုအခါ ဘားလမ်းကို မဟာဗန္ဓုလပန်းခြံလမ်းဟု ခေါ်သည်။)*

ကျွန်ုပ်တို့နှစ်ဦးသည် စတီးဝပ် အချုပ်ခန်း အပေါ်ထပ်တွင် နေသော ရဲမှူးထံသို့ သွားရောက် တွေ့ဆုံကြ၏။ ရဲမှူးသည် ဝ[illegible]ား ကျော့ပွန်ပုံရ၍ သဘောကောင်းပုံလည်း ရ၏။ ကျွန်ုပ် တို့အား ကော်ဖီများဖြင့် ဧည့်ခံကာ ချေချေငံငံ ဆက်ဆံပြောဆို ရုံမျှမက ကျွန်ုပ်တို့ မေးသမျှကိုလည်း စိတ်ရှည်လက်ရှည်နှင့် ဖြေဆိုခဲ့လေ၏။

"အိုင်ဗီကို တစ်ခု မေးပါရစေ၊ အချုပ်ခန်းသော့က ဘယ်သူ သိမ်းတာလဲ" ဟု ကျွန်ုပ်က ရဲမှူးအား မေး၏။

"အပြင်တံခါးမကြီးရဲ့ သော့ရော အတွင်းက တရားခံတွေ ထားတဲ့ အခန်းကလေးတွေရဲ့ သော့ပါ ကျွန်တော် သိမ်းထား ပါတယ်။ ည ၆ နာရီထိုးတာနဲ့ တရားခံတွေကို လက်ခံစာရင်းနဲ့ တိုက်ပြီး ရှိ မရှိ စစ်ဆေးပြီးမှ အစောင့် ရဲသားသုံးဦးနဲ့ ဂိတ် စာရေးတစ်ဦးက သံတိုင်တွေ၊ သံဇကာတွေကို စစ်ဆေးပြီး တရားခံ လက်ခံရရှိ စစ်ဆေးတဲ့အခါမှာလည်း ကျွန်တော် ကိုယ်တိုင် ပါရပါတယ်။ ပုံစံမှာ လက်မှတ်ထိုးပြီး ကျွန်တော်ကို သော့တွဲနဲ့တကွ အပ်ပါတယ်။ ကျွန်တော်ကလည်း တရားခံ



www.burmeseclassic.com

www.burmeseclassic.com



စာရင်းနဲ့ သော့တွဲ ရရှိကြောင်းကို လက်မှတ်ထိုးပြီး ဂိတ်စာရေးနဲ့ ရဲသားတွေကို တစ္ဂက်တစ်ရွက် ပြန်ပေးရပါတယ်''

''တော်တော် တိတိကျကျ ရှိသားပဲဗျ''

''တိကျရတာပေ့ါ ခင်ဗျာ၊ တရားခံလွတ်သွားရင် ကျွန်တော်တို့က ရာထူးကျ၊ အမှုကြီးရင် အလုပ်တောင် ပြုတ်နိုင်တယ်၊ ထောင်လည်း ကျနိုင်တာကိုး။ ပြီးတော့ တရားခံတစ်ဦးကို လွှတ်ပေးချင်တယ်ထားဦး ရဲသားသုံးယောက်နဲ့ ဂိတ်စာရေးက အချုပ်ခန်းရဲ့ ရှေ့မှာ တစ်ညလုံး ရှိနေတယ်။ သူတို့က လွှတ်ပေးချင်ပြန်ရင်လည်း သော့က ကျွန်တော့်ဆီမှာမို့ ဘယ်လိုမှ မလွယ်ပါဘူး။ စတီးဝပ်မှာ တရားခံပြေးတာကတော့ မဆန်းပါဘူး။ သံတိုင်ချိုးပြီး ပြေးတယ်၊ ဖောက်ပြီး ပြေးတယ်၊ ဒါပေမယ့် အခုဟာကတော့ သိပ်ပြီး ဆန်းနေတယ်။ ဖောက်ထွင်းရာ မတွေ့ သော့မပြုတ်ပဲနဲ့ တရားခံ ပျောက်သွားတယ်။ ကျွန်တော် စီအိုင်ဒီကို အကြောင်းကြားထားပါပြီ။ ခရိုင်ဝန်ဆီ တင်မကဘူး၊ ဒီအိုင်ဂျီ အထိတောင် တယ်လီဖုန်းနဲ့ အစီရင်ခံထားပါတယ်''

ကျွန်ုပ်သည် နောက်ထပ် မေးခွန်းထုတ်စရာပင် မရှိလောက်အောင် ရဲမှူးက ပြောဆိုခဲ့ပြီး ဖြစ်သဖြင့် ခပ်ဆိတ်ဆိတ်နေလိုက်ရ၏။ သို့ရာတွင် စတီးဝပ် အချုပ်ခန်းဆိုသည်မှာ တရားခံ တစ်ဦးလွတ်





မြောက်ထွက်ပြေးရန်အတွက် လွယ်ကူခြင်း၊ ခေါင်းခြင်း ရှိမရှိ ဝင်ရောက်ကြည့်လိုလှ၏။ ကျွန်ုပ်၏ မျက်နှာအမူအရာအား ကြည့်ရုံမျှနှင့် ကျွန်ုပ်၏ စိတ်၌ ဖြစ်ပေါ်လျက်ရှိသော အကြံကို ရိပ်မိသော ရဲမှူးက.....

''ဒီက မိတ်ဆွေနှစ်ယောက်ကို စတီးဝပ်အချုပ်ခန်းဆိုတာ ထွက်ပြေးဖို့ လွယ်တာမဟုတ်ဘူးဆိုတာ ရဲအရာရှိ တစ်ယောက်အနေနဲ့ ပြောရတာထက် ကိုယ်တိုင်ဝင်ပြီး လေ့လာကြည့်စေချင် ပါတယ်။ ကျွန်တော်လိုက်ပြီး ပြပါ့မယ်ခင်ဗျာ''

''ကောင်းသားပဲ ကြည့်ရတာပေါ့''

ဟု ကျွန်ုပ်က လက်ခံလိုက်သဖြင့် ရဲမှူးသည် ကျွန်ုပ်နှင့် ကိုစိန်ရအား လွန်စွာနာမည်ကြီးလှသော စတီးဝပ်အချုပ်ခန်းသို့ ခေါ်သွားလေတော့၏။

ရဲမှူးပြောသည့်အတိုင်းပင် အပြင်ဘက်မှ သံတံခါးမကြီးအားဖွင့်ပြီးမှ အတွင်းသို့ရောက်လေ၏။ အချုပ်ခန်းများ၏ အဝသို့ရောက်လျှင်ပင် ချေးနံ့သေးနံ့များ နံစော်လှဘိတော့၏။ သိမ်ကြီးဈေးအိမ်သာထက်ပင် ဆိုးဝါးလှတော့၏။

ကျွန်ုပ်သည် နံလွန်းသဖြင့် လက်ကိုင်ပဝါထုတ်ကာ နှာခေါင်းစည်းထားလိုက်မိရာ အချုပ်ခန်းအတွင်း၌ ဤသို့ မျက်နှာတွင် လက်ကိုင်ပဝါ စည်းထားခြင်းကို ခွင့်မပြုနိုင်ကြောင်း ပြောလေ၏။ သူ၏ပြောပြချက်မှာ ရုပ်ဖျက်၍ တရားခံများ လုယူခြင်း၊ ခိုးထုတ်ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com



မပြုလုပ်နိုင်ရန်အတွက် ဤသို့ စည်းကမ်းထုတ်ထားခြင်း ဖြစ်သည်ဆို၏။ ကျွန်ုပ်လည်း ရဲမှူး ပြောသည့်အတိုင်း မျက်နှာမှ လက်ကိုင်ပဝါကို ဖြုတ်ပစ်လိုက်ရ၏။

အချုပ်ခန်းကလေးများမှာ အစီအရီ အခန်းဖွဲ့ထား၍ သံတံခါး တစ်ခုစီ တပ်ထား၏။ အချုပ်ခန်းတိုင်း၌ တရားခံအစေ့အငှ ရှိသော်လည်း လက်ဖတင်နင်နန်းဝေ နေသွားသော အခန်း၌ တစ်စုံတစ်ယောက်မျှ မတွေ့ရပေ။

ရဲမှူးသည် ကိုစိန်ရအား အချုပ်ခန်း၏ အနေအထားနှင့် ဖောက်ထွင်း ထွက်ပြေးတတ်သော တရားခံများ၏ ပြုလုပ်လေ့ရှိ ပုံများကို စိတ်ရှည်လက်ရှည် ပြောပြနေစဉ် ကျွန်ုပ်သည် လက်ဖတင်နင်နန်းဝေနေခဲ့သော အချုပ်ခန်းနှင့် မျက်စောင်းထိုး အခန်းတွင်ရှိသော အချုပ်သားတစ်ဦးထံသို့ ချဉ်းကပ်၍ အကျိုးအကြောင်းကို မေးမြန်းကြည့်ရာ ၎င်းအချုပ်သားမှာ 'အံးပိန်– စိန်လှ' ဆိုသော အူးမိန်သားခါးပိုက်နှိုက် တစ်ဦးဖြစ်ကြောင်း သိရလေ၏။ ၎င်းအံးပိန်စိန်လှက ကျွန်အား အောက်ပါအတိုင်း ပြောပြလေ၏။

"ညက ၁၂–နာရီ ကျော်ကျော်လောက်မှာ ဗိုလ်နန်းဝေရဲ့ အချုပ်ခန်းရှေ့မှာ ကုလားမချောချောကလေး တစ်ယောက်ကို ကျွန်တော် သေသေချာချာ မြင်ပါတယ်ဆရာ၊ ကျွန်တော်ဖြင့် သိပ်ပြီး အံ့သြသွားတာပဲ၊ ပြီးတော့ စတီးဝပ်ကို တရားခံတွေက





'ချီးဝပ်' လို့တောင် ပြောင်လှောင်ခေါ်ကြရအောင်ကို နံစော်လှတဲ့ နေရာပါဆရာ၊ ဒါပေမယ့် ည ၂–နာရီ ကျော်ကျော်လောက်မှာ မွှေးကြိုင်နေတာပဲခင်ဗျာ။ တကယ့်ကို ရေမွှေးတိုက်ထဲ ရောက်နေတဲ့ အတိုင်းပါပဲ။ ဒါပေမယ့် သိပ်ပြီး မကြာဘူးခင်ဗျ။ ကျွန်တော်လည်း ဘယ်လိုကနေ ဘယ်လို အိပ်ပျော်သွားတယ် မသိပါဘူး။ အစောင့် ရဲတွေ လူဝင်စစ်မှုပဲ နိုးတော့တာပဲ။ ပြီးတော့ သူတို့အချင်းချင်း ပြောနေတာကို ကြားရတော့မှ ဗိုလ်နန်းဝေတစ်ယောက် လွတ်ထွက်သွားတယ်ဆိုတာ သိရပါတယ်"

အံးပိန်စိန်လှသည် ဤသို့ ပြောပြပြီးနောက် ကျွန်ုပ်အား ရဲအရာရှိတစ်ဦးဟု ထင်မှတ်ကာ အခွင့်အရေးများ တောင်းဆို ပူဆာနေသဖြင့် ကျွန်ုပ်က ရဲအရာရှိမဟုတ်ကြောင်း ဗိုလ်နန်းဝေ၏ အစ်ကိုများ ဖြစ်ကြောင်း ပြောဆို၍ ကိုစိန်ရနှင့် ရဲမှူးတို့စကား ပြောနေသည့် နေရာသို့ ခတ်သုတ်သုတ် ပြန်ခဲ့ရလေ၏။

ရဲမှူးသည် ကျွန်ုပ်နှင့် ကိုစိန်ရအား ကျေနပ်သည်အထိ ရှင်းပြပြီးနောက် သက်ဆိုင်ရာမှ အပူတပြင်းလိုက်နေပြီ ဖြစ်ကြောင်း၊ မိသည်နှင့် တစ်ပြိုက်နက် အကြောင်းကြားမည် ဖြစ်ကြောင်းများကို ပြောဆို၍ ကျွန်ုပ်တို့နှစ်ဦးအား အချုပ်ခန်း အပြင်ဘက်ရှိ ပလက်ဖောင်းပေါ်သို့ တိုင်အောင် လိုက်၍ပို့လေ၏။ ကျွန်ုပ်နှင့် ကိုစိန်ရလည်း ဘာပြောလမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ရှိ ဗန္ဓုလလက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်နောက်ထပ် တစ်ခွက်စီထပ်၍ သောက်ကြပြီးနောက် လမ်းခွဲခဲ့ကြလေ၏။

*(မှတ်ချက်– ယခုအခါ ဘားလမ်းကို မဟာဗန္ဓုလပန်းခြံလမ်းဟု ခေါ်သည်။ )*

နောက်တစ်နေ့နံနက်ပိုင်းတွင် ကိုစိန်ရသည် ကျွန်ုပ်၏ ကျူရီယိုဆိုင်သို့ ထွက်သမျှ သတင်းစာများကိုင်၍ ရောက်ရှိလာပြီးလျှင် "လက်ဖတင်နှင်နန်းဝေ သတင်းတော့ အစောင်တိုင်းမှာ ပါတယ်ဗျို့"ဟုဆိုကာ ကျွန်ုပ်၏ စားပွဲပေါ်သို့ သတင်းစာများအား တင်ပေးလေ၏။

ကျွန်ုပ်လည်း ၎င်းသတင်းစာများအနက်မှ မြန်မာ့အလင်း သတင်းစာအား လှန်၍ ကြည့်လိုက်ရာ မျက်နှာဖုံးပေါ်၌ ခြောက်လိုင်းစာလုံးကြီးနှင့် ရိုက်နှိပ်ထားသည်။

***"တောက်ထွင်းရာမတွေ့၊ သော့မဖြုတ်ဘဲ***
***စတီးဝပ်အချုပ်ခန်းမှ တရားခံတစ်ဦး***
***ထူးဆန်းစွာ ပျောက်ဆုံးခြင်း"***

ထိုခေါင်းစီးကြီးအား ဖတ်ရှုရပြီးနောက် လက်ဖတင်နှင်နန်းဝေ၏ သတင်းအား တခမ်းတနား ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရလေ၏။ ကျွန်ုပ်လည်း သတင်းစာတိုင်းမှ လက်ဖတင်နှင်နန်းဝေ၏ သတင်းများအား တစ်ခုမကျန် ရှာဖွေဖတ်ရှုပြီးနောက်





ကိုစိန်ရအား မည်သို့ ထင်မြင်ယူဆသနည်းဟု မေးကြည့်ရာ...

"ကျုပ်တော့ ဒီကိစ္စကို မစဉ်းစားတော့ပါဘူးဗျာ၊ လက်ဖတင်နှင်နန်းဝေရဲ့ ကိစ္စက ရိုးရိုးကိစ္စမှ မဟုတ်ဘဲဗျ။ (Super Natural) လို့ခေါ်တဲ့ သဘာဝလွန်အကြောင်းအရာတွေ ပါနေတယ်။ ရှေးဟောင်းအိန္ဒိယ တိုင်းရင်းသားဂတွေရဲ့ လောကီအတတ်၊ မှော်အတတ်လိုဟာမျိုးတွေလည်း ပါနေတယ်လို့ ကျုပ်ထင်တယ်။ ကျုပ်တို့က သဘာဝနဲ့ တိုင်းထွာပြီး စဉ်းစားမှဗျ။ ဒီလိုကိစ္စတွေက သဘာဝတရားနဲ့ စဉ်းစားလို့ရတာမျိုး မဟုတ်လေတော့၊ ကျုပ်တော့ဖြင့် မစဉ်းစားချင်တော့ဘူး ကိုအောင်ထွန်းရ"

ကိုစိန်ရပြောသည်မှာ နည်းလမ်းကျလှ၏။ သဘာဝတရား လက်ကိုင်ထား၍ စဉ်းစားတွေးခေါ်သူအဖို့ သဘာဝအလွန် အဖြစ်အပျက်များ၊ ပညာရပ်များအကြောင်းကို စဉ်းစားခြင်းသည် လွန်စွာ အဖိုးတန်သောအချိန်နှင့် ၎င်းအချိန်ထက် ပို၍ အဖိုးတန်သော တွေးခေါ်မှုအင်အားကို ဖြုန်းတီးပစ်ရာ ရောက်လေတော့၏။

ထို့ကြောင့် ကျွန်ုပ်လည်း လက်ပတင်နှင်နန်းဝေအား ခင်မင်လေးစားရုံမျှမက ကြင်နာသနားမိသော်လည်း ၎င်းနှင့် ပတ်သက်သော အကြောင်းအရာများမှာ ကျွန်ုပ်အဖို့ ဉာဏ်မမီနိုင်သောက်အောင် ဖြစ်နေသဖြင့် ကိုစိန်ရကဲ့သို့ပင် ကျွန်ုပ်လည်း လုံးဝ မေ့ထားလို ရော့သ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်နှင့် ကိုစိန်ရနှစ်ဦးစလုံးသည် လက်ဖတင်နှင်နန်းဝေနှင့် ပတ်သက်၍ အမှုသွားအမှုလာနှင့် ဥပဒေရှုထောင့်တို့ဘက်မှသာလျှင် မည်သို့ အကူအညီ ပေးရမည်ကို တိုင်ပင်ခြင်း ပြုကြ၏။ ဥပဒေအားဖြင့်ဆိုရသော် လက်ဖတင်နှင်နန်းဝေအား ပြန်လည် ဖမ်းဆီးရမိလာပါက အကောင်းဆုံး၊ အတော်ဆုံး ဝတ်လုံများ ငှားရမ်းပေးမည်ဟု ကျွန်ုပ်က အကြံပေးလျှင် ကိုစိန်ရက စစ်ဘက်စစ်တရားခုံရုံးအမှုဖြစ်၍ ဝတ်လုံငှားပေးရန် ဖြစ်နိုင် မဖြစ်နိုင် မသိသေး၊ ထို့ကြောင့် သူငယ်ချင်း ဝတ်လုံတစ်ဦးနှင့် တိုင်ပင်ကြည့်ရမည် ဆို၏။

ဤသို့သော ကိစ္စရပ်များအတွက်လောက်သာလျှင် ကိုစိန်ရ နှင့် ကျွန်ုပ်သည် လက်ဖတင်နှင်နန်းဝေ၏ အမှုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း ပြုကြ၏။ နှစ်ပေါင်းသိုးထောင်ကျော်မှ ကလယ် လူမျိုးစု တစ်စု ကိုးကွယ်လာသော နတ်သမီး၏ လက်တစ်ဖက်နှင့် လက်ဖတင်နှင်နန်းဝေ၏ ချစ်သူ ဘီဘီ (ခေါ်) 'မနုစာရီ'ဆိုသည့် မဂိုကုလားမကလေး တစ်ဦး၏ လက်ပြတ်တစ်ဖက် မည်သို့မည်ပုံ ဆက်စပ်နေသနည်း။ ထိုမဂိုကုလားမလေး ဘီဘီ၏ လက်ပြတ်တစ်ဖက်နှင့် ကျောက်ဆည်မှ လက်အဖြတ်ခံရသော ကုလားမလေး တစ်ဦးက မည်သို့မည်ပုံ ဆက်စပ်နေသည်ကိုလည်းကောင်း လုံခြုံ ခိုင်ခံ့လှသော ဘားလမ်း အချုပ်ခန်းမှ ဖောက်ထွင်းရာလည်း ရှာမတွေ့၊ ခပ်ကားသည့်သော့လည်း မပြုတ်ဘဲလျက် ပျောက်ဆုံးသွားသော လက်ဖတင်နှင်





နန်းဝေ၏ ထူးဆန်းဖွယ်ရာ ပျောက်ဆုံးမှုကိုလည်းကောင်း၊ ကျွန်ုပ် နှင့် ကိုစိန်ရတို့သည် ထည့်သွင်းစဉ်းစားခြင်း၊ တိုင်ပင်ခြင်းများ မပြုလုပ်တော့ပါ။

(မှတ်ချက် - ယခုအခါ ဘားလမ်းကို မဟာဗန္ဓုလပန်းခြံလမ်းဟု ခေါ်သည်။)

ဤသို့နှင့်ပင် ကျွန်ုပ်သည် လက်ဖတင်နှင်နန်းဝေ၏ အကြောင်း တစ်စထက်တစ်စ မေ့နိုင်လာလေတော့၏။ ရဲအနေနှင့်လည်း တရားခံပြေးအနေနှင့် အပူတပြင်း ရှာဖွေခဲ့သော်လည်း သဲလွန်စကိုမျှ မရခဲ့သည့်အဆုံးတွင် အမှုပိတ်လိုက်သည်ဟု မဆိုနိုင်သော်လည်း လက်ဖတင်နှင်နန်းဝေ ပျောက်ဆုံးသွားကာစ အချိန်ပိုင်းလောက် တက်ကြွခြင်း မရှိတော့ဟု ဆိုနိုင်၏။ ၎င်း အမှုအား စုံစမ်းဆဲအမှုများ အဖြစ်သာလျှင် စာရင်းသွင်းထားကြောင်း သိရတော့၏။

ဤသို့နှင့်ပင် ချောမောသန့်ပြန့်၍ ယောကျ်ားပီသလှသော လက်ဖတင်နှင်နန်းဝေဆိုသည့် စစ်ဗိုလ်လူချောလေး တစ်ဦးသည် ထူးဆန်းဖွယ်ရာပျောက်ကွယ်၍ သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com





## ဖြိုးတိ်မမွတဲ့ရေးရာ

တစ်နေ့သ၌ ကျွန်ုပ်သည် ကုမ္ပဏီယာဆိုင်၌ ကတ်တလောက်နှင့် ပစ္စည်းများကို လူပုလေးဝိုင်းမောင်နှင့်အတူ တိုက်ဆိုင်စစ်ဆေးလျက် ရှိ၏။ ဆိုင်တို့၏ သဘာဝအတိုင်း တစ်ခါတစ်ရံ ပစ္စည်းက အမှန် အကာယ်ရှိပြီး ကတ်တလောက်ထဲ၌ ထိုပစ္စည်းကို ရေးသွင်းခြင်း မပြုမိသဖြင့် ရှာ၍မတွေ့ဘဲ ရှိတတ်၏။

ရောင်းပစ်ပြီးသော ပစ္စည်းများကိုလည်း စာရင်းများနှုတ် ပယ်ပစ်ရန် မေ့လျော့နေပါက ကတ်တလောက်စာအုပ်တွင် ပစ္စည်းက ရှိနေသော်လည်း အပြင်၌ပစ္စည်းက မရှိတော့သည်လည်း ကြုံရတတ် ၏။ ထို့ကြောင့် ကျွန်ုပ်အနေနှင့် (Srock Taking List) ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလက်ကျန်စာရင်းကို မကြာခဏ စစ်ဆေး လေ့ရှိ၏။ ငွေစာရင်း အမှန်ကို ရပြီဆိုလျှင်လည်း ကတ်တလောက်စာအုပ်နှင့် တိုက်ဆိုင် စစ်ဆေးပြန်၏။ ငွေစာရင်း နှစ်ခုအား တိုက်ဆိုင်စစ်ဆေးပြီးနောက် ကတ်တလောက်နှင့် ပစ္စည်းများကို တိုက်ကြည့်ရပြန်၏။

ထို့ကြောင့် ကျွန်ုပ်က ကတ်တလောက်စာအုပ်ကို ကိုင်၍ လူပုကလေးက ပစ္စည်းတွင် ချိတ်ဆွဲထားသော ကတ်တလောက် နံပါတ်အား ရွတ်ပြစေလျက် ဆရာတပည့်နှစ်ဦးတို့သည် အလုပ် ရှုပ်လျက် ရှိတော့၏။ ထိုစဉ် ဆိုင်တွင်းသို့ သူငယ်ချင်းတစ်ဦး ဝင်လာပြီးလျှင် လူပုကလေးအား တိုးတိုး၊ တိုးတိုးကလေးနှင့် ကပ်၍ ပြောနေသည်ကို တွေ့ရ၏။ လူပုကလေးဝိုင်းမောင်သည် ကျွန်ုပ် ကြိမ်းမောင်းဆူပူမည်ကိုလည်း စိုးရိမ်၊ သူငယ်လေးလာ ၍ပြောသော အကြောင်းအရာကလည်း သူ့အတွက် အရေးကြီးပုံရပြီး မကြံတတ် အောင် ဖြစ်နေပုံရသဖြင့်....

ကျွန်ုပ်က...

"ဟေ့ကောင် ဝိုင်းမောင် ဘာဖြစ်နေတာလဲ၊ ငါ့ကို လာပြော စမ်း၊ လာလေကွာ"

လူပုလေး ဝိုင်းမောင်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ကပ်၍ အနီးသို့ရောက်လျှင် ဦးခေါင်းကို ငုံ၍ထား၏။ သူ့အား လာ၍ ပြောသော သူငယ်ကလေးသည် ကျွန်ုပ်အနားသို့ ရောက်လာ၏။





"ဟေ့ကောင် ဘာဖြစ်တာလဲ၊ ပြောလေကွာ"

သူငယ်လေးသည် ဝိုင်းမောင်အား လှမ်း၍ ကြည့်လိုက်၏။ သူငယ်လေးက ဝိုင်းမောင်ကို ပြန်၍ကြည့်လိုက်နှင့် တစ်ဦးကို တစ်ဦး ကြည့်နေကြ၏။

"ဟေ့ကောင်တွေ လူကြီးမေးနေတာ ပြောလေကွာ၊ ဒါမှ လူကြီးလုပ်တဲ့သူက ဖြေရှင်းပေးနိုင်မှာပေါ့"

"ဟုတ်သားပဲ ဂျပုရ၊ ပြောလိုက်လေကွာ"

သူငယ်ကလေးက ကျွန်ုပ်၏ တပည့်အား ပြောလိုက်လေ၏။

"ကားတိုက်ခံရလို့ပါ ဆရာ"

"ဘယ်သူ ကားတိုက်ခံရတာလဲ"

"ငွက်ထော်ပါ ဆရာ"

"ငွက်ထော်ဆိုတာ ဘယ်သူလဲ"

"ဘုရားလေးလမ်းထိပ်က ကောင်မလေးပါ"

"မင်းနဲ့ ဘယ်လိုပတ်သက်သလဲ"

လူပုလေး ဝိုင်းမောင်သည် အဖြေမပေးဘဲ ခေါင်းငုံ့နေ၏။

"ဟေ့ကောင် ပြောလေကွာ"

ဟု ကျွန်ုပ်က ခပ်ဇောက်ဇောက်ကလေး မေးလိုက်မှ ဝိုင်းမောင် ၏ သူငယ်ချင်းဖြစ်သူ ကလေးက.....

"ဒီလိုပါ ဆရာ၊ ငွက်ထော်ဆိုတာ ဝိုင်းမောင် ရည်းစားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက် ဝိုင်းမောင်ရယ်၊ ကျွန်တော်ရယ်၊ ဂွက်ထော်ရယ် ရွှေတိ
ဘုရားကို သွားကြတယ်"

"ဘုရား သွားဖူးကြတာလား"

"ဘုရားဖူး မဟုတ်ဘူးခင်ဗျ၊ ဝိုင်းမောင်က ဂွက်ထော်
လက်မှာ ဆေးရုပ်ထိုးပေးချင်လို့ဆိုပြီး ခေါ်သွားတာ၊ ကျွန်တော်
ကတော့ အပေါ်လိုက်သွားတာပါ ဆရာ၊ ဂွက်ထော်ကို ဆေးရု
ထိုးပြီးတော့ ဝိုင်းမောင်က ဆရာနဲ့ စာရင်းတွေ လုပ်စရာ
ရှိတယ် ပြန်မယ်လို့ ပြောပါတယ်၊ ဂွက်ထော်က ဘုရားဖူးဦးမယ
ဆိုလို့ ကျွန်တော့်ကို လိုက်ပို့ခိုင်းပြီး သူက ပြန်လာတာပါ။ အဲ
ဘုရားဖူးပြီးတော့ ဂွက်ထော်နဲ့ ကျွန်တော် ပြန်လာကြတာ
ကန်တော်ကြီး ဓာတ်ဆီဆိုင်နားရောက်တော့ လမ်းဖြတ်ကူ
ရာမှာ ဓာတ်ဆီဆိုင်က ထွက်လာတဲ့ ကားက ဂွက်ထော်ကို
ဝင်တိုက်မိတာပါ၊ အဲဒီကားနဲ့ပဲ ဆေးရုံကြီးကို ပို့လိုက်ပါပြီ၊ အဲ
ကျွန်တော် လာပြောတာပါ"

"ဝိုင်းမောင်ရာ မင်းနှယ်ကွာ ကြားပဲ မကြားဖူးပါဘူး၊ ရည်
စားကို ခေါ်ပြီး လက်မှာ ဆေးရုပ်ထိုးပေးတယ်လို့"

"တကယ်လို့ ကျွန်တော်နဲ့ မညားဘဲ တစ်ယောက်ယောက်
ညားသွားရင် မှတ်မိအောင်လို့ ခေါ်ပြီး ထိုးပေးဘာပါ ဆရာ"
ဝိုင်းမောင်ခေါ်သော လူပုသလောက် အသိဉာဏ်မဲ့လှသော အ





လေးသည် ကျွန်ုပ်အား သဘာဝကျသော ဆင်ခြေကို ပေးလေ၏။

"ကိုယ့်ရည်းစားပဲကွာ၊ ဒီလို ဆေးရုပ်ထိုးပြီး မှတ်သားမှ
မှတ်မိမှာဘဲလား၊ နေစမ်းပါဦး။ ဘာလဲ ကောင်မလေးလက်မှာ
မင်းနာမည်ကို ထိုးခိုင်းတယ် ဆိုပါတော့"

"နာမည် မဟုတ်ဘူးဆရာ တံဆိပ်ပါ"

"ဘာတံဆိပ်လဲကွ"

"ဟိုတံဆိပ်လေ ဆရာ၊ ဆရာ့ဆီက ကျွန်တော်ကူးပေးတဲ့
တံဆိပ်ဟာလေ"

"ဂျေရာတံဆိပ်ပေါ့၊ ဟိုက်.... ဒုက္ခပါပဲကွာ"

ကျွန်ုပ်သည် ဝိုင်းမောင်၏ ရည်းစားလက်၌ ဂျေရာတံဆိပ်
ထိုးမိသည် ဆိုသည်နှင့်ပင် စိုးရိမ်မိတော့၏။ ထိုတံဆိပ်သည် ဂြိုဟ်
ဆိုးသော တံဆိပ်ဟု ကျွန်ုပ်နားလည်ထားလေသည်။ ကျွန်ုပ်နားလည်
သကဲ့သို့လည်း ဂျေရာတံဆိပ်သည် အမှန်တကယ် ဂြိုဟ်မွှေသော
တံဆိပ်ဖြစ်ကြောင်း ထင်ရှားလှဘိ၏။ ၎င်းတံဆိပ်ထိုးပြီး ပြန်လာသော
ဂွက်ထော်သည်ပင် ယခု ဆေးရုံကြီးသို့ ရောက်နေပြီ ဖြစ်၏။

ကျွန်ုပ်သည် တာဝန်ရှိသည်ဟု ယူဆသည့်အလျောက် ဆိုင်းငံ့
ခြင်း မရှိဘဲ ဆိုင်ကို ပိတ်ပြီးနောက် ဝိုင်းမောင်နှင့် ထိုသူငယ်ကလေး
တို့ပါ ခေါ်၍ ဆေးရုံကြီးသို့ လိုက်သွားရလေတော့၏။

ကျွန်ုပ်တို့သည် ဆေးရုံပေါ်သို့ တက်ရန်အတွက် ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းကြပြီးနောက် ခုတင်ပေါ်တွင် သတိလစ်မေ့နေသော ဂွက်ထော်ထံသို့ ရောက်ရှိကြလေ၏။

ကျွန်ုပ်သည် သတိလစ်နေသော ဂွက်ထော်၏ လက်မောင်း သွေးများစို့နေသော ဂျေရာတံဆိပ်ကလေးအား ကြည့်ပြီးနောက် လက်ဝါးတည့်တည့်၌ ထိုးမိပါမူ ဂွက်ထော်၏ ကံကြမ္မာသည် မုချ ပင်။ ဒီ့ထက်ပို၍ ဆိုးရွားသွားလိမ့်မည်ဟု ယုံကြည်မိသည့် အလျောက် လက်မောင်း၌သာ ထိုးပေးခဲ့သော ဝိုင်းမောင်အား ကျေးဇူးတင်မိသေး တော့၏။

တာဝန်ကျသော ဆရာဝန်အား ဂွက်ထော်၏ အခြေအနေကို မေးကြည့်ရာ ဆရာဝန်က စိုးရိမ်ဖွယ် မရှိကြောင်း ပြန်၍ ဖြေသဖြင့် စိတ်သက်သာရာ ရမိသေးတော့၏။ ကျွန်ုပ်သည် ထိုနေ့မှစ၍ ဂွက်ထော်ဆေးရုံမှ ဆင်းသည်တိုင်အောင် ၇-ရက်လုံးလုံး ဆေးရုံသို့ ဝိုင်းမောင်နှင့်အတူ ရောက်ရှိခဲ့လေ၏။ ဂွက်ထော်သည် ပန်းရောင်း၍ မိခင်အိုကြီးအား လုပ်ကျွေးနေသည်ဖြစ်ရာ ဈေးမထွက်နိုင်သော ရက်များ၌ ဂွက်ထော်၏ မိခင် စားသုံးရန်အတွက် ငွေတစ်ဆယ်နှင့် ဂွက်ထော်အတွက် ငွေတစ်ရာကိုလည်း ကျွန်ုပ်က ပေးခဲ့၏။

ဂွက်ထော်ဆေးရုံမှ ဆင်းသည့်နေ့တွင် ဝိုင်းမောင်နှင့်အတူ ကျွန်ုပ် လိုက်၍သွားပြီးလျှင် ရွှေတိဂုံဘုရားရှိ ဆေးမှင်ရုပ်ထိုးသည့် နေရာသို့ ခေါ်သွားပြီးလျှင် 'ဂျေရာ'တံဆိပ်ပေါ်မှ ပန်းပွင့်ကလေး တစ်ပွင့်ကို



ချပ်၍ ထိုးနှံ့ပြီး ဂျေရာတံဆိပ်အား ပျောက်ဖျက်ပစ်စေခဲ့၏။

ဂွက်ထော်မှာ ဆင်းရဲနွမ်းပါးသော်လည်း ရုပ်ရည်သန့်ပြန့်၍ ကြည့်ကောင်းသော မိန်းကလေးတစ်ဦး ဖြစ်လေရာ လွန်စွာ အချုပ်ပု၍ သွားလည်း လွန်စွာခေါသည့်ပြင် မျက်စိပေါက်မှာလည်း လွန်စွာကျဉ်း ၍ အကျည်းတန်လှသော ကျွန်ုပ်၏ တပည့်ကျော်သည် မည်သည့် နေရာတွင်မှ အသုံးမကျသော်လည်း ရည်းစားထားသော နေရာ၌မူ ခေလှကြောင်း ကျွန်ုပ်အနေနှင့် အသိအမှတ်ပြုရလေတော့၏။

ဂွက်ထော်အား ကျွန်ုပ်က ဝိုင်းမောင်နှင့် အိမ်ထောင်ပြုသည့်အခါ ဝိုင်းမောင်၏ မိဘအနေနှင့် မင်္ဂလာကို ခမ်းနားစွာ စီစဉ်ပေးမည် ဖြစ်ကြောင်း အားပေးစကား ပြောကြားရာ ဂွက်ထော်သည် ကျွန်ုပ်၏ စကားကြောင့် အမူအရာများစွာ ပြောင်းလဲခြင်း မရှိသော်လည်း ကျွန်ုပ်၏တပည့် လူပုကလေးမှာ နတ်ပြည်သို့ အရှင်လတ်လတ် တက်ရမည့်သူအလား ပျော်မြူး၍သွားသည်ကို တွေ့ရလေ၏။

ဂွက်ထော် ဆေးရုံမှဆင်းပြီး မကြာမီ၌ပင် 'ဂျေရာ'တံဆိပ်နှင့် တော်သက်၍ ထူးထူးဆန်းဆန်း တစ်ခုကို ကျွန်ုပ်တွေ့ရပြန်လေ၏။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော လမ်းဗိုလ်ကြီး ဦးစန်းရင်သည် ၎င်း၏ဇနီး ကလေးမျက်နှာမြင်ပြီးနောက် ဆေးရုံပေါ်၌ သေဆုံး သွားသည်ဟု သတင်းကြားရသဖြင့် ၎င်းအိမ်သို့ သွားရောက်၍ သတင်းမေးမြန်းခဲ့ရာ ဦးစန်းရင်က ၎င်းဇနီးသည် မီးဖွားသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



၌ အင်အားရှိစေရန်အတွက် အဝ်လန်၊ အဖော်ကန်၊ တရုတ်နိုင်ငံ တို့မှလာသော ကိုယ်ဝန်ဆောင်သည်များ စားသုံးရမည့် အားဆေး အမျိုးမျိုးကို ဝယ်ယူ၍ တိုက်ကျွေးခဲ့ကြောင်းနှင့်တကွ ဆေးပုလင်း များကို ကျွန်ုပ်အား ထုတ်၍ ပြလေ၏။

ထိုဆေးပုလင်းများအား ကျွန်ုပ် သေသေချာချာ ကြည့်ရှုခဲ့ရာ တရုတ်ပြည်မှလာသော (ဗီ)အမှတ်တံဆိပ် ဆေးပုလင်းအား သတိပြု၍ ကြည့်မိရာ ကုမ္ပဏီ၏ တံဆိပ်မှာ 'ဂျေရာ'တံဆိပ်ဖြစ်နေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရလေ၏။

ကျွန်ုပ်က ၎င်းဆေးပုလင်းအား ကိုင်ကြည့်ပြီးနောက် ဦး စန်းရှင်အား....

''အယူသည်းတယ်လို့တော့ မထင်ပါနဲ့ ဦးစန်းရှင်၊ ဒီတံဆိပ် ကလေးဟာ နိမိတ်မကောင်းဘူးဗျ၊ လွှင့်ပစ်လိုက်ရင် ကောင်း မယ်။ ခင်ဗျားဇနီးသည် ဆုံးရတာလည်း တခြား ခိုင်လုံတဲ့ အကြောင်း ရှိချင်ရှိပါလိမ့်မယ်၊ ဒါပေမယ့် ဒီတံဆိပ်ကလေးရဲ့ နိမိတ်မကောင်းတဲ့ သဘောကလည်း အချက်တစ်ချက် ပါနေ တယ်လို့ ကျုပ်တော့ ပြောချင်တယ်''

ဦးစန်းရှင်သည် ကျွန်ုပ်၏ စကားကို လက်ခံသည်လည်း မဟုတ် ငြင်းဆန်သည်လည်း မဟုတ်သော မျက်နှာထားဖြင့် ကျွန်ုပ် အား ကြည့်နေခဲ့သော်လည်း ၎င်းအနီးတွင် ထိုင်နေသော လူငယ်





ကလေးတစ်ဦးက ထိုပုလင်းအား ကိုင်၍ ကြည့်ပြီးလျှင်....

''ဟုတ်တယ်၊ ဦးစန်းရှင် ကျွန်တော့်အနေနဲ့လည်း ကိုယ် ဝန်ဆောင်တွေ သုံးတဲ့ ဆေးဝါးမှာ (ဗီ)တလုံးနဲ့ စတဲ့ နာမည်ကို တော့ သိပ်မကြိုက်လှဘူး။ (ဗီ)ဆိုတာ ပလူးတိုဂြိုဟ်ရဲ့ အမှတ် တံဆိပ်ပဲ။ ပလူးတိုဂြိုဟ်ဟာ ခွေးနက်ကြီးယောင်ဆောင်ပြီး ကိုယ်ဝန်သည်တွေရဲ့ သန္ဓေသားကို ဖောက်စားလေ့ ရှိတယ်လို့ အနောက်ပိုင်း နက္ခတ္တဗေဒကျမ်းထဲမှာ ဆိုထားတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်တွေနဲ့ မသင့်လျော်ဘူးလို့ ဆိုချင်ပါတယ်''

ထိုသူငယ်လေးမှာ ကျွန်ုပ်၏ 'ဂျေရာ'တံဆိပ်နှင့် ပတ်သက် ၍ ထောက်ခံပြောဆိုခြင်း မဟုတ်သော်လည်း 'ဗီ'တံဆိပ်ပါသော ကြောင့် ၎င်းဆေးပုလင်းသည် ကိုယ်ဝန်ဆောင်တို့နှင့် မသင့်လျော် ကိုယ်ဝန်ဆောင်များနှင့် 'ဗီ'စာလုံးသည် ရန်ဘက်ကျနေကြောင်းကို အထောက်အထား အကိုးအကားနှင့် ပြောဆိုသွားခဲ့၏။ ကျွန်ုပ်မှာမူ မည်သည့်အတွက် နိမိတ်မကောင်းရသနည်းဟူသည်ကိုမူ ထို သူငယ်လေးကဲ့သို့ ခိုင်ခိုင်လုံလုံ ခြေခြေမြစ်မြစ် ပြောဆိုနိုင်ခြင်း မရှိပါ။

ကျမ်းကို မကိုးဘဲလျက် ပညာရှိရှေ့မှောက်၌ စကားမဆို ရာဆိုသော လောကနီတိစကားကို အမှတ်ရ၍ ကျွန်ုပ်များစွာ ရှက်မိ လေတော့၏။

ကျွန်ုပ်တွေးထင်ထားသည့်အတိုင်းပင် ထိုသူငယ်လေးသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား မည့်သည့်အတွက် ထိုတံဆိပ်ကလေးအား နိမိတ်မကောင်းဟု ပြောနိုင်ပါသနည်းဟူသော ယုတ္တိကို လိမ္မာပါးနပ်စွာ တောင်းဆိုလေတော့ရာ ကျွန်ုပ်သည် လူအ၊ အိပ်မက်မက်သကဲ့သို့ မိုးမိုးသိပါလျက် ပြန်မပြောနိုင်ဘဲ ရှိခဲ့ရာ ထိုစကားဝိုင်း၌ ကျွန်ုပ်သည် ကောင်းစွာ အရှက်ကွဲရလေတော့၏။

နောင်အခါ ကျွန်ုပ် စုံစမ်းသိရှိရသည်မှာ ထိုသူငယ်လေးသည် ဇော်သလက္ခဏာပညာရှိဟူ၍ ကျော်ကြားသော ဆရာတင်အောင်လွင် ဆိုသူ ဖြစ်သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းရင်၏အိမ်မှ ပြန်လာပြီးနောက် 'ဂျေရာ'တံဆိပ်အား အဓိပ္ပာယ်သိရှိသည်အထိ စုံစမ်းလေ့လာရမည်ဟူ၍ ဆုံးဖြတ်ချက် ချလိုက်မိလေ၏။

ထိုသို့ ဆုံးဖြတ်ချက်ချပြီး 'ဂျေရာ'တံဆိပ်၏ အဓိပ္ပာယ်ကို သိရှိနိုင်ရန်အတွက် ငွေငါးထောင်အား စရိတ်အဖြစ် ကုန်ကျခံ၍ သုံးစွဲမည်ဟု ငွေကြေးကိုပါ သတ်မှတ်ပိုင်းခြားပြီး စနစ်တကျ လေ့လာရန် ဆုံးဖြတ်လိုက်လေတော့သတည်း။

* * *





## ဂျေရာတံဆိပ်ကို ရှင်းပြနိုင်သော သူတော်စင်

၄

ကျွန်ုပ်သည် လက်ဖတင်နင် နန်းဝေ လက်ဖြတ်ခဲ့သော ကျောက်ဆည်မြို့မှ ကုလားမထံသို့ သွားရလေ၏။ ကျွန်ုပ်၏ စိတ်၌ 'ဂျေရာ'ဆိုသော တံဆိပ်၏ စွမ်းအင်ကို မရမနေ သိရှိအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထားသည်ဖြစ်ရာ ခြေရာခံ၍ ရသမျှသော သဲလွန်စ အသေးအဖွဲ့ကလေးများပါမကျန် 'ဂျေရာ'တံဆိပ်နှင့် ပတ်သက်လာလျှင် စုဆောင်း သိမ်းဆည်းရလေ၏။

ကျွန်ုပ်သည် ကျောက်ဆည်မြို့သို့ ရောက်ပြီးနောက် ဂိတ်တွင် လက်ပတင်နင်နန်းဝေ၏ အမှုတွဲဟောင်းကို ရှာ၍ ကြည့်ရ၏။ အစပထမတွင် ၎င်းအမှုတွဲအား ကြည့်ရှုရန်အတွက် အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိသော်လည်း ကျွန်ုပ်၏ ငွေစက္ကူများသည် လွယ်ကူစေရန် အတွက် ကျွန်ုပ်အား ဝိုင်းဝန်းကူညီကြသည်ဖြစ်ရာ ကျွန်ုပ်အား ဂါတ်တစ်ခုလုံးမှ 'ဆရာကြီး'၊ 'ဆရာကြီး'နှင့် ရဲမင်းကြီးတမျှ အရေး ပေးကြလေတော့၏။

၎င်းအမှုတွဲမှ လက်ဖြတ်ခံရသော ကုလားမ၏ အမည်နှင့် လိပ်စာကို ကူးယူကာ သွားရောက် ရှာဖွေခဲ့သော်လည်း ၎င်းကုလားမ သည် ကျောက်ဆည်တွင် နေထိုင်ခြင်း မရှိတော့ဘဲ ရွှေညောင်မြို့သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရှိရလေ၏။ ၎င်းကုလားမ၏ အမည် မှာ 'ဒသနာ' ဟူ၍ဖြစ်၏။

ကျွန်ုပ်လည်း ကျောက်ဆည်မြို့၌ ဆက်လက်၍ အချိန် မဖြုန်း တော့ဘဲ ရွှေညောင်မြို့သို့ ထွက်ခဲ့လေ၏။ ရွှေညောင်မြို့တွင် ဘီအိုစီအနီး ရပ်ကွက်၌ နေထိုင်ကြောင်း ကြားသိခဲ့ရသည့်အတိုင်း 'ဒသနာ' ဆိုသော လက်တစ်ဖက်ပြတ် ကုလားမအား ရှာဖွေသော်လည်း မတွေ့ခဲ့ရပေ။ အတော်အတန် ဗမာရည်လည်သော ကလယ်ကုလား တစ်ယောက်က 'ဒသနာ'မှာ တောင်ကြီးမြို့သို့ မကြာသေးမီကပင် ပြောင်းရွှေ့သွားကြောင်း ပြောပြသဖြင့် ကျွန်ုပ် လည်း တောင်ကြီးမြို့သို့ ဆက်၍ တက်ရပြန်၏။

ရွှေညောင်နှင့် တောင်ကြီးမြို့မှာ တောင်ပေါ်နှင့် တောင် အောက်သာ ဖြစ်လေရာ တက္ကစီကားတစ်စီး ငှားရမ်း၍ တက်ခဲ့





လျှင် များစွာကြာလှသည် မဟုတ်ဘဲ ရောက်ရှိနိုင်သော အကွာ အဝေး၌ရှိ၏။ သို့သော် ကျွန်ုပ်စီးလာသော မော်တော်ကားသည် ကရင်မ ရေထွက်ဟုဆိုသော နေရာအနီး၌ ပျက်သွားသဖြင့် နာရီ ပေါင်း အတော်ကြာ ရပ်ဆိုင်းနေရလေ၏။ ကျွန်ုပ်သည် ကားပျက် ၍ ကားပေါ်မှဆင်းကာ တောင်အောက်မှ ရှုခင်းများကို ကြည့်ရှု နေရာမှ တောင်နံရံတစ်ခုအား ကြည့်မိရာ လမ်းပြင်သော အလုပ် သမားများ လက်ဆော့၍ ကတ္တရာစေးနှင့် 'ဂျေရာ'တံဆိပ်အား ရေးထားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်သည် များစွာ ထိတ်လန့် မိလေတော့၏။

လမ်းပြင် အလုပ်သမားများသည် မည်သည့် အဓိပ္ပာယ်မျှ မဟုတ်ဘဲ ပိုနေသော ကတ္တရာစေးများဖြင့် ကျောက်နံရံအား လက် ဆော့သွားခြင်းသာလျှင် ဖြစ်၏။ သို့ရာတွင် သူတို့ လက်ဆော့၍ သွားသော တံဆိပ်သည် ကြိုက်မွေတတ်သော တံဆိပ် ဖြစ်သည်ကိုမူ လုံးဝ သိရှိကြလိမ့်မည် မဟုတ်ပေ။

ထိုသို့ စဉ်းစားနေစဉ်မှာပင် အပေါ်မှ ဆင်းလာသော ကားကြီး တစ်စီးသည် ဘရိတ်ပေါက်ကာ ပျက်၍ ရပ်ပြီး ပြင်နေသော ကျွန်ုပ် တို့ ကားအား ဝင်၍ ဆောင့်လေတော့၏။ ကျွန်ုပ်မှာမူ ကားနှင့်များစွာ ဝေးဝေးသောနေရာ၌ ထိုင်နေသည် ဖြစ်သဖြင့် အန္တရာယ်ကင်းသော်လည်း ကားစက်ကို ပြင်နေသော ကားသမားအတွက် စိုးရိမ်မိသဖြင့် ပြေး၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရလေ၏။ ကားသမားမှာလည်း လွန်စွာ ဖျတ်လတ်သူကလေး တစ်ဦးဖြစ်သဖြင့် အန္တရာယ်မှ သိသိကလေး လွတ်ခြောက်သွားခဲ့၏။

ကျွန်ုပ်လည်း ကျောက်နံရံမှ ထိုတံဆိပ်ကြီးအား အနီးရှိ ကတ္တရားစေး အကျန်များဖြင့် ပုံပျက်သွားသည်အထိ အုပ်၍ ဒုတ်ပစ်လိုက်ပြီးနောက် လမ်းကြုံသော အခြား ကားတစ်စီးနှင့် တောင်ကြီးမြို့သို့ တက်လာခဲ့လေ၏။

ကျွန်ုပ်သည် တောင်ကြီးမြို့အနီးရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ လက်ဖက်ရည် ဝင်၍သောက်ရင်း ကုလားများ အများစု နေထိုင်သော ရပ်ကွက်အား စုံစမ်းရလေ၏။ ရပ်ရှင်ရုံများအနီးတွင် ကုလားများ အများစု နေထိုင်ကြောင်း စုံစမ်းသိရှိရလျှင် ကျွန်ုပ်သည် ထိုရပ်ကွက်သို့ သွား၍ လက်တစ်ဖက်ပြတ်နေသော 'ဒသနာ'ဆိုသည့် ကုလားမတစ်ဦး ရှိ မရှိ စုံစမ်းကြည့်ရာများ မကြာမီအချိန်အတွင်း၌ 'ဒသနာ'ကို တွေ့ရလေ၏။

❁ ❁ ❁

'ဒသနာ'သည် အသက် အစိတ်ခန့်ရှိ လွန်စွာ ချောမော လှပသော ကုလားမကလေးတစ်ဦးဖြစ်၏။ ကျွန်ုပ်မေးသည်များ ကို အစတွင် ရှက်၍ မပြောဆိုဘဲ ရှိသော်လည်း ကျွန်ုပ်က ငွေတစ်ရာ ထုတ်၍ပေးကာ ချော့မော့မေးမြန်းသဖြင့် ပြောပြလေ၏။ ကျွန်ုပ်သည်





ဟိန္ဒူစတာန်နီစကားအား အထိုက်အလျောက် ပြောတတ်သည် ဖြစ်သော်လည်း 'ဒသနာ'ရှင်းပြသည်များကို ကောင်းစွာ နားမလည် သဖြင့် မြန်မာစကားကောင်းစွာ ပြန်ပြောတတ်သော ကုလားတစ်ယောက်အား ရှာဖွေ၍ စကားပြန် လုပ်ပေးခ ငွေနှစ်ဆယ်ပေး၍ စကားပြန် လုပ်ခိုင်းရလေ၏။

"ကျွန်မယယ်ယယ်တုန်းက မေမြို့(ယခု ပြင်ဦးလွင်) မှာ နေပါတယ်။ တစ်နေ့တော့ ကျွန်မတို့နေတဲ့ လမ်းထဲကို မိန်းမတစ်ယောက် ရောက်လာပါတယ်။ သူက လူတစ်ယောက်ကို လိုက်ရှာနေတာ ဖြစ်ပါတယ်။ သိပ်ပြီးလှတဲ့ မိန်းမပါပဲ။ သူ့လက်မှာ အဲဒီလို တံဆိပ်ကလေး တစ်ခု တွေ့ရပါတယ်။ ကျွန်မလည်း အဲဒီမိန်းမကို သိပ်ပြီး ချစ်တာပဲရှင့်။ အဲဒီမိန်းမလည်း ကျွန်မတို့ လမ်းက ထွက်သွားရော ကျွန်မဟာ ကျွန်မရဲ့အဘိုးကို လက်ဝါးမှာ အဲဒီတံဆိပ်ကလေး ထိုးပေးဖို့ ငိုပြီး ပူဆာခဲ့ပါတယ်။ ကျွန်မအဘိုးကလည်း ကျွန်မကို ချစ်လေတော့ ကျွန်မ ရေးပြတဲ့ တံဆိပ်ကလေးအတိုင်း ဆေးထိုးတဲ့လူနဲ့ ခေါ်ပြီး ဆေးထိုးပေးခဲ့ပါတယ်။ ကျွန်မနည်းနည်းကလေး ကြီးလာတော့ ဆာဒူးဘုန်းကြီးတစ်ပါး အလှူခံလာတာနဲ့ ဆန်ထွက်ပြီး လှူတဲ့အခါမှာ ကျွန်မလက်က တံဆိပ်ကလေးကို မြင်တော့ ဘုန်းကြီးဟာ သိပ်ပြီး စိတ်မကောင်းတဲ့ မျက်နှာနဲ့ ဘုရားစာပြော



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်း ပေးပါတယ်။ ကျွန်မရဲ့ အဘိုးကိုလည်း ဒီတံဆိပ် ဘယ်သူ ထိုးပေးသလဲလို့မေးတော့ အဘိုးက အကျိုး အကြောင်း ပြောပြတဲ့အခါမှာ ဆာဒူးဘုန်းကြီးက ကျွန်မရဲ့ အဘိုးကို ဆုပါတယ်။ ကလေးပူဆာတာနဲ့ လုပ်ပေးရသလား တဲ့။ ဒီတံဆိပ်ဟာ တစ်နေ့နေ့မှာ လက်ကို ဒုက္ခပေးလိမ့်မယ်လို့ လည်း ပြောခဲ့တာကို အခုထက်တိုင် ကျွန်မ မှတ်မိနေပါသေး တယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်မတော့ ဒီတံဆိပ်ကလေးကို မြတ်နိုးခဲ့ပါတယ်။ ကျွန်မရဲ့ပြတ်သွားတဲ့ လက်ကနေ ဒီတံဆိပ် နေရာလေးကို ခွာပြီး ယူထားပါသေးတယ်၊ ဒီမှာကြည့်ပါလား"

ကုလားမလေး 'ဒုသနာ'သည် ချွေးခံအင်္ကျီတွင်းမှ စက္ကူဖြင့် ထုတ်၍ထားသော သားရေပြားကလေး တစ်ချပ်ကို ထုတ်၍ ပြလေ၏။ ၎င်းသားရေပြားကလေးပေါ်တွင် 'ဈေးရာ'တံဆိပ်ကလေးကို တွေ့ရလေ၏။ ကျွန်ုပ်မှာ 'ဒုသနာ'အား များစွာ သနားမိလေ၏။ ထို့ပြင် ထိုသားရေပြားကလေးကို ယခုကဲ့သို့ ဆောင်ထားခြင်းအားဖြင့် ကြမ္မာ ဆိုး၊ ဂြိုဟ်ဆိုးနှင့် ထပ်၍ တွေ့ရဦးမည်လောဟုလည်း စိုးရိမ်မိ သည့်အလျောက် ၎င်းသားရေပြားကလေးအား စွန့်ပစ်လိုက်ရန် ချော့မော့ ပြောင်းဖျခဲ့လေ၏။

'ဒုသနာ'က ၎င်းတံဆိပ် ထိုးသောလက်မှာ ယေယေကပင် မကြာခဏ ထိမိခိုက်မိကြောင်းကိုလည်း ပြောပြလေ၏။ ကျွန်ုပ်သည်





'ဒုသနာ'အား ဤတံဆိပ်မျိုး အခြားမည်သည့်နေရာ၌ တွေ့ဖူးသနည်း ... စုံစမ်းမေးမြန်းကြည့်ရာ 'ဒုသနာ'က ဂျပန်ပြည်မှလာသော ဓာတ်မီး ... ည့်သည့် သေတ္တာများ၌ ၎င်းတံဆိပ်မျိုး ရိုက်နှိပ်ထားသည်ကို ... တွေ့ရကြောင်း ပြောပြလေ၏။

ကျွန်ုပ်လည်း 'ဒုသနာ'ထံမှ ပြန်ခဲ့ပြီးလျှင် လမ်းတစ်လျှောက် ...း ၎င်းတံဆိပ်နှင့် ပတ်သက်၍ သိရှိနားလည်ထားသူများ ဆက် ...ယ်ပါ။ ခြေခြေမြစ်မြစ် ဂဃနဏပြောပြနိုင်သူအား ဥာဏ်ပူဇော်ခ ... (၁၀၀၀)ပေးမည်ဖြစ်ကြောင်း ကြော်ငြာလိုက်ပါမှ တံဆိပ်နှင့် ...တ်သက်၍ သိရှိနားလည်သူများ ပေါ်ပေါက်လာလိမ့်မည်ဟု ထင် ...တ်ခဲ့၏။

ထို့ကြောင့် ကျွန်ုပ်အား ရန်ကုန်သို့ ပြန်ရောက်လျှင် ရောက်ချင်း ...လောက်တိုက်သို့ သွားရောက်ကာ ၎င်းတံဆိပ်ပုံစံကလေး ...စ်ခုလုပ်၍ ကျွန်ုပ်စာတိုက်သေတ္တာနံပါတ်ကို ဖော်ပြကာ သတင်း ...များ၌ ကြော်ငြာထည့်ခဲ့လေ၏။

ရက်သတ္တပတ် နှစ်ပတ်တိုင်တိုင် နေ့စဉ်ရက်ဆက် ကြော်ငြာခဲ့ ...သော်လည်း တစ်စုံတစ်ယောက်သောသူမှ ၎င်းတံဆိပ်နှင့် ပတ်သက်၍ ...ကြောင်းကြားခြင်း စုံစမ်းခြင်း မရှိခဲ့ပါ။

သို့သော် 'ငိုအားထက်ရယ်အားသန်'ဆိုသကဲ့သို့ နောက် ...နေ့တွင် ၎င်းတံဆိပ်နှင့် ပတ်သက်၍ စာတစ်စောင် ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာ၍ ဖတ်ကြည့်ရာ သတင်းစာတွင် ပါ၍စာထည့်လိုက်ရကြောင်း ၎င်းတံဆိပ်အား သူသာမက သူ၏ဆရာလည်း သိရှိကြောင်း၊ သူ၏ ချစ်သူအား ၎င်းတံဆိပ်ကလေး လက်၌ထိုးပေးသဖြင့် မော်တော် ကား အတိုက်ခံရကြောင်းများကို ရေးသားထားသည့်အပြင် ဥာဏ် ပူဇော်ခငွေ (၁၀၀၀)ပေးမည်ဆိုသည့်အတိုင်း အမြန်ဆုံး ပေးပို့ပါ ရန်ပါထည့်၍ ရေးသားထားပြီး စာအောက်၌ မောင်ဝိုင်းမောင်ဟု လက်မှတ်ရေးထိုးထားသောစာတစ်စောင်ကိုသာလျှင်ရရှိခဲ့လေ၏။

အသိဥာဏ်မဲ့လှသော ကျွန်ုပ်၏တပည့် လူပုကလေး မောင် ဝိုင်းမောင်သည် ကျွန်ုပ်၏ ကြော်ငြာအား သတင်းစာထဲတွင် တွေ့ ၍ ဥာဏ်ပူဇော်ခငွေ (၁၀၀၀)တော့ ရပြီဟဲ့ဟုဆိုကာ စာရေးလိုက် ခြင်းဖြစ်၏။ စာတိုက်သေတ္တာနံပါတ်နှင့် ကြော်ငြာထည့်ခဲ့ခြင်းကြောင့် ကျွန်ုပ်ထည့်သော ကြော်ငြာမှန်း မသိရှာခဲ့ပေ။

ကျွန်ုပ်သည် ၎င်း၏စာကို ဖတ်ပြီးနောက် ဝိုင်းမောင်ခေါ်၍...

"ရော့ ဒီမှာ မင်းစာ"ဟုဆိုကာ ကျွန်ုပ်က စာပြန်၍ ပေးလျှင် သူသည် အားရဝမ်းသာနှင့် စာကိုယူ၍ ဖတ်ကြည့်ပြီးနောက်.....

"ဆရာက ဒီစာက ကျွန်တော်သတင်းစာထဲမှာပါတဲ့ ကြော်ငြာ တွေ့လို့ ထည့်လိုက်တာ၊ ဘယ်နယ့်ကြောင့် ကျွန်တော်ဆီက ရောက်လာရတာလဲ"

ဟုမေးသဖြင့် ကျွန်ုပ်သည် မရယ်ဘဲ မနေနိုင်၍ ရယ်မောလေ တော့၏။



"ကြော်ငြာထည့်တာက ငါထည့်တာပဲကွ၊ မင်းစာ ငါ့ဆီ ရောက်တာပေါ့"

သည်တော့မှ အလွန်ညံ့သော လူပုကလေးသည် ရှက်ကိုး ရှက်ကန်းနှင့်......

"မသိပါဘူး ဆရာရယ်၊ ကျွန်တော်ကတော့ ငွေ (၁၀၀၀) ရပြီ ဆိုပြီး ဒီစာကလေး ဖြစ်လာအောင် ရေးလိုက်ရတာ ဆရာရယ်" ဟု ပြောလေတော့၏။

ဤသို့လျှင် ကြော်ငြာထည့်၍ တံဆိပ်ကလေးအကြောင်း မေးမြန်းခဲ့သော်လည်း အကြောင်းထူးခြင်း မရှိသဖြင့် ကျွန်ုပ်သည် အားပျက်ရမည်ကဲ့သို့ ရှိနေစဉ် မမျှော်လင့်ဘဲလျက် လွန်စွာ ထူးခြား သော သူတော်စင်တစ်ဦးနှင့် ဆုံစည်းခဲ့ရလေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေတစ်ဦး၏ ဖခင်ဖြစ်သူ ဆေးရုံတက်ရသည်ဟု သတင်းကြားသဖြင့် ဆေးရုံသို့ သွားရောက် ပြီး ပြန်လာရာ သိမ်ကြီးဈေးလမ်းအနီး၌ ပျိုမြစ်နုနယ်သော သူတော် စင်ကလေး တစ်ဦးကို တွေ့ရလေ၏။

ကျွန်ုပ်သည် အသက်အရွယ် ကြီးရင့်သော ဆာဒူးကြီးများသာ တွေ့ရဖူးသော်လည်း အသက် အစိတ်ခန့်ရှိသော ဆာဒူးလေးကို တွေ့ရှိရသဖြင့် များစွာ အံ့ဩရုံမျှမက ကြည်ညိုလေးစားသွား တော့၏။ ၎င်းဆာဒူးကလေးသည် နို့ဈေးတန်းအနီးရှိ 'ဂါလီမာ



www.burmeseclassic.com

www.burmeseclassic.com



တင်ပယ်လ်ခေါ် ကာလီမာနတ်ဘုရားကျောင်းအနီး၌ တင့်တယ်
ထိုင်နေသည်ဖြစ်ရာ ကျွန်ုပ်လည်း လှူဒါန်းချင်လှသည်နှင့် ငှက်ပျော
သီးနှင့် အခွံချွတ်ပြီးသား အုန်းသီးတစ်လုံးကို ဝယ်ယူကာ ၎င်းဆာ
ကလေးအား လှူဒါန်းလိုက်လေ၏။

အနီးသို့ ရောက်၍ သေသေချာချာ ကြည့်ကာမှပင် ဆာ
ကလေး၏ အသားရောင်သည် ရွှေရောင်နီးပါး ဝင်းဝါ၍ မျက်
မျက်ခုံးနှာတံတို့မှာ လွန်စွာလှပကြောင်း သိရ၏။ ခေါင်းပေါ်မှ ဆံ
မှာလည်း နက်မှောင်၍ ရှပ်လိမ်နေသည်ဖြစ်ရာ တစ်မျိုး ကြည့်
ကောင်းလှတော့၏။ ကျွန်ုပ်က လှူဖွယ်ပစ္စည်းများကို လှူဒါန်း
လှမ်း၍ ယူလိုက်သော သူ၏လက်အား အကဲခတ်ကြည့်ပြန်
လက်ကလေးများမှာလည်း လွန်စွာ သွယ်ပြောင်း၍ နူးညံ့ပုံရလေ၏

၎င်းဆာဒူးကလေးသည် မျက်လွှာကို ချထားရာမှ 'သာ
'သာဓု'ဟူ၍ မြန်မာသံ ပီပီသသနှင့် သာဓုများ ခေါ်လိုက်သဖြ
ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၍ ကြက်သီးမွေးညင်
များပင် ထသွားလေတော့၏။

"အလိုရှိတာကိုလည်း ပြောပါ လှူပါရစေ"

"ပြည့်စုံပါတယ်"

ဆာဒူးကလေးသည် မြန်မာစကားကို အချို့သော မြန်မာ
မျိုးများထက်ပင် တတ်ကြောင်း ကျွန်ုပ်သိရှိရတော့၏။ ကျွန်ုပ် လည်





ပြီး တခြားသို့ မသွားသေးဘဲ ၎င်း ဆာဒူးကလေးအနီး ၌ ထိုင်၍
မှုနေ့ကို အကဲခတ်ရတာတော့ဖြင့် အကျင့်ကောင်းတဲ့ မွန်မြတ်တဲ့
ပဲ"ဟု စိတ်ထဲ၌ မှတ်ချက်ချမိလေ၏။

"ဘယ်မှာများ နေထိုင်သီတင်းသုံးပါသလဲခင်ဗျ"

"နိဗ္ဗာန်မရမီ ပြည့်ကျင့်တယ်ဆိုတော့ ဒီလိုပဲ လှည့်လည် သွား
လာနေရတာပါပဲ၊ နေရာအတည်တကျတော့ ဘယ်ရှိပါ့မလဲ"

"မြန်မာ့စကားကို တတ်တာကြာပြီလား"

"ကြာပါပြီ"

"ကျွန်တော်နဲ့ သင့်တော်မယ့် တရားကလေး ဘာလေး
ဟောပြော ချီးမြှင့်ခဲ့ပါ"

"ရတနာကျွန်းကို ရောက်တဲ့အခါမှာ အဖိုးမတန်တဲ့ မြေ
ကြီးခဲကို ယူပြီး ပြန်မလာနဲ့ ပူဆွေးသောက ရောက်ခြင်းဆိုတာ
ဟာ တပ်မက်မှုကြောင့် ဖြစ်တယ်၊ အားလုံးကို စွန့်လွှတ်ပစ်
လိုက်ရင် ဒုက္ခတွေ လျော့နည်းသွားတော့တာပဲ၊ လူတွေမှာ
ဒုက္ခဆိုတာ နှစ်မျိုးရှိတယ်၊ တစ်ခုက နဂိုဒုက္ခလို့ ခေါ်တယ်၊
ဥပမာပြောရရင် ထမင်းဆာတယ် ဆိုပါတော့၊ ဒါဟာ ဒုက္ခပဲပေါ့၊
ဒါပေမယ့် အဲဒီဒုက္ခဟာ ပြုလုပ်တာမဟုတ်ဘူး၊ သူ့ဟာသူ
ဖြစ်လာတာ၊ ဒါဟာ နဂိုဒုက္ခပဲ၊ နောက်ဒုက္ခတစ်ခုကတော့ အပို
ဒုက္ခလို့ခေါ်တယ်၊ ဒါကတော့ ထမင်းဆာရင်ရတဲ့ ထမင်းကို



www.burmeseclassic.com

www.burmeseclassic.com



စားလိုက်ရင် ပြီးတာပဲ၊ ဒါပေမယ့် ထော်ပတ်ထမင်းကို စား
သလေးဆန်နဲ့ ချက်တာကို စားရမှ၊ အုန်းသီးနဲ့ ချက်ထား
ထမင်းကို စားရမှလို့ တောင့်တလိုချင်တာဟာ အပိုဒုက္ခ
နဂိုဒုက္ခကို ဆန္ဒလို့ခေါ်တယ်၊ အပိုဒုက္ခကို ရာဂလို့ခေါ်တယ်၊ ဒ
နားလည်ရင် နားလည်တဲ့အတိုင်း နေထိုင်နိုင်ရင် ဒုက္ခ အထုပ်
နည်းနည်းသေးသွားလိမ့်မယ်''

ကျွန်ုပ်သည် ထိုတရားတစ်ပိုဒ်တည်းနှင့်ပင် ဆာဒူးကလေးအ
များစွာ ကြည်ညိုသွားလေတော့၏။ ဒုက္ခ၏ သဘောကိုလည်
လူပြိန်းတစ်ယောက်အနေနှင့် အရှင်းဆုံး နားလည်နိုင်အောင် ပြော
လိုက်ခြင်း ဖြစ်၏။

''ကဲ ဘာများ သိချင်သေးသလဲ''

''ဆာဒူးကလေးရယ်၊ တံဆိပ်အမှတ်အသားတွေဟာ လူတို
ဒုက္ခပေးနိုင်ပါသလား''

''ဒုက္ခပေးနိုင်တာလည်း ရှိပါတယ်၊ ကောင်းကျိုးပေးနိုင်
လည်း ရှိပါတယ်၊ ဥပမာဆိုပါတော့ လူနာတစ်ယောက်အတ
ကြက်ခြေခတ်အနီအမှတ် တံဆိပ်ကြီးဟာ ကောင်းကျိုးပေး
အတိတ်နိမိတ်ပါ။ အကူအညီရမယ့် အမှတ်တံဆိပ်ကြီးပါပဲ။
မေးပွဲဖြေဆိုတဲ့ စာသင်သား ကျောင်းသားကလေးတစ်ယော
ရဲ့ အဖြေစာရွက်ပေါ်မှာရှိတဲ့ ကြက်ခြေခတ် အနီအမှတ် တံ





ကြီးဟာ စာမေးပွဲကျရှုံးဖို့ ဖော်ပြနေတဲ့ နိမိတ်မကောင်းလှတဲ့ အမှတ်တံဆိပ်ကြီးပါပဲ''

ဆာဒူးကလေးသည် အထက်ပါအတိုင်း ကျွန်ုပ်အား ရှင်းပြလိုက်၏။ သူ၏ရှင်းပြမှုမှာ ဖွေ့ဖွေ့တွေးလေပို၍ လေးနက်ဟာလေရှိတော့၏။ တစ်နည်းဆိုရပါမူ ဤလောကကြီး၏ လက်ခံထားသောသဘောတရားများသည် တစ်နေရာ၌ မှန်ကန်ကောင်းမွန်၍ တစ်နေရာ၌ မှားယွင်းဆိုးရွားနေသော မူသေမဟုတ်သည့် သဘောအားကျွန်ုပ်ကို ထောက်ပြလိုက်ခြင်း ဖြစ်လေ၏။

''ဒီတံဆိပ်ကတော့ ကောင်းတဲ့တံဆိပ်လား၊ ဆိုးတဲ့တံဆိပ်လား ဆာဒူးလေး''

ကျွန်ုပ်သည် စာရွက်တစ်ရွက်ကို ထုတ်၍ 'ဂျေရာ'အမှတ်တံဆိပ်အား ရေးပြလိုက်လေ၏.

''ဒါ 'ဂျေရာ'လို့ခေါ်တယ်၊ လူတော်တွေ့များများအဖို့တော့ ဆိုးတဲ့တံဆိပ်ပဲ၊ နိမိတ်မကောင်းတဲ့ တံဆိပ်ပဲ၊ သူတော်ကောင်းအလုပ်ကို လုပ်နေတဲ့ လူအဖို့တော့ ဒီတံဆိပ်ဟာ ကောင်းတဲ့ တံဆိပ်ပဲ''

ဆာဒူးကလေးသည် ကျွန်ုပ်ရေးပြသော စာရွက်ကလေး အား၍ သူ၏ရှေ့တွင် ဖြန့်ခင်းကာ ကျောက်ခဲကလေးတစ်လုံးနှင့် ဖိ၍ ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတံဆိပ်ဟာ လူတော်တော်များကို ဘာကြောင့် ကံဆို
စေတာလဲ၊ အဲဒါသိချင်ပါတယ်"

"ခင်ဗျား သိချင်ရင် ရှင်းပြရမှာပေါ့၊ ခင်ဗျား ဒီအတွက် ဒုက္ခ
သိပ်ပြီး များနေတဲ့လူ"

"ဟုတ်ပါတယ် ဆာဒူးကလေးရယ်"

"လေးထောင့်ပုံစံဟာ ကျန်းမာရေးနဲ့ ဆိုင်တယ်၊ ဒီတံဆိပ်
မှာ လေးထောင့်ပုံစံနှစ်ခုကို ထပ်ထားတာဖြစ်တော့ ကိုယ်
ကျန်းမာရေးနဲ့ စိတ်ဓာတ်ကျန်းမာရေးကို ဖော်ပြတယ်၊
ဒါပေမယ့် ထောင့်ရဲ့ အဖျားကလေးတွေမှာ ပါတဲ့ ဝိုင်းဝိုင်းလေး
တွေဟာ မရှိဘူးဆိုတဲ့ အဓိပ္ပာယ်ကိုဆောင်တယ်၊ ဒါကြောင့်
ဒီတံဆိပ်ဟာ ကိုယ်ရော စိတ်ပါ မကျန်းမာဘူးလို့ အဓိပ္ပာယ်
ရတယ်၊ ပြီးတော့ ထောင့်ရှစ်ထောင့် သုညက ရှစ်ခုဖြစ်နေတယ်
ဝိုင်းတဲ့ပုံစံနဲ့ ထောင့်ပုံစံဟာလည်း တစ်ခုနဲ့တစ်ခု မတည့်ကြဘူး၊
ဒါကြောင့် ရန်သဘောကို ဆောင်တယ်။ ပြီးတော့ ရှစ်ခုဆိုတဲ့
အရေအတွက် ဂဏန်းဟာလည်း ဆိုးရွားတဲ့ နတ်တစ်ဦး ပိုင်တဲ့
ဂဏန်းဖြစ်နေတဲ့အတွက် ဒီတံဆိပ်ဟာ လူတွေကို ဒုက္ခပေးနိုင်
တယ်"

ကျွန်ုပ်အား ဆာဒူးကလေးက အထက်ပါအတိုင်း ရှင်းပြ
နေစဉ်မှာပင် လမ်းသွားလမ်းလာများသည် ဆာဒူးကလေး၏ ရှေ့





ဂျေရာ အမှတ်တံဆိပ်ပါသော စာရွက်ကလေးပေါ်သို့ ကျပ်တန်များ၊ အကြွေများ ချ၍ လှူဒါန်းသွားကြသည်မှာ တခဏချင်း၌ပင် ငွေရှစ်ဆယ်ခန့် ရရှိသွားလေ၏။

ကျွန်ုပ်သည် ဆာဒူးကလေးအား လက်ဖဝါးနှင့် နန်းဝေနှင့် ပတ်သက်၍ မေးမြန်းကြည့်ရန် စိတ်ကူးမိသည့်အလျောက် မေးမြန်းခဲ့လေ၏။

"ကျွန်တော့်မှာ စစ်ဗိုလ်မိတ်ဆွေကလေး တစ်ယောက်ရှိခဲ့ပါတယ်၊ သူ....."

"ဟိုး ဟိုး တော်ပြီ မဖြေနိုင်ဘူး၊ ဒါခင်ဗျားနဲ့လည်း မဆိုင်ဘူး၊ ကျုပ်နဲ့လည်း မဆိုင်ဘူး၊ ဖြေဖို့လည်း မကောင်းဘူး၊ မမေးပါနဲ့"

ဆာဒူးကလေးက ကျွန်ုပ်အား ဟန့်တားပြီးလျှင် တစ်စုံတစ်ခုအား ငြင်းဆိုဘာသာဖြင့် ရွတ်ဖတ်နေလေ၏။ ကြည့်ရသည်မှာ မေတ္တာပို့နေသည်နှင့် တူလှတော့၏။ ကျွန်ုပ်သည် ပြန်ခါနီး၌ ငြင်းဆာဒူးကလေး၏ အမည်ကို သိလိုလှသဖြင့် မေးကြည့်ရာ သူ၏အမည်မှာ 'ဇေ'ဟူ၍ ဖြစ်သည်ဆို၏။

ကျွန်ုပ်သည် 'ဆာဒူးကလေး ဇေ'နှင့် တွေ့ဆုံပြီးနောက် ဂျေရာအမှတ်တံဆိပ်၏ အနက်အဓိပ္ပာယ်ကို သိရှိသွားပြီဖြစ်ရာ နောက်နောင်၌ ငြင်းတံဆိပ်နှင့် ပတ်သက်၍ စုံစမ်းခြင်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နေ့မှစ၍ 'ဆာဒူးဇေ'အား တွေ့လိုတွေ့ငြား နို့ဈေးတန်း အနီးသို့ ကျွန်ုပ်ရောက်ရှိတိုင်း ကြည့်မိသော်လည်း တစ်ကြိမ်တစ် ခါမျှပင် မတွေ့ရတော့ပေ။

သို့ရာတွင် ကျွန်ုပ်သိလိုလှသော ဂျေရာတံဆိပ်ကလေး၏ လျှို့ဝှက်သော အနက်အဓိပ္ပာယ်အား စိတ်ရှည်လက်ရှည် ရှင်းပြခဲ့သော သူတော်စင်ကလေး 'ဆာဒူးဇေ'ကိုမူ ကျွန်ုပ် မည်သည့်အခါမျှ မေ့နိုင် တော့မည် မဟုတ်ပေ။

ထိုတူစွာပင် ကျွန်ုပ်၏ စိတ်ထဲ၌ အစွဲကြီးစွဲခဲ့သော ထိုဂျေရာ အမှတ်တံဆိပ်ကိုလည်း အမေ့ကြီး မေ့နိုင်အောင်ပင် အထူးသဖြင့် ကြိုးစားမေ့ဖျောက်ခဲ့မိသည့်အလျောက် ကျွန်ုပ်အဖို့ ထိုဂျေရာ တံဆိပ် ကလေးသည် တစ်ခါက လွန်စွာ ရင်းနှီးပတ်သက်ခဲ့ဖူးသည် ဟူ၍ပင် အမှတ်ရခြင်း မရှိတော့ပါချေ။

သို့သော် ကျွန်ုပ်သည် 'ဆာဒူးကလေးဇေ'အား ဂျေရာတံဆိပ် ကလေးအစား ပြောင်းလဲအမှတ်ရနေမိပြန်၏။

❀ ❀ ❀





(၃)

## တက္ကသိုလ်ကျောင်းသား မောင်ကျော်နိုင်

လက်ဖက်ဖတင်နှင့် နန်းဝေကို လုံးဝလောက်ပင် မေ့ခဲ့ပြီ အချိန် မှာလည်း တစ်နှစ်ခန့် ကွာခြားခဲ့ပြီ ဖြစ်၏။ သို့ရာတွင် မနုတာရီကို ကျွန်ုပ်ပြန်လည် သတိရနိုင်ရန်အတွက် အကြောင်းတစ်ခုပေါ်လာ ပြန်၏။ ထိုအကြောင်းကား ကျွန်ုပ်၏ မိတ်ဆွေဆန်စက်သူဌေး ကိုလှမောင်သည် စကုမြို့၌ ဆန်စက်တစ်လုံး တည်လို၍ စကုသို့ သူနှင့်အတူ လိုက်ပါပြီး ဆန်စက် တည်နိုင်ရေးအတွက် ကူညီရန် မရမက ခေါ်ခဲ့ခြင်းကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စကုမြို့အား ရောဝတီ မြစ်ကမ်းပေါ်၏ အနောက်ဘက် အတွင်းပိုင်းတွင် တည်ရှိပြီး လူသိများသော မြို့ကလေးဖြစ်၏။မျက်မမြင်မင်းသားညီနောင် စူဠာသမ္ဘဝနှင့် မဟာသမ္ဘဝကို စန္ဒမုခီဘီလူးမက မျက်စိကို မြင်ရန် ဆေးစတင် ကုသပေးသော အရပ်ဖြစ်သဖြင့် 'စကု'ဟု တွင်သည်ဟု ပြောကြ၏။

စန္ဒမုခီဘီလူးမဆိုသည်မှာလည်း အခြားသူမဟုတ်၊ ဘုရားရှင်ကို ရင်သားဖြတ်၍ လှူဒါန်းခဲ့သော ဒါနထူးကြောင့် နောင်တွင် မြန်မာနိုင်ငံ၌ ကျော်ကြား ထင်ရှားမည့် ဘဝရှင် မင်းတုန်းမင်းဘုရားကြီး အလောင်းပင်ဖြစ်၏။

ရာဇဝင်ကျော် သူ့ခိုးကြီး တောက်ပြားကို ဖမ်းဆီးနိုင်သော ဘုန်းလက်ရုံးနှင့် ပြည့်စုံသော 'အင်းဝ'ဘုရင် 'သတိုးမင်းဖျား'နတ်ရွာစံကံတော်ကုန်ရာမြို့လည်း ဖြစ်၏။

'မင်းဆက်ငါးသွယ် ရှင်ဘိုမယ်' ဟု ရာဇဝင်၌ ထင်ရှားသော မိဖုရား ရှင်ဘိုမယ်၏ မွေးရာဇာတိလည်း ဖြစ်၏။

ဂေါတမဘုရားရှင်၏ ခြေတော်ရာ တစ်ဆူကိန်းဝပ်ရာ ဒေသလည်းဖြစ်၏။ မယားတစ်ခုလပ် 'ဆံစကုပြုတ်'ဟူ၍ ဆန်ကောင်း ကြိုက်သူတို့၏ တင်စားကြသည့် စကုပြုတ် ဆန်ပေါက်ရောက်ရာ အရပ်လည်း ဖြစ်၏။

အသက်ကလေးရယ်တဲ့ ရှည်စေလို 'မန်းတောင်ရိပ်ခို'ဆို သည့်





သိုက်တစ်ဘောင် စကားလာ မန်းတောင်ရိပ်ခိုဆိုသည်မှာ မန္တလေးတောင်ကို ဆိုသည်မဟုတ်ဘဲ စကုမြို့၌ တည်ရှိသော စက်တော်ရာဘုရားတည်ရှိရာ မန်းတောင်ကို ဆိုလိုပေရာ အသက်ရှည်လိုသူတို့အတွက် မမေ့နိုင်လောက်အောင် ဒေသလည်း ဖြစ်၏။

ဤသို့ မဟာဝင်၊ သာသနာဝင်၊ ရာဇဝင်၊ သမိုင်းဝင် သိုက်ဝင်ဖြစ်သော စကုမြို့သို့ ကျွန်ုပ်သည် စက်သူဌေး ကိုလှမောင်နှင့်အတူ ဆန်စက်တစ်လုံးတည်ရန်အတွက် ရောက်ရှိခဲ့ရာမှ စ၍ ကျွန်ုပ်၏ မှတ်ဉာဏ်၌ ရေးရေးမျှသာ ကျန်တော့သည့် 'မနုစာရီ' ဆိုသော ဝေါဟာရသည် ပြန်လည်၍ ထင်ရှားလာရပြန်တော့၏။

❀ ❀ ❀

ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ စက်သူဌေး ကိုလှမောင်တို့သည် ဆန်စက်တစ်လုံး တည်ဆောက်ရန် ကိစ္စအတွက် စကုမြို့သို့ ရောက်ရှိနေကြ၏။ ကျွန်ုပ်တို့သည် ထိုမြို့က စပါးပွဲစားကြီး ဦးသူတော်ငှားရမ်းပေးထားသော အိမ်၌ လွတ်လပ်စွာ တည်းခိုနေကြလျက် ဆန်စက်တည်ရန် ကိစ္စကိုလည်း ဆောင်ရွက်ရင်း မိမိမရောက်ဖူးသော ဒေသဖြစ်သည့်အားလျော်စွာ ရွှေစက်တော်ဘုရား မင်းဘူးနဂါးပွက် တောင် လယ်ကိုင်းကျောင်းတော်ရာ စသည့် ပတ်ဝန်းကျင် ဒေသများသို့ သွားရောက် လည်ပတ်ခြင်း ပြုဖြစ်ရာ များကြ၍ပင်



www.burmeseclassic.com

www.burmeseclassic.com



လည်ပတ်ရန် နေရာမရှိတော့သည့်အလျောက် တည်းခိုသောအိမ်၌ ခြေငြိမ်စပြု၍ ဆန်စက်ကိစ္စကိုပင် လုံးဝကြိုးပမ်းကြရကော့၏။

တစ်ညတွင် 'အယ်စတီမိတ်'ခေါ်သော ဆန်စက်တည်ရှိရာ၌ ကုန်ကျမည့် ခန့်မှန်းချေ စရိတ်များကို အလွန်အားကောင်းသော စိန်တံဆိပ် အောက်လင်းဓာတ်မီးကြီး ထွန်းညှိ၍ ကျွန်ုပ်နှင့် ကိုလှမောင်သည် တွက်ချက်ကြတော့၏။

ကျွန်ုပ်တို့သည် အလုပ်တွင်း၌ စိတ်ဝင်စားလွန်းသဖြင့် ညဉ့်အတန်နက်သွားသည်ကိုပင် သတိပြုမိခြင်း မရှိတော့ဘဲ နေရာမှ မန်းချောင်းကို ဖြတ်၍ ဖော့တိုက်လာသော ချမ်းစိမ့်စိမ့် လေကလေး ဝင်လာသဖြင့် ကျွန်ုပ်တို့ နှစ်ယောက်သည် တိုင်ပင်ထားသည့်အလား စားပွဲပေါ်က နာရီကို ကြည့်လိုက်မိကြ၏။ သို့ရာတွင် နာရီမှာ သော့မပေးမိသဖြင့် ည ၉-နာရီသာသာတွင် ရပ်နေခဲ့ရာ မည်သည့်အချိန်တိုင်နေပြီကို နှစ်ဦးစလုံး မခန့်မှန်းနိုင်အောင် ရှိကြတော့၏။

"အိုင်ဆေး လက်ဖက်ရည်လေး ဘာလေးသောက်ပြီး အိပ်ကြစို့လား၊ နာရီပြန် တစ်ချက်လောက်တော့ ရှိရောပေါ့"

ကိုလှမောင်က ပြောပြောဆိုဆို စာရွက်စာတမ်းများကို ထပ်၍ သိမ်းလိုက်ပြီးနောက် ဓာတ်ဘူးကိုဖွင့်ကာ လက်ဖက်ရည် ငှဲ့နေသဖြင့် ကျွန်ုပ်လည်း စာရွက်စာတမ်းများ သိမ်းလိုက်၏။

ကျွန်ုပ်တို့နှစ်ဦး လက်ဖက်ရည် သောက်ပြီးနောက် ကိုလှ





မောင်မှာ 'ဂလေစီယာ' ရေခဲတောင် စီးကရက်နှင့် မိန်း၍ ကျွန်ုပ်ကမူ ဦးကျောက်လုံး၏ တစ်ပြားနှစ်လိပ်တန် ဇော်ရင်ကြီ ဆေးပြင်းလိပ်ကို ခဲ၍ စိမ့်ရှုံ့မှုအေးသော မန်းချောင်း လေနုအေးကို အရသာခံနေမိ၏။

ထိုစဉ် အတော်ဝေးဝေးမှ သေးသေးမြှင်မြှင်ကလေးသော ကြားရသော တယောသံကလေးကို ကြားရသဖြင့် ကျွန်ုပ်တို့သည် မျက်စိများ မှိတ်၍ တယောသံကို အာရုံပြုနေမိကြ၏။

အသံမှာ အလွန်ဝေးလွန်းရကား တချို့ချို့တွင် လေမသင့်သဖြင့် မကြားရဘဲ ရှိတော့၏။ ထို့ကြောင့် ကျွန်ုပ်တို့နှစ်ဦး၏ နားအကြည်ဓာတ်ကလေးများသည် မြှင်မြှင်သော ကြားရသော တယောသံကလေးကို ချော့၍ ဆွဲယူငင်နေမိကြ၏။ ဥပမာအားဖြင့် မိမိပိုင် ရတနာပစ္စည်းတစ်ခုကို အလွန်တရာနက်သော ရေတွင်းပျက်ကြီးထဲမှနေ၍ ဆွဲနေသော အပ်ချည်မြှင်ကလေးကို အသုံးပြုကာ ချိတ်ဆွဲတင်ယူနေကြသည့်အလား တထင့်ထင့်နှင့် တယောသံကို သောတပသာဒဟု ဆိုအပ်သော နားအကြည်ဓာတ်သို့ ဆိုက်ရောက်အောင် စိတ်ဖြင့် ဆွဲငင်ယူနေမိကြ၏။

အံ့သြဖွယ်ရာပင်၊ ကျွန်ုပ်တို့နှစ်ဦး၏ ညွတ်ထားသော စိတ်အာရုံလိုင်းများကို မလွန်ဆန်နိုင်သည့်အလား တယောသံသည် တစ်ထက်တစ်စ နီးကပ်၍လာသည်ကို သတိပြုမိတော့၏။

အတော်ပင် နီး၍ ပြတ်ပြတ်ထင်ထင် ကြားရသောအချိန်မှ



www.burmeseclassic.com

www.burmeseclassic.com



တယောသံကိုသာမက အဆိုကိုပင် နားထောင်ခွင့် ရတော့၏။ ဆိုသံမှာ အသံကောင်းသည်ဟု မပြောနိုင်သော်လည်း သီချင်း၏ အဓိပ္ပာယ်၊ တယောသံနှင့် သီဆိုပုံ အသံတို့မှာ တစ်ခုနှင့်တစ်ခု လိုက်ဖက်၍ (Aesthetic Emotion) သောဘာဇာရသမြောက်သည်ဟုကော ဝန်ခံရပေမည်။

သူ၏ သီချင်းမှာ ရေးမယ်ဘွဲ့တစ်ခုဖြစ်၍ မဆိုတတ်လျှင် လည်းကောင်း သို့မဟုတ် ဆိုတတ်လွန်း၍ လိုအပ်သည့်ထက် မင်မောင်းသုံးလွန်လျှင်သော်လည်းကောင်း၊ လုံးဝ နားထောင်၍ မရနိုင်အောင် ပျက်စီးသွားနိုင်သော သီချင်းမျိုး ဖြစ်၏။

ကျွန်ုပ်၏မိတ်ဆွေ ကိုလှမောင်မှာ ဂီတနှင့် ပတ်သက်၍ နားထောင်ခံစားတတ်သည်မှတစ်ပါး အခြားစွမ်းဆောင်မှု မရှသည့်အလျောက် တယောသံနှင့် အဆိုကို နားထောင်ကောင်းသည်ဟု မှတ်ချက်ချရုံမျှသာ ဖြစ်သော်လည်း ကျွန်ုပ်မှာမူ ကောလိပ်ကျောင်းသားဘဝက ရှေတံဆိပ်ရပူးသော တယောသမား ဖြစ်သည့်အားလျော်စွာ တယောထိုးပုံ လက်ကျလက်နကိုပင် အထူး ဂရုပြုမိလေတော့၏။

တယောထိုးရာ၌ 'အောက်ပေါက်'ဟုခေါ်သော တယောလက်တံ၏ အရင်းပိုင်းက အသံများကို များများသုံးမှ တယော ထိုးကောင်းသည်ဟု ပြောဆိုလေ့ရှိကြသော စကားကို ထိုတယောသမားက ဆန့်ကျင်ဘက် ပြုလျက်ရှိသည့်အလား အများပိုင်းက လက်





ပေါက်များကိုသာ ပိနိုင်သမျှ ပိ၍ ပုံနိုင်သမျှ ရုံ၊ မြိုင်နိုင်သမျှမြိုင်အောင် အသုံးပြုလျက် ရှိ၏။

အသံတစ်ခုမှ တစ်ခုသို့ ကူးပြောင်းရာ၌လည်း ညင်သာလှ၏။ လဂ်ပေါက်တစ်ခုထဲ၌ပင် အရှိက်အတိုက်များပြု၍ တစ်သံမှ တစ်သံသို့ ကူးသွားရာ အလွန်လှပသော ရွှေပြည်စိုး ငှက်ကလေးသည် ပွင့်ဖတ်ပွင့်ချပ်များနှင့် လှပဝေဆာသော ပန်းပွင့်ကလေး တစ်ပွင့်သို့ ဘူးပျံလျက် ရှိသည်ကို ကြည့်ရသည့်အလား သာယာလှလေ၏။

တယောထိုးသော အလုပ်၌ လက်ဝဲဘက် လက်ချောင်းကလေးများကို ကျွမ်းကျင်စွာ အသုံးပြုရသော (Fingering) ခေါ် လက်ပေါက်နှိပ်ရသည့် အတတ်နှင့် ဘိုးတံကို ဆွဲငင်တွန်းထိုးရ သော (Bowing) ခေါ် ညာလက်၏ ဘိုးတံဆွဲငင်မှု အတတ်ပညာပါ 'စုံ'ပါမှ ကောင်းနိုင်သော အရာဖြစ်၏။

ယခု တယောသမားသည် ထိုအတတ်နှစ်ခုစလုံးကိုသာမက ဆိုင်းဝိုင်းမှ သွက်လက်မှု စသော စည်းဝါးကိုစွကိုလည်း ကျွမ်းကျင်လှပါပေသည်။ ထိုအရာတို့ထက် သင်ယူ၍ မရနိုင်သော သို့မဟုတ် ဝမ်းတွင်းပါဟု ဆိုမှုဖြစ်နိုင်သော ဂီတဗီဇလည်း ထိုသူ၌ ပါရှိပေရာ နားထောင်၍ မငြီးနိုင်အောင် ရှိတော့၏။

အမှန်စင်စစ် တယောသမားသည် တယောကို လက်ဖြင့်ထိုး၊ နှလုံးသည်းပွတ်ဖြင့် ထိုးနေသည်။ အဆိုကိုလည်း ပါးစပ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မဆို၊ ခံစားမှုဝေဒနာနှင့် ဆိုနေသည်ဟု ပြောမှ သူ၏အဆို နှင့်အတိုးကိ
အံဝင်အောင် ချိုးမွမ်းသည်ဟု ဆိုရပေမည်။

ကျွန်ုပ်၏စိတ်၌ အလွန်တော်ပါသည်ဟု စိတ်ထင်ထားရသော
တယောစိန္တာ ကိုဘိုးငိုသည် လည်းကောင်း၊ တယော ယောင်ဟန်ဝင်
သည်လည်းကောင်း၊ ယခုကြားရသော တယောသံကို နားထောင်နိုင်
ရလျှင် သူတို့၏ ညှို့ဖျင်းမှုကို မချင့်မရဲဖြစ်ကာ သူတို့၏ လက်များကို
ရိုက်ချိုးပစ်ကြမည်လားဟု ထင်မှတ်မိပါတော့သည်။ ကျွန်ုပ်ကိုယ်
တိုင်ကမူ ထိုတယောသံကို နားထောင်ပြီးနောက် တယောထိုးတတ်
ပါသည်ဟု တစ်စုံတစ်ယောက်ကို ပြောဝံ့ခြင်း မရှိတော့ဟု ဝန်ခံရပေ
မည်။

ထိုထက်ဆိုးသည်မှာ ထိုတယောသံသည် နား၌ စွဲထင် ရိုက်
ခတ်လျက်ရှိရာ နောက်နောင်၌ မည်မျှလက်သံကောင်းပါသည်ဟုဆို
သော တယောသံကို နားထောင်ရသည် ဖြစ်စေ၊ ကျွန်ုပ်၏နား၌
ဆီမထည့်ပဲ ဆွဲသွားသော အညာလှည်းကြီးများ၏ ဝန်ရိုးမှထွက်သော
အသံကဲ့သို့ တကျီကျီနှင့် နားထောင်မရအောင် အခံရအဆိုးလှလေတော့
မည်။

"အိုင်ဆေး တယ်ကောင်းတဲ့ လက်သံပါလား၊ ကျုပ့်ရင်ထဲမှာ
နားထောင်ရင်း တစ်မျိုးကြီးပဲ၊ ငိုချင်သလိုလိုပဲဗျ"

ဂီတနှင့်ပတ်သက်၍ ကျွန်ုပ်များစွာ အထင်သေးမိသော ကိုလှ







ဆောင်ပင်လျှင် မခံရပ်နိုင်အောင် ခံစားရသည့်အလျောက် နှုတ်ဖြင့်
ဖွင့်ဟဝန်ခံလေတော့၏။ ကျွန်ုပ်သည် စကားဆက်ပြောပါက အရသာ
ပျက်သွားမည် စိုးသဖြင့် ခေါင်းကို အနည်းငယ် ညိတ်၍ ထောက်ခံ
ပြီးနောက် ဆက်၍ နားထောင်နေမိ၏။

ထိုအချိန်၌ သီချင်းဆုံးသွားပြီ ဖြစ်သည့်အလျောက် တယော
သမားသည် လက်သံစမ်း အနည်းငယ် ထိုးပြီးနောက် အသံစဉ်
ကုန်သည်အထိ ချ၍ ရပ်လိုက်လေတော့၏။ ထိုအခါကျမှသာ
ကျွန်ုပ်က.......

"ဟုတ်တယ် ကိုလှမောင်၊ တကယ်ကောင်းတဲ့ လက်သံပါ။
ကျုပ်ဖြင့် တစ်ခါမှ ဒီလောက်ကောင်းတဲ့ လက်သံကို နား
မထောင်ဖူးပါဘူး။ ဒီတော့ ဒီလိုလုပ်ရအောင်ဗျာ၊ အသံက
ဒီနားမှာတင် ပျောက်သွားတာ၊ ဒီလူဒီနားမှာပဲ ရှိဦးမယ်၊ ကျုပ်တို့
သွားရှာရအောင်ဗျာ"

"ကောင်းသားပဲ"

ကျွန်ုပ်သည် ပြောပြောဆိုဆို ချိတ်တွင် ချိတ်ထားသော ကိုလှ
မောင် သိုးမွေးဆွယ်တာကို ပစ်ပေးလိုက်ပြီး ကျွန်ုပ်ကမူ ပလေဇာ
ကုတ်အကျႌကို ထပ်၍ဝတ်လိုက်၏။

ထိုအခိုက်၌ ဇေ့ရှဲသာစေ့ထားသော ခြံတံခါးကို တွန်းဖွင့်သံကို
ကြား၍ ကြည့်လိုက်ရာ ခြံတံခါးပွင့်၍ ခြံတံခါးရှေ့တွင် တယော



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ကာရပ်နေသော လူတစ်ယောက်ကို တွေ့ရလေတော့၏။

''ကျွန်တော် လာပါရစေ ခင်ဗျာ၊ ကျွန်တော် လူကော

ကျွန်တော်နာမည် မောင်ကာလီပါ''

ခြံဝမှလူသည် အထက်ပါအတိုင်း ကျွန်ုပ်တို့အား ဝင်

တောင်းလိုက်၏။

''လာပါ၊ လာပါ''

ကိုလှမောင်က ခွင့်ပြုလိုက်သဖြင့် ထိုလူသည် ဣန္ဒြေ

လျှောက်လာတော့၏။ သုံးထပ်မျှရှိသော လှေကားထစ်တွင် အ

ထစ်အရောက်၌ ဖိနပ်ကိုချွတ်၍ ကျွန်ုပ်တို့အနီးသို့ ရောက်လာ

''ထိုင်ပါ''

ကိုလှမောင်က ကုလားထိုင်ထိုး၍ ပေးရင်း ပြောလိုက်၏

''ကျွန်တော်က မီးရောင်မြင်တော့ မိုးအလင်း ရောင်

လက်ဖက်ရည်ဆိုင် မှတ်တာ၊ အနားရောက်တော့ မဟုတ်

သိပါတယ်၊ ဖြစ်နိုင်ရင် ဆေးလိပ်တစ်လိပ်၊ နှစ်လိပ်လော

လိုချင်ပါတယ်၊ ရောင်းမယ်ဆိုရင်လည်း ဝယ်ပါ့မယ်''

ထိုသူသည် ထိုင်လိုက်သည်နှင့် သူလိုချင်သော အရာကို မ

မပတ် တည့်တည့်ပင် ပြောလိုက်၏။ ကျွန်ုပ်နှင့် ကိုလှမောင်

သူ့ကို စိတ်ဝင်စားစွာ စေ့စေ့ကြည့်မိ၏။

''မဝယ်ရပါဘူး၊ စီးကရက်နဲ့ ဆေးပြင်းလိပ်တော့ ရှိ





ကြိုက်တာ သောက်နိုင်ပါတယ်''

ကိုလှမောင်က စီးကရက်ဘူးနှင့် ဆေးပြင်းလိပ်များ သူ့ရှေ့တွင်

၏။

''ကျွန်တော်က ဆေးပေါ့လိပ် သောက်တာပါ၊ စီးကရက် လည်း

သောက်လို့ ရပါတယ်၊ ဆေးပြင်းလိပ်တော့ လုံးလုံး အနံ့ခံလို့

မရဘူး''

သူသည် ပြောပြောဆိုဆိုပင် ကိုလှမောင်၏ ရေခဲတောင် တံဆိပ်

ရက်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာလေတော့၏။

အသက်အရွယ်အားဖြင့် ကျွန်ုပ်တို့၏ ထက်ဝက်မျှငယ်သော

ယ်ကလေးတစ်ဦးမျှသာ ဖြစ်သည်။ အသက်နှစ်ဆယ်ထက်

ာ မပိုသေး။ သူ့အသားရောင်မှာ ဖြူသည်ဟု ဆိုရမည်ထက်

ား၀ါဟု ဆိုလျှင် ပို၍ မှန်ပေမည်။

ကိုယ်လုံးကိုယ်ထည်မှာ ခပ်နွဲ့နွဲ့ ရှိသော်လည်း အရောင်

သောမျက်လုံး၊ ပိရိစေ့စပ်သော နှုတ်ခမ်းနှင့် ပေါ်လွင်သော

တို့ကို ကြည့်ခြင်းအားဖြင့် သတ္တိအရာ၌ သိပ်သေးမည် မဟုတ်

င်း ကျွန်ုပ် ခန့်မှန်းမိ၏။

နဖူးပေါ်တွင် ခပ်ရိုင်းရိုင်းကျနေသည့် နက်မှောင်သော ဆံပင်နှင့်

မျက်တောင်တို့သည် သူ့ကို လူချောတစ်ဦးအဖြစ် ထောက်ခံ

ရှိတော့သည်။ သူ၏ လက်ကို ကြည့်လိုက်မိပြန်ရာ ရှည်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းညွှတ်သော လက်ချောင်းလှလှကလေးများ တွေ့ရ၏။ သူ့ကို စိတ်ဝင်စားမိသဖြင့် အနည်းငယ် မေးစမ်းကြည့် မိတော့၏။

"မောင်က ကျုပ်တို့ ထွန်းထားတဲ့ မီးရောင်ကို မိုးလင်းဆိုပြီး မှတ်လို့ လာတယ်ဆိုတော့ မောင်ဟာ ဒီမြို့က မဟုတ်ဘူး မှတ်တယ်"

"ဟုတ်ပါတယ် ဦး၊ ကျွန်တော် ရန်ကုန်ကပါ၊ ဒီကိုရောက်တာ သုံးရက်ပဲ ရှိပါသေးတယ်"

"အလုပ်ကရော"

"ကျွန်တော် ကျောင်းသားပါ၊ အိုင်အေတန်း တက်နေပါတယ်၊ အခုတော့ မတက်တာ ကြာပါပြီလေ"

"သြော် နာမည်ကတော့ မောင်ကာလိ ဟုတ်လား"

"ကျောင်းမှာတော့ ကျော်ခိုင်လို့ ခေါ်ပါတယ်"

"မောင့်တယောလက်သံဟာ သိပ်ကောင်းတာပဲ၊ ဆရာကောင်းတွေနဲ့ ဆည်းပူးခဲ့ရတယ် မှတ်တယ်"

"ဟုတ်ကဲ့ ဆည်းပူးခဲ့ရပါတယ်"

"မောင်ကာလိ လက်ဖက်ရည် သောက်ပါဦး"

ကိုလှမောင်က ဓာတ်ဘူးထဲမှ လက်ဖက်ရည်ငှဲ၍ လောကွတ်ပြုလိုက်၏။ မောင်ကာလိသည် တယောကို စားပွဲပေါ် တင်ကာ လက်ဖက်ရည်ကို ယူကာ သောက်၏။ လက်ဖက်ရည် ပန်းကန်





အငွေ့များသည် လည်းကောင်း၊ လက်ကြားတွင် ညှပ်ထားသော ဆေးလိပ်ကရက်အငွေ့များသည် လည်းကောင်း အထက်သို့ ဝေ့တက်နေ၏။ မောင်ကာလိသည် အငွေ့များကို ကြည့်ရင်း သူ၏ စိတ်အာရုံသည် တခြားသို့ ရောက်သွားသည်ဟု ကျွန်ုပ်ခန့်မှန်းမိ၏။ အဘယ်ကြောင့်ဆိုမူ ကျွန်ုပ်က တယောကြိုးကို မည်သည့် အသံညှိ၍ ထိုးသနည်းဟု မေးရာ သူသည် မကြားဘဲ ရှိတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် စားပွဲပေါ်မှ တယောကြိုးများကို လက်ညှိုးဖြင့် ကုတ်၍ အသံကို နားထောင်ကြည့်မိရာ များစွာ အံ့သြမိပါတော့၏။

မည်သည့် ဂီတပစ္စည်းမဆို အသံအနိမ့်အမြင့် ညှိထားရ၏။ ဥပမာ တယောဆိုလျှင်လည်း တစ်ကြိုး၌ ခပ်လိုက်လျှင် 'ဖြောင်'ဟု အသံထွက်လျှင် နှစ်ကြိုးကို ခပ်ကြည့်ပါက 'တိန်'ဟူသော အသံစဉ် ထွက်ရ၏။ သို့မဟုတ်ပါက အခြားသံစဉ်တစ်ခု ထွက်ရ၏။ ယခုမူ လေးကြိုးစလုံးကို အသံတူ ညှိထားရာ အားလုံး 'ဖြောင်' 'ဖြောင်'ဟု အသံထွက်နေ၏။

ထိုသို့ အသံတူညှိကာ ထိုး၍မရနိုင်ချေ။ ယခု မောင်ကာလိ ညှိထားသော တယောကြိုးကို ကမ္ဘာပေါ်၌ တယောထွင်ခဲ့သူဟု ဆိုယူကြသော တယောဝိဇ္ဇာ မိုးဇက်ကို ထိုးခိုင်းလျှင်ပင် ရနိုင်မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် တယောကြိုးများကို ခပ်လိုက်သော အသံကြောင့် မောင်ကာလီ ပြန်၍ သတိဝင်လာပြီး ကျွန်ုပ်ကို ပြုံး၍ ကြည့်နေ၏။

''မောင်ကာလီ ကြိုးညှိထားတာ''

''သြော်... ဦးဇ ဘယောကို စိတ်ဝင်စားတယ်လား၊ ဒါက ဒီလိုပါခင်ဗျ၊ ဒီကြိုးတွေကို ကျွန်တော် ညှိတာ မဟုတ်ပါဘူး။ ကျွန်တော့်ဆရာတွေ ညှိပေးတာပါ''

''မောင့်ဆရာတွေက ဘယ်သူတွေလဲကွယ့်''

''တစ်ကြိုးကို အရှေ့အရပ်ကို အစိုးရတဲ့ ဓတရဋ္ဌနတ်မင်းကြီး၊ နှစ်ကြိုးကို အနောက်အရပ်ကို အစိုးရတဲ့ ဝိရူပက္ခနတ်မင်းကြီး၊ သုံးကြိုးကို တောင်အရပ်ကို အစိုးရတဲ့ ဝိရူဠက နတ်မင်းကြီး၊ ဒိုးကြိုးကို မြောက်အရပ်ကို အစိုးရတဲ့ ကုဝေရ နတ်မင်းကြီး တို့က ညှိပေးပါတယ်''

ကျွန်ုပ်နှင့် ကိုလှမောင်တို့သည် တစ်ဦးကိုတစ်ဦး လှမ်း၍ ကြည့်မိကြ၏။ ကိုလှမောင်က ကျွန်ုပ်ကို မျက်လုံးပြူး၍ ပြ၏။ ကျွန်ုပ်ကမူ ကိုလှမောင်ကို ဘာလုပ်ပြမိသည် မသိ။

''မောင် ဒီအရပ်ကို အလည်အပတ် သက်သက်ပဲလား''

''မဟုတ်ပါဘူး၊ ကျွန်တော့်ချစ်သူ 'နုနုရီ' ကို လာရှာတာပါ''

''မောင့်ချစ်သူက ဒီမြို့ကလား''

''တာထဲမှာတော့ မန်းချောင်းအနီး တောအုပ်ကြီးလို့ ဆိုတာပဲ''





''မောင်ချစ်သူက တောထဲမှာ ဘာသွားလုပ်တာလဲ''

''သူက ဇော်ဂျီပါ၊ အမျိုးသမီး ဇော်ဂျီပါ၊ ဇော်ဂျီမလေး နုနုရီရယ်ပါ''

''ဟိုက်''

ကျွန်ုပ်နှင့် ကိုလှမောင်တို့သည် ပြိုင်တူ 'ဟိုက်' ဟု ယောင်ရမ်း အော်ဟစ်မိပါတော့သည်။ ကျွန်ုပ်တို့သည် ဖွတ်ထွက်နေမှ တောင်ပို့မှန်းသိ ဆိုသည့်အလား၊ မောင်ကာလီသည် ယဉ်ယဉ်ကလေးနှင့် ရူးနေသူဖြစ်ကြောင်း သိရတော့၏။ ကျွန်ုပ်သည် များစွာ ကရုဏာသက်မိ၏။ မောင်ကာလီ (ခေါ်) မောင်ကျော်နိုင်၏ မိဘများသည် အဘယ်မျှ ရင်ထုမနာ ဖြစ်ကြမည်နည်းဆိုသည်ကို စဉ်းစားမိရင်း ထိုညက အိပ်မပျော်နိုင်ဘဲ ရှိခဲ့၏။

မောင်ကာလီသည် ကိုလှမောင်ပေးသော ရေခဲတောင် တံဆိပ်စီးကရက်ဘူး တစ်ဘူးကို ယူကာ ကျေးဇူးတင်ကြောင်း၊ အကယ်၍ သူ၏ချစ်သူ နုနုရီကို တွေ့လျှင် ကျွန်ုပ်တို့ကို ခေါ်လာ၍ ပြမည်ဖြစ်ကြောင်း၊ နုနုရီကို မြင်ဖူးသူသည် ကမ္ဘာပေါ်တွင် တွေ့တွေ့သမျှသော မိန်းမတို့ကို အရုပ်ဆိုးအကျည်းတန်သည်ဟု ထင်မှတ်မှားတတ်ကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် သွက်လက်စွာ ပြောဆို၍ ထွက်သွားပါတော့၏။

တအောင့်လောက်ကြာလျှင် တယောသံလေး ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



တယောသံလေးနှင့် မရှေးမနှောင်းပင် သီချင်းသံကလေးကို ကြား၏။

ရွာ... ရွာသူ....ပန်းပွယ်..... ကြာလေလေ.....

နှမ်းပွယ် မနုစာရီ...... ရယ်။

ကျွန်ုပ်သည် အိပ်ရာထဲမှနေ၍ အသံကို နားစွင့်နေမိ၏။ မောင်ကာလိ၏ ရင်နင့်ဖွယ်ရာ အသံကလေးသည် တစ်စထက် တစ်စဝေး၍ ဝေး၍ သွားတော့၏။ ကျွန်ုပ်၏ နားဖြံမှ သူ၏အသံ သည် ရိုက်ခတ်ပဲ့တင်လျက် ရှိသေး၏။ အဘယ်ကြောင့်မူ သူ၏ သီချင်းတွင် မနုစာရီဟူသော အမည်ပါနေသည် မဟုတ်ပါလား။

ရွာ.... ရွာသူ..... ပန်းပွယ်..... ကြာလေလေ........

နှမ်းပွယ် ....... မနုစာရီရယ်။

* * *

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်နှင့် ကိုလှမောင်အပြင် စပါးပွဲစား ဦးသူတော်နှင့် ၎င်း၏တူ မောင်ကျော်စိန်တို့ပါ စုကြ၍ အခင် ညီအစ်မနှစ်ဖော်ဘုရား အနီးရှိ မြေကွက်လပ်ကို ဝယ်ယူရန်အတွက် သွားရောက် ကြည့်ရှုတိုင်းထွာကြ၏။

နေ့လယ် ၁၂-နာရီလောက်တွင် မြေကွက်လပ်ကြည့်ခြင်း၊ တိုင်းခြင်းများ ကိစ္စပြီး၍ ပြန်လာခဲ့ကြရာ အနည်းငယ် မောဟိုက် သည်နှင့် ကားလမ်းဘေးရှိ ညီအစ်မနှစ်ဖော်ဘုရားအတွင်းဝင်





ရောက်အမောဖြေရင်း ထိုင်နေမိကြ၏။ တအောင့်မျှ အကြာတွင် မန်းချောင်းဘက်မှ ပန်းများခူး၍ ပြန်လာသော မိန်းကလေး နှစ်ဦး ဘုရားပရဝုဏ်အတွင်းသို့ ရောက်လာကာ ဘုရားပူးကြပြီးနောက် ဘုရားကိုပတ်၍ လျှောက်လာရာ ကျွန်ုပ်တို့လေးဦး ထိုင်နေသည်ကို တွေ့ရသဖြင့် ထိုမိန်းကလေးနှစ်ဦးအနက် အတော်အတန် လှပသော မိန်းကလေးက.....

"ဦးတို့ဒီမှာမထိုင်ပါနဲ့၊ မြွေသိပ်ပေါတယ်၊ ဘုရား အုတ်ကြား တွေထဲက မြွေတွေ ထွက်တတ်တယ်ရှင့်"

ဟု သတိပေး စကားပြော၏။ ကျွန်ုပ်ကလည်း ကျေးဇူးတင် ကြောင်း၊ မော၍ ခေတ္တထိုင်နေကြောင်း မကြာမီ ပြန်ကြမည်ဖြစ် ကြောင်း ပြန်ပြောနေစဉ်........

"ဟော့ နုနုရီ ကိုယ်လာပြီလေ.... နုနုရီ"

ကားလမ်းဘက်မှ အော်သံကြား၍ ကြည့်လိုက်ရာ ညက တယောသမား မောင်ကျော်ခိုင်ခေါ် မောင်ကာလိ ဖြစ်နေ၏။ မိန်း ကလေးနှစ်ဦးသည် ပုံပျက်ပန်းပျက် ပြေးလာနေသော မောင်ကျော် ခိုင်ကို ကြည့်ကာ ကြောက်လန့်နေကြပြီးနောက်.....

"လုပ်ပါဦး ဦးလေးတို့ရယ်၊ အဲဒီလို လိုက်နှောင့်ယှက်နေတာ နှစ်ခါရှိပြီ။ မနေ့ကလည်း ဒီလိုပဲ လိုက်ခေါ်လို့ ကျွန်မတို့ ပြေးလွှား ရင်း ထွက်ပြေးရသေးတယ်။ အဲဒီ သူ မနေ့က လိုက်နှောင့်



www.burmeseclassic.com

www.burmeseclassic.com



ယှက်လို့ ဘုန်းကြီးသွားမေးပြီး အခုဒီမှာ ယကြာချေရမယ် ဆိုလို့ လာရကြတာ၊ တွေ့နေပြန်ပြီ၊ သူက ကျွန်မကို နုနုရီလို့ ခေါ်တယ်၊ ကျွန်မနာမည်က ခင်ခင်ကြီးပါ။ မူလတန်းကျောင်းက ဆရာမပါ ဦး၊ ကျွန်မတို့နောက် မလိုက်အောင် ဆွဲထားလိုက်ပါ"

ခပ်လောလောကလေး ပြောပြီးနောက် မန်းချောင်းဘက်သို့ ဆင်းပြေး၏။ မောင်ကျော်ခိုင်ကလည်း ...

"မပြေးပါနဲ့ နုနုရီ" ဟု လှမ်း၍ အော်ရင်းပြေးလာရာ ကျွန်ုပ်တို့ နားသို့ ရောက်လျှင် ကျွန်ုပ်နှင့် ကိုလှမောင်က ဆွဲထားလိုက်ရ၏။

"မောင်ကျော်ခိုင် လူမှားနေပြီ၊ မောင်ရှာနေတဲ့ နုနုရီ မဟုတ်ပါဘူး။ သူက ခင်ခင်ကြီးပါလို့ ပြောသွားတယ်"

ကျွန်ုပ်သည် ဆွဲထားရင်း ရှင်းပြရ၏။ မောင်ကျော်ခိုင်က ငြိမ်ငြိမ် မနေ၊ အတင်းရုန်းနေလေ၏။

ထိုသို့ မောင်ကျော်ခိုင်က ရုန်း၊ ကျွန်ုပ်တို့ကဆွဲ လုပ်နေစဉ် မော်တော်ကားလမ်းမှ ကားတစ်စင်းထိုး၍ ရပ်လိုက်ပြီး ကားပေါ်မှ လူနှစ်ယောက် ပြေးဆင်းလာ၏။ ပြေးလာသော လူနှစ်ယောက် ကျွန်ုပ်တို့ အနီးသို့ ရောက်လာ၏။

တစ်ယောက်သောသူမှာ အသားဖြူဖြူ အရပ်အမောင်း ကောင်းသည်ဟု ဆိုရမည့် ရုပ်ရည်အင်္ဂါရုပ်မျိုးနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်ရုံမက ပါးလျှသော ရွှေကိုင်းစလင်းမျက်မှန်ကို သူ၏မျက်နှာနှင့်





အဆင်ပြေစွာ တပ်ဆင်ထားပြီး သူ၏ ဝတ်စားပုံကို ကျွန်ုပ် မြင်တွေ့ရသည်မှာ မင်းစိုးရာဇာတစ်ယောက်၏ ဝတ်စားဆင်ယင်ပုံမျိုး တွေ့ရ၏။

မန္တလေး ပိုးအပေါ်ပုံအကျီနှင့် ကျနသပ်ရပ်သော ကြွေအိုးတိုက် (သည်ပြုတ်ရှပ်အကျီကို ဝတ်ဆင်ထားပြီး သူ၏ ခါး၌ အဖိုးတန်နားမနည်းသော ရွှေတောင်ပိုးလုံချည်ကို ခံ့ညားစွာဝတ်ဆင်ထားလျက် သားရေခါးပတ် အနက်ကို လုံချည်မြမြအောင် ဝတ်ဆင်ထားခြင်း မဟုတ်ဘဲ သူ၏မူ၊ သူ၏ဟန်အတိုင်း ဝတ်နေကျ၊ ပတ်နေကျအတိုင်း ခါး၌ ပတ်ထားလိုက်သေး၏။

သူ၏ အသွင်အပြင်မှာလည်း ဖော်ရွေပျူငှာတတ်သော အသွင်ကို ဆောင်ရုံမက ရာထူးဂုဏ်ရှိန်ကြောင့် မောက်မောက်မာမာ ဆက်ဆံမည့် အသွင်မျိုးကို မတွေ့ရချေ။

ထိုအချိန်တွင် ကျွန်ုပ်အနီး၌ရှိသော ဦးသူတော်မှာ ကျွန်ုပ်နှင့်အတူ ယှဉ်လျက်ရပ်နေရာမှ ပျာပျာသလဲ အပြေးကလေး ထွက်သွားပြီး–

"မြို့ပိုင်လေးပါလား"

"ဦးတို့ ဘာဖြစ်နေကြတာလဲ၊ ဟာ ကိုကျော်ခိုင် ခင်ဗျား ဒီရောက်နေတာကိုး။ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် မောင်မောင်လေဗျာ"

မောင်မောင်ဟု သူ့ကိုယ်သူ ပြောလိုက်သော မြို့ပိုင်လေးဆိုသူ



www.burmeseclassic.com

www.burmeseclassic.com



က ဦးသုတော်ကို မေးရင်းမှ မောင်ကျော်ခိုင်ကို တစ်ဆက်တည်း ပြောလိုက်ကာ သူ့ကိုယ်သူလည်း ဘယ်သူဘယ်ဝါ ဟူ၍ ပြောပြနေပြန်၏။

"ကျုပ်မသိဘူး၊ ကျုပ်ဘယ်သူ့ကိုမှ မှတ်လည်း မှတ်မိဘူး၊ မှတ်လည်း မမှတ်ဘူး၊ ကျုပ်သိတာ နုနုရီခေါ်တဲ့ မနုစာရီပဲ သိတယ်၊ ကျုပ်ကို လွှတ်ပါ"

ကျွန်ုပ်တို့လည်း လွှတ်လိုက်ရာ မောင်ကျော်ခိုင်မှာ မန်းချောင်းဘက်သို့ ပြေးဆင်းသွားတော့၏။

"ဒီလူ တက္ကသိုလ်ကျောင်းသားဗျ၊ ကျောင်းတက်နေရင်း စိတ်ဖောက်သွားတာ၊ သနားစရာပါပဲဗျာ"

မြို့ပိုင်လေးက ပြောပြနေ၏။

မြို့ပိုင်လေးဆိုသူသည် ဦးသုတော်အပါအဝင် ကျွန်ုပ်တို့ အားလုံးအား စိတ်မကောင်းဖြစ်သော မျက်နှာထားနှင့် တက္ကသိုလ်ကျောင်းသား မောင်ကျော်ခိုင် ခေါ် မောင်ကာလီနှင့် ပတ်သက်၍ ပြောပြလေ၏။ ကျွန်ုပ်သည် မြို့ပိုင်လေးဆိုသူ၏ စကားကို ကြားပြီးနောက် တယောထိုး လွန်စွာကောင်းလှသည့် မောင်ကျော်ခိုင်၏ ကရုဏာသက်ဖွယ်ရာ အဖြစ်အားစဉ်းစား၍ နေမိ၏။ ကျန်လူများမှာလည်း ကျွန်ုပ်ကဲ့သို့ပင် စိတ်မကောင်းဖြစ်ကြကောင်း ဖြစ်ကြမည်ဖြစ်သော်လည်း ကျွန်ုပ်က ၎င်းတို့ထက်ပို၍ စိတ်မကောင်း ဖြစ်ရသည့်





အချက်မှာ ကျွန်ုပ်ကိုယ်တိုင်က ရွှေတံဆိပ်ရ တယောသမား ဖြစ်နေသဖြင့် ကျွန်ုပ်သည် ဂီတသမားချင်းဟူသော အနုပညာ သောဘာဏ ရသ၏ ဆွေမျိုးတော်စပ်မှုကြောင့် ပို၍ စိတ်မကောင်းဖြစ်မိလေ၏။

"မြို့ပိုင်လေးရ၊ ဘယ်လိုကနေ ဘယ်လို စိတ်ဖောက်ပြန်သွားရတာလဲ ပြောစမ်းပါဦး၊ ဟောဒီက ရန်ကုန်ကလာတဲ့ ကျုပ်မိတ်ဆွေတွေ ကြားရအောင်ဗျာ"

"ပြောရမယ်ဆိုရင် အရှည်ကြီးပဲ ဦးရာ၊ ဒီက ဦးလေးတို့ မပြန်သေးဘူးမို့လား၊ မပြန်ခင် တွေ့ကြသေးတာပေါ့၊ အခုတော့ ကျွန်တော် သွားစရာကိစ္စလေးရှိနေလို့ပါ ခွင့်ပြုကြပါဦး ခင်ဗျာ"

မြို့ပိုင်ကလေး ကိုမောင်မောင်ဆိုသူသည် ဦးသုတော်နှင့် တကွ ကျွန်ုပ်တို့ အားလုံးအား နှုတ်ဆက်၍ ၎င်း၏ ကားဆီသို့ ပြန်၍ ထွက်ခွာသွားလေ၏။

ကျွန်ုပ်တို့လည်း ထိုနေရာမှ စိတ်မကောင်းစွာနှင့် ထွက်ခွာလာခဲ့ကြလေ၏။ သို့သော် ကိုမောင်မောင်သည် ပေးထားသော ကတိကို တည်ပါပေသည်။ ကျွန်ုပ်တို့ ရန်ကုန်သို့ မပြန်မီ တစ်ရက်တွင် သူ့အိမ်၌ ထမင်းစားဖိတ်၍ မောင်ကျော်ခိုင်ခေါ် မောင်ကာလီ၏ အဟောင်းပုံ အကြောင်းစုံကို စိတ်ရှည်လက်ရှည် ပြောပြလေ၏။

"ကျွန်တော်ရယ်၊ ကိုကြီးထွေးရယ်၊ ဟောဒီ ဦးကျော်ခိုင်ရယ်ဟာ ကျောင်းနေဘက် သူငယ်ချင်းတွေပါ။ ကိုကျော်ခိုင်က ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ငွေနဲ့ ကျွန်တော့်ထက် တစ်နှစ်စောပြီး တက္ကသိုလ်ကို ရောက်တယ်။ အိုင်အေတန်းမှာ သူက တစ်နှစ်ကျသွားတာကြောင့် ကျွန်တော်တို့ နှစ်ယောက်နဲ့ အတူတူ ဖြစ်သွားတာခင်ဗျ"

"ဘယ်ပုံ စိတ်ဖောက်သွားတာလဲ မြို့ပိုင်လေး"

"သူ့မှာ ချစ်သူရှိနေပြီ။ ညနေတိုင်း သူ့ချစ်သူနဲ့ တွေ့ဖို့ သွားရတယ်ဆိုပြီး အင်းလျား ကန်ဘက်ကို သွားတာပဲခင်ဗျ။ ကျွန်တော်နဲ့ ကိုကြီးငွေကလည်း ဒီလိုဆိုရင် ကိုဇကျော်နိုင့် အမျိုးသမီးကို မြင်စမ်းပါရစေလို့ ပြောကြတယ်။ သူက နောက်တော့ ကြည့်တာပေါ့။ နောက်တော့ ကြည့်တာပေါ့နဲ့ ရက်ကို ဆွဲလာတယ်"

"အ[illegible] ဆက်စမ်းပါဦး"

"သုံးလလောက်ရှိတော့ ကျောင်းလည်း ပိတ်ခါနီးပြီ။ ခင်ဗျား အမျိုးသမီးကို ကျုပ်တို့ မသိရသေးဘူးလားလို့ မေးတော့ သိရပေါ့ဗျာ။ မနက်ဖြန် သူ့ ဓာတ်ပုံ အရိုက်ခံမယ်၊ ကိုကြီးငွေ ကင်မရာ ငှားလိုက်စမ်းပါလို့ ဆိုပြီး နောက်တစ်နေ့မှာ ကိုကြီးငွေရဲ့ ရိုလီကော့ကင်မရာလေး လွယ်ပြီး ထွက်သွားတာပဲခင်ဗျ။ ညနေကျတော့ ပြန်လာတယ်။ သူ ရိုက်လာတဲ့ ဖလင်လိပ်တွေကို ကျွန်တော်တို့ သုံးယောက်စလုံး လှည်းတန်းထိပ်က လှလွန်း ဆွေ ဓာတ်ပုံတိုက်မှာ ကူးဖို့ သွားပေးကြတယ် ခင်ဗျ"





"အဲဒီတော့ ဘယ်လိုဖြစ်သလဲ မြို့ပိုင်လေးရ"

"ဓာတ်ပုံတွေ သွားရွေးကြတော့ ပြဿနာ ပေါ်တော့တာပါပဲခင်ဗျာ"

"ဘယ်လိုကြောင့်လဲ"

ကျွန်ုပ်သည် သိလိုဇောဖြင့် မေးလိုက်၏။

"ဟာဗျာ ဖလင်နှစ်လိပ်ကုန်အောင် ရိုက်တာ သူ့ရည်းစားပုံ တစ်ပုံမှ မပါပါဘူး။ ဆိုင်က ပုံတွေပေးတော့ ကြည့်လိုက်တာ ဦးတို့ရာ၊ ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးတွေ၊ တကောင်းကျောင်းဆောင်ရှေ့က စိန်ပန်းပင်ကြီးနဲ့ ခုံတန်းကလေး၊ အဓိပတိလမ်းထိပ်က သံတံခါးကြီး၊ အင်းလျားက အုတ်လှေကား၊ အို.... စုံနေတာပဲ၊ တက္ကသိုလ်နယ်မြေတစ်ခွင်တော့ အနှံ့ပါပဲ။ ဒါပေမယ့် ကိုကျော်နိုင် အမျိုးသမီးတော့ တစ်ပုံမှ မပါဘူးခင်ဗျ"

"ဘာကို ဆိုလိုတာလဲ မြို့ပိုင်လေး၊ ကျုပ်တို့ ကောင်းကောင်း နားမရှင်းဘူး၊ လုပ်စမ်းပါဦး"

"ကျွန်တော်တို့လည်း အဲဒီတုန်းက နားမရှင်းဘူး။ ကိုကျော်နိုင် ကျွန်တော်တို့ကို နောက်နေတယ် မှတ်နေတာ။ ဒါပေမယ့် အဲဒီပုံတွေကို ကြည့်ပြီး သူ မျက်ရည်တွေ ကျနေတယ် ခင်ဗျ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ ကိုကြီးငွေက မင်းဖြစ်ပုံတွေ ဘယ်လို
ရှင်းပြစမ်းပါဦးလို့ ဆိုလိုက်တော့"

"အင်း လုပ်စမ်းပါဦး၊ ဘယ်လိုတဲ့လဲ မြို့ပိုင်ကလေးရဲ့"

"ခင်ဗျားတို့ကို ပြောရင် ယုံမှာ မဟုတ်ပါဘူး ဆိုပြီး ငြ
နေသေးတယ်။ ကျွန်တော်နဲ့ ကိုကြီးငွေကလည်း ယုံပါတယ်
ပြောစမ်းပါ၊ ခင်ဗျား ဘာကြောင့် ငိုရတာလဲဆိုတော့ သူ
ရှင်းပြပါတယ်။ ဒါပေမယ့် သူပြောတဲ့အတိုင်းပါပဲ။ ကျွန်တော်
တို့က သူ့စကားကို မယုံခဲ့ကြပါဘူး"

"သူက ဘယ်လိုများ ပြောတာကြောင့် ခင်ဗျားတို့ မယုံ
ရတာလဲ"

"ဒီလိုပါဦး၊ ကိုကျော်ခိုင်က ဘွဲ့နှင်းသဘင် ခန်းမပုံကို ပြပြီး
ဒီမှာ နုနုရီကို ထိုင်ခိုင်းပြီး သူ ရိုက်ယူခဲ့ပါတယ်ဆိုတဲ့ အကြောင်း
စိန်ပန်းပင်ကြီးအောက်က ခုံတန်းပုံကို ပြပြီး ဒီမှာ နုနုရီကို
ထိုင်ခိုင်းပြီး သူ ရိုက်ခဲ့တယ်ဆိုတဲ့အကြောင်း၊ အဓိပတိလမ်းထိ
က သံတံခါးကြီးမှာ မှီခိုင်းပြီး ရိုက်ခဲ့တယ်ဆိုတဲ့အကြောင်း
ပြောပါတယ်။ ဒါပေမယ့် ကူးလိုက်တော့ နုနုရီရဲ့ပုံ တစ်
မပါလာတော့ဘူးလို့လည်း ပြောပါတယ်"

"မောင်ကျော်ခိုင်ဟာ ဓာတ်ပုံ ကောင်းကောင်းရိုက်တတ်တ
မဟုတ်လား မြို့ပိုင်လေး"



"ရိုက်တတ်ပြီလား ခင်ဗျာ၊ တက္ကသိုလ် ဓာတ်ပုံအသင်း၊
မအူပင်ဓာတ်ပုံအသင်းမှာ အမှုဆောင်လူကြီးလည်း လုပ်တယ်၊
ဆုတွေလည်း ရဖူးတဲ့သူပါ"

"ဒါဖြင့် သူရိုက်တဲ့ နုနုရီက ပုံထဲမှာ ဘာကြောင့် မပါရမှာ
ခင်ဗျ"

"အဲဒါ ပြောတာပေါ့ ဦးရယ်၊ အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်
မဟုတ်လား (Photo Tells No Tale) ဓာတ်ပုံဟာ အမှန်အတိုင်း
ဖော်ပြတယ် ဆိုတာလေ"

"ဟုတ်သားပဲ မြို့ပိုင်လေး၊ ဒါထက် မောင်ကျော်ခိုင်က ဘာ
ပြောသလဲ"

"ကျုပ် အစက ပြောသားပဲတဲ့၊ ပြောရင် ယုံမှာ မဟုတ်ပါဘူး
လို့၊ အခု ခင်ဗျားတို့ နှစ်ယောက်စလုံး မယုံတော့ဘူး မဟုတ်
လားတဲ့၊ ကျုပ့်ချစ်သူ နုနုရီဟာ သိပ်လှတယ်ဗျ။ လူမကာ နတ်
တမျှ လှတယ်။ လှလွန်း၊ နုလွန်းလို့ ဓာတ်ပုံထဲမှာတောင် မထင်
တော့တာဗျ၊ သူက ဒီတိုင်း ပြောပါတယ်။ ဒီစကားဟာ လူ
ကောင်းတစ်ယောက် ပြောတဲ့စကားလို့ ကျွန်တော်တော့ ဘယ်
နည်းနဲ့ လက်မခံနိုင်ဘူး။ ဒါကြောင့် ကိုကျော်ခိုင်ဟာ အဲဒီ
အချိန်မှာပဲဖြစ်ဖြစ် အဲဒီထက် စောပြီးပဲဖြစ်ဖြစ် ရူးနေပြီဆို
တာတော့ မငြင်းနိုင်တော့ဘူး။ သူလည်း အဲဒီလို ပြောလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြော၊ ငိုလည်း ငိုပြီး ထွက်သွားတာပါပဲ ဦး၊ ကျွန်တော်
လိုက်ခေါ်ပါသေးတယ်။ ဒါပေမယ့် မရပါဘူးလေ"

"နောက်တော့ကော မြို့ပိုင်လေး"

"သူ့အကြောင်းကိုတော့ အဆောင်မှူးကိုရော ဆရာတွေ
ပါ ပြောပြခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်နဲ့ ကိုကြီးငွေ
နုနုရီ ဆိုတဲ့ တက္ကသိုလ်ကျောင်းသူကို ရှာကြပါတယ်ခင်ဗျ"

"ဆက်ပါဦးဗျူ၊ စိတ်ဝင်စားစရာပါပဲဗျာ"

"အဲဒီနှစ်က နုနုရီဆိုတဲ့ နာမည်ဟာ တက္ကသိုလ်မှာ ရှားလှ
တာခင်ဗျာ၊ နှစ်ယောက်ထဲ ရှိတယ်။ အဲဒီနှစ်ယောက်
လေ့လာကြည့်တော့လည်း ကိုကျော်ခိုင်ကိုသာ မဟုတ်ပါဘူ
ဘယ်ကျောင်းသားကိုမှ မသိကြလောက်အောင်ကို ရိုးကြ
အ,ကြ တဲ့ ကျောင်းသူကလေးတွေပါ။ ဒါပေမယ့် တစ်ခုတော့
ရှိတယ်ဦး၊ ကျွန်တော် တက္ကသိုလ်ရောက်ခင် တစ်နှစ်မှာတော့
ရုက္ခဗေဒမှာ ထူးချွန်တဲ့ ကျောင်းသူကလေး နုနုရီ ဆိုတာတော
ရှိခဲ့တယ်။ ဒါပေမယ့် တက္ကသိုလ်ဆေးရုံမှာ တိုက်ဖွိုက်
ရောဂါဖြစ်လို့ တက်ကနေတုန်း ဆုံးသွားတယ် ခင်ဗျ၊ သူဆုံး
သွားတာ နောက်ဆုံးနှစ် ခင်ဗျာ၊ ကိုကျော်ခိုင်ကတော့ ကျော
ရောက်စ ပထမနှစ်ပေါ့ ခင်ဗျာ"

"ဟင် ထူးတာတော့ ရှိနေပြီဗျို့ ဆုံးအောင်တော့ ပြောပြပါဦး"





"ပြောပါမယ့်ဦး၊ ထူးတာလည်း အခုနပဲခင်ဗျ၊ အဲဒီ နုနုရီ ဆိုတဲ့
ကျောင်းသူလေး သေဆုံးကြောင်းကို သူပေးထားတဲ့ လိပ်စာ
အတိုင်း ကျောင်းက အကြောင်းကြားခဲ့ပါတယ်။ သူပေးခဲ့တဲ့
လိပ်စာပဲ မလာကြဘူးခင်ဗျ၊ 'နဲ့ ကျောင်းကပဲ သင်္ဂြိုဟ်လိုက်
တယ်။ အဲ... အဲ... သူပေးခဲ့တဲ့ လိပ်စာဟာ ဟောဒီ စကုမြို့ပဲ
ခင်ဗျ၊ ကျွန်တော်ကောင်းကောင်း မှတ်မိခဲ့ပါတယ်။ နောက်
ကျွန်တော် ကျောင်းက ထွက်ပြီး လက်ထောက်မြို့ပိုင်အဖြစ်နဲ့
ဒီမြို့ကို ရောက်လာပြန်တော့ တိတိကျကျ မဟုတ်တာတောင်
ခရီးသွားဟန်လွှဲ ဆိုဘာကို စုံစမ်းကြည့်ပါတယ်။ စကုမြို့
သမထီးရပ်က နုနုရီ ဆိုတဲ့ တက္ကသိုလ်ကျောင်းသူလေး
တိုက်ဖွိုက်ရောဂါနဲ့ ဆုံးသွားတာကို ဘယ်သူမှ မသိကြပါဘူး။
အဲဒီအရပ်မှာလည်း အဲဒီနာမည်နဲ့ အဖြစ်အပျက်ဟာ အမှန်
တကယ်လည်း မရှိခဲ့ဘူးဆိုတာ သိရပါတယ်"

"မြို့ပိုင်လေးကလည်း ကျုပ်လို လူပဲ၊ ထူးထူးဆန်းဆန်း
ကလေးတွေကို စိတ်ဝင်စားတတ်တာကိုး"

"ဟုတ်ပါတယ် ခင်ဗျ"

"ဒါထက် မောင်ကျော်ခိုင်နဲ့ နောက်တွေ့သေးလား"

"တွေ့ပါတယ် ခင်ဗျ၊ သူ့မိဘတွေ ရောက်လာပြီး ကျွန်တော်ကို
ရှာမိုင်းလို့ ရှာမိုင်းခဲ့ရပါတယ်။ ရန်ကုန်မြို့ ချောင်ကြိုချောင်ကြား



www.burmeseclassic.com

www.burmeseclassic.com



မကျန် ကိုကျော်ခိုင်ကို ရှာခဲ့ရပါတယ်။ နောက်ဆုံး တာ
သုသာန်ထဲမှာ သွားတွေ့ပါတယ်။ ထူးလိုက်ပုံက ဦးရယ် သူ
တဲ့ နေရာက အုတ်ဂူဟောင်းလေး တစ်ခုမှာ (မနုစာရီ)ဆို
ကျောက်ပြားလေး တွေ့တယ်ခင်ဗျ၊ ပြီးတော့ သူ့လိုပဲ ရူးနေ
လူတစ်ယောက်လည်း အဲဒီဂူအနားမှာ တွေ့ခဲ့တယ်။ အဲဒီလူ
လည်း ခေတ်ပညာတတ် တစ်ယောက်လို့ ယူဆရတာ
ဦးရယ်၊ (မနုစာရီ) သူ့အချစ်ပါတဲ့။ သူ့ချစ်သူရဲ့ လက်ပြ
တစ်ဘက်ဟာ ကျောက်ဆည် ဝေဘူတောင်ပေါ်က ကျော
သေတ္တာကြီးထဲမှာ ရှိတယ်ဆိုပဲ၊ အဲဒီလက် ပြန်ရရင် ဒီအုတ်ဂူ
က (မနုစာရီ) မင်းသမီးလေးဟာ ပြန်ရှင်လာမှာပဲလို့ ကျွန်တေ
တို့ကို ခပ်တည်တည်နဲ့ ပြောနေတယ်ခင်ဗျ၊ အဲ....အဲ သူ့နာမ
ကိုတော့ လက်ဖတင်နင် နန်းဝေလို့ ပြောတယ်ခင်ဗျ"

"ဟိုက်"

ကျွန်ုပ်သည် လက်ဖတင်နင် နန်းဝေဟူသော အသံကြားရလျှ
ကြားရခြင်း အံ့သြလွန်းသဖြင့် 'ဟိုက်'ဟုသာ အသံထွက်သွ
တော့၏။

"မဆုံးသေးဘူး ဦး၊ ကိုကျော်ခိုင်ကလည်း ဒီအုတ်ဂူထဲမှာ ရှိ
(မနုစာရီ)ဆိုတာ တက္ကသိုလ်ကျောင်းမှာ တိုက်ဖွိုက်ဖြစ်
သေသွားတဲ့ သူ့ချစ်သူ နုနုရီဖြစ်တယ်လို့ ပြောပြန်တယ်ဦး၊ နှ

ခေါ် မနုစာရီကို မယုံကြဘူးလား၊ မနုစာရီဟာ လူမဟုတ်ဘူးဗျ၊ ဇော်ဂျီ၊ မိန်းမဇော်ဂျီ နားလည်ပြီလား၊ အခု ဒီဂူထဲဝင်နေတာဟာ သေတာ မ ့တ်ကြနဲ့၊ ဗိုလ်ဝင်နေတာဗျ၊ နားလည်လ ား ငများ တို့ ကျုပ်ပြောတာ မယုံဘူးလ း ဇော်ဂျီမလေး မနုစ ိ ရန်ကုန်တက္ကသိုလ်မှာ လူယောင်ဆောင်ပြီး ကျောင်းလာတက်ခဲ့တယ်ဆိုတာ မယုံကြဘူးလား၊ မယုံရင် ကျုပ်ဆီ မလာကြနဲ့ဆိုပြီး ကိုကျော်ခိုင်က ကျွန်တော်တို့ကို မောင်းတော ထုတ်ခဲ့ပါသေးတယ် ဦး"

"နောက် ဘာတွေ ဆက်ဖြစ်သေးသလဲ၊ မြို့ပိုင်ကလေး"

"ကျွန်တော်နဲ့ ကိုကြီးငွေဟာ ကိုကျော်ခိုင်ကို ချော့မော့ပြီး သူ့မိဘများထံ အပ်နှံခဲ့ပါတယ်။ သူ့မိဘများက စိတ်ကျန်းမာရေးဆေးရုံမှာ ကုသပေးခဲ့ပ ယ်လို့ပဲ သိရပါတယ်။ တစ်ခုထူးတာကတော့ ကိုကျော်ခိုင်ဟာ စိတ်ဖောက်ပြန်သွားကာမှ တယောထိုးတတ်လာတယ် ခင်ဗျ၊ သူ့ကို တွေ့လေရာရာမှာ တယောနဲ့ တွေ့ရတတ်ပါတယ်။ ပြီးတော့ သူဆိုလေ့ရှိတဲ့ သီချင်းကတော့ ဘာတဲ့ဦးရယ် အင်း..."

"ရှာ ရှာသူပမ်းပွယ်၊ ကြာလေလေ နွမ်းတယ်၊ 'မနုစာရီ' ရယ် ဆိုတဲ့ အဆိုနဲ့ တယောသံကတော့ ကျွန်တော်တို့ နားထောင်နေသူအဖို့ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရတယ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်ခိုင်နှင့် လက်ဖတင်နင် နန်းဝေတို့ကို သာမ
မနုစာရီဟူသော အမည်သည် ကျွန်ုပ်ကိုပင် ဖမ်းစားနေပြီလား
မဆိုနိုင်ပါ။ ကျွန်ုပ်၏ ဦးနှောက်အတွင်း၌ မနုစာရီဟူသော အမည်
သည် တော်တော်နှင့် ပျောက်ပျက်ခြင်း မရှိဘဲ စွဲထင်လျက် ရှိပေတော့၏

လက်ဖတင်နင် နန်းဝေ၊ မနုစာရီ၊ မောင်ကျော်ခိုင်တို့၏ အမည်
များမှာ ကျွန်ုပ်အဖို့ ထိုင်, ထိုင်နေစဉ်အတွင်း စား, စားနေစဉ်အတွင်း
အိပ်, အိပ်နေစဉ်အတွင်း၌ပင်လျှင် လွန်စွာမှ ပူးကပ်၍ နေပေ၏။

ကျွန်ုပ်ကို ကျွန်ုပ် လွန်စွာမှ ပြတ်သားသူ၊ သံယောဇဉ် ကင်း
ကင်း နေနိုင်ခဲ့သူ တစ်ယောက်အဖြစ် ရပ်တည်နေထိုင်လာခဲ့သူ ဖြစ်
သော်လည်း ၎င်းတို့သုံးဦးနှင့် ပတ်သက်၍မူ ကျွန်ုပ်၏ အာရုံတိုင်းတွင်
ပယ်ထုတ်၍ မရအောင် စွဲလမ်းမှု ဖြစ်နေသည်ကား ကျွန်ုပ်ကို
ကျွန်ုပ်ပင် အကြီးအကျယ် အံ့ဩနေမိ၏။

သို့သော်လည်း တစ်ခုခု ကျွန်ုပ်စိတ်ကူးတိုင်း သူတို့တစ်တေ
သည် ကျွန်ုပ်၏အတွေးအိမ်၌ အမြဲလိုလို တံခါးဖွင့်ထားသဖြ
ဝင်ရောက်ခွင့် ရနေသော စိတ်ညွှသည်များပမာ ရှိနေကြတော့၏

ကျွန်ုပ်တို့သည် စကျုမြို့၌ ဆန်စက် မတည်ဖြစ်ခဲ့သဖြင့် စ
မြို့နှင့် လည်းကောင်း၊ မြို့ပိုင်လေး ဦးမောင်မောင်နှင့်လည်းကော
အဆက်အသွယ် ပြတ်ခဲ့ရလေတော့၏။





(၄)

## ကျွန်ုပ်နှင့် မိုးကြိုးအိုးကလေး

ကျွန်ုပ်သည် လက်ဖတင်နင် နန်းဝေကို လည်းကောင်း၊ တက္ကသိုလ်ကျောင်းသား မောင်ကျော်ခိုင်ကို လည်းကောင်း၊ သူတို့နှစ်ဦးနှင့် ပတ်သက်သော မနုစာရီကို လည်းကောင်း၊ လုံးဝအမှတ်ရခြင်း မရှိတော့ပါ။ ကျွန်ုပ်၏မိတ်ဆွေ ကိုလှမောင်လည်း အကြောင်းအမျိုးမျိုးကြောင့် စကျု၌ ဆန်စက် မတည်ဖြစ်တော့ပါ။

ကျွန်ုပ်လည်း တပည့်လေး မောင်ဝိုင်းမောင်နှင့်အတူ ကျွန်ုပ်၏ ကျူရီယိုဆိုင်လုပ်ငန်းမှာပင် နစ်မြုပ်နေခဲ့၏။ ကျူရီယိုဆိုင် အတွက် အဖိုးတန်သော ရှေးဟောင်းပစ္စည်းများ ရှာဖွေခြင်းဖြင့် ကျွန်ုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အားလပ်သည်ဟူ၍ မရှိခဲ့ချေ။

ကျွန်ုပ်သည် ရတနာဂီရိရောက် ပန်းတဉ်းဝန်က အပျိုတော် ဝဿန်အပါအဝင် အပျိုတော်လေး လေးဦးကို အမှက်ပြေ လက်ဆောင်အဖြစ် ခပ်လုပ်ပေးသော မိုးကြိုးအိုးကလေးတစ်လုံး မြန်မာပြည်၌ ရှိနေသည်ဟု သတင်းရမိသည်နှင့် တစ်ပြိုင်နက် ထိုအိုးကလေးရရှိရာ ရရှိကြောင်းအတွက် ဒုက္ခအမျိုးမျိုးခံ၍ လိုက်ခဲ့ရာ နောက်ဆုံး၌ ကျွန်ုပ်လက်ဝယ်သို့ ထိုအိုးကလေးတစ်လုံး ရောက်ရှိလာခဲ့တော့၏။

ယင်းအိုးကလေးနှင့် ပက်သက်၍ ကျွန်ုပ်ဆိုင်သို့ မကြာခဏလာရောက်လည်ပတ်လေ့ရှိသော သတင်းစာဆရာ ဦးသိမ်းမောင်ကို ကျွန်ုပ်က အကြောင်းစုံ ပြောပြရာ ဆရာ ဦးသိမ်းမောင်က ဆောင်းပါးရေးမည် တကဲကဲ ရှိတော့၏။

တစ်နေ့သ၌ ကျွန်ုပ်က ဦးသိမ်းမောင်ကို ''ဆရာရယ် ကမ်းဘရိတ် တက္ကသိုလ်ပါမောက္ခက ဒီအိုးကလေးကို သုံးထောင် တောင် ပေးဝယ်ပါဟယ်။ ကျွန်တော်က ဈေးပိုရဦးမလား အာတင်နဲ့ ဆွဲထားလိုက်တယ်၊ ခုထိ သူပေးတဲ့ ဈေးကို မီတဲ့ ဝယ်သူ တစ်ယောက်မှ မပေါ်သေးဘဲ ကျွန်တော့်ဆီမှာ ဒီအိုးကလေး သောင်တင်နေတာ''

''ပါမောက္ခကြီးက ဈေးပေးလှချည်လားဗျ၊ ခင်ဗျား ပစ္စည်းမှာ ပေးလောက်တဲ့ အချက်တော့ ရှိမယ်ဗျ၊ ပြစမ်းပါဦး သေသေချာချာ ကျုပ်တို့ ထပ်ပြီး ကြည့်ကြရအောင်''

ကျွန်ုပ်နှင့် ဆရာဦးသိမ်းမောင်သည် အိုးကလေးကို ထုတ်၍ ကြည့်ကြပြန်၏။ ထိုသို့ ထုတ်ကြည့်ကြသည့် အကြိမ်ပေါင်းလည်း မနည်းတော့ချေ။ ဦးသိမ်းမောင်သည် ရိုးရိုးမျက်စိဖြင့် ကြည့်ရသည်ကို မကျေနပ်သဖြင့်....

''ကိုအောင်ထွန်း မှန်ဘီလူး မရှိဘူးလားဗျာ''ဟု ဆိုသဖြင့် ကျွန်ုပ်သည် အတော်အတန် အားကောင်းသော မှန်ဘီလူးတစ်ခု ထုတ်ပေးရာ ဆရာဦးသိမ်းမောင်သည် စိန်ကို အကဲခတ်သော စိန်ပွဲစားကဲ့သို့ မိုးကြိုးအိုးလေးကို လှည့်ပတ်၍ တစိမ့်စိမ့် ကြည့်ရှုနေတော့၏။

''ဟော တွေ့ပြီ၊ တွေ့ပြီ''

''ဘာတွေ့တာလဲ ဆရာ''

''ဒီမှာ ကြည့်စမ်း၊ ပန်းပြောက်ကလေးတွေ အောက်မှာ ပါတာ မြင်တယ် မဟုတ်လား''

ကျွန်ုပ်လည်း ဆရာဦးသိမ်းမောင်ပြ၍ ကြည့်တော့ကြည့် မိပါ၏။ သို့သော် ပန်းခက်တွန့်တွန့် ကလေးများမှ လွဲ၍ အခြား ဘာကိုမျှ မမြင်ဘဲ ရှိတော့၏။

''ပန်းခက်ကလေးတွေလား ဆရာ''

''မဟုတ်ဘူးဗျ၊ ပန်းအောက်က အတွန့်ကလေးတွေဟာ စာဗျ။







www.burmeseclassic.com

www.burmeseclassic.com



စာမှ သရေခေတ္တရာ ခေတ်ထက်တောင် စောဦးမယ်"

"အဲဖြင့်လည်း ဖတ်ပြစမ်းပါ ဆရာရယ်"

"ကျုပ်လည်း ဒီလိုတော့ ဘယ်ဖတ်တတ်မလဲဗျ၊ စာမှန်း သိတာတောင် ကျုပ်မြင်ဖူး မှတ်ဖူးတဲ့ ရကောက်ရယ်၊ ယပက်လက်ရယ်၊ အ, ရယ်ကို တွေ့လို့ဗျ၊ အဲပေမယ့် ကျုပ်မှာ အဲဒီခေတ်လောက်က စာတွေသိမ်းထား ကူးထားတာ ရှိတယ်ဗျ၊ တိုက်ပြီး ဖတ်ကြည့်မယ်လေ၊ ကျုပ်တို့ မသိတာပါရင်လည်း ဆရာဦးဘရင်ကြီး ဆီကို အကူအညီ တောင်းရမှာပေါ့"

"ကောင်းတယ်ဆရာ၊ မြန်မြန်လုပ်ပါ ဆရာ"

ဤသို့နှင့် အိုးပေါ်က စာများကို ဆရာဦးသိမ်းမောင်သည် နေ့လယ်ပိုင်း၌ မှင်တစ်မျိုး သုတ်လိမ်း၍ ကူးယူသွားခဲ့၏။ သို့သော် တော်တော်နှင့် ကျွန်ုပ်ထံသို့ ပေါ်မလာတော့ချေ။

ဆယ့်ငါးရက်ခန့်အကြာ၌မူ ဆရာဦးသိမ်းမောင် ရောက်လာပြီး ကျွန်ုပ်အား ပြန်ဆို၍ရသော စာပိုဒ်ကလေးကို ပေး၏။ မိုးကြိုးအိုးကလေးတွင်ပါသော စာ၏အဓိပ္ပာယ်မှာ....

အရဟံ ဟူသော ဂုဏ်တော်ဖြင့်
သိဒ္ဓိကို ရယူကာ မနုစာရီနှင့်
တွေ့နိုင်ပါစေသော် ဟူ၍ဖြစ်၏၊

ကျွန်ုပ်သည် ထိုစာပိုဒ်ကလေးနှင့် ပတ်သက်၍ အမျိုးမျိုး အဖုံဖုံ





စဉ်းစားကြည့်မိ၏။ သျှို့ဝှက်စွာ ရေးထားသည် ဖြစ်သဖြင့်လည်း အဓိပ္ပာယ်ကို သိလိုလှ၏။ ထိုနေ့ နံနက်က ဆရာ ဦးသိမ်းမောင်သည် ကျွန်ုပ်နှင့်အတူ နံနက်စာ ထမင်းစားပြီး ဖြစ်သွားတော့၏။

ကျွန်ုပ်ကား အိုးပေါ်က စာကို စဉ်းစားမြဲ စဉ်းစားနေ၏။ ညနေဆိုင်းပိတ်ချိန်၌လည်း အခြားတစ်ပါးသို့ မသွားဘဲ စဉ်းစားမြဲ စဉ်းစားနေမိတော့၏။

ကျွန်ုပ် စဉ်းစားပုံကား ဤသို့ ဖြစ်၏။ အရဟံ ဟူသော ဂုဏ်တော်က အကြောင်း၊ မနုစာရီနှင့် တွေ့နိုင်ခြင်းက အကျိုး ထိုသို့ ဖြစ်၏။ သို့သော် မကျေနပ်သေးချေ။ ကျွန်ုပ်သည် (Cause and Effect) ဟု ခေါ်သော အကြောင်းနှင့် အကျိုးပေါ်တွင် အခြေခံ၍ စဉ်းစားပါသည်။ သို့ရာ၌ အကြောင်းအကျိုးတရားနှင့် ပတ်သက်၍ ကျွန်ုပ်သည် ကောလိပ်ကျောင်းရောက်မှ သင်မှတ်ဖူးခဲ့ခြင်း မဟုတ်မူဘဲ ငယ်စဉ် ဘုန်းကြီးကျောင်း၌ နေစဉ်ကပင် မြတ်စွာတရား၏ ပဋ္ဌာန်းဒေသနာတော်ကြီးအား အထိုက်အလျောက် ကြားနာဖူးသည် ဖြစ်ရာ.....

အင်္ဂလိပ်ဘာသာအားဖြင့် (Cause) ဟူ၍ဖြစ်ပြီး မြန်မာအား ဖြင့် အကြောင်းတရားဟု ခေါ်သော စကားကိုပါဠိဘာသာဖြင့် 'ပစ္စည်း' ဟူ၍ သိပြီးဖြစ်၏။ (Effect) ဟု ခေါ်သော အကျိုးတရားကိုလည်း 'ပစ္စ သုပ္ပာန်' ဟူ၍ သိပြီးဖြစ်၏။

—



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပစ္စယဓမ္မ၊ ပစ္စယုပ္ပန္နဓမ္မ ဆိုသော အကြောင်း အကျိုး ဖြစ်ပျက်တည်ရှိတတ်ပုံကို စဉ်းစားရာ၌ ကျွန်ုပ်သည် များစွာ မစိမ်းခဲ့ချေ။ ထို့ထက် အကြောင်းတရား၌ ခိုကပ်နေသည့် "ကြောင်း၏ စွမ်းရည်" (Ablity of Cause) ကိုလည်း အတော် အတန် သဘော ပေါက်သဖြင့် ထိုသိပြီး တရားများ၌ မိုးကြိုးအိုး ကလေးတွင် ပါရှိသော စာကို ဘောင်ခတ်၍ စဉ်းစားမိပါ၏။

အရဟံ ဟူသော ဂုဏ်တော်ကား အကြောင်း –

မနုစာရီနှင့် တွေ့နိုင်ခြင်းကား အကျိုး မဖြစ်နိုင်သေး။ ကြားတွင် အနီးဆုံး အကျိုးဖြစ်ပျက်မှုကား 'သိဒ္ဓိ' ဟူသော အရာကို ရယူနိုင်ခြင်း ဖြစ်ပေမည်ဟု သဘောပေါက်မိရာမှအစ 'အရဟံဂုဏ်တော်' နှင့် 'သိဒ္ဓိကို ရယူခြင်း' နှစ်ခုကိုပင် အထပ်ထပ်၊ အပြန်ပြန် နှုတ်မှ ရွတ်ဆိုနေ၏။ ကြာတော့ အရဟံဂုဏ်တော်၌ ဂုဏ်တော်ဟူသော စကားမပါနိုင်တော့ဘဲ 'အရဟံ' တစ်လုံးသာ ရွတ်ဆိုမိ၏။ သိဒ္ဓိကို ရယူခြင်း၌လည်း 'သိဒ္ဓိ'က လွဲ၍ အခြား စကားလုံးများ မရွတ်ဆိုမိတော့ပေ။ ကျွန်ုပ် အမြေမရသဖြင့် 'အရဟံသိဒ္ဓိ' ဟူသော စကားကို မည်သည့် အခြားတစ်ပါးသော အာရုံမှ မဖြစ်စေဘဲ ရွတ်ဆိုနေမိတော့၏။

"အရဟံ သိဒ္ဓိ၊ အရဟံ သိဒ္ဓိ၊ အရဟံ သိဒ္ဓိ"

ထူးဆန်းလှပေသည်။ ကျွန်ုပ်သည် ရွတ်ဆိုနေရင်း တခဏ





၌ ကတုန်ကယင် ဖြစ်လာတော့၏။ သို့သော် ဆက်၍ ရွတ်လိုက်ရာ ဆယ်မိနစ်ခန့်အကြာတွင် ကျွန်ုပ်တားပွဲပေါ်၌ ဆိုင်ရှိ ပစ္စည်းများ စာရင်းကို ကူး၍ စာကူးစက်ဖြင့် လိုမ့်ပြီး ကြော်ငြာကမ်းရန် တင် ထားသော ဂက်စတင်နာ စာကူးစက္ကူများအား တစ်ရွက်ပြီး တစ်ရွက် ကတုန်ကယင်ဖြင့် ရေးနေကြောင်း သိရ၏။ ထို့နောက်တွင်မူ ကျွန်ုပ်သည် လုံးဝ သတိလွတ်သွားပါတော့၏။ သတိရ၍ ကြည့်လိုက်ရာ ဖူးစကက်အရွယ် ၎င်းစာရွက် နှစ်ရာတိတိအား ကျွန်ုပ်သည် တစ်ရွက်မျှ မကျန်အောင် ရေးပစ်လိုက်ပြီး ဖြစ်တော့၏။

(မှတ်ချက်– နိုင်ငံကျော် ပန်းချီဆရာကြီး ဦးငွေကိုင်သည်လည်း မကွယ်လွန်မီ၌ ဤသို့ မကြာခဏ ဖြစ်ဖူးသည်ဟု သိရ၏။ ထို ဆရာကြီး ရေးဖူးခဲ့သော စာများမှာ ဆရာကြီးကိုယ်တိုင် တစ်လုံးမျှ မတတ်သော ရှေးခေတ် တရုတ်စာများ ဖြစ်၏။ ဆရာကြီးသည် ထိုရေးပြီး တရုတ်စာများကို ကြည့်မြင်တိုင် တရုတ် ဘုံကျောင်းက တရုတ်ဘုန်းတော်ကြီးကို သွားရောက်၍ ဘာသာ ပြန်ခိုင်းတတ်၏။ စာပါ အကြောင်းအရာများ၌ ဆရာကြီးကို ဘယ်အရပ်သို့ သွားရန် ဘာလုပ်ရန် စသည် ညွှန်ကြားချက်များ ပါတတ်မြဲ ဖြစ်၏။ ထိုသို့ ဖြစ်သည်ကို အချို့ အချို့သော လောကီ ပညာဂိုဏ်းများက မာတ် ပွင့်သည်ဟု ခေါ်ဝေါ်ပါသည်။)

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည်လည်း ကျွန်ုပ်ကိုယ်တိုင် လုံးဝ နားမလည်သော ဘာသာတစ်မျိုးဖြင့် ရေးသားထားမိခြင်း ဖြစ်၏။ အကဲခတ်သည်မှာ မိုးကြိုးအိုးကလေးပေါ်၌ တွေ့ရသော စာမှာ ပထမခေတ် မြန်မာစာဟု ဆိုသည့် တွန့်တွန့်တက်တက် စာမျိုးဖြစ်၏။ အချို့ ပုံဂံများမှာလည်း ဂျဲဩမက်ထရီ ပုံများကဲ့သို့ စက်ဝိုင်းများ၊ လေးထောင့်များ၊ တြိဂံများလည်း ပါ၏။

အီဂျစ်အရုပ်စာကဲ့သို့ စာမျိုးလည်း ပါ၏။ မာဂဓသဒ္ဒ သို့မဟုတ် ဓာတ်စမဟု အချို့သော အထက်ဂိုဏ်းများက ရေးသားကြသည့် စာမျိုးလည်း ပါ၏။ ကျွန်ုပ်သည် မစဉ်းစားတတ်အောင် ရှိသည့်အဆုံး၌ ဂုင်းစာထုပ်ကို ပိုက်၍ သတင်းစာ ဆရာကြီး ဦးသိမ်းမောင်ထံသို့ ပြေးခဲ့ရ၏။

ခက်သည်မှာ ဆရာ ဦးသိမ်းမောင်လည်း ထိုစာများကို ဖတ်နိုင်စွမ်း မရှိပါ။ သို့သော် သူသည် အတတ်နိုင်ဆုံး ဇွဲလုံ့လကြီးစွာဖြင့် ကြိုးစားကြည့်သေး၏။ ထိုစာနှင့် ပတ်သက်၍ ယဉ်ကျေးမှုဌာန၊ ကျောက်စာဌာန၊ တက္ကသိုလ်က ဘာသာဗေဒဆိုင်ရာ ပါမောက္ခကြီးများပါမကျန် ဆရာ ဦးသိမ်းမောင် ရောက်ရှိခဲ့၏။ သို့သော် အကြောင်းကား မထူးခဲ့ချေ။

''ကိုအောင်ထွန်းရေ၊ ကျုပ်တော့ လက်လျှော့ပြီဗျာ၊ ခင်ဗျား စာတွေက သဲလွန်စကို ပျောက်လောက်အောင် ရှေးကျလွန်း





တယ်ဗျ။ ကျုပ်အထင်တော့ ထူးဆန်းတဲ့ ပရလောကနဲ့ ဆက်နွယ် စပ်ယှက်နေလေတော့ အဲဒီလိုဘက်က လိုက်စားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ တွေ့ပြီး ကြိုးစားကြည့်စေချင်တယ်''

ဆရာသည် အထက်ပါအတိုင်း ပြောဆို၍ ကျွန်ုပ်၏ စာထုပ် းနှင့် ကျွန်ုပ်ကို ခွဲခွာသွားတော့၏။

ကျွန်ုပ်သည် ထိုစာထုပ်ကြီး တပိုက်ပိုက်နှင့် ဖတ်ပြနိုင်မည့် ာရှင်ကို မနေမနား ရှာဖွေလျက် ရှိတော့၏။ ကျွန်ုပ်သည် ထိုအချိန် ထိုစာအုပ်ကြီးကို ဖတ်ပြနိုင်မည့်သူ တစ်စုံတစ်ယောက်ကများ နုပ်ကို တဖတ်ပြခအဖြစ် အဖိုးအခ တစ်စုံတစ်ရာ တောင်းခံခဲ့ပါမူ နုပ်သည် ကျွန်ုပ်၏ အသက်က လွဲလျှင် မည် သည့် အဖိုးအခမျိုး ပါစေ ပေးနိုင်လိမ့်မည် ဖြစ်၏။

သို့ရာတွင် ဖတ်ပြနိုင်သည့် သူကိုကား ရှာ၍ မတွေ့ခဲ့ပါ။ ထို ထုပ်ကြီးကို ဆယ်လတိုင်တိုင် လွယ်ပိုက်ထားခဲ့ရာမှ တစ်နေ့သ၌ ပ်အဖို့ ကံဆိုးသည်လား၊ ကံကောင်းသည်လား ခွဲခြားရန် ခက်သော ဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရတော့၏။

ကျွန်ုပ်သည် စာထုပ်ကြီးအား ကျွန်ုပ်ရှေ့ရှိ စားပွဲပေါ်တွင် တင်၍ ယိုဆိုင်အတွင်း၌ စိတ်ပျက်စွာ ထိုင်နေ၏။ ထိုအချိန်၌ ဆိုင် င်းသို့ တရုတ်ဘိန်းစားတစ်ဦး ဝင်လာပြီးနောက် ဆိုင်အတွင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ပြသထားသော ပစ္စည်းများကို လျှောက်၍ကြည့်၏။ ထိုတရုတ်
ဘိန်းစားသည် ကြေပန်းအိုးကြီး အနီး၌ရပ်ကာ သေသေချာချာ
ကြည့်ပြီးနောက်...

"ဆရာကီး ဒီဥစ္စာ ပြီလောက်လဲ"

"တစ်ထောင်"

တစ်ဖန် ထိုတရုတ်ဘိန်းစားသည် ကြေးပွတ်လုံး ထိုးထား
သည့် ငါးပန်းဆွဲများကို ကြည့်ပြန်ကာ....

"ဆရာကီး... ဒီပြီလောက်လဲ"

"နှစ်ထောင်"

တရုတ်ဘိန်းစားသည် ကျွန်ုပ်အနီးက ကျောက်ဖြစ်နေသော
အင်ကြင်းကိုင်းကြီးအား ကိုင်ကြည့်ကာ...

"ဆရာကီး... ဒါကော ပြီလောက်လဲ"

"ကိုးရာ"

မကျေနပ်သေးပေ။ ကိုရွှေဘိန်းစားသည် ထိုအင်ကြင်းကိုင်း
ကပ်လျက် ကျွန်ုပ်၏ စားပွဲအနီးတွင် ချလားသော ကျားရုပ်
ချုပ်ထားသည့် ပုံတစ်ပုံကို ကြည့်ပြန်၏။

"ဒါကော ပြီလောက်လဲ ဆရာကီး"

ကျွန်ုပ်သည် များစွာ စိတ်တိုလျက် ရှိပေပြီ။ အမှန်တကယ်
ဝယ်မည်မဟုတ်ဘဲ အားအားရှိတိုင်း ပျေးလျှောက်မေးနေသူ
ကျွန်ုပ်သာလျှင် မဟုတ်၊ မည်သည့်ဈေးသည်မျှ စိတ်ရှည်လိမ့် မည်
မဟုတ်ပေ။

"ဟော့... တရုတ်၊ မင်း ဝယ်နိုင်တာလည်း မဟုတ်ဘဲ၊
အလကား လျှောက်မေးမနေနဲ့ကွာ"

"ကဲနိုနိုင်း မဝယ်နိုင်ဘူး ဟုတ်လား၊ ဒီမှာကြည့်စမ်း"

တရုတ်ဘိန်းစားသည် မီးစနှင့် အတို့ခံရသူကဲ့သို့ မခံမရပ်
နိုင်ဖြစ်သွားပြီးလျှင် လွယ်ထားသော လွယ်အိတ်စုတ်ကြီးကို ဖွင့်ပြ
လိုက်ရာ လွယ်အိတ်အတွင်း၌ ရာတန်ငွေစက္ကူ အထုပ်များ အပြည့်
ရှိနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရတော့၏။ တရုတ်သည် မကျေနပ်
သေးဘဲ အပ်တစ်ရာ ထပ်နေသော သူ၏ အင်္ကျီကြယ်သီးကို ဖြုတ်၍
ရင်ဘတ်ကို ပြကာ.....

"ဒီမှာလည်းကြည့်"

ပြလိုက်သဖြင့် ကြည့်လိုက်ရာ သူ့လည်ပင်း၌ အလွန် တုတ်
သော ရွှေဆွဲကြိုး အကုံးနှစ်ဆယ်ထက်မနည်း ဆွဲထားသည်ကို
တွေ့ရ၏။ ဆွဲကြိုးချည်းသက်သက် မဟုတ်ဘဲ ဆွဲပြားများပါ ပါရှိ၏။
ဆွဲပြားများမှာလည်း အရည်အသွေးကောင်းသော ကျောက်စိမ်းများ၊
ပတ္တမြားများ၊ ပတ္တမြားများအပြင် ရှေးဟောင်း ပစ္စည်းဟု ယူဆရသော
ဆင်တော်နဂါးတံဆိပ်ပါသည့် ရွှေဒင်္ဂါးများ ဖြစ်၏။

ကျွန်ုပ်သည် ထိုဆွဲပြားများကို စိတ်ဝင်စားခြင်း၊ အံ့အားသင့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



စသော စေတသိက်များကို ကြည့်နေစဉ်…

"အဝတ်စုတ်ကို အထင်မသေးရဘူးကွ နားလည်လား"

ဟုဆိုကာ ကျွန်ုပ်၏ မျက်နှာသို့ လက်သီးဖြင့် ထိုးလိုက်တော့၏။ ကျွန်ုပ်သည် သတ်ပုတ်ခြင်းအလုပ်၌ လေ့ကျင့်ထားသူ ဖြစ်သော်လည်း ကျွန်ုပ် မမျှော်လင့်သောအချိန်၊ မမျှော်လင့်သော သူ၏ရန်ပြု ခံလိုက်ရသဖြင့် ကာကွယ်နိုင်ခြင်း မရှိဘဲ နောက်သို့ လန်ကျသွား ရတော့၏။

တရုတ်ဘိန်းစားသည် သူ၌ ရွှေငွေများ ပါရှိသည်ကို သာ ပေါင်တစ်ရာ့ခြောက်ဆယ်ခန့်ရှိသော ကျွန်ုပ်ကို ပုလွေရိုးလောက်သာ ရှိသော သူ၏လက်တံဖြင့် 'နောက်ကောက်' ထိုးချနိုင်ကြောင်း ပြသွားခြင်း ဖြစ်၏။ ကျွန်ုပ်သည် အတော်ကြာကြာ သတိမေ့လျက် သတိရခါနီး၌ ခေါင်းထဲတွင် နောက်ကျိကျိ ရီဝေဝေ ဖြစ်နေ အလွန်ပင် နားထောင်ဖွယ်ရာ ကောင်းသော မိန်းမပျိုလေးတစ် ကရုဏာသက်သော အသံဖြင့်–

"ဗဟန်းက တရုတ်ဘုန်းကြီးကျောင်းကို သွားပါ။ လ လမ်းဘက်ကနေ တက်သွားပါ။ ကုန်းအတက်နားမှာ ရေတွ လေး တွေ့လိမ့်မယ်၊ အဲဒီရေတွင်းမှာ မျက်နှာသစ်ပါ။ 'ဝဲလူ ဆိုတဲ့ တရုတ်ဘုန်းကြီးနဲ့ မုချတွေ့ပါလိမ့်မယ်၊ စာထုပ် သူ့ကို ဆက်ကပ်လိုက်ပါ"





(မှတ်ချက်– ယခင်က လင့်ခ်လမ်းကို ယခုအခါတွင် ဓမ္မစေတီ မ်းဟု ခေါ်သည်။)

ကျွန်ုပ်သည် အသံမဲဆုံးမိ၍ပင်' မျက်လုံးကို ကြိုးစား၍ ဖွင့် ည့်၏။ အသံရှင်ကို ထားဘိဦး၊ အခြား တစ်စုံတစ်ယောက်ကိုပင် ရပါ။ ထို့ကြောင့် ကျွန်ုပ်၏စိတ်၌ "ငါ နားထဲမှာ ကြားလိုက် တာ ဟုတ်မှဟုတ်ပါလေစ"ဟုပင် သံသယဝင်မိသေး၏။ တရုတ် န်းစားလည်း ဆိုင်တွင်း၌ မရှိတော့ချေ။

သို့သော် ကျွန်ုပ်သည် ကျွန်ုပ်၏ တပည့်လေး မောင်ဝိုင်း င်အား စောင့်ဆိုင်းခြင်း မပြုတော့ဘဲ ဆိုင်ကို သော့ခတ်ကာ န်းလင့်ခ်လမ်းဘက်ကို ထွက်လာခဲ့တော့၏။

ရွှေတိဂုံဘုရားဘက်ကို လှည့်သွားမြေနီလမ်းကလေး တစ်ခုသည် ခ်လမ်း(ယခု အာဇာနည်ကုန်း)ထိပ်ရှိ ကုန်းပေါ်တွင် တွေ့မြင်ရ၏။ သော် လူအသွားအလာ အလွန်ပြတ်သော လမ်းဖြစ်သဖြင့် စိတ်ထဲ၌ နဲ့ ဖြစ်မိသေး၏။ မည်သို့ပင်ဖြစ်စေ နောက်ဆုတ်ခြင်း မပြုဘဲ မြေနီ လမ်းကလေးအတိုင်း လျှောက်သွားရာ ကုန်းအတက်နား၌ က် ရေအိုးစင် ကလေးတစ်ခုကို တွေ့ရ၏။ ထိုရေအိုးစင် ကလေး တွင် ရေတွင်းကလေးတစ်ခုကိုပါ တွေ့ရ၏။

ထိုရေတွင်းကလေးမှာ အနက်တစ်ထောင်ခန့်သာ ရှိပြီး အဝမှာ ကာသာသာခန့်သာ ရှိ၏။ ရေတွင်းဘောင်မှာ မီးခတ် ကျောက်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စိ၍ အင်္ဂတေ ကိုင်ထားၡ၏။ ရေတွင်းကို ငုံ့ကြည့်ရာ ကျွန်[illegible] အိတ်တွင်းမှ ငါးမူးစေ့တစ်စေ့သည် ရေတွင်းထဲသို့ ကျသွား၏။ [illegible] ငါးမူးစေ့အား ကြည့်လိုက်မိရာ ပန်းသက်လှန် လျှက်သား ကျနေသ[illegible] ကို အတိုင်းသား မြင်နေရခြင်းကို ထောက်၍ ရေတွင်းထဲမှ ရေသ[illegible] ကြည်ပုံသန့်ပုံကို နားလည်သဘောပေါက်မိတော့၏။

ကျွန်ုပ်သည် ထိုငါးမူးစေ့အား ပြန်၍ ကောက်ယူခြင်း မပြု[illegible] ထားလိုက်၏။ တစ်စုံတစ်ယောက်သည် ရေတွင်းသို့ လာရောက်ပါ[illegible] ကောက်ယူလိုက ကောက်ယူသွားနိုင်ရန် ပုံသကူ အလှူအဖြစ် ထာ[illegible] လိုက်ခြင်း ဖြစ်၏။

ရေတွင်းအနီး၌ ခေတ္တငြိမ်နေပြီးနောက် ကျွန်ုပ်သည် သတိ[illegible] မိသည်မှာ ကျွန်ုပ်ကြားခဲ့ရသော အသံ၌ ရေတွင်းကို တွေ့လျှင် မျက်[illegible] သစ်ရန်ပါ မှာကြားလိုက်ခြင်း ဖြစ်ရာ မျက်နှာသစ်ဦးမှ တော်ပေမည်[illegible] သဘောပိုက်ကာ ရေတွင်းဆီသို့ တပ်ဖန်ပြန်၍ ထ,လာမိပြန်[illegible] ရေတွင်းသို့ ရောက်ပြန်လျှင်လည်း ခပ်ရန် ခွက်မရှိသဖြင့် သောက်[illegible] အိုးစင်မှ ခွက်ကို သွားရောက်ယူရပြန်၏။

ရေတွင်းမှ ရေအနည်းငယ်ကို ခပ်၍ မျက်နှာသစ်ခြင်း၊ အ[illegible] လုပ်ကျင်းခြင်းများ ပြုရာ၌ တစ်ခု ထူးဆန်းသည်မှာ ထိုရေသ[illegible] ပထမအကြိမ် ခပ်၍ အာလုပ်ကျင်းစဉ်၌ ရှိန်းရှိန်းရေချို ဖြစ်သော်လ[illegible] နောက်တစ်ခါ ခပ်၍ ငုံမိသည်၌ ကျောက်ချဉ်ကဲ့သို့ ချဉ်လှတော[illegible]





[illegible]ျွန်ုပ်သည် မကျေနပ်သဖြင့် နောက်တစ်ခါ ခပ်၍ ကြည့်ပြန်ရာ [illegible]ချိုဖြစ်နေပြန်၏။ ကျွန်ုပ်သည် တစ်ခွက်ပြီး တစ်ခွက်ခပ်၍ ငုံကြည့် [illegible]ိက် ထွေးထုတ်လိုက်နှင့် ရေ၏ အကြောင်းကို စူးစမ်းနေစဉ် ငါးဆယ် [illegible]န့် လူတစ်ဦး ရောက်လာပြီးနောက် [illegible]ဘွင်းဘေးက မြေအန[illegible] [illegible]ယ်ကို သံပေါ်ပြားငယ် တစ်ခုနှင့် တူးယူ၍ အနီး၌ပေါက်နေသော [illegible]န်းရွက်တစ်ရွက်နှင့် ထုပ်လိုက်ပြီးနောက် လွယ်အိတ်တွင်းသို့ [illegible]ုံးထည့်လိုက်၏။

ထိုသို့ပြုပြီးလျှင် ထိုသူသည် ကျွန်ုပ်ထံသို့ ရောက်လာပြီး [illegible]မြေများကပ်နေသော သူ၏လက်ကို ရေလောင်းပေးရန် ပြောသဖြင့် [illegible]ျွန်ုပ်က ရေတစ်ခွက်၊ နှစ်ခွက် လောင်းပေးလိုက်ရာ သူက ကျေးဇူး [illegible]င်ကြောင်း ပြောဆိုပြီးနောက် ကျွန်ုပ်ထံမှ ရေခွက်ကို တောင်းယူ [illegible]လျှင် ရေနှစ်ခွက် ခပ်သောက်လို[illegible]၏။

ကျွန်ုပ်က ထိုသူကို "မိတ်ဆွေ ရေက မချဉ်ဘူးလားဗျ" ဟု [illegible]ကြည့်ရာ......

"ကျွန်တော်က သရ,ဘက်က သောက်တာ မဟုတ်ဘူး၊ ဗျည်းဘက်က သောက်တာပါ"

"ဘယ်လိုဗျ၊ ဘယ်လို ကျွန်တော် နားမလည်ဘူး"

"ဪ မိတ်ဆွေက ဒီရေတွင်းအကြောင်း မသိသေးဘဲ ကိုး"

"မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရေတွင်းက အင်္ဂရိတ်သမားတွေ ရှာနေတဲ့ ဖျည်း,သရ
နတ်ရေတွင်းဗျ။ ဟောဒီတစ်ခြမ်း တီတီဟာ ချဉ်တယ်။ ဟော
တစ်ခြမ်းကတော့ ရေချို ဒီရေနှစ်မျိုးဟာ ရောမသွားဘူး။ သတ်
သတ်စီ ဖြစ်နေတယ်။ ရေချိုဘက်ကို ဖျည်းလို့ ခေါ်တယ်။ ရေ
ချဉ်ဘက်ကို သရ လို့ ခေါ်တယ်၊ ဖျည်း သရကျေမှ ဓာတ်သေ
တယ်လို့ ရေးစာရှိတယ် မဟုတ်လားဗျာ"

"စိတ်ဝင်စားစရာပဲ ရှင်းစမ်းပါဦးဗျာ"

"တချို့ ဒီရေကို နေ့တိုင်း အချိုဘက်က တစ်ခွက်၊ အချ
ဘက်က တစ်ခွက် လာလာသောက်ကြတယ်၊ ဒီလို သောက်
များရင် ဖျည်းရော၊ သရရော ကျေတဲ့အတွက် ဝမ်းတွင်းမှာရှိတဲ့
သွေး၊ သည်းခြေ၊ လေ၊ သလိပ်ဆိုတဲ့ ဒေါသများ သေတဲ့
အတွက် အသက်ရှည်တယ်၊ ကျန်းမာတယ်လို့ ဆိုကြတာပဲ"

"ဩော် ဒီလိုကိုး၊ ဒါနဲ့ မိတ်ဆွေ စောစောက မြေကြီးတူးတာ
ကတော့ ဘယ်လို အသုံးပြုဖို့လဲ စစ်စုတယ်လို့တော့ မထင်
နော် စိတ်ဝင်စားလို့ပါ"

"ကျွန်တော်က အင်္ဂရိတ်သမားပါ၊ ဒီနားက မြေက ဖျည်း သရ
ကျေတယ်လို့ အဆိုရှိလေတော့ ဒီမြေကို လုံးရိုက်ပြီး ဓာတ်
သေအောင်ဖမ်းဖို့ပါပဲ"

"ဩော် ဒီလိုရှင်းပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ ခင်ဗျား





သောက်တော့ ဖျည်း သရ နှစ်မျိုး မသောက်ဘဲ၊ ဘာကြောင့်
ရေနှစ်ခွက်စလုံးကို ဖျည်းဘက်ကချည်း သောက်ရတာလဲဗျာ...
ဟင်"

"ဒီလိုပါ၊ သရပိုင်းက အချဉ်ဖြစ်တယ်၊ ဒေသနာနယ်နဲ့ ပြောရင်
အဝိဇ္ဇာဖြစ်ပါတယ်၊ ကျွန်တော်က ပြဒါးဖမ်းပြီး ပြဒါးသေအောင်
လုပ်နေတာ မဟုတ်လား၊ တကယ်လို့ ပြဒါးသေသွားရင်
ပြဒါးဝိဇ္ဇာလုပ်ဖို့ မဟုတ်လား၊ ဒါကြောင့် အဝိဇ္ဇာဘက်က ရေကို
မသောက်တာပါ"

"ဟုတ်ကဲ့ ရှင်းပါပြီ"

"ကဲ သွားမယ် မိတ်ဆွေ"

"ကောင်းပါပြီ ခင်ဗျ"

ထိုသူ ထွက်သွားပြီးနောက် သူပြောသွားသည့်အတိုင်း ရေတွင်းထဲမှ ရေကို တစ်ဖက်စီ ခပ်သောက်ကြည့်ရာ အမှန်ပင် တစ်စုံတစ်ခုနှင့် ကန့်၍ ထည့်ထားသည့်အလား၊ ရေတွင်းထဲတွင် ရေချိုနှင့် ရေချဉ်သည် အကန့်လိုက် အရသာ ကွဲပြားနေ၏။

(မှတ်ချက်- ထိုရေတွင်းမှာ အာဇာနည်ကုန်းအနီး၌ လင့်ခ်လမ်းဘက်၌ ယခုတိုင်အောင် ရှိပါသည်။ ယခုတိုင်လည်း ယုံကြည်သူတို့ လာရောက် သောက်သုံးလျက် ရှိ၏။ စာရေးသူ)

ကျွန်ုပ်သည် ကျေနပ်သည်အထိ ထိုရေတွင်းကလေးက ရေကို

www.burmeseclassic.com



စမ်းသပ်ပြီးနောက် - ရေတွင်းနှင့် မလှမ်းမကမ်းတွင် ထိုင်ကာ ဆေးပြင်းလိပ်သောက်ရင်း အနားယူလျက် ရှိ၏။ ထိုသို့ ဆေးပြင်းလိပ်သောက်နေခဲ့ရာ ဆေးလိပ်တစ်ဝက်ခန့် မီးလောင် ကျွမ်းပြီးနောက် ကျွန်ုပ်သည် တရုတ်ဘုန်းကြီးကျောင်းများရှိရာသို့ မှန်းဆ၍ လျှောက်လာခဲ့ရာ ....

"ဟေ့ ဒကာ ဘယ်သွားမှာလဲ၊ ဒီဘက်မှာ လမ်းမရှိဘူး။ ရှေ့မှာ ဘုန်းကြီးကျောင်းတွေပဲ ရှိတယ်"

ကျွန်ုပ် ရှေ့တည့်တည့်မှ ပြောလိုက်ခြင်းဖြစ်ရာ ကျွန်ုပ်သည် အသံရှင်ကို မော့၍ ကြည့်မိ၏။ ကျွန်ုပ် တွေ့လိုသော တရုတ်ဘုန်းတော်ကြီးတော့ မဟုတ်ချေ။ သက်တော် ငါးဆယ်ခန့်ရှိ မြန်မာ ဘုန်းကြီးတစ်ပါး ဖြစ်နေ၏။

"တင်ပါ့ဘုရား၊ တပည့်တော် အဲဒီတရုတ်ဘုန်းကြီး ကျောင်းတွေဘက် သွားမလို့ပါ ဘုရား"

"ဒါဖြင့်လဲ ပြီးရော၊ ဦးပဉ္ဇင်းတော့ လမ်းမှားပြီး အဲဒီကျောင်းတွေဘက် ရောက်သွားတာ၊ ရွှေတိဂုံဘုရားက ဆင်းပြီး မြေနီကုန်း ဘက်ပြန်တာ ဘယ်လိုကနေ ဘယ်လို လမ်းချော်ပြီး အဲဒီရောက် သွားတယ် မသိပါဘူး ဒကာရယ်"

"တင်ပါ့ဘုရား၊ မြေနီကုန်းကို ကြွမယ်ဆိုရင် ဒီလမ်းအတိုင်း ဆက်သွားရင် ရပါပြီဘုရား၊ မြေနီကုန်း ဘယ်ကျောင်းတိုက် ကပါလဲ ဘုရား"





"ဦးပဉ္ဇင်း မြေနီကုန်းက မဟုတ်ပါဘူး။ မြေနီကုန်းရှေ့ရောက်မှ သမိုင်းကို မော်တော်ကား စီးရမယ်၊ သမိုင်း ကျိုက်ဝိုင်းလမ်း ညာဏတာဂီ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကပါ"

"တင်ပါ့ဘုရား၊ နောက်နောင် ရောက်တဲ့အခါ ဝင်ရောက်ပြီး လှူဒါန်းနိုင်အောင် ဘွဲ့မည်များ သိပါရစေ ဘုရား"

"ဦးသုန္ဒရလို့ မေးရင် ရပါတယ်"

"ဒကာကြီးက ဒီကျောင်းက တရုတ်ဘုန်းကြီးနဲ့ သိလို့ လား"

"မသိပါဘူး ဘုရား"

"တပည့်တော် တွေ့လိုတဲ့ တရုတ်ဘုန်းကြီးတစ်ပါး သွားရှာ မလို့ပါ၊ တွေ့လိုတွေ့ငြား ရှာတဲ့ သဘောပါ"

"ဒကာကြီးက တရုတ်ဘုန်းကြီး သွားရှာမှာကိုး၊ ဦးပဉ္ဇင်းတော့ မရှာဘဲနဲ့ မျက်စိလည်ပြီး အဲဒီဘက် ရောက်သွားတာ၊ ဟောဟို သပြေပင်လည်း ရောက်ရော တရုတ်ဘုန်းကြီးတစ်ပါးနဲ့ သွား တွေ့လို့ အတော်ကြာကြာ စကားပြောခဲ့ရသေးတယ်၊ ဦး ပဉ္ဇင်း ဝိပဿနာ ကျင့်နေတယ်၊ သူက အတင်းပဲ လောကီဘက် သမထဘက်လိုက်ဖို့ တိုက်တွန်း လွှတ်လိုက်သေးတယ်။ သူ့ဘွဲ့ က ဘာတဲ့ ဝဲလူဝင်း"

"ဟိုက် တွေ့ပြီ၊ တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား"

ကျွန်ုပ်သည် ထိုဦးပဉ္ဇင်းကို ရှိခိုးဦးချခြင်းပင် မပြုနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ခပ်သုတ်သုတ် လျှောက်ခဲ့တော့၏၊ ကျွန်ုပ်လာရောက် ရှာဖွေသော တရုတ်ဘုန်းကြီး 'ဝဲလူဝင်း'၏ ဘွဲ့မည်မှာ ကျွန်ုပ် နားထဲ၌ မထွက်သေးပေ။

ကျွန်ုပ်သည် မြေနီလမ်းကလေးအတိုင်း လျှောက်ခဲ့ရာ တရုတ်ဘုန်းကြီးကျောင်းများသို့ ရောက်ရန် အတော်လိုသေးသော တစ်ခုသော သပြေပင်ရင်းတွင် ငြိမ်းချမ်းစွာ ထိုင်နေသော တရုတ်ဘုန်းကြီးတစ်ပါးကို တွေ့ရတော့၏။

ကျွန်ုပ်သည် ထိုဘုန်းတော်ကြီးကို ကန်တော့ပြီးနောက်...

"အရှင်ဘုရား ဘွဲ့မည် ဘယ်လိုခေါ်ပါသလဲ"

"မင်းရှာနေတဲ့ သူဟာ ငါပါပဲ၊ မေးမနေပါနဲ့"

"ကောင်းပါပြီ အရှင်ဘုရား၊ တပည့်တော်မှာပါတဲ့ စာတွေကိုဖတ်ပြီး တပည့်တော်ကို မြန်မာလို ပြောပြပါ ဘုရား"

ကျွန်ုပ်သည် လွယ်အိတ်တွင်းမှ စာထုပ်ကြီးကို ထုတ်၍ ထိုဘုန်းတော်ကြီးအား ဆက်ကပ်လိုက်၏။ ထိုဘုန်းကြီးသည် ကျွန်ုပ်၏ စာထုပ်ကြီးထဲက စာများကို တစ်ရွက်စီ ဖတ်နေ၏။ သူက စာဖတ်နေစဉ် ကျွန်ုပ်သည် သူ၏ မျက်နှာနှင့်တကွ တစ်ကိုယ်လုံးကို မြဲ၍ အကဲခတ် ကြည့်နေမိ၏။

ထိုဘုန်းကြီး၏ မျက်နှာမှာ လူအိုတို့၏ ထုံးစံအတိုင်း အတွန့်များ၊ အစင်းများဖြင့် ပြည့်နက်နေ၏။ ကျွန်ုပ် တွေ့ဖူးသမျှ အသက်





အကြီးဆုံးသူထဲတွင် ထိုဘုန်းကြီးကို မီမည့်သူ တစ်ယောက်မျှ မပါနိုင်ချေ။

စက္ကူကို အထပ်ထပ် ဆုပ်နယ်ပြီးနောက် ပြန်၍ ဖြန့်ကြည့်လျှင်ပင် ထိုဘုန်းကြီး၏ မျက်နှာ၌ ဖြစ်ပေါ်နေသော အရေးအစင်းအခေါက်အတွန့်ကို မီနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်က အသက်ကို ခန့်မှန်းကြည့်၏။

"မင်း ငါ့အသက်ကို မှန်အောင် မပြောနိုင်ပါဘူး"

ဘုန်းကြီးသည် ကျွန်ုပ်ကို မကြည့်ဘဲ စာဖတ်နေရာမှ ထိုကဲ့သို့ ပြောလိုက်ခြင်းဖြစ်ရာ ကျွန်ုပ်၏ စိတ်အကြံကိုများ သူ သိနေပြီလားဟု ထင်မိသေး၏။ သို့သော် မတော်တဆ တိုက်ဆိုင်သွားတာလဲ ဖြစ်နိုင်တာပဲလေဟု ဖြေသိမ့်လိုက်မိ၏။

"နှစ်ခါ သုံးခါ တိုက်ဆိုင်တာဆိုရင်တော့ ထူးဆန်းတဲ့ အထဲ ထည့်ရလိမ့်မယ်"

သူသည် ယခင်အတိုင်း မကြည့်ဘဲ ပြောလိုက်ခြင်း ဖြစ်၏။ ကျွန်ုပ်သည် ဘာကိုမျှ ထပ်၍ မစဉ်းစားတော့ချေ။ သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သော "စေတောပရိဉာဏ်"ဆိုသည်ကို စာထဲ၌သာ ဖတ်ဖူး၏၊ ယခုမူ ထိုဉာဏ်မျိုးရှိသူကို မျက်ဝါးထင်ထင် တွေ့မြင်ရပေပြီ။

"ကဲ.. ကဲ ငါ ဖတ်ပြမယ်၊ မင်းလိုက်ပြီး ရေးဖို့ကော စာရွက်ပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပါပါတယ် ဘုရား"

ကျွန်ုပ်သည် အသင့်ယူလာသော စာရွက်လွတ်များကို ထုတ်လိုက်၍ ရေးကူးနေ၏။ သူသည် တစ်ရွက်ချင်းဖတ်၍ ဘာသာပြန်ပေးနေ၏။ ကျွန်ုပ်သည် မမောနိုင်၊ မပန်းနိုင် လိုက်၍ ရေးမှတ်ရ၏။ ရေးနေလိုက်သည်မှာ အချိန်ကုန်၍ ... မ... ဘူး။ နေပုံး ပျောက်ကွယ်သွားပြီ ဖြစ်သော်ငြား ...များအော်သံ၊ ဖိုး...များ အစာခွံ့သည့် အသံ၊ တစ်ကောင်တစ်ကောင် နေရာလု၍ ရန်ဖြစ်သော အသံများပင် ကြားနေရ၏။ စာလည်း ရေး၍ မ...တော့ချေ။ အတော်ပင် မှောင်ချေပြီဖြစ်၏။

တရုတ်ဘုန်းကြီးသည် သူ၏ အင်္ကျီရှည်ကြီးတွင်းမှ ဖယောင်းတိုင်တစ်တိုင်ကို ယူဟ်ကာ သစ်ပင်ရင်းတွင် လေကွယ်၍ ထွန်းညှိပေး၏။

ကျွန်ုပ်၏စိတ်၌ ကြောက်သလိုလို ခံစားလာရ၏။ အနီး ပတ်ဝန်းကျင်၌ လူသားဟူ၍ ကျွန်ုပ်အပြင် ထိုတရုတ်ဘုန်းကြီးသာလျှင် ရှိ၏။ ထိုဘုန်းတော်ကြီးမှာလည်း လူသားစင်စစ်ပါ ဟူ၍ ကျွန်ုပ် အတပ်မပြောနိုင်သော အခြေအနေတွင် ရှိ၏။ သို့သော် သူက ဖတ်ပြ၍ ကျွန်ုပ်က ကူးမြဲကူးနေ၏။

အချိန်မည်မျှ ကြာသွားသည် မသိချေ။ မွေစေတီလမ်းဘက်မှ ကိုးနာရီ သံချောင်းခေါက်သံကို သဲ့သဲ့မျှ ကြားရ...၏။ ထို့ကြောင့်





ကျွန်ုပ်၏ အင်္ကျီအိတ်တွင်းမှ အိတ်ဆောင်နာရီကို ထုတ်၍ ကြည့်လိုက်ရာ ကျွန်ုပ်ကြားလိုက်သည်မှာ ကိုးနာရီ သံချောင်းမဟုတ်ဘဲ ၁၁-နာရီ သံချောင်းဖြစ်ကြောင်း သိရတော့၏။

"မင်း မဆာဘူးလား"

"ဆာတော့ သိပ်မဆာပါဘူး ဘုရား"

"နည်းနည်းတော့ ဆာတယ်ပေါ့"

"တင်ပါ့"

"အေး... ဆက်ရေးလိုက်ဦး"

ကျွန်ုပ်လည်း ဆက်၍ရေးနေမိ၏။ တအောင့်မျှ အကြာတွင် ခြေသံပြင်းပြင်းနှင့် လူ ၁၀- ဦးထက်မနည်း ကျွန်ုပ်ကို ဝုန်းခနဲဝိုင်းလိုက်ပြီးလျှင် တစ်ယောက်က အမိန့်ပေးလိုက်၏။

"ဟေ့... မလှုပ်နဲ့ ငြိမ်ငြိမ်နေ"

ကျွန်ုပ်သည် အလန့်တကြား မော့၍ ကြည့်လိုက်ရာ ရဲသားများနှင့် ရဲခရာရှိ ဖြစ်နေ၏။ ကျွန်ုပ် ရေးနေသည့် စာရွက်များရော၊ တရုတ်ဘုန်းကြီးထံမှ စာရွက်များကိုပါ ဆွဲယူ၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၏။ပြီးလျှင် သူ၏အနီးရှိ ရဲတစ်ဦး တီးတိုး ပြောဆို၍ တိုင်ပင်၏။ ထိုအတိုင်ပင်ခံရသော ရဲသားက-

"ရာနသာ ခေါ်သွားပါ ဆရာရယ်၊ မမှားပါဘူး၊ မဟုတ်တောင်လည်း ပြန်လွှတ်လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဗျာ၊ ကျွန်တော်တို့ဟာ တရားဥပဒေနဲ့ ငြိစွန်းတဲ့ အလုပ်လုပ်နေတာ မဟုတ်ပါဘူး၊ ကျွန်တော် မတတ်တတ်တဲ့ တတစ်မျိုးကို ဒီဘုန်းကြီးက ဖတ်ပြတယ်၊ ကျွန်တော်က လိုက်ပြီးရေးတယ်၊ ဒါပါပဲဗျာ"

ကျွန်ုပ်သည် အလန့်တကြား တောင်းပန်လိုက်မိ၏။

"ဒီမှာ ကိုယ့်လူ၊ ကျုပ်တို့ ရဲတွေအဖို့ မသက်ဆိုင်ဘူးဗျာ တွေ့တာကို ဟုတ်ဟုတ် မဟုတ်ဟုတ် ဥပဒေနှင့် ငြိစွန်းနေပြီ၊ ခင်ဗျားနားလည်အောင် ပြောမယ်ဗျာ၊ ဥပဒေဆိုတာ အကောင်းဘက်က မယူဘဲ ညစ်မယ်ဆိုရင် ခင်ဗျား အိုးပေါက်ရင်တောင် လေထုကို ညစ်ညမ်းအောင် ပြုတယ်ဆိုပြီး အဲမှုဖွင့်လို့ရတယ် နားလည်ပြီလား"

ထိုရဲသားသည် ခပ်လည်လည်၊ ခပ်သွက်သွက် ရှိပုံရ၏။ ရဲအရာရှိကပင်လျှင် သူ၏ အကြံဉာဏ်ကို လေးစားနေပုံရ၏။ ထိုရဲသားကို သေသေချာချာ ကြည့်လိုက်ရာ ခါးပတ်တွင် ခေါက်ဆွဲထုပ်ဟု ထင်ရသော အထုပ်ကလေးတစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ ထိုရဲသားသည် ကျွန်ုပ်နှင့် တရုတ်ဘုန်းကြီးကို တစ်ချက်မျှ အကဲခတ်ပြီးနောက်....

"တဲ... တဲ ခင်ဗျားတို့ နှစ်ယောက်စလုံး ဌာနာကို လိုက်ခဲ့ကြပေတော့"





ထိုအခါကျမှပင် တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်း မပြုသော ကျွန်ုပ်၏တရုတ်ဘုန်းတော်ကြီးသည် ထိုရဲသားကို ကြည့်လိုက်ပြီးနောက်....

"မင်း ခါးကြားမှာပါတဲ့ အထုပ်ဟာ ဘာထုပ်လဲ"

"ကြာဇံကြော်ပါ၊ ညစာ မစားရသေးလို့ မြေနီကုန်းက ဝယ်လာတာပါ"

"အဲဒီအထုပ် ပေးစမ်း"

ထိုရဲသားသည် ဘုန်းကြီး၏ အမိန့်အတိုင်း ပြုလုပ်ပေး၏။ သို့သော် ဘုန်းကြီးက မယူဘဲ ကျွန်ုပ်ကို ယူရန် ပြောလိုက်သဖြင့် ကျွန်ုပ်က ယူထားလိုက်ရ၏။

"တို့ကို လာပြီး အနှောင့်အယှက်ပေးတဲ့အတွက် ဒီည မင်း ဘာမှမစားဘဲ အိပ်ရမယ်၊ အဲဒါ ငါပေးတဲ့ အပြစ်ပဲ၊ နားမထောင်ရင် မင်းဒုက္ခတွေ့မယ်၊ သွား... ဟိုနားက ရေတွင်းမှာ ရေတစ်ခွက်သွားခပ်ချေ"

ထိုအာသွက်လျှာသွက်နိုင်လှသော ရဲသားသည်လည်းကောင်း၊ ကျန်ရဲသားသုံးဦးနှင့် ရဲအရာရှိသည်လည်းကောင်း၊ တစ်လုံးမျှ ပြောဆိုခြင်း မပြုကြဘဲ မင်သက်မိ၍နေကြ၏။

"ငါခိုင်းနေတာ မသွားဘူးလား"

တရုတ်ဘုန်းကြီးက ထပ်၍ အမိန့်ပေးလိုက်လျှင် ထိုရဲသား



www.burmeseclassic.com

www.burmeseclassic.com



သည် တန်လှုပ်စွာနှင့် ညနေက ကျွန်ုပ်တွေ့ခဲ့ရသော ရေတွင်းဆီသို့ လှည့်၍ ထွက်သွား၏။ များမကြာမီ၌ ရေခွက်တစ်လုံးနှင့် အတူ ပြန်ရောက်လာ၏။ ဤမျှ မှောင်မိုက်သောအချိန် ရေခွက်တွင်းမှ ရေ မဖိတ်အောင် ကြိုးစား၍ ယူလာရသော ထိုရဲသား၏ ဒုက္ခမှာ မသေး လှပါပေ။

အကယ်၍ ကျွန်ုပ်ကိုသာ ခိုင်းစေကာမူ ကျွန်ုပ်သည် ရေခပ် ယူလာနိုင်ဖို့ ဝေးစွ၊ ရေတွင်းကိုပင် တွေ့အောင် ရှာနိုင်လိမ့်မည် မဟုတ် ချေ။

"ကဲ... ကဲ မင်းတို့ သွားနိုင်ပြီ၊ သွားကြတော့"

တရုတ်ဘုန်းကြီးက ဤသို့ဆိုလိုက်လျှင် ထိုသူတို့သည် ကျောင်း ပြေးမိသော ကျောင်းသားများကို ဆရာက ကျေနပ်အောင် ဆုံးမပြီး နောက် ပြန်လွှတ်လိုက်သကဲ့သို့ တိတ်တဆိတ် သိမ်မွေ့စွာ ကျွန်ုပ်တို့ အနီးမှ ထွက်ခွာသွားကြ၏။

သူတို့ ထွက်သွားပြီးနောက် တရုတ်ဘုန်းကြီးက ကျွန်ုပ်ကို စာရေးခေတ္တ ရပ်နား၍ ကြာဇံကြော်စားရန် ခွင့်ပြုလိုက်၏။ ကျွန်ုပ် လည်း ကြာဇံကြော်ကို တစ်ပင်မျှ မကျန်သည်အထိ ကုန်စင်အောင် စားပြီးနောက် ရေသောက်ခြင်း၊ လက်ဆေးခြင်းများ ပြု ပြီးလျှင် စာ ဆက်၍ ရေးရပြန်၏။

ဖယောင်းတိုင်တစ်တိုင် ကုန်သွားပြီးနောက် တရုတ်ဘုန်းကြီး







သည် အင်္ကျီရှည်ကြီးထဲမှ ထုတ်ထုတ်၍ ထွန်းညှိပေး၏။ နံနက် အရုဏ်တက်လောက်တွင် ကျွန်ုပ်တို့၏ ဘာသာပြန်ခြင်း လုပ်ငန်း ပြီးဆုံးသွားလေတော့၏။

ကျွန်ုပ် စိတ်ရှုပ်စေခဲ့သော လက်ဖတင်နင် နန်းဝေ၏ ဇာတ်လမ်း တွင်းက မနုစာရီသည်လည်းကောင်း၊ တက္ကသိုလ် ကျောင်းသား ဘဝကျော်ခိုင်၏ ဇာတ်လမ်းက မနုစာရီသည် လည်းကောင်း ကျွန်ုပ် အဖို့ ရှုပ်ထွေးဖွယ်ရာ မရှိတော့ပြီ။ ကျွန်ုပ် ကိုယ်တိုင် မသိမတတ်သော သဂေသုဒ္ဓိဘာသာ၊ ဓာတ်စမ ဘာသာ၊ သရေခေတ္တရာ ခေတ်ဦးပိုင်း မှ မာစာရေးတန်၊ ဗျည်း၊ သရများဖြင့် ပြီးသော ကျွန်ုပ် ရေးသားခဲ့ သည့် စာထုပ်ကြီးသည် ကျွန်ုပ် သိချင်လှသော 'မနုစာရီ'၏ ဖြစ်စဉ် ဝတ္ထုပ္ပတ္တိများ ဖြစ်နေလေ၏။ ဘာသာပြန်ပေးသော တရုတ်ဘုန်းကြီး ဝဲလုဝင်းနှင့် ကျွန်ုပ်သည် ထိုနေ့ အရုဏ်တက်တွင် ခွဲခွာခဲ့ကြ၏။ နောက်လည်း ဆုံစည်းမိခြင်း မရှိတော့ပါ။

ယင်းသို့ နောက်တစ်ကြိမ် မဆုံစည်းနိုင်ခဲ့ခြင်းမှာလည်း အဓိပ္ပါယ်ဆန်းလှဘိ၏။ ကျွန်ုပ်သည် နောက်တစ်နေ့ညနေ၌ ဘုန်းတော် ကြီး ဝဲလုဝင်းကို လှူဒါန်းရန် ဝတ္ထုပစ္စည်းများနှင့်တကွ ထိုအနီး တရုတ် ဘုန်းကြီးကျောင်းသို့ ရောက်ခဲ့သော်လည်း ထိုကျောင်း၌ ကျွန်ုပ်ပြော သော ဝဲလုဝင်းဆိုသည့် ဘုန်းတော်ကြီးမှာ နဂိုကတည်းက မရှိ ကြောင်း ပြောဆို၏။ မကျေနပ်သဖြင့် ဇဟန်းရှိ တရုတ်ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းများ သာမက ရန်ကုန်မြို့ရှိ တရုတ်ဘုန်းကြီးကျောင်း အားလုံ
နှင့် ဘိုကျောင်းများ အားလုံးကုန်စင်သည်အထိ ရှာခဲ့သော်လည်း
မတွေ့ခဲ့ပါချေ။

ကျွန်ုပ်သည် ကျွန်ုပ်မိတ်ဆွေတရုတ်လူမျိုး မစ္စတာရှောင်
ဆိုသူနှင့် တခြားမြို့များ၌ရှိသော တရုတ်ဘုံကျောင်းများကိုပါ ရှာ
ခဲ့သေး၏။ သို့သော် သဲလွန်စကိုပင် မတွေ့ရတော့ချေ။

(ဝဲလူဝင်းဆိုသည်မှာ တရုတ်ဘာသာဖြင့် အလွန်တန်
သိဒ္ဓိရှိသူဟု အဓိပ္ပာယ်ရ၏။)

ထူးဆန်းစွာ တွေ့၍ ထူးဆန်းစွာ တန်ခိုးပြသွားပြီး ထူးဆန်း
ရှာမတွေ့နိုင်သော တရုတ်ဘုန်းတော်ကြီး၏ ကျေးဇူးကြောင့် ကျွန်ုပ်
လက်ဝယ် မဖတ်တတ်သော စာထုပ်ကြီးမှာ ကျွန်ုပ်ဖတ်နိုင်သော
မနုစာရီ အတ္ထုပ္ပတ္တိကြီးအဖြစ်သို့ ရောက်ခဲ့ပေပြီ။

ထိုဘာသာပြန်ပြီး စာထုပ်ကြီးအတိုင်းသာ စာဖတ်သူကို တ
ရပါမူ ဆေးကြောက်သော ကလေးကို ဆေးခါးကြီး မြိုနိုင်းသကဲ့
ရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘာသာပြန်ပြီး စာများမှ
ကျောက်စာများမှ ဝါကျ တည်ဆောက်ပုံများအတိုင်း ဖြစ်နေသဖြ
မည်သည့်နည်းနှင့်မျှ ရသပေါ်လွင်နိုင်မည် မဟုတ်ရကား ကျွန်ုပ်သည်
စွမ်းနိုင်သမျှသော စာရေးမှု အတတ်ပညာဖြင့် ဝါကျများကို ဖြတ်ခြ
ဆက်ခြင်းများ၊ ဝိဘတ်များ၊ သမ္ဗန္ဓများ၊ နာမဝိသေသနများကို နေသာ





ကျ ပြင်ဆင်ခြင်း စသည့် သဒ္ဒါနှင့် ပတ်သက်သော ပြင်ဆင်မှုများကို
လုပ်ရလေ၏။ အချို့သော ဝေါဟာရများမှာ ပါဠိများနှင့် ရောနှောနေ
ည်ဖြစ်ရာ မြန်မာဘာသာကဲ့သို့ ပြင်ဆင်ရန် လွယ်ကူသည် မဟုတ်
ကား၊ ကျွန်ုပ်သည် ပါဠိဘာသာရပ်များ၏ အနီးစပ်ဆုံး မြန်မာ
ဓိပ္ပာယ်ကိုလည်း တတ်ကျွမ်းသည့်သူများနှင့် ညှိနှိုင်းကာ မူရင်း
ဠိဘာသာ၏အောက်တွင် ရေးသားဖော်ပြရပါသည်။ ၎င်းအရာတို့မှာ
ျွန်ုပ်အတွက် လွန်စွာခက်ခဲသော အလုပ်များ ဖြစ်ပေသည်။ သို့ရာ
ွင် ထိုအရာတို့ထက် ပို၍ ခက်ခဲသည့်အရာမှာ စာပေသဘောအရ
သမြောက်စေရန် ဖန်တီးရခြင်းပင် ဖြစ်၏။ ကျွန်ုပ်သည် ပင်ကိုကပင်
ရေးသားခြင်းအလုပ်နှင့် လွန်စွာ စိမ်းရသည့်အထဲတွင် ရသမြောက်
ရန် ဖန်တီးရခြင်းမှာ ကျွန်ုပ်အတွက် အခက်ဆုံး ဖြစ်လေတော့၏။
ျွန်ုပ်မျှော်လင့်သည့်အတိုင်း ရသမြောက်သည် မမြောက်သည်ကိုမူ
ျွန်ုပ်ကိုယ်တိုင် လုံးဝမသိရှိသော်လည်း ဤသို့ ရေးနိုင်ရန်အတွက်
ျွန်ုပ် ဖတ်ရှုလေ့လာရသော အလင်္ကာနှင့် ပတ်သက်သည် မြန်မာ
ပလိပ်စာအုပ်တို့မှာမူ မြင်မကောင်းအောင် ရှိလေတော့၏။

ဤသို့နှင့်ပင် လုံးဝ ဖတ်ရှု၍ မရသော မနုစာရီအကြောင်း
ထုပ်ကြီးကား အတော်အတန် ဖတ်ချင့်စဖွယ် ရှိသော စာထုပ်
ီး အဖြစ်သို့ ရောက်ရှိလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com





(၅)

## မနုစာရီ၏ မနုစာရီ

ကြာတော့ ကြာခဲ့ပါပြီလေ။

မောင်တော် အတိတ်တျာနှင့် မနုစာရီတို့ရဲ့ အဖြစ်အပျက်တာ ကြာခဲ့ပါပြီ။ ဟိုးပဝေသဏီ အတိတေကာလလောက်ကဟုသာ မနုစာရီ ကိုယ်တိုင်က မရေမရာ ဆိုချင်ပုံရသည်။

ဘယ်ခု၊ ဘယ်နှစ်၊ ဘယ်သက္ကရာဇ်ကဟု အတိအကျ မဆို။ ပြီးတော့ အခု မှတ်သားနေကြသည့် ခုနှစ်၊ သက္ကရာဇ်တွေကိုလည်း မနုစာရီက လုံးဝယုံကြည်ဟန်မတူ။ သည့်နှယ် မယုံရသည့် အကြောင်းကိုလည်း သည်လို ဆိုပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါ၊ တိုး ကမ္ဘာဦးကာလ မဟာသမတမင်းကနေ စပြီး မင်းရာဇာအဆက်ဆက် မှတ်သားရေးထိုးခဲ့ကြတဲ့ သက္ကရာဇ် အမှတ်အသားတွေကို ကြည့်ကြစမ်းပါဦး။

အာဏာရဇ္ဇမင်းကြီး လက်ထက်မှာ မဟာသုဒ္ဓဝယကိန်းနဲ့ ကြုံလို့ဆိုပြီး (၁၁၄၉၇၈၅) ခုနှစ်ကို ဖြိုပစ်ခဲ့တယ်။

ကုသမင်းကြီးကလည်း နာတိမဇ္ဇလဒ္ဓိဝိယ ကိန်းအရဆိုကာ (၁၄၉၃၈၅၆၀)နှစ်ကို ဖြိုပြန်တယ်။

ပြီးတော့ ဂေါတမဘုရားရှင်ရဲ့ အဘိုး၊ ဘိုးတော် အဥ္စနမင်း လက်ထက်တော်မှာလည်း ကာဝစန္ဒေကိန်းနဲ့ ကြုံပြန်တယ်ဆိုပြီး နှစ်ပေါင်း (၈၆၄၅)ကို ဖြိုခဲ့သေးတယ် မဟုတ်လား။ ဒေဝိလ ရသေ့ကြီးက အကြံပေးတယ်လေ မဟုတ်ဘူးလား။

တစ်ခါ ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့အခါမှာလည်း သာသနာ သက္ကရာဇ်နဲ့ ကောဇာသက္ကရာဇ်တူအောင်ဆိုပြီး အဇာတသတ်မင်းကြီးနဲ့ ရှင်မဟာကဿပထေရ်တို့ကို တိုင်ပင်၍ ‘ဒေဝ်ယ’ကိန်းဆိုတာ ပိဋကတ်သင်္ချာနည်းအရ (၇၄၈)နှစ်ကို ဖြိုပြန်တယ်။

နောက်ပြီး ဒေါဒေါရသကိန်းခန်းဆိုပြီး သုမုန္ဒရီမင်းတာ (၆၂၂)နှစ်ကို ဖြိုပြီး (၂)နှစ်အကြွင်းထား မှတ်သားစေခဲ့ပြန်ပါရော။

ပုဂံပြည် ပုပ္ပားဒေါဒေါရသကိန်းခန်းဆိုပြီး သုမုန္ဒရီမင်းဟာ (၆၂၂)နှစ်ကို ဖြိုပြီး (၂)နှစ်အကြွင်းထား မှတ်သားစေခဲ့ပြန်ပါရော။





ပုဂံပြည် ပုပ္ပားစောရဟန်းမင်းကလည်း အလံဗီက ကိန်းလို့ ဆိုပြီး ခဆပဥ္စန်းခေါ်တဲ့ နှစ်ပေါင်း (၅၆၂)ကို (၂)နှစ်အကြွင်း ထားပြီး ဖြိုလိုက်သေးတယ်။

“ဗသျှူးဆိဒ္ဒမုနိ” ကိန်းနဲ့ ကြုံတယ်ဆိုပြီး မိုးညှင်းမင်းတြားကြီးဟာ နှစ်ပေါင်း (၈၀၀)ကို (၂)နှစ်ကြွင်းထားပြီး ဖြိုပစ်သေးတယ်၊ ဒါပေမယ့် သက္ကရာဇ် မပြိုဘဲ ရှိတယ်လို့ ဆိုကြပြန်တယ်။

ဒါကြောင့် မနုစာရီအနေနဲ့ ဒီလိုနှစ်တွေ သန်းနဲ့ချီပြီး ဖြိုဖျက်ခဲ့၊ အကြွင်းတွေ ထားလိုထား၊ အားလုံး ဖြိုလိုဖြို လုပ်ခဲ့တဲ့ သက္ကရာဇ်တွေကို နည်းနည်းကလေးမှ မယုံဘူး။ မှန်လည်း မမှန်နိုင် မဟုတ်တော့ဘူး။

စဉ်းစားကြည့်စမ်းပါလေ၊ မိုးညှင်း မင်းတြားကြီး လက်ထက်ကလို ဖြိုရက်သားနဲ့ မပြိုတဲ့ သက္ကရာဇ်တွေဟာလည်း သံသယဖြစ်စရာပဲ မဟုတ်ပါလား။

အဲဒီလို မပြိုတဲ့ သက္ကရာဇ်တွေမှာ ဖြစ်တတ်တဲ့ သဘောတစ်ခုက မင်းနဲ့နီးတဲ့ နေရာဒေသတွေမှာ မင်းအလိုကျ ဖြိုထားတဲ့ အတိုင်း မှတ်သားလေ့ ရှိပြီး၊ မင်းနဲ့ဝေးတဲ့ နေရာတွေ မင်းအာဏာစက် မရောက်နိုင်တဲ့ဒေသတွေမှာ သက္ကရာဇ်ဟာ မပြိုမပျက် ရှိနေတတ်ပြန်ပါတယ်။

ဖြိုတဲ့အတိုင်း မှတ်သားတဲ့ သက္ကရာဇ်(ကောဇာ)လို့ခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြိုတဲ့အတိုင်း မလိုက်နာဘဲ သက္ကရာဇ်ဟောင်းအတိုင်း မပြိုမပျက် မှတ်သားတဲ့ သက္ကရာဇ်ကို (ကောပိန်)လို့ ခေါ်ကြပြန်တယ်။

ဒီတော့ ကိုင်းပြည်တစ်ပြည်တည်း လူမျိုးတစ်မျိုးတည်း အချိန်တစ်ချိန်တည်းကို ကောဇာကောပိန်ရယ်လို့ ခွဲခြားမှတ်သားတဲ့ သက္ကရာဇ်တွေကို အမှန်လို့ယူပြီး ပြောလို့သင့်ပါ့မလား။

မနုစာရီကတော့ ဿမုတိနတ်လို့ ခေါ်တဲ့ မင်းရာဇာတွေ ထင်ရာလုပ်ခဲ့တဲ့ ကိန်းသင်္ချာ အမှတ်အသားတွေကို မှန်တယ်လို့ မယုံကြည်တဲ့အတွက် လိုက်နာသုံးဆွဲဖို့ မလိုဘူးလို့ ထင်တယ်။

ဒါကြောင့် "ကြာခဲ့ပါပြီ၊ တိုး ပဝေဏီအတီတေကပဲလို့ ဆိုချင်ပါတယ်"

အမှန်အားဖြင့် မနုစာရီသည် သက္ကရာဇ်ကို မယုံကြည်ရုံသာမဟုတ်၊ သက္ကရာဇ်ဟူသော အသံကိုပင် နားမှာ လေသံ မကြားချင်လောက်အောင် ရှုံမုန်းလှဘိ၏။ ဘယ်လောက်ပင် မုန်းခြားသော်လည်း မောင်တော်အတိတ္တာနှင့် မနုစာရီတို့ ဇာတ်ကြောင်းကို လှန်လျှင် သက္ကရာဇ်ဟူသော ဝေါဟာရသည် မပါ၍ကားမဖြစ်။ အဘယ်ကြောင့်ဆိုလျှင် အရှည်အားဖြင့် မဟာသက္ကရာဇာဟု ခေါ်သည့် သက္ကရာဇ်မင်းလက်ထက်တွင် စတင်ခဲ့ကြသောကြောင့် ဖြစ်၏။

သို့ပေမယ့် မနုစာရီ မုန်းတီးလှသော သက္ကရာဇ်မင်းကို မဇ္ဈိမဒေသက 'သာလိဝါဟာန သက္ကရာဇ်'မင်းနှင့်အတူတူ ဟု၍





မယူဆစေလိုပါ။ မနုစာရီ မုန်းခဲ့မုန်းဆဲဖြစ်သော မင်းဆိုးမင်းညစ်ကားအပရန္တတိုင်း သက်သာနေပြည်တော်၌ စိုးစံခဲ့သည့် သက္ကရာဇ်မင်းတည်း။

မနုစာရီအဆိုအရ အပရန္တကိုင်းဆိုသည်မှာလည်း အခြားနေရာမဟုတ်၊ ရောဝတီမြစ် အနောက်ဘက်ရှိ မင်းဘူး၊ စကု၊ စလင်း၊ ပတိန်း၊ ငဖဲ၊ စေတုတ္တရာ၊ သရက် စသည့်မြို့များ တည်ရှိရာ ဒေသပင်ဖြစ်၏။

လယ်ကိုင်း ကျောင်းတော်ရာ အနီးရှိ ကျောက်စာ၌ သုနာပရန္တတိုင်း ရွှေလည်ကိုင်းမြို့ဟု ရေးထိုးထားသော ကျောက်စာ ရှိသေးသည်ဟု ဆိုသည်။ အပရန္တတိုင်းကို နောင်အခါ၌ သုနာပရန္တတိုင်းဟု ပြောင်းလွဲခေါ်ဝေါ်ကြသည်ဟု မနုစာရီဇာ ဆိုသည်။

သက်သာနေပြည်တော်မှာလည်း ယခု သရက်မြို့အနီး ပန်းတောင်းကားလမ်းလောက်တွင် ရှိသည်ဟူ၍ မနုစာရီက ခန့်မှန်းပြန်၏။

သက္ကရာဇ်တွေဟာ အချိန်ကာလရဲ့ လှို့ဝှက်နက်နဲတဲ့ သဘောသရုပ်ကို ဗိပြင်အောင် မဖော်ပြနိုင်သလို နေရာဒေသ အခေါ်အဝေါ်တွေဟာလည်း ဖြစ်ပျက် တည်ရှိခဲ့တဲ့ သဏ္ဌာန်အစစ်ကို ဖော်ပြနိုင်စွမ်းမရှိကြပါဘူး။ တကယ်တော့ အချိန်ကာလဆိုတာလည်း မရှိပါဘူး။ အဝိဇ္ဇာဆိုတဲ့ မာယာသည်မလေးရဲ့ လှည့်ပတ် ဖျားယောင်းမှုပါ။



www.burmeseclassic.com

www.burmeseclassic.com



နေရာဒေသဆိုတာလည်း အချိန်ကာလ ဆိုတဲ့ လက်သရမ်းကြီးရဲ့ မပျက်စီးခင် တံလျှပ်မျှသာ ရေးရေးထင် ရတဲ့ ပညတ်သဘောတွေပါ။

အမှန်တကယ် တည်ရှိတဲ့အရာကို ပြပါလို့ တစ်စုံတစ်ယောက်ကများ မနုစာရီကိုမေးခဲ့ရင်ဖြင့် "မမြဲဘူးဆိုတဲ့ သဘောတရားဟာ ဘယ်တော့မှ မပျောက်မပျက် တည်မြဲနေမယ့် အရာပဲလို့" ပြလိုက်ချင်ပါတယ်။ မောင်တော် အာတိတျာရေ၊ ခိုင်တယ်၊ မြဲတယ်ဆိုတာ အဲဒါကလွဲရင် ဘာများ ရှိသေးလို့လဲကွယ်။

ဤသို့လျှင် မနုစာရီသည် မောင်တော် အာတိတျာနှင့် ဖြစ်ပျက်ခဲ့ကြသော အချိန်ကာလကိုလည်းကောင်း၊ နေရာဒေသကို လည်းကောင်း ပြောသည်။ ထိုအရာနှစ်ခု၏ အနှစ်အသား မရှိမှု ပကတိသဏ္ဍာန်ကိုလည်း ရဲရဲဝံ့ဝံ့ ဆိုပြန်၏။ သက်သာပြည့်ရှင် ဘုရင်သက္ကရာဇ်နှင့် ခေတ်ပြိုင်ထင်ရှားသော မင်းကား ရှင်တော်ဘုရား၏ ဘေးတော်မဖြိုမဒေသ ကပိလဝတ်တွင် စိုးစံတော်မူသော မင်းကြီး ဇေယျသနပာ ညွှန်ပြန်ပါသည်။

သည်တော့.....

အချိန်ကား သက္ကရာဇ်မင်းကြီး လက်ထက်တော်။

နေရာကား အပရန္တတိုင်းရယ်လို့ မနုစာရီနှင့် မောင်တော် အာတိတျာတို့ရဲ့ ဇာတ်ကို ဤသို့လျှင် ပန္နက် ရိုက်ရပေတော့မည်။

ကြာတော့ ကြာခဲ့ပါပြီလေ။





မန်းချောင်းအနီး တောအုပ်ကြီးအတွင်း၌ ဘုရင်သက္ကရာဇ်၏ ညီတော် အိမ်ရှေ့မင်းသား အာတိတျာသည် တောကစားထွက်ရင်း အဖော်ကွဲ၍ မျက်စိလည် လမ်းမှားနေသည်မှာ နှစ်ရက်တိုင်ခဲ့လေပြီ။

မြူရစ်မြိုင်း ဆိုင်းသွဲ့သွဲ့ မှိုင်းမှုံမှုံ နေခြည်ပျောက်ကို ရှေ့နှင့် ဆက်၍ ရှာရမတတ် သိပ်သည်း ထူထပ်လှသော တောအုပ်ကြီးအတွင်း၌ လမ်းစ ရှာတွေ့ရန်မှာ လွယ်ကူလှသည် မဟုတ်ချေ။

အာတိတျာသည် နှစ်ရက်မျှ အိပ်ရေးပျက်ခဲ့သဖြင့် မျက်လုံးများက ကျိန်းစပ်စပ်ဖြင့် သိပ်မဖွင့်နိုင်။ အစာပြတ်၍ ခွန်အားလည်း မထုတ်နိုင်။ ထို့ကြောင့် တိုးတိုးညင်းညင်းကလေး မြည်သော မန်းချောင်းရေစီးသံကို နားစွင့်၍ ဖြည်းဖြည်းချင်း လျှောက်နေရ၏။

နွယ်တန်းနှင့် ကမူတို့ကြောင့် မကြာခဏ ခလုတ်တိုက် လဲရရှာ၏။ လဲရုံသာ လဲသည်မဟုတ်။ သစ်ကိုင်း သစ်ပင်တို့နှင့် ဆောင့်မိ၊ တိုးမိ၍ ဖူးယောင်ပေါက်ရှသည့် ဒဏ်ရာတို့မှ သွေးစို့သည်က စို့၊ သွေးခြေဥသည်က ဥ၊ ညိုယောင် ဖူးဒိန်သည်က တစ်မျိုးနှင့် မင်းသား အာတိတျာအား တောပါးကွက်သားက ညှဉ်းပမ်းရက်စက်လျက် ရှိတော့၏။

အာတိတျာကား ဇွဲမလျှော့ဘဲ လျှောက်လာရာ ကမ်းပါးယံ တစ်ခုကို ခက်ခဲစွာ တက်ခဲ့ပြီးနောက် နေရောင်အောက်တွင် စိန်ပွင့်ငလေးများ လက်၍လက်၍ တောအုပ်ကြီးကို နှုတ်ဆက်သော



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီဆီသို့ ရှပ်တိုက်ပြေးသွားနေသော မန်းချောင်းကို ဝမ်းမြောက်ဝမ်းသာ တွေ့ရလေတော့၏။

သူသည် မန်းချောင်းစပ်သို့ သွားကာရေသောက်ခြင်း၊ အနားက သွေးများဆေးကြောခြင်းကို ပြု၍ အရိပ်ကောင်း နေရာတစ်ခုကို ရွေးချယ်ကာ နှစ်မြိုက်စွာ အိပ်လေတော့၏။ မူဝံကြယ်ကိုတွေ့သော ညခရီးသွားသည် အရှေ့အနောက်၊ တောင်မြောက် မှားယွင်းစရာ အကြောင်းမရှိသကဲ့သို့ မန်းချောင်းကို တွေ့ပြီး နောက်ထပ်လမ်းမှားစရာ မရှိတော့သဖြင့် စိတ်ချလက်ချ အိပ်လိုက်ခြင်း ဖြစ်၏။

အိပ်ပျော်ခဲ့သည်မှာ မည်မျှကြာသွားသည်ကို မသိ၊ အိပ်စက ခေါင်းပေါ်တည့်တည့်မှ နေမင်းနီနီ ပတ္တမြားခဲသည် အနောက်ဘက်တောအုပ်အတွင်း၌ နစ်မြုပ်စ ပြုနေပေပြီ။

သူ့အတိုင်း ဆိုရဖြင့် နိုးလိမ့်မည် မဟုတ်သေး။ အခု နိုးရသည်မှာ အမျိုးသမီးငယ်တစ်စုက သူ့အနားတွင် လှုပ်လှုပ်ရွရွ ဝိုင်းအုံလိုက်ခြင်းကြောင့် ဖြစ်၏။ သူက အမျိုးသမီးတွေကို သေသေချာချာ စစ်ဆေးကြည့်၏။ အားလုံး ခုနစ်ယောက်။

ခြောက်ယောက်သော မိန်းမတို့ကို သူက ထူးခြားသည်ဟု မထင်။ သာမန်ဆင်းရဲသူ မိလိက္ခုကလေးများသာ ဖြစ်ကြောင်း မြင်ရုံနှင့် သိလိုက်၏။ တစ်ယောက်ကိုတော့ အံ့အားသင့်စွာ ကြည့်နေမိလေ၏။





အကယ်၍ အဖော်ပြုသ၊ ကုမာရဝယ မင်းစစ်သူ့ရဲအကြီးချည်းသော ဤတောစပ်၌ မျက်မြတ်မှန်း သိရပါတယ်''

အတိတ္ထာ ထင်မည်မဟုတ်။ နှသွင် လှမျက်ရှင်ကို စိတ်တွင်းမှသည်ဟုပင် ထင်မိပေလိမ့်မည်။ ဘးကဲ့သို့ ဝတ်ဆင်ထားသည်ကို

ရွှေရောင်ဝင်းသော အသားကွာ ပြောနိုင်သော ပညာရှင်လောမာ၊ မဆူမကြို မနိမ့်မမြင့် မြင်တိုင်း

သွတ်သွယ်လျသော မူရာဟန်နှင့် အလှကြွယ်ငုံရှိပြီ ဖြစ်၍ ဆာသူဇာပုံလား ယုံမှားဖွယ်ရာသော သူဇာနတ်သွင် အလှရှင်။

'ဖရီးလေး(ကျန်းမာတော်မူပါ၏) အမောင်မင်းသား'အဆင်းလှသော ဟသ်ာငှက်သည် အသံ၌ပါရမီနည်းလှဘိ၏။ အသံသာသော ညငှက်ကား အဆင်း၌ ဆင်းရဲမွဲတေလှဘိ၏။ အဆင်းရော အသံပါ ပြည့်စုံသော ဥဒေါင်းငှက်ကား ဣန္ဒြေမဲ့စွာ လုံခြုံအပ်သည်ကို လှစ်ဖော်၍ ကပြတတ်၏။ ဇာမဏီငှက်ကား အဆင်း၊ အသံ၊ ဣန္ဒြေတို့နှင့် ပြည့်စုံလှ၏။

ထိုနည်းတူစွာ သူဇာနတ်သွင် အလှရှင်ကလေးသည် အဆင်းသာ ဣန္ဒြေတို့သာမဟုတ်။ အသံကလည်း သာယာလှပသည်။ [illegible]ီးအစ တိမ်ညွန့်စားသော ခြသေ့်နှင့် ဆင်တို့၏ ကြီးမားသော [illegible]မ်းကို စည်းစုပ်ကိုမြည်စေ၍ လောကနတ်သား ရန်မိုးငြိမ်းခဲ့စဉ်က [illegible]တ်ပေါ်ခဲ့သော တူရိယာသံအလား၊ အတိတ္ထာနား၌ မိန်းမငယ်၏



www.burmeseclassic.com

www.burmeseclassic.com



ဇရာဝတီဆီသို့ ရှပ်တိုက်ပြေးသွားနေသော
ဝမ်းသာ တွေ့ရလေတော့၏။

၁း မောင်အရှင် (မောင်ကြီး)

သူသည် မန်းချောင်းစပ်သို့ သွန်ကျားသစ်ရဲသော တောစပ်တွင်က သွေးများဆေးကြောခြင်းကို ပြုနေကျားမပါ ထူးခန်းစွာ တွေ့ရပေ ရွေးချယ်ကာ နှစ်မြိုက်စွာ အိပ်ငေ

ညခရီးသွားသည် အရွေ့အသား၊ ကျွန်တော်မတို့အား အံ့သြဖွယ် မရှိပါ အကြောင်းမရှိသကဲ့သို့တို့ရဲ့ အဘိုးဟာ ဟိုအနားက ကျောင်းသင်္ခန်းမှာ ဇောက(ယောဂ)အကျင့်မြတ် ကျင့်နေပါတယ်။ ကျွန်တော်မတို့ မြေးငယ်တစ်စုဟာ လဘန်းပက္ခများမှာ အဘိုးထံမှာ လာ ရောက် ပညာသင်ကြားကြပါတယ်။ မောင်အရှင် မင်းသားသာ လျှင် နောက်လိုက် ကျွန်ယုံပါခြင်း မရှိဘဲ စင်လျက် ဒဏ်ရာ အသွယ်သွယ် ဒဏ်ချက် အဆင်းဆင်းနှင့် ဤနေရာ၌ နှစ်မြိုက် စွာ အိပ်ပျော်နေသည်ကို ကျွန်မတို့အတွက် ထူးဆန်းလျက် ရှိပါတော့၏"

"နှမငယ် မောင်အရှင်ဟာ မင်းသားအဆောင်အယောင်ကို မဝတ်ယူဘဲ၊ ဆင်းရဲသူ 'ဟရ' (တောင်ယာသမား) အလား ဆင်မြန်းထားပါလျက် အဘယ်ကြောင့် မင်းသားဟု ခေါ်ဝေ သည်လဲ"

"ကျွန်တော်မဟာ သျှတ္တရနည်း၊ ကဝိပါသဏ္ဌာနည်းအား





မောင်အရှင်ဟာ ခတ္တိယဝံသ၊ ကုမာရဝယ မင်းစစ်သူရဲအကြီး အမျိုးအနွယ် ဥပရာဇာ မျက်မြတ်မှန်း သိရပါတယ်"

အတိတျာသည် သူဇာနတ်သွင် လှမျက်ရှင်ကို စိတ်တွင်းမှ အားစွာ ချီးကျူးမိလေ၏။ ဆင်းရဲသားကဲ့သို့ ဝတ်ဆင်ထားသည်ကို ...င် အိမ်ရှေ့မင်းသားဟု ထပ်ကြပ်မကွာ ပြောနိုင်သော ပညာရှင် လေးကို လေးစားမိ၏။

အတိတျာသည် အစာပြတ်သည်မှာ နှစ်ရက်ရှိပြီ ဖြစ်၍ ဆာ လောင်နေ၏။ သို့သော် ဣန္ဒြေကြီးမားသူ ဖြစ်သည့်အလျှောက် မိန်းမ ...ယ်တို့ကို ဆာလောင်နေကြောင်း မပြောချေ။

"မောင်အရှင် ဘိုးဘိုးရဲ့ ကျောင်းသင်္ခန်းကို လိုက်ခဲ့ပါ။ အစာ အာဟာရများ ကျွေးမွေးပါရစေ၊ မောင်အရှင်ဟာ ဆာလောင် မွက်သိပ်မှု ဝေဒနာကို ခံစားနေရပါတယ်"

"နှမငယ် သင့်အား မောင်အရှင်က ဆာလောင်နေပါတယ်လို့ မပြောမိပါလား"

"ဘိုးဘိုး သင်ထားတဲ့အတွက် ဘိသက္ကဆေက ခေါ်တဲ့ ဆေးပေးဆေးကုအတတ်၊ ဝေဒပဏ္ဍိခေါ်တဲ့ ရာသီနက္ခတ်နဲ့ ယှဉ်တဲ့ ဆေးအတတ်၊ နာနာသတ္တဒကျွခေါ်တဲ့ ဆေးကျမ်းအဖုံဖုံ လေ့လာမှတ်သားတတ်တဲ့ ဟူးရားဟု ခေါ်သော ယတြာ ကြိုပ်စား ကျွေးမွေးကုသခြင်း အတတ်တို့ကို တတ်ကျွမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် ဝိသမပရိဟာရ လက္ခဏာလို့ ခေါ်
အစာအာဟာရကြောင့်ဖြစ်ပေါ်တဲ့ ရောဂါလက္ခဏာရိပ်ကို တွေ့
ပါတယ်။ ဝမ်းပိုက်မှာ အစာ မရှိတဲ့အတွက် 'သာခါတ'ခေါ်
လေကြောင့် မောင်အရှင်ရဲ့ ခြေဖျားလက်ဖျားများဟာ တဆတ်
ဆတ် တုန်နေပါတယ်။ ဣန္ဒြေနည်းသူဖြစ်ပါမူ ဆောက်တည်
ရာမရ ဖြစ်တတ်ပါတယ်။ ဒါကြောင့် နှမငယ်က မောင်အရှင်ဟာ
မွတ်သိပ်ဆာလောင်နေသူ ဖြစ်ကြောင်း သိရပါတယ်"

တိုးတိုးညင်ညင်သော အသံကလေးဖြင့် ရှင်းပြသည်
အတိတ္ထာသည် နားထောင်ရင်း ကျေနပ်စွာ ပြုံးလိုက်၏။

"နှမငယ်ရဲ့ စကားဟာ မှန်ပါတယ်။ ဒါပေမယ့် ဗိတ်ခေါ်သူ
နှမငယ်ဖြစ်ပြီး ကျောင်းသခ်န်းကို ပိုင်ဆိုင်တဲ့ နှမငယ်ရဲ့ ဘိုး
ကရော ကျေနပ်ပါ့မလား"

"မောင်အရှင်တာ ဘယ်လိုစကား ဆိုလိုက်တာလဲ၊ ကျွဲခြေ
ခွက်မှာ ရေရှိတာကို ယုံပြီး မဟာသမုဒ္ဒရာမှာ ရေရှိတာ
မယုံသလို ဖြစ်နေပါတယ်။ အဆိပ်သီးမှာ အဟာရဩဇာ
ပါတာကို ယုံပြီး၊ ဇင်ကရီသီး (အမြိုက်သီး)မှာ အဟာရဩ
ဓာတ် ပါတာကို မယုံသလို ဖြစ်နေပါတယ်။ ကျွန်တော်မကဲ့
တရားမမှန့် မစပ်သော မိန်းမငယ်တစ်ဦး၏ မေတ္တာကို ယုံ
ဘိုးဘိုးလို့ ဇောဂအကျင့်မြတ် ကျင့်နေတဲ့ ဆတ်– ကျိတ်–





အတ္တ (အနိစ္စ– ဒုက္ခ– အနတ္တ)စတဲ့ လက္ခဏာရေးသုံးပါးကို
မပြတ်ဆင်ခြင်နေတဲ့ သူတော်စင်မေတ္တာကို မယုံစားနိုင်ရတာလဲ
မောင်အရှင်ရယ်လို့"

အဖော်ဖြစ်သည့် မိန်းမပျို ခြောက်ဦးကလည်း သူတို့၏ အဘိုး
သည် ကရုဏာရှင်ဖြစ်ကြောင်း၊ ဒုက္ခရောက်သော ကျားကိုပင် ဆေး
ထည့်ပေးသူ ဖြစ်ကြောင်းမှအစ ပြောဆို၍ အတိတ္ထာကို ကျောင်းသို့
ခေါ်ခဲ့ကြလေတော့၏။

အတိတ္ထာသည် မိန်းမငယ်တို့ ဦးဆောင်ရာနောက်သို့ ထော့နင်း
ထော့နင်းဖြင့် လိုက်ပါသွားခဲ့၏။

"ကျေးဇူးရှင်နှမငယ် အမည်နာမ ဘယ်သူဘယ်ဝါ ဖြစ်
တယ်ဆိုတာ သိပါရစေလား"

"မနုစာရီလို့ ခေါ်ပါတယ် မောင်အရှင်"

"မနုစာရီ...မနုစာရီ....မနုစာရီ"အတိတ္ထာသည် နှုတ်မှ တရွရွ
ရွတ်ဆိုလိုက်၏။

"မောင်အရှင်ကိုတော့ သိမှာပါ။ အတိတ္ထာဆိုတဲ့ အမည် ရှေ့က
အိမ်ရှေ့ဥပရာဇာဆိုတဲ့ ဘွဲ့ဌာန္တရကြောင့် အတိတ္ထာကို သိပြီး
ဖြစ်ပါလိမ့်မယ်"

"စင်စစ် စစ်တတ်ကျွမ်းကျင်တဲ့ သတင်းကြောင့်သာ သိရပါ
တယ်။ အိမ်ရှေ့ဥပါရာဇာဆိုတဲ့ ဘွဲ့ကြောင့် မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကျာဆိုတဲ့ အသံကို ကြားရုံမျှနဲ့ အင်္ဂလိပ် နတ်စစ်သည်
သဏ္ဍာန်ကိုပါ ကြားရသူအပေါင်းဟာ မြင်ယောင်လာကြ
တယ်။ ဂန္ဓပနိတိုင်းနှင့် စစ်ခင်းစဉ်က ဆိုလျှင် မောင်အ
အတိတ်ကျာရဲ့ ရဲစွမ်းသတ္တိနှင့်တကွ စစ်ချူ စခဲမှု စစ်သိပ် စ
စစ်ပရိယာယ် ကျွမ်းကျင်မှု သတင်းကို မပြတ်ကြားခဲ့ရပါတယ်

မင်းသားက ဘာမျှမပြောတော့၊ ပြုံးရုံသာ ပြုံးလိုက်၏။ မနု
နှင့် အတိတ်ကျာမင်းသားတို့ကို ခြောက်ယောက်သော မိန်းမငယ်တို့
နောက်မှ ခပ်ချန်ချန်လိုက်ရင်း ဖူးစာနတ်မောင် သတ္တဘာဂကိုသ
ရွေးချယ်စုံဖက်ပါပေသည်။ ရှေ့သွားနောက်လိုက် တင့်လျှောက်ပ
သည့်ဟု ချီးမွမ်းရင်း လိုက်ပါခဲ့ကြ၏။

ကျောင်းသင်ခန်းအနီးသို့ ရောက်လျှင် အတိတ်ကျာသည် စစ်
ဖြင့်၌ ကြီးပြင်းခဲ့ရသော မင်းသားဖြစ်သည့် အားလျော်စွာ နေ့သူ မှ
ကိုအကဲခတ်လိုက်၏။ ကျောင်းမှာ ဝါးသက်ကယ်တို့ဖြင့် သပ်ရပ်
လှသော ကျောင်းကလေး ဖြစ်၏။ မန်းချောင်းနှင့်မဝေး တောရိပ်
တည်ရှိရာ ချမ်းမြေ့လှတော့၏။

''မာဂဝိကခေါ်တဲ့ မှဆိုးအတတ်ကို တတ်တဲ့သူရယ်၊ ဗျူ
စက္ကနဲ့ မဂ္ဂသိန္ဓုဗျူဟာဆိုတဲ့ စစ်ကပ်စစ်ခွာ အတတ်ကို
လာဆုံမှတ်ထားတဲ့ သူဟာ တခြားသူဘစ်ဂိုဦးရဲ့ အဝန်း
ကို မဝင်မီမှာ အကဲခတ်လေ့လာတတ်ပါတယ် မောင်အရှ

ဒါပေမဲ့ ဘိုးဘိုးရဲ့ ကျောင်းသခ်မ်းဟာတော့ အဲဒီအတတ်
ပညာတွေ သုံးပြီး အကဲခတ်ဖို့ မလိုပါဘူး။ ဘိုးဘိုးရဲ့ ကျောင်း
သင်ခန်းမှာ လက်နက်နဲ့ ရန်သူ မရှိနိုင်ပါဘူး၊ အာကာရနဲ့
မေတ္တာသာ ရနိုင်ပါတယ်၊ မစိုးရိမ်နဲ့နော်''

မင်းသား အတိတ်ကျာသည် ဘာမျှပြန်မပြော၊ စိတ်တွင်းမှ တော်
က်တတ်တဲ့ မိန်းမပဲဟု ချီးမွမ်းအံ့သြမိ၏။ ကျောင်းသခ်မ်း ပတ်
းကျင်၌လည်း သစ်ရွက်တစ်ရွက်မျှပင် မတွေ့ရအောင် ရှင်းလင်း
းသည်ကို တွေ့ရ၏။ ကျောင်းပေါ်သို့ တက်လိုက်လျှင်မူ ခေါင်းရင်း
က်တွင် သစ်နက်ရေကို ခင်း၍ ထိုင်နေသော အဘိုးအိုကို တွေ့ရ၏။
အဘိုးအို၏ မုတ်ဆိတ်များကား ရှည်၏။ သို့သော် ပဖြူ အဘိုး
၏ မျက်နှာကား ရင့်ကျက်၏။ သို့သော် မခက်ထန်၊ အဘိုးအို၏
သားအရေတို့ကား လျော့တွဲ၍ကျနေ၏။ သို့သော် ကျန်းမာပုံရ၏။
ိုးအို၏ မျက်လုံးများက ဖွင့်ထား၏။ သို့သော် မြင်ပုံမရ၊ မျက်
င်လည်း မခတ်၊ အသက်ရှုနေသည်ဟုလည်း မထင်ရ၊ အရုပ်ကဲ့
ထိုင်နေ၏။

အတိတ်ကျာသည် ထူးဆန်းစွာ ကြည့်နေမိ၏။ မနုစာရီသည်
က်ငယ်တစ်ခုတွင် မီးကျည်ခဲလေး သုံးလေးခဲထည့်ကာ ထိုမီး
ခဲပေါ်၌ အမွှေးအနည်းငယ် ဖြူးလိုက်ပြီးနောက် အဘိုးအို၏ ရှေ့တွင်
ားလိုက်၏။ ထိုမီးကျီးခဲမှ ထွက်သော အငွေ့တို့သည် အလွန်



www.burmeseclassic.com

www.burmeseclassic.com



မွှေးကြိုင်လှ၏။

"မောင်အရှင်၊ ဘိုးဘိုးဟာ ဒီမှာထိုင်နေပေမယ့် ဗြဟ္မာကြီးနဲ့ တွေ့ဆုံနေပါတယ်"

မနုစာရီက အတိတ္ထာ ကြားလောက်ရုံမျှသော အသံကလေးဖြင့် ပြော၏။ အတိတ္ထာက နားမလည်ကြောင်း ပြန်ပြော၏။

"ဒီလိုပါ မောင်အရှင်၊ ဘိုးဘိုးရဲ့ အြဒ္ဓာရိကရုပ်ဟာ ဒီမှာရှိပေမယ့် သူ့ရဲ့ဗိညာဉ်ဟာ ဗြဟ္မာကြီးနဲ့ တွေ့နေတယ်လို့ ဆိုတာပါ"

အတိတ္ထာသည် နားမလည်ပါ။ သို့သော် ထပ်၍ မမေးတော့။ မနုစာရီ ထပ်၍ရှင်းလေ သူ့အဖို့ ရှုပ်လေ ဖြစ်ပေတော့မည်။ ထို့ကြောင့် မမေးဘဲ ဆိတ်ဆိတ်သာ နေလိုက်တော့၏။ တစ်အောင့်လောက်ကြာလျှင် အဘိုးအိုသည် လှုပ်ရှားလာတော့၏။

(မဟာမနုဿာ သင်္ဂီမေ ယုဇ္ဇန္တာ မရန္တိ အမှာကံ သေနာပတိ ကုမာရံ စိရံဇီဝတု)

"များစွာသော လူတို့သည် စစ်မြေပြင်၌ တိုက်ရင်းခိုက်ရင်း သေကြေကုန်ပြီ။ ကျွန်ုပ်တို့ရဲ့ စစ်သူရဲကောင်း မင်းသား အသက်ရှည်ပါစေသတည်း"

အဘိုးအိုသည် ခပ်ရိုးရိုးပင် အတိတ္ထာကို မေတ္တာပို့လိုက်၏။ ယခုတစ်ခါတော့ သူ့ကို မင်းသားဖြစ်ကြောင်း ဘယ်လိုသိသည် ဆိုသည့် မေးခွန်းကို မမေးတော့ချေ။

မနုစာရီက အဘိုးအိုကို ထောပတ်ဟု ထင်ရသော အရာများနှင့် တစ်ကိုယ်လုံး သုတ်လိမ်းပေးရင်း ရေချိုးဆိပ်၌ တွေ့ရ၍ ခေါ်လာကြောင်း ပြောပြ၏။ အဘိုးအိုသည် နားထောင်ရင်း ဝါးကျည်တောက်ထဲအတွင်းမှ အလွန်ဖြောင့်လက်သော အလုံးကလေး တစ်လုံးကို ထုတ်၍ ပျားရည်ထည့်ထားသော ပန်းကန်ထဲသို့ ထည့်၍ အတိတ္ထာကို ပေး၏။

အတိတ္ထာသည် ပျားရည်ကို အနည်းငယ်ကော်၍ 'လျက်' လိုက်သည်တွင် အကြောအချဉ်များသည် စိမ့်၍ သွားလောက်အောင် ကောင်းမွန်သောအရသာထူးသွား၏။ အိမ်ရှေ့မင်းသားအနေဖြင့် စားဖူးသမျှသော စားအာဟာရ အမွန်အမြတ်တို့ကို လွန်၍ ကောင်းလှသော ပျားရည်ဖြစ်သည်ဟု မသက်ဘဲ ဖြစ်လာ၏။

"စားပါ သူရဲကောင်း၊ အသက်အန္တရာယ် မဖြစ်နိုင်ပါဘူး။ တာလသုဝဏ္ဏခေါ်တဲ့ ဆေးအိန္ဒြေဓာတ်ခဲရဲ့ အစွမ်းကြောင့် အရသာ ထူးတာပါ။ ပျားရည်က ဥဒ္ဒါလကာ ပျားညိုမျိုးရဲ့ ပျားရည်ပါ၊ နှာရှုသုခခေါ်တဲ့ အကြောအားလုံးကို သန့်စွမ်းစေတဲ့ ဆေးဖော်တဲ့ အခါမှာ သုံးရတယ်"

နှစ်ရက်တိုင်တိုင် အစာမစားခဲ့ရသော အတိတ္ထာသည် ပျားရည်အနည်းငယ်မျှ 'လျက်' ရုံမျှနှင့် အင်အားပြည့်ဖြိုးလာတော့၏။ အဘိုးအိုသည် လွတ်လပ်စွာ နေနိုင်ကြောင်း ခွင့်ပေးပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



(ဆတ်- ကျိတ်- အဋ္ဌ)ဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ရေးသုံးပါးကို ရွတ်ဆိုနေတော့၏။

အတိတ္ထျာသည် မနုစာရီ ခင်းပေးသော ဝါးဘိုးခေါင်းအုံးဖြင့် အခင်းဖျောင်ပေါ်တွင် လှဲ၍ အနားယူခဲ့လေတော့၏။ ကျောင်းသင်္ခမ်း ရှေ့ကွက်လပ်တွင် မနုစာရီကသင်၍ မိန်းကလေး ခြောက်ယောက်က လိုက်၍ ဆိုနေသော....

ဆေရာ ဆေရာ

ဂျုလ ဂျုလ

ဝဝ ဝဝ

ရှဂျူ ရှဂျူ- အုံ

ဟူသော မန္တာန် မန်းမှုတ်နည်းများကို ကြားနေရ၏။ မည်သည့် အချိန်၌ ရပ်နားသွားကြသည် မသိချေ။ အတိတ္ထျာ အိပ်ပျော်ရာမှ နိုးလာချိန်၌မူ ကောင်းကင်၌ ခုနစ်စင်ကြယ်သည် အမြီးထောင်၍ နေပေပြီ။ မန်းချောင်းရေစီးသံနှင့် လေခတ်သော သစ်ရွက်တို့ လှုပ် ရှားသံမှအပ အခြားအသံကို မကြားရတော့ချေ။ လသည် ကြယ်တို့ ရံကာ ထီးဆောင်း၍ မင်းပြုနေ၏။ မန္တာန်ရွတ်၍ ပင်ပန်းသော မိန်းမ ငယ်တို့၏ ဟောက်သံကို ကြားနေရ၏။

မနုစာရီကတော့ ဟောက်လိမ့်မည်ဟု အတိတ္ထျာမထင်။

❀ ❀ ❀





မင်းသား အတိတ္ထျာသည် ဒဏ်ရာဒဏ်ချက်များ သက်သာသွား သည်ကလည်း တစ်ကြောင်း၊ အာဟာရနှင့် အိပ်ရေးများ ဝလင်သွား သည်ကလည်း တစ်ကြောင်းကြောင့် လန်းလန်းဆန်းဆန်း ရှိလာ၏။ ထို့ကြောင့် ဆက်လက် အိပ်စက်ခြင်း မပြုတော့ဘဲ မန်းချောင်းဆီသို့ လျှောက်လာ၏။

လမင်းသည် ပဝင်း၍ ထိန်ထိန်သာနေ၏။ မန်းချောင်းရေ အလျင်သည် လရောင်အောက်၌ သာခွာဘော်သားအလား ဝင်း လက်လျက် ရှိ၏။ ချောင်းကမ်းစပ် သောင်ပြင်မှာမူ ညီညာ ပြန့်ပြူး၍ ငွေသင်ဖြူးခင်းထားသည့်အလား မျက်စိတဆုံး ဖွေးဖွေးဖြူလျက် ရှိ၏။

အတိတ္ထျာသည် ညောင်းညာမှုကို ဖြေဖျောက်ရန်အတွက် သောင်ပြင်တွင် လမ်းလျှောက်မည်ဟု စိတ်တွင်း၌ ကြံရွယ်၍ ခင်တန်း ကလေးတစ်ခုကို ကျော်ဖြတ်လိုက်လျှင် သူသည် သူ၏ မျက်စိအား မယုံနိုင်သကဲ့သို့ ရှိတော့၏။

ကုဋ္ဌိယ သဏ္ဌာန်တစ်ခုသည် အလွန် ပါးလွှာလှသော အဝတ် အစားများကို ဝတ်ဆင်ထား၏။ သူ၏ အဝတ်များသည်လည်း ကောင်း၊ သူ၏ ရှည်လျားသော ဆံပင်သည်လည်းကောင်း လေထဲတွင် တဖြတ်ဖြတ် လွင့်မြောနေ၏။

မည်သူမည်ဝါ ဖြစ်သည်၊ မည်သည့် အကြောင်းကြောင့် တစ် ကိုယ်တည်း လာရောက်လျက် ရှိသည်ကို သိလိုလှသော အတိတ္ထျာ



www.burmeseclassic.com

www.burmeseclassic.com



သည် အကိုင်းချင်း ယှက်နွယ်၍ အစီအရီပေါက်နေသော ပေါက်ပန်းဖြူပင်တန်းကလေး၏ အရိပ်ကို အကာအကွယ်ယူကာ စစ်မြေပြင်မှ ရန်သူအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သော အတတ်ဖြစ်သည့် 'ပဘက်ရဇ္ဇုဟာ' ပညာဖြင့် ထို ဣတ္ထိယသဏ္ဍာန်နှင့် အနီးဆုံး အပင်တစ်ပင်သို့ အရောက်ချဉ်းကပ်ခဲ့၏။

အတိတ္ထာ ပို၍ အံ့ဩမိပြန်၏။ ထိုသဏ္ဍာန်ကား မနုစာရီ ဖြစ်ပေသည်။ မနုစာရီသည် ဝိုင်းစက်ပြည့်ဝန်းသော လမင်းကြီးကို ကြည့်ကာ လက်နှစ်ဖက်ကို ဆန့်တန်း၍ တစ်စုံတစ်ရာ ရွတ်ဆိုလိုက်၏။ ထို့နောက် အလွန်ပါးလွှာသော အဝတ်တို့ကို တစ်ခုချင်း ချွတ်ချလျက် ရှိတော့၏။

စစ်သူရဲကောင်း မင်းသား၏ရင်ထဲ နတ်ဆိုး အကောင် တစ်ရာ ဝင်ရောက်၍ သောင်းကျန်းနေသည်ထက်ပင် ပို၍ ဗလောင်ဆူနေ၏။ ရမ္မက်မီးသည် တငြီးငြီး တောက်လောင်နေ၏။ ထို့ကြောင့် တံတွေးကို မကြာခဏ မျိုချနေရ၏။ ရမ္မက်မီး၏ အပူရှိန်ကြောင့် အတိတ္ထာ၏ လည်ချောင်းများလည်း ခြောက်သွေ့လျက် ရှိတော့၏။

ပါးလွှာသော အဝတ်တို့သည် မနုစာရီ၏ ခြေရင်းတွင် စုပုံလျက် ရှိ၏။ မနုစာရီ၏ ကိုယ်ပေါ်၌ကား အဝတ်အထည် ဟူ၍ လုံးဝ မရှိတော့ချေ။ ပကတိ မိမွေးတိုင်း၊ ဖမွေးတိုင်း ဖြစ်နေ၏။

အသားရောင်သည် လရောင်အောက်၌ ပို၍ ဝင်းပနေသည်ဟု အတိတ္ထာကထင်မိ၏။ ရှည်သွယ်နက်မှောင်သော ဆံကေသာသည်





လည်း လေထဲတွင် တံခွန်လွင့်သည့်အလား လွင့်နေ၏။ (မတွဲမရို၊ မချပ်မပြားသော ရင်အစုံ၊ ဟိုက်သိမ်သော ခါး၊ ကားစွင့်သော တင်၊ ဆင်စွယ်ညွှတ်မျှ ကြော့ကြော့ရှင်းသော ဖေါင်တံ စသည့် ယှဉ်ပေါင်းစပ်၍ ဖွဲ့စည်းထားသကဲ့သို့ ရှိတော့၏။) အလှကြွယ်စုံ သိကြားထုသို့ဟု ဆိုရမတတ် သိကြားမင်းထုသော ကညာရုပ်သွင်ကဲ့သို့ လှချင်တိုင်း လှနေသော မနုစာရီကို အတိတ္ထာ မင်းသားသည် သတိလက်လွတ် ငုက်တောင်ကျွတ်ဖြစ်ပြီး ပြေး၍ မဖက်မိစေရန် အနီးရှိ ပေါက်ပန်းဖြူပင်ကိုင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရတော့၏။

အတိတ္ထာ ညှစ်ကိုင်ထားသော ပေါက်ပန်းဖြူကိုင်းသည် လူစကားပြောတတ်ပါမူ နည်းနည်းလျှော့ပေးပါဦး၊ သိပ်မညှစ်ပါနဲ့၊ ကျုပ် သေရပါတော့မည်ဟု ပြောကောင်း ပြောပေလိမ့်မည်။

မနုစာရီသည် လရောင်ကို မျက်နှာမူနေရာမှ ကျောပေး၍ ရပ်လိုက်ပြန်၏။ (ပုရိသယောကျ်ားများကို များစွာ ညှို့ငင်နိုင်သော နေရာသည် မိန်းမတို့၏ မို့မောက်ဖောင်းကြွသော တင်သားများ၏ နေရာဖြစ်ရာ မနုစာရီ၏ ပွင့်သစ်စ ခရသင်းအလား ဖြူဝင်းမောက်ကြွသော တင်သားအစုံဖြင့် ကျက်သရေရှိလှသော မနုစာရီ၏ ကျောပိုင်းအလှသည် အတိတ္ထာအဖို့ ရှေ့ပိုင်းအလှထက်ပင် ပို၍ ဆွဲအား ရှိနေ၏။)

အတိတ္ထာ၏စိတ်၌ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့



www.burmeseclassic.com

www.burmeseclassic.com



ထားအပ်သော စည်းကမ်းကို ချိုးဖောက်ချင်လာ၏။ အချိန်၏ အားပေးမှု၊ နေရာ၏ အားပေးမှုတို့ကြောင့် ဤကဲ့သို့သော အခွင့်အရေးမျိုးကို လက်လွှတ်လိုက်ပါမူ ငါးကြော်တွေ့၍မှ မနိုက်လျှင် ကြောင်မိုက်ဟု ဆိုရိုးရှိ၏။ ထို့ကြောင့် အရကြံလိုက်မည်ဟု စိတ်တွင် ဖြစ်ပေါ်ခဲ့သေး၏။

သို့သော် စိတ်ဓာတ်ကြံ့ခိုင်သော ယောကျ်ားဖြစ်သည့် အားလျော်စွာ ကယ်ဆယ်ခဲ့သော ကျေးဇူးကိုလည်းကောင်း၊ မြတ်နိုးဖွယ်ရာသော မနုစာရီ၏ အလှနှင့် ပညာဉာဏ်ကိုလည်းကောင်း လေးစားသောအားဖြင့် တဒင်္ဂပဟာန် တောက်လောက်လျက်ရှိသော တဏှာရာဂမီးကို အငြိမ်းပေးနိုင်ခဲ့ခြင်း ဖြစ်၏။ အတိတ္ထာသည် မိမိ၏ စိတ်ဆင်ရိုင်းကို ထူးခတ်၍ ထားလိုက်၏။

ထို့ကြောင့် အတိတ္ထာသည် ဖြည်းညှင်းစွာ အပါးမှ ဆုတ်ခွာလာခဲ့ပြီးနောက် ကျောင်းသင်ခန်းရှေ့ရှိ ငါးကွပ်ပျစ်ပေါ်တွင် ထိုင်လျက် မနုစာရီနှင့် ပတ်သက်သည့် အကြောင်းအရာများကို အထပ်ထပ် စဉ်းစားလျက် ရှိ၏။ ကျောင်းသင်ခန်းအတွင်းမှ မိန်းမငယ်တို့၏ ဟောက်သံသည် ယခင်ကအတိုင်း ကြားနေရ၏။

တစ်အောင့်မျှ ထိုင်မိပြီးနောက် မနုစာရီ ရောက်လာ၏။ အချိုးကျ၍ လှပလှလဲသော အဝတ်အစားများကို ဝတ်ဆင်ကာ အတိတ္ထာအနီးတွင် လာရောက်၍ ကျုံ့ကျုံ့ကလေး ထိုင်၏။





"မောင်အရှင် ဆာလောင်မွတ်သိပ်မှု ရှိပါသလော"

အတိတ္ထာက ပါးစပ်ဖြင့် မဖြေ၊ ခေါင်းကို အသာယမ်း၍ ပြ၏။ မနုစာရီသည် အတိတ္ထာကို အနည်းငယ် အကဲခတ်လိုက်ပြီးနောက်......

"မောင်အရှင် မနုစာရီလရောင်ခြည် လို့တာကို တစ်နေရာရာက မြင်ခဲ့ပြီ မဟုတ်လား"

"ဟုတ်ပါ့ပေတယ် မနုစာရီ နှမငယ်၊ မောင်အရှင် မြင်ခဲ့ကြောင်းကို နှမ ဘယ်လိုသိနိုင်ခဲ့သလဲ"

"သိပါတယ် မောင်အရှင်၏ ဝိသမပရိဟာရဇာခေါ်တဲ့ ချုပ်တီးခြင်းကြောင့် ဖြစ်ပေါ်တဲ့ ရောဂါရိပ်ရယ်၊ ရာဂမွတ္တာက ခေါ်တဲ့ တဏှာရာဂကြောင့် ရူးသွပ်တဲ့သူရဲ့ အနုစားရောဂါရိပ်ရယ်ကို မောင်အရှင့်မှာ တွေ့ရပါတယ်။ အဲ့ကြောင့် မနုစာရီ လရောင်ခြည်လို့တာကို မောင်အရှင် တစ်နေရာရာက တွေ့ခဲ့ပြီလို့ သိရပါတယ်"

"ဘာကြောင့် လရောင်ခြည် လို့ရတာလဲ နှမငယ် မနုစာရီ"

"ဒီလောကမှာ နေလနှစ်ပါးရဲ့ စွမ်းအင်သတ္တိနဲ့ ကင်းပြီး ဘယ်အရာမှ မရှိပါဘူး၊ နေဟာ အပိုဓာတ်ကို ဖြစ်စေပြီး၊ လဟာ အမဓာတ်ကို ဖြစ်စေပါတယ်။ အဲ့ကြောင့် နေကိုပုံပြုပြီး ရေးတဲ့စာကို စာဖိုလို့ ခေါ်ပါတယ်။ လကို ပုံပြုပြီး ရေးတဲ့စာကို စာမလို့ ခေါ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက်။ ။ စ– ဓ– ဗ– ဝကို ဆိုလိုဟန် ရှိပါသည်။ စာရေးသူ)

"လရောင်ခြည်လှုံ့တဲ့ အကျိုးကျေးဇူးကို သိပါရစေ နှမငယ်"

"လရောင်ခြည်ဟာ ဆွဲဓာတ်ကို ဖြစ်ပေါ်စေပါတယ်။ မဟာသမုဒ္ဒရာတွင်းမှ ရေများကိုပင် ဆွဲငင်နိုင်စွမ်း ရှိပါတယ်။ မိန်းမများရဲ့ ကျောရိုးအတွင်းမှရှိတဲ့ ချဉ်ဆီနဲ့ သားအိမ်ပိုင်းမှာရှိတဲ့ ဥတုပန်းရည်တို့ဟာ လရဲ့ဆွဲအားကြောင့် ကြွတက်တတ်ပါတယ်။ ဒီအခါမျိုးမှာ လရောင်ခြည်လှုံ့ပေးရင် ဆွဲဓာတ်များ ရရှိပြီး အလှတိုးစေပါတယ်။ အသက်ရှည်ပါတယ် မောင်အရှင်"

အတိတျာသည် အံ့သြစွာဖြင့် မနုစာရီကို ငေးကြည့်နေမိ၏။

"လရောင်ခြည် လှုံ့သလိုပဲ နေရောင်ခြည်ကိုလည်း လှုံ့သင့်ပါတယ်။ နေရောင်ခြည်မှာ အတွန်းဓာတ်တစ်မျိုး ပါရှိပါတယ်။ အပိုဓာတ်ကို ဖြစ်စေပါတယ်။ သတ္တိကို ဖြစ်စေပါတယ်။ စိတ်ဓာတ်ကို ခိုင်ကြည်စေပါတယ်။ အရိုးတို့ကို ခိုင်ခံ့စေပါတယ်"

အတိတျာအဖို့ မနုစာရီ၏ အသံသည်လည်းကောင်း၊ ပြောပြနေသော အကြောင်းအရာတို့သည် လည်းကောင်း၊ မငြီးနိုင်အောင် ရှိတော့၏။

မနုစာရီသည် ကျောင်းသင်ခန်းအတွင်းသို့ ဝင်သွားပြီးလျှင် ရေ





တစ်ခွက်နှင့် အမှုန့်အနည်းငယ်ကို ယူလာပြီးနောက် အတိတျာသို့ ပေး၏။

"ကိတ္တာပက္ခိတခေါ်တဲ့ တဆေးမှုန့်ပါ။ လှုပ်ရှားနေတဲ့ စိတ်ကို တည်ကြည်သွားစေပါတယ်။ အဲဒါကို ရေနဲ့သောက်လိုက်ပြီး အိပ်လိုက်ပါ"

အတိတျာသည် မနုစာရီပြောသည့်အတိုင်း ဆေးမှုန့်ကို ပါးစပ်အတွင်းသို့ ပက်သွင်း၍ ရေကို သောက်လိုက်ပြီးနောက် ဝါးကွပ်ပျစ်ပေါ်တွင် လှဲချလိုက်ရာ မနုစာရီ မိမိအနားမှ မခွာမီမှာပင် အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

မနုစာရီသည် အတိတျာကို ဖျင်ခြုံစောင်ငယ်တစ်ခုနှင့် လွှမ်းခြုံပေးပြီးနောက် ကျောင်းသင်ခန်းအတွင်းသို့ ဝင်သွားတော့၏။

အတိတျာသာမဟုတ် မနုစာရီသည်လည်း အိပ်ပျော်ခဲ့လေပြီ။ လရောင်အောက်၌ သက်ရှိသက်မဲ့ မှန်သမျှသည် ထိုအချိန်၌ နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိတော့၏။

လသည် သာမြဲသာနေ၏။ မန်းချောင်း၏ ရေစီးသံသည် ဗေလုဝနတ်စောင်းသံအလား ထိုည၏ အလှကို ဖော်ကျူးနေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်တွင် အတိတ္ထာအား မနုစာရီသည် ဝိတ်မည်သော ကောက်စပါးမျိုးဖြင့် ကျိုချက်ထားသော ယာဂု (ဆန်ပြုတ်)ကို လာ၍ပေး၏။ အတိတ္ထာသည် မနုစာရီပေးသော ယာဂုကို မြိန်ရှက်စွာ သောက်နေစဉ် မနုစာရီက အနီးတွင် ထိုင်၍...

''မောင်အရှင် ယာဂုဟာ ဥန္နပတိ ဂနုတိ ဆာလောင်ခြင်းကို ပယ်၏။ ဝိပါသံ ပတိဝိနေ့ပတိ မွတ်သိပ်ခြင်းကို ပယ်၏။ ဝါတံ အနုလောမေတိ လေကိုအောက်သို့ သက်စေ၏။ ဝတ္ထိံသော စေတိ ဆီးအိမ်စည်ပေါင်းကို ရှင်းလင်း၍ ဆီးကိုရှင်စေ၏။ အမာဝ သေသံ ပါစေတိ မကြေမကျက်သေးသော အစာသစ် အကြွင်း အကျန်ကို ကြေကျက်စေ၏လို့ ဓာတုတိကိစ္ဆခေါ်တဲ့ ဓာတ်စာ ကျွေးခြင်း ပညာဟု ဆိုထားပါသည်။ ဒါကြောင့် ဒီနေ့ သာ မဟုတ်ဘဲ နောက်နောင်ကိုလည်း မောင်အရှင် နေ့တိုင်း စားသုံး စေချင်ပါတယ်''

အတိတ္ထာသည် ကလေးငယ်ကဲ့သို့ ခေါင်းကိုသာ ညိတ်၍ ပြေ၏။ စိတ်တွင်း၌လည်း မနုစာရီ၏ စွယ်စုံတတ်သိ လိမ္မာမှုကို ချီးကျူးနေမိ၏။ မနုစာရီ၏ ဘိုးဘိုးသည် အတိတ္ထာ၏ အနီးသို့ ရောက်လာပြီးနောက်....

မဟူ မနုဿာသင်္ကါမေ ယုဇ္ဇန္တာမရန္တို။
အမှာကံ သေနာပတိကုမာရံ စိရံ တိဋ္ဌိ၀။





''များစွာကုန်သော လူတို့သည် စစ်မြေပြင်၌ တိုက်ရင်း ခိုက်ရင်း သကြကုန်ပြီ။ ကျွန်ုပ်၏ စစ်သူရဲကောင်း မင်းသား၊ အသက်ရှည်ပါစေသတည်း''ဟု ဆုတောင်းမေတ္တာပို့သပြီးနောက် ထိုင်နေကျ စံနက်ရေပေါ်တွင် ထိုင်၍ ဇောဂအကျင့်ဖြင့် ငြိမ်းချမ်းစွာ နေလေတော့၏။

ကျန်ရှိသော မိန်းကလေးခြောက်ဦးတို့သည်လည်း ယမန်နေ့ ည၌က မနုစာရီသင်ကြားပေးထားသော မန္တန်များကို တစ်ဦးစီ နုစာရီထံ၌ အလွတ်ပြန်ဆိုကြပြီးနောက် ထင်းခွေခြင်း၊ ရေခပ်ခြင်း ား ပြုရန်အတွက် ကျောင်းသင်ခန်းအပြင်သို့ ထွက်ခွာသွားကြတော့၏။

မနုစာရီနှင့် အတိတ္ထာတို့သာလျှင် ကျောင်းသင်ခန်းရှေ့ရှိ ဝါးကွပ်ပ်ကလေးပေါ်၌ ထိုင်ရင်း စကားပြောနေကြ၏။ မနုစာရီ၏ ဝင်းဝါ၍ ယ်ညွတ်သော လက်ချောင်းကလေးများကို အတိတ္ထာက စိတ် ်ားစွာ ကြည့်ရင်း ဤလက်ချောင်းကလေးများသည် စောင်းကြိုး းပေါ်၌ ပြေးလွှားလှုပ်ခတ်ကစားပါမူ သာယာသော အသံကို ပေါ်စေလိမ့်မည်ဟု ထင်မှတ်မိရာကား....

''မနုစာရီ စောင်းတီးတတ်ပါသလော''ဟု မေးမြန်းမိ၏။

မနုစာရီက ချွန်းပေါ်သော သွားများကို ပေါ်ရုံမျှ ပြ၍ ပြုံး ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မနုစာရီ စောင်းကိုသာ မဟုတ်ပါဘူး၊ တူရိယာမျိုးထဲတွင် မိန်းမသားတို့အနေနဲ့ တီးမှုတ်ရန် မလွယ်ကူတဲ့ မြောက်စည် သံလွင် စည်ပြော၊ စည်ကြီး၊ ဒုံမင်း၊ စည်ဝန်း၊ စည်သေး၊ စည်ပုတ် စည်ပန်းတောင်း၊ ပတ်သာ၊ ပုံသာ၊ တစ်ဖက်ပိတ်၊ စည်နဲ့ စည်အို စတဲ့ စည်မျိုးတစ်ဆယ့်နှစ်ရပ်ကိုပင် ကျွမ်းကျင် စွာ တီးခတ်နိုင်ပါတယ် မောင်အရှင်"

အတိတ္တာသည် မနုစာရီကဲ့သို့ ဤမည်သော တစ်ဆယ့်နှစ် ရပ်သော စည်များကို တီးခတ်နိုင်ဖို့ ဝေးစွ ထိုတစ်ဆယ့်နှစ်ရပ်သော စည်တို့၏ အမျိုးအမည်ကိုပင် အလွတ်ရွတ်ဆိုပြနိုင်ခြင်း မရှိပါပေ။

"မောင့်အရှင်ရဲ့ လက်ဝါးကို ဖြန့်လိုက်ပါ"

အတိတ္တာသည် မနုစာရီပြောသည့်အတိုင်း လက်နှစ်ဖက်ကို ဖြန့်၍ ပြလိုက်၏။ မနုစာရီသည် အတိတ္တာ၏ လက်ဝါးပေါ်တွင် ရှိသော အရေးအကြောင်း အမြောက်အမြားအနက်မှ တစ်ခုသော အရေး အကြောင်းကို သူ၏ သွယ်ချွန်းသော လက်ညှိုးကလေးနှင့် ထောက် ကာ....

"ဟောဒီ လက်ညှိုးနဲ့ လက်မကြားမှ အစပြုပြီး မောင်အရှင်ရဲ့ လက်ဖဝါးအစွန်းဘက်ကို ဖြတ်သန်းတဲ့အကြောင်း ကလေးက သုသမ္ဗဏလေခါလို့ ခေါ်ကယ်။ မှောင်မိုက်ခြင်းကို အားပေး တယ်။ တစ်နည်းအားဖြင့် ပညာဉာဏ်ကိုလည်း အားပေးတယ်





ဒီအကြောင်းလေးဟာ မောင်အရှင့်လက်မှာ အာရိလို့ခေါ်တဲ့ အင်္ဂါကြယ်ထွန်းပရာ နေရာဘက်ကို သွားလေတော့ မောင် အရှင်ဟာ အတီးအမှုတ်၊ အကအခုန်၊ ပန်းချီပန်းပု၊ အနုလက်ာ၊ ကဗျာ၊ သီချင်းစတဲ့ ငြိမ့်ညောင်းခြင်း အတတ်တွေကို စိတ် ဝင်စားခြင်း မရှိဘဲ အဂ္ဂိဇာလဗျူဟာ ခေါ်တဲ့ မီးတောက် မီးလျှံ များ ဝါးမျိုဖျက်ဆီးသကဲ့သို့ ဖျက်ဆီးမှု စစ်အတတ်ဘက်တွင် ကျွမ်းကျင်လိမ္မာခဲ့ပါတယ်။ မနုစာရီရဲ့လက်မှာ ရှိတဲ့ အဲဒီ လမ်း ကြောင်းကတော့ စန်းကြိုဟ်ထွန်းပရာသို့ သွယ်ညွှတ်သွားတဲ့ အတွက် အတီးအမှုတ်၊ အနုလက်ာ၊ ကဗျာသီချင်း စတဲ့ အတတ်တွေမှာ ကျွမ်းကျင်တတ် မြောက်ခဲ့ပါတယ်"

မနုစာရီသည် သူ၏ လက်ဖဝါးကိုပါ ဖြန့်၍ ထိုသုသမ္ဗဏ ခေါ်သော လမ်းကြောင်းငယ်၏ တည်ရှိမှုနှင့် အတတ်ပညာ ဆက်နွယ်မှုကို ရှင်းပြပြန်၏။ အတိတ္တာသည် မနုစာရီ၏ လက်ဝါး ကို စိတ်ဝင်စားစွာ ကြည့်သော်လည်း မနုစာရီကဲ့သို့ အရေး ကြောင်းများကို နားမလည်နိုင်ခဲ့ပါ။ သို့ရာတွင် မနုစာရီ၏ လက်ဝါး တွင် ဆေးမင်နက်ဖြင့် ထိုးထားသော ရှစ်ထောင့်ကြယ်ပုံ တစ်မျိုးကို မြင်ရသဖြင့် မနုစာရီကို ထိုအမှတ်တံဆိပ်နှင့် ပတ်သက်၍ မေး တော့၏။

"နှမငယ် မနုစာရီ၊ ဒီအမှတ်တံဆိပ်ဟာ ဘာလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"“ဒီ ဂျေရာလို ခေါ်တဲ့ ဓာတ်စမတစ်မျိုးပါ။ ဘိုးဘိုး ထိုးေ
ထားတာလေ၊ ဒီဓာတ်စမ ဂျေရာဟာ ရန်ပြုသူတွေနဲ့ တွေ့
သူက အစွမ်းသတ္တိ ပြပါတယ်။ ကျား၊ ဆင်၊ မြွေ စတဲ့ တေ
တိရစ္ဆာန်တွေဟာ မြင်ရုံမျှနဲ့ ထွက်ပြေးကြပါတယ်”

အတိတ္ထျာနှင့် မနုစာရီတို့ ထို့သို့ စကားလက်ဆုံ ကျနေစဉ်
ကျောင်းဝင်းအတွင်းသို့ တစ်စုံတစ်ယောက် ဝင်လာ၏။ အတိတ္
သည် ဝင်လာသူကို လှမ်း၍ကြည့်လိုက်ရာ ဦးခေါင်း၌ ဆံကျစ်ကြီးပြ
မုတ်ဆိတ်ဖားဖားနှင့် တောမှီရသေ့တစ်ဦးဖြစ်ကြောင်း တွေ့လိုက်ရ
ထိုရသေ့သည် အတိတ္ထျာတို့ ထိုင်နေသော ဝါးကွပ်ပျစ်တွင် ဝင်ရော
ထိုင်လိုက်၏။ အတိတ္ထျာသည် အဓိပ္ပာယ် နားမလည်ဘဲ ထိုရသေ့
ကြည့်နေစဉ် ရသေ့၏ နားနှစ်ဖက်မှ မီးခိုးများ အူ၍ထွက်လာ၏

“မောင်......”

မနုစာရီသည် အလန့်တကြား အော်လိုက်ပြီးနောက် အတိတ္
ကို ရသေ့အနီးမှ ဇတ်ခနဲ ဆွဲလိုက်၏။ မနုစာရီသည် အတိတ္
လက်ကိုကိုင်ကာ ရသေ့အနီးမှ နောက်ဆုတ် နောက်ဆုတ်
အတော်လှမ်းလှမ်း နေရာအထိ ရောက်သွားရန် ရှောင်ကွင်းလိုက်
ရသေ့မှာမူ နားနှစ်ဖက်မှသာ မဟုတ်။ နှာခေါင်းများ၊ မျက်လုံး
ပါးစပ်မှပါမကျန် မီးခိုးများ ထုတ်လွှတ်နေသဖြင့် နောက်ဆုံး
ရသေ့ကိုပင် မမြင်ရတော့ဘဲ မီးခိုးလုံးကြီးကိုသာ မြင်ရတော့၏





စစ်သူရဲကောင်းဖြစ်သော မင်းသားအတိတ္ထျာသည် မည်သို့
သည်ကို မသိနားမလည်ဖြားသော်လည်း ကြောက်ရွံ့ခြင်းကတော့
ချေ။

“မနုစာရီ ဒီရသေ့ဟာ ရန်သူလား၊ မိတ်ဆွေလား၊ သဲသဲ ကွဲကွဲ
သိပါရစေ၊ ရန်သူဖြစ်လျှင်တော့ ဘယ်လို တန်ခိုးရှင်ပဲ ဖြစ်ပါစေ၊
မောင်အရှင် တိုက်ခိုက်ပါ့မယ်”

“သူလွှတ်တဲ့ အခိုးအငွေ့တွေကို ရှူရှိုက်မိရင် တပ်ခါတည်း
သေသွားနိုင်တယ် မောင်အရှင်၊ ဒီရသေ့ဟာ မိတ်ဆွေ မဟုတ်
တာတော့ သေချာပါတယ်”

အတိတ္ထျာသည် မည်သို့မျှ ပြောဆိုခြင်း မပြုဘဲ ကျောင်းရှေ့မှ
အိုးကိုယူကာ ရသေ့၏ ဦးခေါင်းပေါ်မှ လောင်းချလိုက်တော့၏။
ခိုးများလည်း လုံးဝချုပ်ငြိမ်း ပျောက်ကွယ်သွားတော့၏။ ရသေ့
ည်း ရေနစ်သော ကြွက်စုတ်အလား ရွှဲရွှဲ စိုလျက် တိုကြည့် ဒီကြည့်
်နေ၏။

အတိတ္ထျာသည် အူကြောင်ကြောင် ဖြစ်နေသော ရသေ့ကို
ကျစ်မှ ဆွဲကိုင်ကာ ကျောင်းသင်ခန်းအပြင်သို့ တွန်းထုတ်လိုက်၏။

ရသေ့လည်း ဦးခေါင်းကို ငိုက်စိုက်ချလျက် စိတ်ပျက်စွာ ထွက်
သွားလေတော့၏။

မနုစာရီသည် အတိတ္ထျာ၏ လက်မောင်းကို ညင်သာစွာ ရှင်
း၍....



www.burmeseclassic.com

www.burmeseclassic.com



“မောင်အရှင် မနုစာရီ မေးပါရစေ၊ အခိုးအလျှံတွေ ထုတ် လွှတ်ပြီး တန်ခိုးပြနေတဲ့ ရသေ့ကို ရေနဲ့လောင်းလျှင် နိုင်, နိုင် တယ်ဆိုတာ နဂိုက သိပါသလား”

“တန်ခိုးတွေ ဘာတွေ မောင်အရှင်မသိပါ။ အခိုးထွက်တ ဟာ မီးရှိလို့ပဲ။ မီးဆိုရင် ရေနဲ့ ငြိမ်းရတယ်လို့တော့ သိတယ် မောင်အရှင်တို့ စစ်တိုက်တဲ့အခါမှာ စစ်ချီရာ လမ်းတစ်လျှော ကို တစ်ခါတရံ ရန်သူဟာ မီးရှို့ထားတတ်တယ်၊ အဲဒီအခါမျိုးမှ မောင်အရှင်တို့ဟာ တခြား ဘာကိုမျှ စဉ်းစားခြင်း မပြုဘဲ ရေနဲ့ ငြိမ်းသတ်ခဲ့ရတာပဲ၊ အခုလည်း ဒီလိုပဲ ရန်သူဖြစ်တဲ့ ရသေ့ဆီမှ မီးခိုးတွေလို့ ရေနဲ့ လောင်းငြိမ်းလိုက်တာပါပဲ”

“မှန်ပါတယ် မောင်အရှင်၊ ဒီလို အခိုးလွှတ်ပြီး တန်ခိုးပြတယ် ဆိုတာဟာ ကိုယ်ခန္ဓာတွင်းမှာရှိတဲ့ အာပေါဆိုတဲ့ ရေဓာတ် နဲ့ လေ့ကျင့်ထားတဲ့ တေဇောကသိုဏ်းကို သမဘာဂဖြစ်အောင် လုပ်ပြီး အခိုးထုတ်လွှတ်ရတာပါ။ တစ်စုံတစ်ယောက်က တန်ခိုးနဲ့ပဲဖြစ်ဖြစ် မောင်အရှင်လို ရေလောင်းတဲ့နည်းနဲ့ပဲ ဖြစ်ဖြ အာပေါဓာတ်ကို တမဟုတ်ချင်း လွန်ကဲအောင် ပြုလုပ်ခဲ့လို့ရှိရင် တေဇောကသိုဏ်းဟာ အပြီးတိုင် ကျဆုံးသွားပါတယ် မောင် အရှင်၊ ဒီရသေ့ဟာ တစ်သက်မှာကော့ တေဇောကသိုဏ်းက ပေါက်မြောက်အောင် ပြန်လုပ်နိုင်ဖို့ ခဲယဉ်းသွားပါပြီ၊ ဒါ့ကြောင့် သူဟာ စိတ်အပျက်ကြီး ပျက်သွားရှာပါတယ်”

“မနုစာရီ မောင်အရှင် မေးပါရစေဦး၊ တေဇောကသိုဏ်းကို လေ့ကျင့်ကြတဲ့ ရသေ့များဟာ တောတောင်ထဲမှာ ကျင့်ကြံ ကြတယ် မဟုတ်လား။ မိုးဥတုအခါတွေမှာ သူတို့ကို မိုးစိုမှာ အမှန်ပဲ ဖြစ်ပါတယ်၊ ဒီတော့ သူတို့ကျင့်တဲ့ တေဇောကသိုဏ်း ဆိုတာ အချည်းနှီး ဖြစ်ကုန်ကြရော့လားကွယ်”

“ဒီလိုတော့ မဟုတ်ပါဘူး၊ ကသိုဏ်းဆိုတာဟာ စိတ်ဝိညာဉ်ရဲ့ အလုပ်ပါ။ တစ်စုံတစ်ယောက်ကို မိမိလေ့ကျင့်ထားတဲ့ ကသိုဏ်းနဲ့ တန်ခိုးပြမယ်ဆိုရင် စိတ်တွင်းကနေ ကသိုဏ်းကို ရှုမှတ် ဝင်စားနေရပါတယ်။ ဥပမာ– ဆိုရမယ်ဆိုရင် စောစော က ရသေ့ဟာ အဆိပ်အတောက် ဖြစ်စေနိုင်တဲ့ အခိုးတွေ လွှတ်ပြီး အဆိပ်ခိုး အဆိပ်ငွေ့လို့ မပြတ် ရှုမှတ်နေရပါတယ်။ အဲဒီအခါမှာ သူ မမျှော်လင့်ဘဲ ရန်သူက သူ့တစ်ကိုယ်လုံးကို ရေနဲ့ ဝုန်းခနဲ လောင်းချလိုက်တဲ့အခါမှာ ရှုမှတ်နေတဲ့ သူ့ရဲ့ စိတ်ဝိညာဉ်ဟာ ဖျတ်ခနဲ လန့်သွားပါတယ်။ ငါ ရှုံးပြီလို့လည်း စိတ်၌ အောက်မေ့ ဖြစ်ပေါ်ခဲ့ပါတယ်။ အလွန်လျင်မြန်တဲ့နှုန်းနဲ့ ဖြစ်ပေါ်ပါတယ်။ အဲဒီစိတ်ဟာ နောက်ဆက်တိုက် ငါရှုံးပြီ ငါရှုံးပြီတု ရှုမှတ်သွားပါတော့တယ်။ နောက်နောင်ကိုလည်း တေဇောကသိုဏ်းကို ကျင့်တိုင်း၊ ကျင့်ကိုင်း ငါရှုံးပြီဆိုတဲ့







www.burmeseclassic.com

စိတ်ဟာ ဖြစ်ပေါ်စေပါတော့တယ်။ ဒါကြောင့် ဒီရသေ့ဟာ တေဇောကသိုဏ်းမှာ ကျဆုံးသွားပါပြီ မောင်အရှင်”

“ရှင်းပါပြီ မနုစာရီ၊ တစ်ခုတော့ မေးချင်ပါသေးတယ်။ ဒီရသေ့ဟာ ဒီမှာ ဘာကြောင့် လာပြီး ဒီလို တန်ခိုးပြရတာလဲ”

“သူက ဟိုးအနားမှာရှိတဲ့ အလမ္မာယ်ဆိုတဲ့ တောအုပ်အတွင်းမှာနေတဲ့ အလမ္မာယ်ရ ရသေ့ပါ။ ဦးချိုရှိတဲ့ သတ္တဝါဟာ ဦးချိုကို အားကိုးသကဲ့သို့ တန်ခိုးရှိပြီး စိတ်ကောင်းမရှိတဲ့ သူများဟာလည်း တန်ခိုးကို အသုံးပြုပြီး တစ်ပါးသူကို ချုပ်ချယ်လိုပါတယ်”

အတိတ်ချာသည် မနုစာရီ ရှင်းပြသည်ကို သဘောပေါက်သွားသည့်အတွက် နောက်ထပ် မေးမြန်းခြင်း မပြုဘဲ ဝါးကွပ်ပျစ်ပေါ်၌ အေးချမ်းစွာထိုင်ချလိုက်၏။ မနုစာရီကမူ သူ၏ဘေးတွင် ကျုံ့ကျုံ့ကလေးထိုင်၍ အတိတ်ချာကို နှစ်လိုဖွယ်ရာပြုံး၍ ပြလိုက်၏။

ရေခပ်သွားသော မိန်းကလေးများအနက် အချို့တစ်ဝက် ပြန်ရောက်လာကြပြီဖြစ်၍ သူတို့နှစ်ဦးအနီး၌ လာရောက်၍ အမောဖြေကြတော့၏။

အတိတ်ချာသည် မနုစာရီတို့၏ ကျောင်းသင်္ခမ်း၌ ရောက်ရှိနေသည်မှာ သုံးရက်ပင် တိုင်ခဲ့လေပြီ။ မနုစာရီကိုသာမက ကျန် မိန်းကလေးများနှင့်လည်း ရင်းနှီးစပြုပြီဖြစ်၏။ မနုစာရီ၏ ဘိုးဘိုးနှင့်





စကားရှည်ကြာစွာ မပြောဘူးသေးပေ။ ဘိုးဘိုးသည် အချိန်ရှိသရွေ့ သစ်နက်ရေပေါ်၌သာ ထိုင်၍ တရားကျင့်နေတတ်၏။

မနုစာရီသည် ဘိုးဘိုး၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးရ၏။ ဘိုးဘိုးသည် မနုစာရီအား အမျိုးမျိုးသော ပညာရပ်များကို အခွင့်သင့်သလို သင်ကြားပေး၏။ သင်ကြားပေးသော ပညာရပ်များအနက် အတိတ်ချာကိုယ်တိုင် စိတ်ဝင်စားသည့် ပညာမှာ “ပဒုသာမုန္ဒြိကပေါ်ဌက” ဟု ခေါ်သော လူတို့၏ ခြေဖဝါးသားရေများဖြင့် ချုပ်ထားသော ပုရပိုဒ်ကြီးဖြန့်၍ ထိုခြေဖဝါးပိုင်ရှင်တို့၏ အကြောင်းအထွေထွေတို့ကို ဟောပြောသော ပညာဖြစ်၏။

သူတို့ သင်ကြားနေသည်ကို အတိတ်ချာသည် နံဘေးမှ ကြည့်၍ ထိုပညာအပေါ်၌ နားလည်သဘောပေါက်မိသည်မှာ “ပဒုသာမုန္ဒြိကပေါ်ဌက”ပညာသည် စကြဝတေးမင်း၏ ခြေဖဝါးတွင် ပါသော အမှတ်လက္ခဏာတို့ကို စံထား၍ ထိုစကြဝတေးမင်း၏ ခြေဖဝါး၌ပါသော အမှတ်လက္ခဏာ မည်မျှပါရှိသည်။ မည်မျှ လျော့နည်းသည်အပေါ်တွင် အခြေခံ၍ ခြေဖဝါးပိုင်ရှင်၏ အရည်အသွေး၊ အကောင်းအညံ့ကို ဆုံးဖြတ်ဟောပြောခြင်း ဖြစ်သည် ဟူ၏။

သူတို့အဆိုအရ စကြဝတေးမင်း၏ ခြေဖဝါးတော်၌ သတ္တိမည်သော လှံမပုံ၊ သီရိဝစ္ဆမည်သော ကျက်သရေတိုက်ပုံ၊ အင်္ကုသမည်သော ရွှေချွန်းတောင်းပုံ စသည်ဖြင့် ပုံပေါင်းတစ်ရာ့နှစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်ဟု ဆို၏။

ထိုသင်ခန်းစာ သင်ရာ၌ မိန်းကလေးများသည် အတိတျာ၏ ခြေဖဝါးကိုလည်းလာ၍ လှန်ကြည့်တတ်ကြ၏။

သုဝဏ္ဏ မဏ္ဍယုဂ ရွှေဇီးကြောင်း၏ ပုံပါသည်ဟူ၍လည်းကောင်း၊ ဒက္ခိဏာဝဋ္ဋသခ်လက္ခာရစ်ဟု ခရုသင်းပါသည်ဟု လည်းကောင်း ဆိုကြ၏။

နောက်တစ်ခု အတိတျာစိတ်ဝင်စားသည့် ဘာသာရပ်မှာ အာဂါရဝိနယမည်သော လူတိုင်းလိုက်နာ ကျင့်သုံးအပ်သည့် စည်းကမ်းဆိုင်ရာ ပညာရပ်ပင် ဖြစ်၏။ အတိတျာ၏ စိတ်၌ သူ၏ နိုင်ငံတော်တွင် လိုအပ်သော ပညာဖြစ်သည်ဟူ၍ သဘောပေါက်မိ၏။ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တရားသူကြီးချုပ်၏ ရာထူးနေရာအတွက်လည်း မနုစာရီသာလျှင် အထိုက်တန်ဆုံး ဖြစ်သည်ဟုလည်း ထင်မှတ်မိတော့၏။

သို့သော်.... သူက နိုင်ငံတော်၏ မကိုဋ်သရဖူ မဟုတ်ချေ။ သူ၏နောင်တော် သက္ကရာဇ်ဘုရင် ရှိနေသေး၏။

ထို့ကြောင့် နေပြည်တော်သို့ ပြန်ရောက်လျှင် နောင်တော် သက္ကရာဇ်ဘုရင်မင်းမြတ်အား မနုစာရီနှင့် ပတ်သက်၍ လျှောက်ထားမည်ဟု အားခဲထား၏။ ဘုရင်မင်းမြတ် ရွှေမျက်နှာတော် ချိုသော အခါအခွင့်ကို ရွေးချယ်၍ လျှောက်တင်ရပေမည်ဟုလည်း စိတ်တွင်း၌





ပြင်ဆင်၍ ထား၏။

လဆုတ်ပက္ခ ငါးရက်မြောက်သောနေ့တွင် မနုစာရီတို့ ညီအစ်မတစ်စုသည် ဘိုးဘိုး၏ ကျောင်းမှ မိမိတို့၏ ကျေးရွာသို့ ပြန်မြဲဖြစ်သည့်အတိုင်း ခရီးလမ်း ကြုံသည်ဖြစ်၍ အတိတျာသည် တစ်ပါတည်း လိုက်ခဲ့ပြီးနောက် ထိုမနုစာရီတို့၏ ဖလံရုံမည်သော ကျေးရွာမှ တစ်ဆင့် နေပြည်တော်သို့ ပြန်ခဲ့၏။

တက္ကသိုလ်ရှင် ပညာရှင်မနုစာရီသည် အခြားတစ်ပါးသော မိန်းမများကဲ့သို့ အလွမ်းကို မျက်ရည်နှင့် သက်သေမထူခဲ့သော်လည်း အတိတျာမင်းသား ပြန်သွားသည်ကို မျက်စိတစ်ဆုံးကြည့်ရင်း ဝေဒနာတစ်ခုကို ကြိတ်၍ ခံစားလိုက်၏။

ရာဇသွေးလည်း ဖြစ်၍ သူရဲကောင်းလည်း ဖြစ်သော မင်းသား အတိတျာသည် လည်း အခြားသာမန်ယောကျ်ားတို့ကဲ့သို့ လွမ်းဟန်မပြ၊ ပူရပ်မပေါ်သော်လည်း မနုစာရီနှင့် ခွဲခွာနိုး၌မူ ဝေဒနာတစ်ခုကို မနုစာရီနည်းတူ ကြိတ်၍ ခံစားလိုက်ရ၏။

ထိုသူတို့နှစ်ဦး ကြိတ်၍ ခံစားလိုက်ရသော ဝေဒနာကား 'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော' ဟူသော ချစ်သူတို့နှင့် ကွေကွင်းရသော ဆင်းရဲခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အတိတျာသည် နေပြည်တော်သို့ ပြန်ရောက်ခဲ့ပြီ ဖြစ်၏။ ပြောသမျှသော စကားတို့တွင် မနုစာရီမပါလျှင် မပြီးသလောက် ဖြစ်နေ၏။ နန်းတွင်းသူ နန်းတွင်းသားတို့သည် မင်းသား အတိတျာကို မျက်ကွယ်၌ လှောင်ပြောင်သူတို့က လှောင်ပြောင် ပျက်ရယ်ပြု၍ အချို့ကမူ တောကစားရာတွင် မိန္တာနတ်ဆိုးတို့ ဖမ်းစား နှောင့်ယှက်လိုက်ပြီဟု ထင်မှတ်ကာ နန်းတွင်းရှိ ဟူးရားအကျော်သမားတော်တို့ကို တိုင်ပင်ကြကုန်၏။ ကုသရန် အကြံပေးကြကုန်၏။

အဆိုးဆုံးမှာ မြောက်သားတော် (နှမဝမ်းကွဲ) ဘဒ္ဒကလျာ ဖြစ်၏။ သူသည် ဆောက်တည်ရာ မရ ဖြစ်နေ၏။ ဤသို့ ဖြစ်ရခြင်းမှာလည်း အကြောင်းရှိ၏။ သူသည် အတိတျာနှင့် ထိမ်းမြား စုံဖက်ရမည့် အိမ်ရှေ့မိဖုရားလောင်း ဖြစ်၏။

သူ၏ ယောက်ယက်ခတ်မှုကြောင့် နောင်တော် သက္ကရာဇ်မင်း၏ နားသို့ အဖြစ်အပျက် အလုံးစုံသည် ကြားပေါက်ရောက်ရှိ သွားလေတော့၏။

ထို့ကြောင့် နောင်တော် သက္ကရာဇ်မင်းက ညီတော် အတိတျာ မင်းသားကို ခေါ်ယူစစ်ဆေး မေးမြန်းတော့၏။

"ညီတော် နန်းတော်တစ်ခုလုံး မနုစာရီဆိုတဲ့ အသံတွေနဲ့ ပြည့်နှက်နေပြီ၊ ဖြစ်ပျက်ခဲ့ပုံကို လျှောက်တင်ပါဦး"

"ဖရင်းကိုယ်ပွား နောင်ဘုရားအား လျှောက်တင်ပါတယ်။





မနုစာရီဆိုတာ နိတိဆရာတို့ ဆိုတတ်ကြတဲ့ ပုံပြစ်ထားကောင်းခြင်းများဖြစ်တဲ့ သာမာဆိုတဲ့ ဝါရွှေသော အသားအရေ၊ မိဂက္ခိဆိုတဲ့ သမင်မျက်စိသို့သော မျက်လုံး၊ တနုမစ္ဈဂတ္တာ ခါးသေးရင်ချီပြီး သူရမည်တဲ့ ဆင်နှာမောင်းကဲ့သို့သော ပေါင်တံလက်တံ၊ သုကေသိခေါ်တဲ့ ကောင်းသောဆံပင်၊ မျက်ခုံးမျက်တောင်သမပတ္တိဒဏ္ဍိ သွားဖြူညီညာ ချွန်ပေါ်သော အစွယ်၊ ဂမ္ဘိရနာဘိဆိုတဲ့ ချက်တွင်းနက်ပြီး ကားသောတင်နဲ့ သုသီလီလို့ ဆိုထိုက်တဲ့ လေ့ကျင့်ထားသကဲ့သို့ ကြည့်ကောင်းသော ဟန်အမူအရာ ရှစ်ဖြာပါ နောင်တော်ဘုရား၊ ဒီအပြင်လည်း ခြောက်ဆယ့်လေးရပ်သော ကောင်းခြင်းများ တစ်ရာ့နှစ်ဆယ်ရှစ်ရပ်သော ကောင်းခြင်းများလည်း ရှိပါသေးတယ်ဘုရား"

"တော်တော်လောက်ပါပြီ ညီတော်၊ မိန်းမတို့ရဲ့ ကောင်းခြင်းဆိုတာ ချစ်နှစ်သက်မှုအပေါ်မှာ တည်ပါတယ်။ ချစ်နှစ်သက်မှုနဲ့ ကြည့်ရင် တင်လိမ်ခေါင်းရှုး နှုတ်ခမ်းထော်တဲ့ စားဖိုဆောင်က မိဝက်လို မိန်းမမျိုးကိုပင် ဆင်ချေးကျုံး ကာနာရီ အမောင်အဖို့ မိုးနတ်မယ်လို့ ထင်မိယောင်မှားခဲ့တဲ့အတွက် သားသမီးတစ်ကျိပ်လောက် ရခဲ့ပြီး မဟုတ်ပါလား ညီတော်"

အတိတျာသည် အောင့်သက်သက် ဖြစ်သွား၏။ သူက လှပါသည်ဟု ချီးမွမ်းနေသော မနုစာရီ၏အလှကို တင်ပိန်၍ ခေါ်ရှုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတော်သော ဆင်ရဲချေးကျုံးကာနာရီ၏ မယား မိဝက်နှင့် နှိုင်းလိုက်သဖြင့် စပ်ဖျင်းဖျင်း ခံစားလိုက်ရ၏။

''နောင်ဘုရား၊ လျှောက်တင်ရမယ်ဆိုရင်ဖြင့် မနုစာရီဟာ ရုပ်ရည်ရူပကာယ တစ်ခုတည်းသာ လှပသူမဟုတ်ပါဘူး နောင်ဘုရား ပညာဉာဏ်အရာ၌လည်း ပြည့်စုံလှတဲ့ ပညာရှင်မိန်းမ မျိုး ဖြစ်ပါတယ်''

''ညီတော် အတိတျာ မောင်မင်းဟာ ဂမ်တိုက်ခြင်း၌သာ ကျွမ်းကျင်တဲ့ စစ်သူရဲကောင်း ဖြစ်ပါတယ်၊ ညီတော်ဟာ ပညာရှိတစ်ယောက် မဟုတ်ပေဘူး။ ပညာရှိ မဟုတ်သူများဟာ မိမိထက် နည်းနည်းပါးပါး ပိုပြီး တတ်သိလိမ္မာတဲ့သူဆိုရင် ပညာရှိကြီး ဖြစ်တယ်လို့ ထင်မှတ်တတ်ကြတယ်၊ ရုပ်ရည်လှသည် မလှသည်မှာ ညီတော်တစ်ဦးတည်း၏ ခံစားမှုဝေဒနာနှင့် ဆုံးဖြတ်နိုင်သော်လဲ မနုစာရီဟာ ပညာရှိဟုတ်သည် မဟုတ်သည်ကိုမူ ညီတော် ဆုံးဖြတ်၍ မှန်လိမ့်မည် မဟုတ်ပေဘူး။ ပညာရှိများကသာလျှင် ပညာရှိဟုတ်သည် မဟုတ်သည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိပေတယ် ညီတော်''

''လျှောက်တင်ပါရစေဦး နောင်ဘုရား နောင်တော်မိန့်သလို မနုစာရီ ပညာရှိဟုတ်သည် မဟုတ်သည်ကို နောင်ဘုရား ရှေ့တော်မှောက်ခေါ်ယူပြီး ပညာရှိများနှင့် စစ်ဆေးသင့်လှပါတယ်''





အတိတျာ၏ လျှောက်တင်ချက်ကို နောင်တော်ဖြစ်သော သက္ကရာဇ်မင်းသည် လက်ခံလိုက်ပြီးနောက် ဖလံရုံကျေးရွာမှ မနုစာရီအား ဟာရာသူကြီးချုပ်ကို အပ်နှင်းသော အဆောင်အယောင်ဖြင့် နေပြည်တော်သို့ ခေါ်ယူစေခဲ့၏။

သက္ကရာဇ်ဘုရင်၏ အစီအစဉ်မှာ နေပြည်တော်ရှိ အမတ်ပညာရှိကြီးလေးဦးက ခက်ရာခက်ဆစ် အမေးပုစ္ဆာတစ်ခုစီ စစ်မေးရန်ဖြစ်ပြီး ရှင်းကိုယ်တိုင်က ပုစ္ဆာတစ်ခု စစ်ဆေးမည် ဖြစ်၏။ ထိုပုစ္ဆာ စုစုပေါင်း ငါးခုကို ''နန်းတော်ဝင် ပုစ္ဆာတော်များ'' အဖြစ် သတ်မှတ်မည်ဖြစ်ပြီး အကယ်၍ မနုစာရီသည် ဖြေဆိုနိုင်ခဲ့ပါမူ နိုင်ငံတော်၏ တရားသူကြီးချုပ် အရာကိုပါ တစ်ပါးတည်း အပ်နှင်းရန် ဖြစ်၏။

ထိုအစီအစဉ်ကြောင့် မနုစာရီသည် နေပြည်တော်သို့ ဆိုက်ရောက်ခဲ့ရပြီ ဖြစ်၏။ ဘုရင်ကိုယ်တိုင်က နန်းရင်ပြင်ကို တရားသဘင်၏ ယာယီသဘောအဖြစ် သတ်မှတ်ပေးလိုက်၏။

မနုစာရီနန်းတော်ဝင် ပုစ္ဆာများ ဖြေဆိုမည့်နေ့၌ နန်းရင်ပြင်တစ်ခုလုံး တရားပရိသတ်ဖြင့် ပြည့်နှက်လျက် ရှိ၏။

မနုစာရီသည် ဖြူလွှသော ဝတ်စားတန်ဆာတို့ကို ရွေးချယ်ဝတ်ဆင်ကာ တရားသဘင်၏ သတ်မှတ်ထားသော နေရာသို့ ရောက်လာပြီး မြတ်သောမိန်းမတို့ ထိုင်ခြင်းဖြင့် တင့်လျှောက် စွာထိုင်နေ၏။ မင်းသား အတိတျာသည် မနုစာရီနှင့် မလှမ်းမကမ်းနေရာ၌ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



ကို လည်းကောင်း၊ ပုဏ္ဏားရှင် အမတ်ကြီးများကို လည်းကောင်း အကဲခတ်ရင်း ရပ်နေ၏။

အချိန်ကျရောက်ပြီဖြစ်၍ ပုဏ္ဏားရှင်က အမေးပုစ္ဆာများ ပြု၍ ယာယီတရားသူကြီးချုပ် မနုစာရီက ဖြေကြားရန်ကို မင်းခန်းတော် ကျိုင်းကိုင်အရာရှိလေးက ဟန်ပါပါ ကြေညာလိုက်လျှင် လှုပ်လှုပ်ရွရွ ဖြစ်နေသော ပရိသတ်သည် ငြိမ်၍ကျသွား၏။

ဘုရင်သတ္တရာဇ်သည် ချောင်းဟန့်၍ အသံပြင်လိုက်ပြီး နောက် ရွှေအုပ်တစ်လုံးကို မြှောက်ပြကာ...

"မနုစာရီ ဒီရွှေအုပ်ထဲမှာ အဘယ်ပစ္စည်းရှိသည်ကို ဖြေပါ"

ပရိသတ်သည် ဘုရင့်စကားအဆုံး၌ 'တင်... တယ်'ဟူ သော အာမေဋိတ်ကို ပြုကြလေတော့၏။ အလုံပိုးအုပ်ထားသော ရွှေအုပ် ထဲက မမြင်ရသောအရာကို ဖြေဆိုနိုင်းသည်မှာ နည်းလမ်းမကျဟု ပရိသတ်က ယူဆ၏။ သို့သော် ဘုရင်ဖြစ်၍ မပြောရဲရှာကြ။

မနုစာရီ ရောက်လာလျှင် ဆီး၍ ညစ်လိုက်မည်ဟု ကြံထား သော မင်းတိုင်ပင် အမတ်ကြီးများပင်လျှင် ဘုရင့်ပုစ္ဆာတော်ကို အံ့သြမိကြ၏။ သူတို့ထက်ပင် ညစ်ပါပေသည်ဟု စိတ်တွင်းမှ ကြိတ်၍ ဝမ်းမြောက်နေကြတော့၏။

မနုစာရီသည် နေရာမှထကာ ရွှေအုပ်ရှိရာသို့ ခြသေ့်မ၏ ရဲရင့် ခြင်းဖြင့် လျှောက်သွားကာ ပရိသတ်ဘက်သို့လှည့်၍...





(သော အက္ခ ပါတိ ဝိနိစ္ဆယေယာတောတိ) အစရှိသော ဂါထာဖြင့် ...တ်နှာမလိုက် ဖြေဆိုဆုံးဖြတ်မည်ဖြစ်ကြောင်း တိုင်တည်လိုက်၏။ ...ရိသတ်သည် ဩမျှလှပ၍၊ ဩမျှရဲရင့်သော မိန်းမပျိုအား မတွေ့ ...ရှုံ့မျှမက ကြားပင် ကြားဖူးခြင်း မရှိရာ မှင်သက်မိ၍ ပါးစပ် ...ဟောင်းသား ဖြစ်နေကြတော့၏။

မနုစာရီသည် ရွှေအုပ်အားကိုင်၍ မြှောက်ကာ အံ့ထဲမှ အသံကို ...ထောင်၏။ အသံမကြားရသဖြင့် ရွှေအုပ်ကို ကိုင်လှုပ်ကြည့်ရာ ...ပ်တွင်းမှ အရာဝတ္ထုနှင့်အုပ် ဆောင့်မိ၍ 'ဂတ် ဂလုံ ဂလုံ' ဟု ...သံမြည်သွားသည်ဖြစ်ရာ...

"ရေမြေ့ရှင်နှင့်တကွ တရားသဘင် ပရိသတ်ကြီးရှင့်၊ အခု ပုစ္ဆာဟာ အနက်ကိုသိပြီးမေးသော ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာမျိုး ဖြစ်ပါ တယ်။ ဒါပေမယ့် ကျွန်တော်မ မနုစာရီဟာ ဝိနိစ္ဆယပါလ နတ် သမီးရဲ့ ဂုဏ်သိက္ခာကို စောင့်ရှောက်တဲ့အနေနဲ့ ဖြေဆိုပါ့မယ်။ ပရိသတ်များ ဖြေဆိုပုံကို မှတ်သားထားမယ်ဆိုရင် ပညာဗဟု သုတ တိုးပွားပါလိမ့်မယ်။

ရွှေအုပ်ကို ခေါက်ကြည့်တဲ့အခါမှာ အားလုံးကြားရတဲ့ အတိုင်း 'ဂတ် ဂလုံ ဂလုံ'ဆိုတဲ့ အသံကို ဖြစ်ခဲ့ပါတယ်။

လက်ချစ်တစ်တွတ်မျှကြာသော တစ်မကြာမျှသော 'ဂတ်' ဟူသော အသံ၊ လက်ချစ်နှစ်တွတ်မျှကြာသော နှစ်မကြာမျှသော



www.burmeseclassic.com

www.burmeseclassic.com



'ဂလို'တူသော အသံက နှစ်သံဖြစ်ပါတယ်...

ဒီတော့ အသံရဲ့ အရှည်အတို ဒီဃရဿကို ရေတွက်ရင် ငါးမတြာမျှ ရှိပါတယ်။

ဒါကြောင့် ငါးမတြာ မြည်တဲ့အသံကို ဘုမ္မစိုးနတ်ကစောင့် ရှောက်ပြီး ဇေဋ္ဌနက္ခတ်က စိုးမိုးပါတယ်။ ပြီးတော့ တစ်ခါ အခု အချိန်ဟာ တနင်္ဂနွေ နက္ခတ်မွန်းတည့်ချိန် ဖြစ်တဲ့အတွက် ဘုမ္မစိုးနတ်ကြီးစိုးတဲ့ မြေကြီးပထဝီမှ သီးတဲ့ အသီးဖြစ်ကြောင်း သိရပါတယ်။ တနင်္ဂနွေနက္ခတ် မွန်းတည့်ချိန် ဖြစ်တဲ့အတွက် တနင်္ဂနွေနံထွန်းရာ အသီးဖြစ်ရပ့်မယ်။ ဘုရင်မင်းမြတ်ရဲ့ ပွဲ တော်ဖြစ်တဲ့အတွက် အကြီးအမှူးဆိုတဲ့ ပညတ်ကို ကောက်ရ တယ်။ တော်ဝင်နန်းသုံး ပုဏ္ဏာဖြစ်၍ ရွှေရောင်ရှိသောလို့ ဖြေရပ့်မယ်။ ဒါကြောင့် ဒီအုပ်ထဲမှာ ရွှေရောင်လွှမ်းသော ဥသျှစ် သီး တစ်လုံးရှိပါတယ်''

မနုစာရီသည် ဘုရင်မင်းမြတ်ကို ရှိခိုး၍ မူလနေရာတွင် ပြန် ထိုင်လိုက်သည်။

ကျိုင်းတော်ကိုင်အရာရှိလေးသည် ရွှေအုပ်ဆီကိုလာ၍ ဘုရင် ထံတွင် ခွင့်တောင်းလိုက်ပြီးနောက် ရွှေအုပ်ကို ဖွင့်လိုက်ရာ မနုစာရီ ဖြေဆိုသကဲ့သို့ ရွှေချထားသော ဥသျှစ်သီးတစ်လုံး ထွက်ပေါ်လာ တော့၏။





တရားသဘင် ပရိသတ်သည် အော်ဟစ်၍ ကောင်းချီးပေး၏။

ဘိုတော်မင်းသားသည် ခေါင်းကိုဆတ်၍ မနုစာရီကို အားပေး၏။

ဘဒ္ဒကလျာဏီမင်းသမီးက နှုတ်ခမ်းစူလျက် အတိတ်ကို တ်တောင်းလက်နက်ဖြင့် အဆက်မပြတ် ပစ်ခတ်၍ ရန်ပြုနေ တော့၏။

ထိုနေ့အဖို့ ထိုပုစ္ဆာနှင့်ပင် တရားသဘင်ကို ရုပ်သိမ်းလိုက်တော့၏။

မနုစာရီသည် သတင်းကား နတ်တမာန်တို့ သယ်ဆောင်သည့် သား၊ တစ်တိုင်းပြည်လုံးသာမက အခြား တိုင်းနိုင်ငံများသို့ပင် သွားလေတော့၏။

❀ ❀ ❀

ဒုတိယနေ့၌ တရားသဘင်သည် ပထမနေ့ထက် စည်ကား တ်မြိုက်လှ၏။

မနုစာရီသည် ထိုနေ့၌ နီလွင်သော ဝတ်စားတန်ဆာများကို ချယ်၍ ဝတ်ဆင်ထား၏။ လက်ဝတ်ရတနာများဖြစ်သော ယက်၊ နားတောင်း၊ လက်ကောက် စသည်တို့မှာ ရွှေထည်များ တ်ဘဲ သံထည်များကို ဝတ်ဆင်ထား၏။

အချိန်ကျရောက်ပြီ ဖြစ်ကြောင်း ကျိုင်းကိုင်မင်းခန်းတော် ကျိုကလေးက ကြေညာလိုက်လျှင် မင်းတိုင်ပင် အမတ်ကြီး ပါ်သည် နေရာမှထ၍...



www.burmeseclassic.com

www.burmeseclassic.com



"မနုစာရီ၊ ကျောက်မျက်တို့ အမျိုးအားဖြင့် အဘယ်မျှရှိသလဲ ထိုအထဲမှာ အဘယ်ကျောက်မျက်သည် တန်ဖိုးအားဖြင့် အကြီးဆုံးမည်သလဲ"

ဟု မင်မောင်းကောင်းကောင်းဖြင့် မေးခွန်း ထုတ်၏။

မနုစာရီသည် နေရာမှထ၍ ဖြေဆိုမည့်နေရာသို့ လျှောက်သွားကာ ဘုရင်မင်းမြတ်ကို အရိုအသေပြု၍...

"သောအက္ခုပါတ္တိ ဝိနိစ္ဆယော ဟောတိ" အစရှိသော ဂါထာဖြင့် ဝိနိစ္ဆယပါလ နတ်သမီးအား တိုင်တည်ပြီးနောက်..

"ကျောက်မျက်ရတနာ အမေးပုစ္ဆာဟာ 'အဒိဋ္ဌစောဒနာ' ပုစ္ဆာမျိုး ဖြစ်ပါတယ်။ အနက်မထင်၍ မေးသော ပုစ္ဆာမည်ပါတယ် မနုစာရီတာ ဝိနိစ္ဆယပါလနတ်သမီးရဲ့ ဂုဏ်သိက္ခာကို စောင့်သောအားဖြင့် ဖြေဆိုပါ့မယ်"

"ကျောက်မျက်ရတနာမျိုး ၂၄ပါး ရှိပါတယ်။ ကျောက်မျက်ဝိုင်းဖြောင့်... ဝရဇိန်ကျောက်၊ မဟာနီလာကျောက်၊ ဣန္ဒနီလာကျောက်၊ မသာရဂလ်ကျောက်၊ ပဒုမရာဂကျောက်၊ ဥဿဖရားကျောက်၊ ကရဏ္ဍဝန်ကျောက်၊ သုလာကကျောက်၊ အမြတ်ကျောက်၊ လောဟိတင်္ကကျောက်၊ ဖလ်မှန်ကျောက်၊ သန္တာကျောက်၊ ဇောတရသကျောက်၊ ဂေါမုတ်ကျောက်၊ ဂေါမိတ်ကျောက်၊ သောဂန္ဓိကကျောက်၊ ပုလဲကျောက်၊ ခရုသင်းကျောက်၊ မှ...





စဉ်းကျောက်၊ ရဇဝတ္တကျောက်၊ မြကျောက်၊ ပယင်းကျောက်၊ မြဟ္မဇာကျောက်ရယ်လို့ ဖြစ်ပါတယ်။

မည်သည့် ကျောက်မျက်ရတနာဟာ အဖိုးအထိုက်ဆုံးဂဲ ဆိုတဲ့ မေးခွန်းပုစ္ဆာနဲ့ ပတ်သက်လို့တော့...

(မနုစာရီသည် စကားကို ခေတ္တဆိုင်းငံ့လိုက်၏။ တရားသဘင်ရှိသတ်နှင့်တကွ ဘုရင်မင်းမြတ်ပါ မည်သို့ဖြေဆိုမည်ကို စိတ်ထက်သန်စွာ စောင့်မျှော်နေကြ၏။)

"မနုစာရီအနေနဲ့ ဘယ်ကျောက်မျက်ရတနာမှ အဖိုးထိုက်တန်ခြင်း မရှိဘူးလို့ ဖြေဆိုပါတယ်၊ ဥစ္စာရှုဆိုရင်ဖြင့် ဖြောင်ဖြောင်လက်လက်ရှိတဲ့ အရာတိုင်းကို အဖိုးထိုက်တယ်လို့ ထင်မှတ်ကြပါတယ်"

ဘုရင်မင်းမြတ်သည် ဖြောင်ဖြောင်လက်လက်ရှိသော သူ၏ ... င်းဖြောက်တန်ဆာများကို ငုံ၍ ကြည့်မိ၏။ မကျေမနပ်လည်း ဖြစ် ... သွားပုံရ၏။

"အဘယ် မနုစာရီ၊ ပြည်တန်ပတ္တမြားလို ကျောက်မျက်ရတနာမျိုးကို အဖိုးမထိုက်ဘူးလို့ သင်ဆိုမလား"

အမတ်ကြီး ကပါလိက စောဒကတက်၏။

"ပစ္စည်းဝတ္ထုတိုင်းမှာ တန်ဖိုးအားဖြင့် ပဒတာလံတန်ဖိုးနဲ့ ဟတ္တတာလံ တန်ဖိုးရယ်လို့ ရှိပါတယ်၊ ဟတ္တတာလံ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက ပြောင်းလွဲတတ်ပါတယ်။ လက်ဖဝါးနဲ့ သဏ္ဍာန်တူ
တန်ဖိုးဖြစ်ပါတယ်။ ပဒတလံတန်ဖိုးဆိုတာကတော့ အသုံး
မှု အပေါ်မှာ မူတည်တဲ့အတွက် အမြဲတန်း အဖိုးတန်နေပါတယ်
ခြေဖဝါးနဲ့ သဏ္ဍာန်တူပါတယ်၊ ပြောင်းလွဲမှု မရှိပါဘူး"

"အမတ်ကြီးဆိုတဲ့ ပြည်တန်ပတ္တမြားဟာ ကြက်မတစ်ကော
အတွက် ပြောင်းဖူးစေ့တစ်စေ့လောက် အဖိုးတန်မှာ မဟုတ်
ပါဘူး။ အမတ်ကြီးကိုယ်တိုင်အတွက်လည်း ရေတစ်ခွ
လောက်တောင် တန်ဖိုးမရှိကြောင်း သိချင်ရင် သဲကန္တာရထဲ
ဝါးရက်တာမျှ သွားရောက်ပြီး နေကြည့်ရင် သိနိုင်ပါတယ်"

"တကယ်လို့ အမတ်ကြီးဟာ သဲကန္တာရထဲမှာ ရေမသော
ရဘဲ ငါးရက်လောက် နေတဲ့အခါမှာ တစ်စုံတစ်ယောက်
သောက်ရေလေးတစ်ခွက်နဲ့ ပြည်တန်ပတ္တမြားကို ယှဉ်ပြီး
မယ်ဆိုရင် သောက်ရေကိုပဲ အရအမိယူမှာ အမှန်ပင် ဖြ
တယ်။ ပြည်တန်ပတ္တမြားဟာ ရေတစ်ခွက်လောက်တော
တန်ဖိုးရှိမှာ မဟုတ်တော့ဘူး"

"ဒီတော့ လူတွေအတွက် လိုအပ်တဲ့ ဆန်၊ ဆီ၊ ဆား
အဝတ်အထည်၊ နေအိမ် စတဲ့ အသုံးဝင်ပစ္စည်းတွေသာ
တကယ့်တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်"

"အကြောင့် ကျောက်မျက်ရတနာတွေကို မနုစာရီက တ





မရှိဘူးလို့ ပြေဆိုခဲ့ခြင်း ဖြစ်ပါတယ်။ တန်ဖိုးအမှန်ကို မခွဲခြား
တတ်တဲ့ ဥစ္စာဗျူသနမှတ္တကခေါ်တဲ့ ဥစ္စာရူးတွေသာလျှင် မြင်မြင်
သမျှအရာကို အဖိုးထိုက်တယ်လို့ အယူမှားတတ်ပါကယ်"

မနုစာရီ၏ အဖြေကို မည်သူမျှ စောဒက မတက်နိုင်။ ထိုနေ့အဖို့
ငင်းပြဿနာနှင့်ပင် တရားသဘင်ကို ရုပ်သိမ်းလိုက်၏။ တရားသဘင်သည်
ပထမနေ့ထက် ပိုမို ကျယ်လောင်စွာ ကောင်းချီးပေးခဲ့၏။

❋ ❋ ❋

ဒုတိယနေ့၌ တရားသဘင်သည် ဒုတိယနေ့ထက် စည်ကား
သိုက်မြိုက်လှ၏။

မနုစာရီသည် ထိုနေ့၌ အနက်ရောင် ဝတ်စားတန်ဆာတို့အား
ရွေးချယ်ဝတ်ဆင်၏။ ပုတီး၊ နားတောင်း၊ ဘယက် စသော လက်ဝတ်
ရတနာတို့ကိုလည်း မဟူရာကျောက်နှင့် အဖြိုက်နက်တို့ကိုသာ
ဝတ်ဆင်လာ၏။

တရားသဘင်၌ လောဟိတအမတ်ကြီးသည် မင်းခန်းတော်
ကျိုင်းကိုင်အရာရှိက အချိန်ကျရောက်ကြောင်း ကြေညာလိုက်
သည်နှင့် တစ်ပြိုင်နက် အောက်ပါမေးခွန်းပြဿနာကို မေးတော့၏။

"မနုစာရီ၊ သူ့ရဲကောင်း ဘယ်နှစ်မျိုး ရှိသနည်း။ အဘယ်
သူရဲကောင်းသည် အရဲရင့်ဆုံးဟု သင်ဖြေဆိုမည်နည်း"



www.burmeseclassic.com

www.burmeseclassic.com



မနုစာရီသည် (သောအကွပါတီ ဝိနိစ္ဆယော ဟောတိ)အ
သောဂါထာဖြင့် ဝိနိစ္ဆယပါလ နတ်သမီးကို တိုင်တည်ပြီးနောက်–

"အခု လောဟိတ အမတ်ကြီးမေးတဲ့ ပုစ္ဆာဟာ အယူအဆ သံသယဖြစ်နေ၍ ရှင်းလင်းစေရန် မေးမြန်းသော 'ဝိမတိစ္ဆေဒန' ပုစ္ဆာမျိုး ဖြစ်ပါတယ်"

"ဝိနိစ္ဆယပါလနတ်သမီးရဲ့ ဂုဏ်သိက္ခာကို စောင့်သိသော အားဖြင့် မနုစာရီ ဖြေဆိုပါ့မယ်"

ဟတ္ထာရောဟ– ဆိုတဲ့ ဆင်စီးစစ်တိုက် သူရဲကောင်း၊

အဿာရောဟ– ဆိုတဲ့ မြင်းစီးစစ်တိုက် သူရဲကောင်း၊

ရထိက– ဆိုတဲ့ ရထားယာဉ်စီး စစ်တိုက်သူရဲကောင်း၊

ဓနုဂ္ဂဟ– ဆိုတဲ့ တပ်ရင်းတပ်ခွဲတို့ကို နေရာချ၍ စစ်တိုက်သော သူရဲကောင်း၊

စလက– ဆိုတဲ့ အောင်လံကိုင် ရှေ့သွားသူရဲကောင်း၊

ပိဏ္ဍဒါယိက– ဆိုတဲ့ ထန်းသီးခိုင် ချိုင်သကဲ့သို့ ရန်သူ၏ ဦးခေါင်းကို ဖြတ်ယူနိုင်စွမ်းသော သူရဲကောင်း၊

ဥဂ္ဂါရာဇပုတ္တ– ဆိုတဲ့ တိုက်ပွဲအောင်ပန်များသော မင်းညီမင်းသားသူရဲကောင်း၊

ပက္ခန္ဒိန– ဆိုတဲ့ ရန်သူတပ်တွင်း တမဟုတ်ချင်း ဝင်ရောက်၍ ပြန်ထွက်နိုင်သော သူရဲကောင်း၊





မဟာနာဂ– ဆိုတဲ့ အမှန်ယစ် ဆင်ပြောင်ကြီးနှင့် တွေ့စေကာမူ မဆုတ်မနစ် ရင်ဆိုင်နိုင်သော သူရဲကောင်း၊

သူရာ– ဆိုတဲ့ မဟာသမုဒ္ဒရာကြီးကို ဖြတ်၍ ကူးရမည် ဟု မိမိ အထက်အရာရှိက အမိန့်ပေးလျှင် ဖြတ်ကူးဝံ့သော အမိန့်နာခံတတ်သည့် သူရဲကောင်း၊

စမ္မရောဓိန– ဆိုတဲ့ သံချပ်အင်္ကျီဝတ်ဆင်၍ ရန်သူတပ်တွင်း အတင်းဝင်ရောက် တိုက်ခိုက်တတ်သော သူရဲကောင်း၊

ဒါသပုတ္တ– ဆိုတဲ့ ရန်သူ့အတွင်း အရှင်က ခိုင်းလျှင် ဝင်ရောက်တိုက်ခိုက်တတ်သော ကျွန်သူရဲကောင်း ဟူ၍ အမျိုးအားဖြင့် တစ်ဆယ့်သုံးမျိုး ရှိပါတယ်။

"ဒါပေမယ့် သူရဲကောင်းလို့ ဆိုသမျှသူတွေဟာ ကြောက်တတ်သူတွေ ဖြစ်တဲ့အတွက် အရဲရင့်ဆုံးလို့ မပြောနိုင်ပါ"

မနုစာရီ၏ အဖြေကြောင့် တရားသဘင်တစ်ခုလုံးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ တရားသဘင်၌ ရောက်ရှိနေသော ဘုရင့်သူရဲကောင်းများလည်း မကျေမနပ် ဖြစ်နေကြ၏။ မင်းသား အတိတျာ ကိုယ်တိုင်ပင် ထိုအဖြေကို ဘဝင်မကျ ဖြစ်နေ၏။ လောဟိတ အမတ်ကြီးသည် မကျေနပ်၍ အောက်ပါအတိုင်း မေးခွန်းပြု၏။

"အဘယ် မနုစာရီ၊ သူရဲကောင်းကို ကြောက်တတ်သူဟု သင်ဘာကြောင့် ဆိုနိုင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လောဟိတအမတ်ကြီး၊ သူရဲကောင်းဆိုတဲ့ သူတွေရဲ့ အတွင်း သဏ္ဌာန်မှာ သူရဲဘောနည်းသူလို့ အများက ထင်မှတ်မှာကို အလွန်ပင် စိုးရိမ်ကြောက်လန့်ကြပါတယ်။ ဘယ်လောက် ကြောက်သလဲဆိုရင် သေရမှာထက်ပင် ကြောက်ပါသေးတယ်၊ ဒါကြောင့် သူတို့ဟာ သူရဲကောင်းဖြစ်နေကြရခြင်း ဖြစ်ပါတယ်"

ဘုရင့်သူရဲကောင်းများသည် မနုစာရီ၏ အဖြေကို စေ့စေ့တွေး ကာ အချင်းချင်းကြည့်၍ ဣန္ဒြေရစွာ ပြုံးပြကြ၏။ မင်းသား အတိတ္တာ သည်လည်း တစ်ကိုယ်တည်း ပြုံးရင်း ခေါင်းဆတ်၍ ဝန်ခံလိုက်၏။

တရားသဘင်သည် ဒုတိယနေ့ထက်ပို၍ ကျယ်လောင်စွာ ကောင်းချီးပေး၏။ ထိုနေ့အဖို့ ထိုပုစ္ဆာနှင့်ပင် တရားသဘင်ကို ရုပ်သိမ်းလိုက်တော့၏။

❋ ❋ ❋

စတုတ္ထနေ့၌ တရားသဘင်သည် တတိယနေ့ထက် စည်ကား သိုက်မြိုက်လှ၏။

မနုစာရီသည် ညိုသော ဝတ်စားတန်ဆာများကို ရွေးချယ် ဝတ်ဆင်၏။ လက်ဝတ်ရတနာများကိုမူ လုံးဝ မဝတ်ဆင်တော့ချေ။ သူ့ကို ကြည့်ရသည်မှာ ဇောဂအကျင့်မြတ်ကို ကျင့်နေသော ဇော်ဂီနီ (ယောဂိနီ)နှင့် တူလှတော့၏။





ကျိုင်းကိုဝ်မင်းခန်းတော် အရာရှိကလေးက ကြေညာလိုက်လျှင် အမတ်ကြီး ဓမ္မိလ္လောသည် အောက်ပါပုစ္ဆာကို မေးမြန်းတော့၏။

"ဤလောက၌ ဝိဇ္ဇာဓရ (ဝိဇ္ဇာထိုက်)သိဒ္ဓိမြောက် ဇော်ဂီ (ဇော်ဂျီ) ကို သာမန်လူသားတို့ ဖမ်းဆီးနိုင်သလော"

မနုစာရီသည် (သော္တအက္ခပါတိဝိနိစ္ဆယောဟောတိ) အစ ရှိသော ဂါထာကိုရွတ်၍ အောက်ပါအတိုင်း ဖြေဆို၏။

"ဤအမေးပုစ္ဆာဟာ မိမိအလိုသို့လိုက်ရန် မေးမြန်းသော အနုမာဘိပုစ္ဆာမျိုး ဖြစ်ပါတယ်။ ဝိနိစ္ဆယပါလ နတ်သမီးရဲ့ ဂုဏ် သိက္ခာကို စောင့်သိခြင်းအားဖြင့် မနုစာရီ ဖြေဆိုပါမယ်"

ဝိဇ္ဇာမရနဲ့ ဇော်ဂီကို လူသားတို့ ဖမ်းဆီးလိုက ဖမ်းဆီးနိုင် ပါတယ်၊ စမအတတ်နဲ့ ဖမ်းမယ်ဆိုရင် ဥပရမျိုးဖြစ်သော ဗျည်း သေစမနဲ့ ဖမ်းနိုင်ပါတယ်။

ပင်လယ်ခရုသင်းကို ဆေးအဖြစ် စီရင်ပြီး ဖမ်းရင်လည်း မိနိုင်ပါတယ်။

ကြိမ်ပြန်ကို လေးကိုင်ပြုပြီး ဆေးဒန်းကို လေးကြိုးပြုကာ သံသေမြားနှင့် ပစ်ခတ်ဖမ်းဆီးရင်လည်း ရနိုင်ပါတယ်။

သို့ရာတွင် ကျိုးကိုပင်လျှင် ညှဝ်ကွင်းထောင်ချောက်မှန်း မသိ အောင်ပြုပြီး ဖမ်းမှမိနိုင်ပါတယ်၊ ညှတ်ကွင်းထောင်ချောက်မှန်း သိရင်ဖြင့် ကျိုးဟာ ရှောင်ကွင်းပျံသန်းသွားတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျိုးထက် တန်ခိုးရှိတဲ့ ဝိဇ္ဇာဓရနဲ့ ဇော်ဂီကို ဖမ်းဖို့ရာ၌ နည်းလမ်းသာ ရှိသော်လည်း မလွယ်ကူလှပါ"

မည်သို့မျှ စောဒနာမပြုသဖြင့် ထို့နေ့အဖို့ တရားသဘင်ကို ထိုပုစ္ဆာနှင့်ပင် ပြီးဆုံးရုပ်သိမ်းလိုက်ရ၏။ တရားသဘင် ပရိသတ် သည်လည်း တတိယနေ့ထက် ပို၍ ကျယ်လောင်စွာ ကောင်းချီး ပေး၏။

❋ ❋ ❋

ပဥ္စမနေ့၌ တရားသဘင်သည် အစည်ကားဆုံးဖြစ်၏။

မနုစာရီသည် မိုးကောင်းကင် အပြာရောင် အဝတ်တန် ဆာတို့ကို ဝတ်ဆင်ထား၏။ လက်ဝတ်ရတနာတို့မှာ ဘော်နှင့် စိန်များ သာ ဖြစ်၏။

မင်းခန်းတော်အရာရှိက အချိန်ကျရောက်ကြောင်း ကြေငြာ လိုက်လျှင် အမတ်ကြီး ဥက္ကဋ္ဌသည် အောက်ပါပုစ္ဆာကို မေးမြန်း၏။

"ဤနေပြည်တော်၏ တရားသူကြီးချုပ်အဖြစ် မည်သူ့ကို ခန့်အပ်သင့်ပါသလဲ မနုစာရီ"

မနုစာရီသည် ရွတ်နေကျသော 'သော အဘွပါတိ ဝိနိစ္ဆယောဟောတိ'အစရှိသော ဂါထာကို ရွတ်ဆို၍ အောက်ပါအတိုင်း ဖြေဆိုခဲ့၏။





"မေးသူကိုယ်တိုင် ဖြေကြားလို၍ ပြုသောပုစ္ဆာမျိုး ဖြစ်သည့် ကထေထုမျှတာ ပုစ္ဆာမျိုး ဖြစ်ပါတယ်၊ ဝိနစ္ဆယပါလ နတ်သမီးရဲ့ ဂုဏ်သိက္ခာကို စောင့်သိသောအားဖြင့် မနုစာရီ ဖြေဆိုပါ့မယ်"

"အမတ်ကြီးကိုယ်တိုင် စိတ်တွင်းမှ တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် ရည်မှတ်ထားသူဟာ တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အသင့်တော်ဆုံးသူ ဖြစ်ပါတယ်"

မနုစာရီသည် ဖြေဆိုပြီးနောက် နေရာ၌ပြန်၍ ထိုင်လိုက်၏။ အမတ်ကြီး ဥက္ကဋ္ဌသည် နေရာမှထကာ...

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဘုရင်မင်းမြတ် နဲ့တကွ တရားသဘင် ပရိသတ်ကြီးကို ရှင်းပြရန် ရှိပါတယ်။ ဒီနေပြည်တော်မှာ တရားဆုံးဖြတ်မှု ပြုလုပ်နေခြင်းမှာ တရားသူ ကြီးများက မိမိထင်သလို ဆုံးဖြတ်နေခြင်း ဖြစ်ပါတယ်။ ကိုး ကားစရာ ဥပဒေကျမ်း အခိုင်အခန့်မရှိခဲ့ပါ။ သို့သော်လည်း လွန် ခဲ့သော ငါးရက်ခန့်က ဤတိုင်းပြည်အတွက် အလွန် လိုအပ် လှသော ဥပဒေကျမ်းတစ်စောင်ကို တစ်စုံတစ်ယောက်ဟာ ပြုစု ပြီး မင်းတိုင်ပင်အမတ်များထံတင်သွင်းခဲ့ပါတယ်၊ ထိုဥပဒေကျမ်း ဟာ အလွန်ခိုင်ခံ့ တည်ကြည်လှသော ကျမ်းဖြစ်ပါတယ်၊ ဒါ ကြောင့် ကျမ်းပြုသူကိုပင် တစ်ကြိမ်တစ်ခါမျှ ခန့်အပ်ဖူးခြင်း မရှိသေးသော တရားသူကြီးချုပ်ရာထူးကို ခန့်အပ်သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ လိုကျမ်းဟာ အမည်အားဖြင့် ‘မနုကျယ် ဓမ္မသတ်’ ဖြစ်ပါတယ်၊ ပြုစုသူဟာ ဟောဒီမှာ ရောက်နေတဲ့ ဝိနိစ္ဆယပါလနတ်သမီးရဲ့ ကိုယ်ပွား မနုစာရီပင် ဖြစ်ပါတယ်”

အမတ်ကြီး ဥက္ကဋ္ဌ၏ စကားဆုံးလျှင် တရားသဘင် ပရိသတ်သည် ဟစ်အော်၍ ထောက်ခံလေတော့၏။ ထိုနေ့မှာပင် မနုစာရီသည် နိုင်ငံ၏ တရားသူကြီးချုပ် ဖြစ်မြောက်ခဲ့၏။

ထို့ကြောင့် မနုစာရီကို တရားလွှတ်တော်ရုံးနှင့် မနီးမဝေးတွင် အိမ်တစ်ဆောင် ဆောက်လုပ်ပေး၍ နေထိုင်စေ၏။ အဆောင်အယောင်ကို မင်းသမီးအဆောင်အယောင် နှင်းအပ်ခဲ့၏။ ထို့ကြောင့်ပင် အချို့က မနုစာရီမင်းသမီးဟု တင်စား ခေါ်ဝေါ်ကြ၏။

မနုစာရီသည် တရားခွင်၌သာမဟုတ်၊ အဆောင်တော်သို့ ရောက်သော မှုခင်းများကိုလည်း ဆုံးဖြတ်ပေးရ၏။ အချို့က ဉာဏ်စမ်း ပုစ္ဆာများ၊ ခက်ဆစ်များ လာရောက် မေးမြန်းသည်ကိုလည်း ဖြေဆိုပေးတတ်သဖြင့် အတိုင်းတိုင်း အပြည်ပြည်မှ မဖြေရှင်းနိုင်သော မှုခင်းများ၊ ပုစ္ဆာများပင် လာရောက်အကူအညီ တောင်းတတ်ကြ၏။

မှတ်ချက်။ ။ အချို့ သုဓမ္မာစာရီအဖြစ် မှတ်သားထားသော ပညာရှင်မင်းသမီးမှာ မနုစာရီပင် ဖြစ်၏။ သုဓမ္မစာရီဟူ၍ မရှိပြီ။

❋ ❋ ❋





မြောက်သားတော် ဘဒ္ဒကလျာနီ မင်းသမီးသည် မနုစာရီ၏ကျော်ကြားမှုကို အကြီးအကျယ် မနာလို ဖြစ်နေ၏။ အချိန် ရှိသရွေ့ မနုစာရီ၏ အကျိုးယုတ်ရာ ယုတ်ကြောင်းများကိုသာ ကြံစည် စိတ်ကူးလျက် ရှိ၏။

တစ်ခါကဆိုလျှင် တမဟုတ်ချင်း သေစေနိုင်သော အဆိပ်များ ခပ်ထားသော စားပွဲယ်များကို မနုစာရီအား လက်ဆောင်အဖြစ် ပို့ခဲ့၏။ မနုစာရီသည် ပို့လာသော အပျိုတော်ရှေ့မှာပင် အစာတစ်ဝက်ကို ခွဲ၍ ခွေးကို ကျွေးလိုက်ရာ ခွေးသည် ချက်ချင်းပင် သေဆုံးသွား၏။ သို့သော် ကျန်သော အစားအစာများကို စားပြလိုက်သေး၏။

ပြီးလျှင် မိမိသည် အဝဇရာမည်သော အမြိုက်ကျောက်သံမှိုးကို လေ့ကျင့်၍ စားသောကြောင့် အဆိပ်ပြိုးစီးကြောင်းကိုပင် ပြောလွှတ်လိုက်၏။

တစ်ခါကလည်း ဘဒ္ဒကလျာသည် သရဲသဘက်မှု ကြောက်ရာ ကောင်းသော အကျဉ်းသား လေးယောက်ကို အကျဉ်းမှ တိတ်တဆိတ်ထုတ်ကာ မနုစာရီ၏ အိပ်ခန်းသို့ လျှို့ဝှက်ဝင်စေ၍ အရှက်ရော အသက်ပါ လုပ်ကြံစေခဲ့၏။

ထိုစဉ်ကလည်း မနုစာရီသည် လူရမ်းကား အကျဉ်းသားလေးဦးကို ဘဒ္ဒကလျာမင်းသမီးထံသို့ပင် ပြန်၍ လွှတ်လိုက်၏။

အကျဉ်းသားများကို ဘဒ္ဒကလျာက မေးမြန်းကြည့်ရာ မနုစာရီ



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကြံရန် အိပ်ခန်းဆောင်အတွင်းသို့ ဝင်ရောက်မိသည်နှင့် တပြိုင်နက် အလွန်ကြီးမားသော လူနီကြီးလေးယောက်သည် ဘယ်က ဘယ်လို ပေါ်လာမှန်းမသိဘဲ သူတို့ကို ဖမ်းဆီး ရိုက်နှက်ကြပါသည်ဟု ပြောဆို၏။

အနည်းနည်း အဖုံဖုံ ကြိုးစားပြီးနောက် ဘဒ္ဒကလျာသည် မနုစာရီကို လုပ်ကြံရန် လက်လျှော့လိုက်ပြီးလျှင် မနုစာရီထံတွင်ပင် တပည့်ခံ၍ ပညာသင်ကြားလေတော့၏။

မနုစာရီသည် ဘဒ္ဒကလျာမင်းသမီးကို 'ကာလာ'အတတ် ဟု ခေါ်အပ်သော ခြောက်ဆယ့်လေးရပ်သော အတတ်ပညာဖြစ်သည့် နစ္စဟူသော ကခုန်ခြင်းအတတ်၊ ဂါဒနဟူသော တီးမှုတ်မျိုးစုံအတတ်၊ ဝိတ္တာလက်ာရ သန္တာဟူသော လူနှင့် သင့်လျော်အောင် အဝတ်တန်ဆာ ဆင်ယင်ပေးမှုအတတ်၊ အနုတရူပဝိ ဘာဝကရဏဟူသော အဆင်းသဏ္ဍာန် ရုပ်ပုံအမျိုးမျိုးတို့ကို ကောင်းစွာ ပြုပြင်ပေးသော အတတ်၊ သေယျတ္တရဏာဒိ သံယောဂ ပုပ္ဖဒိဂန္ထနဟူသော အိပ်ရာ ခုတင် စသည်တို့ကို တင့်တယ်ဖွယ်ရာစွာ ပြင်ဆင်ခင်းကျင်းခြင်း၊ ပန်း စသည်တို့ သီကုံးပြင်ဆင်ခြင်း အတတ်၊ အနေကကီဠရဌန ဟူသော ကစားမျိုးစုံ တို့ဖြင့် လူအပေါင်းကို နှစ်သစ်စေနိုင်ခြင်း အတတ်။

အနေကာ သနသန္တာနရတိ ဇာနနဟူသော နေရာအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် ကာမမွေ့လျော် ပြုပုံနည်းကို သိသော အတတ်၊





မဗ္ဗာသဝါဒိ ကရဏဟူသော သေရည်အရက် အမျိုးမျိုး စိမ်တတ် ချက်တတ်သော အတတ်၊ သလ္လဟာရီ ဝကာဝိဇ္ဈန စူးဝင်သော မြှား၊ ကျည်ဆံနှင့် အနာဟူသမျှကို ခွဲစိတ်ကုသတတ်သော မြူစုတတ်သော အတတ်၊ အန္နာဒိပဝနဟူသော ချက်ပြုတ်ကြော်လှော်တတ်သော အတတ်၊ ဗီဇရောပနာဒိဟူသော သစ်ပင်စိုက်ပျိုးခြင်းအတတ်။

ပါသာဏဓာတွာဒိ ဝိဓာကရတာသို့သရဏဟူသော ရွှေ စသော သတ္တုများကို ပြာချခြင်းအတတ်၊ ဥစ္ဆုဝိကာရက်ရဏာ ဟူသော ထန်းလျက်ကြံသကာ စသည်များ ချက်လုပ်ရခြင်း အတတ်၊ ဓာတော သဓိသံယောဂါဂါဒိ ကြိယာဟူသော ရွှေ စသည်တို့နှင့် ဆေးတို့ယှဉ်စေတတ်သော အတတ်၊ ဓာတွာဒိ သံယောဂ ပုဗ္ဗဝိညာနဟူသော ဓာတ်မျိုးစုံ စတင်အသစ် ဖော်စပ်ခြင်း အတတ်။

ခါရ နိက္ကာသနဟူသော ယမ်း ဆား ဆပ်ပြာ စသည် ချက်လုပ်မှု အတတ်တို့ကို လည်းကောင်း၊ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာကြီးတို့ကို လည်းကောင်း၊ ဝိဇ္ဇာမိုရ်ဖြစ်ကြောင်း အင်းအတတ်၊ ဂန္ဓာန်အတတ်၊ အဂ္ဂိရတ်အတတ်တို့ကို လည်းကောင်း နည်းပြသင်ပေးခဲ့၏။

ဘဒ္ဒကလျာမင်းသမီးသည် အတတ်အမျိုးမျိုးကို သင်ကြားပျက် မနုစာရီကို မကောင်းကျိုး မည်ကဲ့သို့ ပြုရမည်ကိုပင် အလစ်ချောင်း၍ နေခဲ့၏။ ဘဒ္ဒကလျာက မနုစာရီကို အလစ်ချောင်းသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အပရန္တတိုင်းကိုလည်း ဂန္ဓာပနီဒတိုင်းက လုပ်ကြံရန် ချောင်းမြောင်း နေပြီ ဖြစ်၏။ နောက်ဆုံး..

မနုစာရီတို့ အပရန္တတိုင်းပြည်ကို အခဲမကြေသော ဂန္ဓာပ တိုင်းပြည်သည် လက်နက်ရိက္ခာ စုရုံးပြီးနောက် စစ်ကြေငြာ တော့၏။ ထို့ကြောင့် အိမ်ရှေ့ ဥပရာဇာမင်းသား အတိတ္တာသည် စစ်တပ်ကို နေ့ညမပြတ် လေ့ကျင့်ညွှန်ကြားရသော တာဝန်များ ကြောင့် နေ့စဉ်နေ့တိုင်း မနုစာရီ၏ တပင်တိုင်အဆောင်သို့ပင် မရောက် နိုင်ရှာတော့ပေ။

* * *

ထိုညက လသည်သာချင်လျှက် တိမ်ညိုမဲကြောင့် မသာနိ ရှာချေ။

အတိတ္တာသည် မနုစာရီ၏ မျက်နှာကို စေ့စေ့ကြည့်၍ ဘာ မပြောဘဲ ငြိမ်နေ၏။

မှုန်ဝါးဝါး လရောင်အောက်ပွပ လှမြလှနေသော မနုစာရီသည် အတိတ္တာကို ညင်ညင်သာသာ အသံကလေးဖြင့် စစ်မည်သော သဘောကို ပြောနေ၏။

“နှမ မနုစာရီ မောင်အရှင်ဟာ စစ်မြေပြင်နဲ့ ကြီးပြင်းခဲ့ရသူ စစ်ထွက်ရမှာကို အရင်ကဆိုရင် ပျော်သလိုပင် ရှိခဲ့ပါတယ်





အခုတော့ ဘာကြောင့်မှန်း မသိပါဘူး။ စစ်ထွက်ရမှာကို ရွံ့သလိုလိုပဲကွယ်”

“မောင်အရှင် ပုဂ္ဂလိက ဘဝတဏှာတွေထဲမှာ ဗိုမချစ်ခြင်း ဆိုတဲ့အရာဟာ သူ့ရဲကောင်းကိုပင် သတ္တိကြောင်သွားစေနိုင်ပါ တယ်၊ နှမဟာ မောင်အရှင်ကို သူ့ရဲကောင်းအဖြစ်ပဲ မြင်ချင်ပါ တယ်၊ တကယ်လို့များ မောင်အရှင်ဟာ နှမကို ငွဲလမ်းတပ်မက် နေတယ်ဆိုရင် စစ်ကိုနိုင်အောင် တိုက်ခဲ့ပါ။ နှမဟာ သူ့ရဲ ကောင်းကိုပဲ မြတ်နိုးနိုင်ပါတယ်၊ သူရဲဘောကြောင်သူကို အဆင်းကြောင့်ပဲဖြစ်ဖြစ်၊ စည်းစိမ်ဥစ္စာကြောင့်ပဲ ဖြစ်ဖြစ် မမြတ် နိုးတတ်ပါဘူး၊ နှမ မနုစာရီဟာ သူ့ရဲကောင်းကိုမှ ချစ်တတ်သူ ပါ မောင်အရှင်”

အတိတ္တာသည် ပြုံးပြလိုက်သည်။ သူ့အပြုံးတွင် အဓိပ္ပာယ် များစွာ နစ်မြုပ်နေ၏။

“ကောင်းကင်က ဗြဟ္မာကြီး မိန်းမလိုချင်တယ်ဆိုရင် ဖြစ် နိုင်ပါတယ် မနုစာရီ၊ မောင်အရှင်ကတော့ သူ့ရဲကောင်းအဖြစ်က တစ်ရွေးသားမျှ လျော့မကျစေရပါဘူး ယုံပါ။ စစ်မြေပြင်က ပြန် လာရင် နှမဆီကို အရင်လာခဲ့မယ်၊ လာပါရစေ နှမရယ်”

“လာပြီးတော့ကော”

“လာပြီးရင် နှမ မနုစာရီရဲ့ လက်ကလေးနှစ်ဖက်ကို ကိုင်မယ်”



www.burmeseclassic.com

www.burmeseclassic.com



“ကိုင်ပြီးရင်ကော”

“ကိုင်ပြီးရင် သူ့ရဲ့ကောင်းမင်းသားနဲ့ ပညာရှင်မင်းသမီးတို့ရဲ့ အချစ်ဇာတ်လမ်းကို စမယ်”

“စပြီးရင်ကော”

“စပြီးရင် နောင်တော်ကို လျှောက်ထားပြီး လက်ထပ် မင်္ဂလာပြုမယ်”

“လက်ထပ်မင်္ဂလာပြုပြီးရင်ကော”

“လက်ထပ်မင်္ဂလာပြုပြီးရင် နှမကို ပညာရှိပြီး [illegible] သားကလေးတွေ၊ သမီးကလေးတွေ မွေးခိုင်းမယ်

“မွေးခိုင်းပြီးရင်ကော”

“မွေးခိုင်းပြီးရင် မောင်အရှင်တို့ ပျော်ပျော်ကြီး နေထိုင် သွားကြမယ်”

“ပျော်ပျော်ကြီး နေထိုင်သွားပြီးရင်ကော”

“ပျော်ပျော်ကြီး နေပြီးရင် အသက်တွေကြီးလာပြီး မောင်အရှင်ရော နှမ မနုစာရီရော မယ်ကြမှာပေါ့”

“သေပြီးရင်ကော မောင်အရှင်”

“သေပြီးရင် ပြီးပြီပေါ့ မနုစာရီရယ်”

“ဒီလို မဟုတ်ဘူး”

“ဘယ်လိုလဲ လုပ်စမ်းပါဦး”





“မသေအောင် လုပ်မယ်”

“မသေအောင် လုပ်လို့ ဘယ်ရမလဲ”

‘ဝိဇ္ဇာဓရ အသတ်နဲ့ မသေအောင် လုပ်နေကြမယ်”

“မသေဘဲ မောင်အရှင်နဲ့ မနုစာရီတို့ ဘာလုပ်ကြမှာလဲ”

“မသေဘဲ မောင်အရှင်နဲ့ နောင်အနှစ်တစ်ရာကို စောင့်ကြည့်မယ်”

“ဘာကို စောင့်ကြည့်မှာလဲ”

“ဘိုးဘိုးက ပြောတယ် နောင်အနှစ်တစ်ရာမှာ မဇ္ဈိမတိုင်းမှာ လူသားစင်စစ်ကနေ အနုရှိတဲ့ ဗြဟ္မာကြီးတွေထက် တန်ခိုးကြီးတဲ့ ဂေါတမဗုဒ္ဓဆိုတဲ့ ဗြဟ္မာတစ်ဦး ပေါ်ပေါက်လိမ့်မယ်တဲ့”

“အဲဒီတော့”

“အဲဒီတော့ လူသားစင်စစ်ကနေဖြစ်တဲ့ ဗြဟ္မာကြီးကို မောင်အရှင်နဲ့ နှမ မနုစာရီတို့ ဆယ်ဖြာသော လက်များနဲ့ ပူးတွေပြီး ဘယ်တော့မှ သေခြင်းမရှိတဲ့ ဗြဟ္မာဘုံကိုရောက်ရာ ရောက်ကြောင်း နည်းလမ်းတွေ မေးမြန်းပြီး ရောက်အောင် လုပ်ရမှာပေါ့”

“ဘယ်တော့မှ မသေခြင်းဆိုတဲ့ နေရာရှိသလား”

“ရှိတယ်လို့ ဘိုးဘိုးပြောတယ် ‘အမတ’ လို့ခေါ်တယ်တဲ့”

“ကောင်းသားပဲ၊ မောင်အရှင်နဲ့ နှမ မနုစာရီတို့တာ ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ မသေတဲ့ 'အမတ' သွားပြီး ချစ်နေကြတာပေါ့"

"ဟင့်အင်း... ချစ်လို့မရဘူး"

"ဘာဖြစ်လို့ မရရမှာလဲ၊ မောင်အရှင်ရော မနုစာရီပါ နှစ်ဦးလုံး

'အမတ' မှာရောက်နေရင် ချစ်နိုင်ရမှာပေါ့"

"အမတမှာ ချစ်ခြင်း မုန်းခြင်းဆိုတာ မရှိဘူး"

"အို... ဘယ်ဖြစ်နိုင်ပါမလဲ၊ မောင်အရှင်ရော မနုစာရီပါ ရှိရင်

နဲ့ ချစ်ခြင်း မုန်းခြင်းဆိုတာ မရှိဘူးဆိုတဲ့ မနုစာရီပြောတဲ့

အမတဆိုတဲ့ အရာဟာ မေ့လျော့ခြင်းပဲ ဖြစ်ရမယ်၊ တခြားဘာမှ

မဖြစ်နိုင်ပါဘူး"

"အမတဟာ မေ့လျော့ခြင်းတော့ မဟုတ်ဘူး၊ အေးငြိမ်းခြင်း

လို့ဆိုတယ် မောင်အရှင်"

"မဟုတ်နိုင်ဘူး၊ ချစ်သူနှစ်ဦး နေပါလျက် မချစ်နိုင်တဲ့ နေရာ

ဟာ ဘယ်လို အေးငြိမ်းခြင်းဖြစ်မှာလဲ မနုစာရီရယ် စဉ်းစား

ကြည့်ပါဦး"

"မနုစာရီ သိပ်တော့ မပြောတတ်ဘူး၊ အမတဆိုတာ ကောင်း

တဲ့နေရာလို့ပဲ သိထားတယ်"

အတိတ်ဘုံသည် သူ့ကိုယ်ပိုင် အထင်ကြီးထားသော ချစ်ရ

မနုစာရီ၊ ပညာကြီးပါပေသည်ဟု ပြောစမှတ်ပြုရသော မနုစာရီကိုယ်

တိုင်က သဲသဲကွဲကွဲ ပြောမပြနိုင်သော အမတ ဆိုသည့်အရာကို ဘယ်





ဟာကြီးပါလိမ့်ဟူ၍ စဉ်းစားနေပိ၏။ အဖြေကား မပေါ်။ သာမန်လူ

ကို စဉ်းစား၍ ရကောင်းသောအရာလည်း မဟုတ်ရကား အမတသည်

ငင်းလင်းပြတ်သားဘွယ် မထင်ခဲ့ရချေ။

"ထားပါတော့ မနုစာရီ၊ နှမပြောတဲ့ အမတကြီးကို မောင်အရှင်

တော့ မချစ်ရတာ တစ်ခုတည်းနဲ့ သဘောမကျနိုင်ပါဘူး။ ဒါပေမဲ့

မနုစာရီက သွားချင်တယ်ဆိုရင်တော့ သွားကြတာပေါ့"

မနုစာရီက ဘာမျှ ပြန်မပြောတော့၊ ပြုံးရုံသာ ပြုံးနေ၏။ အတိ

တ်ဘုံသည် မနုစာရီကို ညင်ညင်သာသာလေး ဆွဲယူ၍ ရင်ခွင်အတွင်း

ပွေ့ဖက်ထားလိုက်၏၊ မနုစာရီသည် သားကောင်ကို စားပြီးနောက်

တင်းတိမ်ရောင့်ရဲသွားသော ကျားမကဲ့သို့ မျက်စိမှိတ်၍ ပြုံးနေ၏။

"မနုစာရီ နှမပြောတဲ့ အမတဆိုတာ အခုလိုအေးငြိမ်းပါ့မလား။

အခုလို ချမ်းမြေ့ပါ့မလား၊ အခုလို အရသာ ထူးပါ့မလားကွယ်"

"မနုစာရီလည်း အမတကို ရောက်ဖူးသေးတာ မဟုတ်လို့

ဘယ်ပြောနိုင်ပါ့မလဲ၊ ဒါပေမဲ့ မနုစာရီတွေ့ခဲ့သမျှသော ခံစားမှု

ဝေဒနာတွေထဲမှာတော့ အခုတာကို မီတာ မတွေ့နိုင်သေးဘူး

လို့ ဝန်ခံပါတယ် မောင်အရှင်ရယ်"

"ဒီလိုဆိုရင် အမတကြီးကို မသွားပါနဲ့ကွယ်"

"ဟင့်အင်း၊ ဘိုးဘိုးက ပြောတယ်၊ ဗို့မ တွေ့ရတဲ့ အရသာထူး

ထက်မွန်မြတ်တဲ့အရသာ၊ နှိုင်းယှဉ်မရတဲ့ အရသာတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



အမတာမှာရှိတယ်တဲ့၊အဲဒီအရသာကို ဝိမုတ္တိရသလို့ခေါ်တယ်တဲ့”

“ဒီလိုဆိုလည်း သွားကြတာပေါ့ကွယ်”

မနုစာရီ၏ နုပ္ပုံးဆံစကလေးများကို အတိတျာက ပွတ်သပ်ပေး နေ၏။ လရောင်သည် တိမ်မည်းညို အမိုက်တိုက်သည် တိုး၍ တိုး၍ ဝင်သွား၏။ သူတို့နှစ်ဦး၏ အချစ်မီးကား ပို၍ ပို၍ လင်းလာ၏။ နောက်ဆုံး၌ လရောင်သည် လွှန်၍ နေရောင်ထက်ပင် လင်းထိန်သွား တော့၏။

ထိုညက အဖြစ်အပျက်ကို မနုစာရီနှင့် အတိတျာတို့သည် မေ့နိုင်ကြမည် မဟုတ်ချေ။ ဘယ်တော့မျှ မေ့နိုင်ကြမည် မဟုတ်တော့ ချေ။ ထိုနေ့ညသည် သူတို့နှစ်ဦးအဖို့ ညတာ တိုလွန်းသည်ဟု မှတ် မိကြ၏။

အရုဏ်တက် ကြက်တွန်သံကြားလျှင် အတိတျာသည် မြို့နန်း ပြင်ဆင်လိုက်၏။ မနုစာရီက ခေတ္တစောင့်ပါဦးဟု ဆိုကာ အဆောင် အတွင်းမှ ပုရပိုဒ်ထုပ်ကို ယူလာ၍ အတိတျာအား ပေး၏။ မနုစာရီ ပေးလိုက်သော ပုရပိုဒ်များအား ထိုစဉ်က မည်သည့်ပုရပိုဒ်တွေ ဖြစ်မှန်း မသိခဲ့သော်လည်း နောင် စစ်မြေပြင်၌ ဖတ်ကြည့်ရာ အံ့ဩ ဖွယ်ရာသော သေနင်္ဗျူဟာ ကျမ်းများဖြစ်၏။ နုနယ်လှပသော မနုစာရီသည် သူမနှင့် လုံးဝ မပတ်သက်သော စစ်ဆင်စစ်တက် ကျမ်းများကို ဖြုစုထားလေသည်။





နောင်တွင် အပရန္တတိုင်းသာမက အခြားတိုင်းများသို့ပင် ရောက် ရှိကျော်ကြားခဲ့သော ‘ယောမ မဏိဗျူဟာခေါ် စစ်အင်္ဂါကျမ်း’၊ ‘ရာဇသေဝက ဒီပနီခေါ် စစ်ကပ်နည်းဗျူဟာကျမ်း’၊ ‘သာမက ဒဏ္ဍ ဗျူဟာ စစ်ရေးနည်းကျမ်း’ ‘သေကဋဗျူဟာခေါ် စစ်ခံခြင်း ဗျူဟာ ကျမ်း’ များအပြင် နှစ်ဆယ့်ကိုးမျိုးသော ထိုစစ်ဗျူဟာကျမ်းများမှာ မနုစာရီက စစ်ထွက်မည့် ချစ်သူအတိတျာအား ချစ်လက်ဆောင်ပါး ခဲ့သော ကျမ်းများဖြစ်၏။

လှသောညသည် ထိုအချိန်၌ပင် မနုစာရီနှင့် အတိတျာတို့ ကုန် ဆုံးခဲ့ရလေပြီတည်း။

❁ ❁ ❁

ဘဒ္ဒကလျာသည် မနုစာရီ၏ အကူအညီဖြင့် ဗေဒအကျင့် လည်း ကျင့်၏။ သံကိုလည်း မနုစာရီပြသော အင်္ဂရတ်နည်းဖြင့် အသေ သတ်၏။ သို့သော် သံကား မသေသေး။ တစ်ဖက်၌လည်း ဘုရင် သဏ္ဍာရာဇ်ကို မနုစာရီသည် သူတတ်သော အတတ်ပညာတို့ဖြင့် နန်းရပ်ထီးဖြူ လုယူမည်ဖြစ်ကြောင်း၊ ကုန်းချောခြင်း ပြုနေ၏။

တစ်ညသ၌ မနုစာရီသည် မောင်တော် အတိတျာကို လွမ်း ဆွတ်လှသဖြင့် စိတ်သက်သာရာ ရစိမ့်သောငှာ သွပ်ကို ‘ပတြုဇ ကာလ’ တူသော စိန်နက်မှန်ရောင်ဖြင့် အုပ်ကာ အင်္ဂရတ်ထိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သွပ်သည် စိန်နက်မှန်ရောင်နှင့် မီးကို မလွှန်ဆန်နိုင်သည့် အဆုံး၌ သူ၏ ခန္ဓာအိမ်ကို စွန့်ရ၏။ သွပ်၏ ဘဝကူးချိန်တွင် အလွန်လင်းသော အလင်းတန်းသည် မနုစာရီ၏ အဆောင်ကိုဖောက်၍ ကောင်းကင်သို့ တက်လေ၏။ ယူဇနာချင့်၍ အထက်သို့ ထိုအလင်းရောင် တက်တော့၏။

သက္ကရာဇ်ဘုရင်သည် စက်ခန်းဆောင်၌ ထိုအလင်းရောင်ကို မြင်လိုက်လျှင် များစွာ ထိတ်လန့်၍ သွား၏။ ဘဒ္ဒကလျာ ကုန်းချော့ထားသော စကားလုံးများကိုလည်း စဉ်းစားမိသဖြင့် မနုစာရီကို နှိပ်ကွပ်ရန် ဆုံးဖြတ်လိုက်၏။ တင်ဖန် မနုစာရီကို နှိပ်ကွပ်ခဲ့လျှင် ညီတော်အတိတျာသည် စစ်မြေပြင်မှပြန်ရောက်၍ မနုစာရီအား ကွပ်မျက်ကြောင်း သိလျှင် ခံနေမည်မဟုတ်ဘဲ ရန်ပြုနိုင်ကြောင်းကိုလည်း ထည့်သွင်းစဉ်း စားရပြန်သည်။ နောက်ဆုံး၌ ရက်စက်ပြတ်သားသော အကြံတစ်ခု ရတော့၏။

နောက်တစ်နေ့နံနက်တွင် ဘုရင်သက္ကရာဇ်သည် မနုစာရီကို ဖမ်းဆီးရန် အမိန့်ချမှတ်လိုက်၏။ မနုစာရီသည် တရားသူကြီးချုပ်အဖြစ်မှ နိုင်ငံကို မှော်အတတ်မျိုးစုံဖြင့်လည်းကောင်း၊ ချစ်သူ အတိတျာမင်းသား၏ စစ်ရေးအကူအညီဖြင့်လည်းကောင်း လုပ်ကြံရန် ကြံစည်မှုဖြင့် နိုင်ငံတော်တရားခံအဖြစ်သို့ ချက်ချင်းရောက်ရှိသွားတော့၏။

မနုစာရီ၏ တရားသူကြီးချုပ် နေရာကိုလည်း နိုင်ငံအတွင်း





ပညာပြည့်စုံသူ တစ်ဦးတစ်ယောက်ကို ဆက်လက်ခန့်ထားရန် အတွက် စုံစမ်းရှာဖွေခဲ့ရာ မနုစာရီ သင်ပေးထား၍ ကာလာ အတတ်ခြောက်ဆယ့်လေးရပ်နှင့်တကွ ပညာအတော်စုံနေသော ဘဒ္ဒကလျာ မင်းသမီးကိုပင် တွေ့ရှိ၏။ ထို့ကြောင့် ဘဒ္ဒကလျာကိုပင် မနုစာရီ၏ တရားသူကြီးချုပ်ရာထူးကို ခန့်အပ်လိုက်တော့၏။

ထိုသို့ခန့်အပ်ပြီး နောက်တစ်နေ့မှာပင် ခုံရုံးတော်တွင် ဘဒ္ဒကလျာက တရားသူကြီးအဖြစ်ဖြင့် မနုစာရီ၏ နိုင်ငံတော်လုပ်ကြံမှုကို စစ်ဆေးတော့၏။

မနုစာရီက ဘဒ္ဒကလျာအား သွပ်ကို (ပကြွဇကာလ) စိန်နက်မှန်ရောင်အုပ်၍ အဂ္ဂရိတ်ထိုးကြောင်း၊ ထို့ကြောင့် သွပ်မှအလင်းတန်းကြီး ထွက်ပေါ်ကြောင်း၊ သွပ်သေလျှင် နေသိဒ္ဓိမှ လွဲ၍ အခြားသိဒ္ဓိမဖြစ်နိုင်ကြောင်း စသည်တို့ကို လျှောက်လဲချက်ပေး၏။ ဘဒ္ဒကလျာကိုယ်တိုင်လည်း ထိုဓာတ်သဘောကို သိပြီးဖြစ်ပါလျက် မသိဟန်ဆောင်ကာ အမှုကို ဆုံးဖြတ်ခဲ့လေသည်။ ဘဒ္ဒကလျာသည် ကတိလေးပါးအနက် ဒေါသာဂတိကို လိုက်၍ ဆုံးဖြတ်ခဲ့၏။

တရားခွင်၌ ဘဒ္ဒကလျာသည် မနုစာရီပြုစုသော မနုကျယ်ဓမ္မသတ်ကိုပင် အသုံးပြု၍ အမိန့်ချခဲ့၏။

"အဂ္ဂရိတ်အတတ်၊ မှော်အတတ်ဖြင့် နိုင်ငံတော်ကို လုပ်ကြံရန် ကြံစည်သော တရားခံမ မနုစာရီငယ်၏ လက်ယာဘက်လက်

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ကောက်ဝတ်မှ ဖြတ်၍ ထောင်သွင်းအကျဉ်းထားရန် အမိန့်ချမှတ်လိုက်သည်။"

ဟု ဆိုကာ အမှုကို စီရင်ချက်ချခဲ့၏။ ပါးကွက်သားတို့သည် မနုစာရီ၏ ညာလက်အား လက်ကောက်ဝတ်မှ တိတိရိရိ ဖြတ်ချလိုက်ကြတော့၏။

မနုစာရီသည် သူမ၏လက်ကို ဖြတ်နေသော အချိန်၌ အောက်ပါအတိုင်း သစ္စာဆိုခဲ့၏။

"အို...လောကဓမ္မ မနုစာရီသည် နိုင်ငံတော်ကို လုပ်ကြံရန်စိတ်မျှပင် မကူးခဲ့ပါ။ ဤမှန်သော သစ္စာစကားကြောင့် ဖြတ်သွားသော လက်သည် မပုပ်မသိုး မပျောက်မပျက် ရှိပါစေ။ မည်သည့်အချိန်သို့ တိုင်သည်ဖြစ်စေ မောင်တော်အတိတ္ထာ၏ ကရုဏာနှင့် ပြန်၍ဆက်က အကောင်းပကတိ ရှိပါစေသတည်း"

မနုစာရီသည် လက်ပြတ်ဘဝနှင့် အကျဉ်း၌နေရ၏။ ပါးကွက်သားတို့သည် မနုစာရီ၏ လက်ပြတ်ကို ကတ္တီပါအိတ်ဖြင့်ထည့်ကာ ဘဒ္ဒကလျာသို့ ဆက်သလိုက်ကြ၏။ ဘဒ္ဒကလျာသည် မနုစာရီ၏ လက်ကို နည်းအမျိုးမျိုးဖြင့် ပျောက်ကွယ်သွားရန် ဖျက်ဆီးတော့၏။

အလွန်ထက်သော ဓားဖြင့် ခုတ်ကြည့်၏။ ခက်ရင်းနှင့်ထိုး၍ သွင်း၏။ မရပေ။ နောက်ဆုံး ဖားဖိုတွင်ထည့်၍ တိုးတော့၏။ ပထမတွင်





ကြေးသံသွပ်များ ထိုးသည့်အခါ၌ ထွက်သောအရောင်ကဲ့သို့ ဝါဝါ ရွှေရွှေအရောင်များ လှပစွာထွက်လာ၏။ မီးက မကျွမ်းချေ။

ဘဒ္ဒကလျာသည် မရသည့်အဆုံး၌ မနုစာရီ၏ လက်ပြတ်ဆန့်လောက်သော လုံတစ်ခုကို လုပ်၍ လုံထဲတွင် လက်ပြတ်ကိုထည့်ကာ အပေါ်မှ (ပတြဇကာလ) ဟူသော စိန်နက်မှန်ရောင်အား အုပ်၍ မီးပြင်းနှင့် ထိုးတော့၏။ တစ်မိနစ်၊ နှစ်မိနစ်ခန့် ထိုးမိလျှင် အလွန်လှသော အရောင်တို့သည် စိန်နက်မှန်ရောင်မှလွန်၍ ထွက်လေတော့၏။

မနုစာရီ၏လက်သည် သွပ်ကို သတ်ဖူးသော လက်ဖြစ်၏။ 'ဂျေရာ' မည်သော စမများ ရေးထားသော လက်လည်းဖြစ်၏။ ထို့ကြောင့်စိန်နက်မှန်ရောင်ဖြင့် ပဋိပက္ခပြုသော 'ဂျေရာ' ဟူသော စမသည်လည်းကောင်း၊ ဂျလဟူသော နငယ်နှင့်တူသော စမသည် လည်းကောင်း၊ ရှဂျူဟူသော မနှင့်တူသော စမသည် လည်းကောင်း စိတ်နိုးကာ ပြင်းထန်သော ပေါက်ကွဲမှုဖြစ်တော့သတည်း။

တစ်တိုင်းတစ်ပြည်လုံး လျှင်ကြီးစွာ လှုပ်သကဲ့သို့ ခံစားလိုက်ရ၏။ အချို့သော အဆောက်အဦများ ပြိုပျက်ကြကုန်၏။ ကန်ရေများ ခန်း ခြောက်၍ သွား၏။ လူအမြောက်အများ သေကြေပျက်စီးကုန်ကြ၏။ တော်လဲခြင်းများလည်း အဆက်မပြတ် ဖြစ်တော့၏။ တစ်တိုင်းပြည်လုံး ဆောက်တည်ရာမရ အုတ်အုတ်ကျက်ကျက် ဖြစ်လေတော့၏။ ပေါက်ကွဲပြီး မီးတောက်များသည် မငြိမ်းသတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အလျောက် ဆက်လက် လောင်ကျွမ်း၏။ အချို့နေရာ၌ မြေကြီးသည်ပင်၊ ကျွံ၍ ကျ၏။

မနုစာရီသည် အချုပ်ထောင်ပြိုကျသည်၌ အခြားအကျဉ်းသားများနှင့်အတူ လွတ်မြောက်သွား၏။ ဘဒ္ဒကလျာမှာမူ ဗိုလ်ိုးစဉ်က ၂ွတ်ဆိုခဲ့သော မန္တာန်များအစွမ်းကြောင့် အထိအခိုက်မရှိခဲ့သော်လည်း အပရန္တ တိုင်းပြည်မှာမူကား နေ့ည်မပြတ် တောလဲခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်း မည်သည့်အရာများ ပေါက်ကွဲသည်မသိ အဆက်မပြတ် ပေါက်ကွဲခြင်းတို့ကြောင့် ခန်းခြောက်၍ ပျ...ငိုးလုနီးနီး ဖြစ်သွားရတော့၏။

သုံးရက်မြောက်သောနေ့၌မူ မနုစာရီ၏ အဆောင်သို့ မီးကျွမ်း၍ လောင်ကျွမ်းရာ ကြောက်မက်ဖွယ်ရာ အသံကြီး မြည်ဟီးလျက် ပြင်းထန်စွာ ပေါက်ကွဲလိုက်သည်တွင် ကြက်ပျံမကျ စည်ကားလှသော အပရန္တတိုင်းပြည်သည် လုံးဝ ပျောက်ကွယ် ပျက်စီးသွားလေတော့၏။

ဘဒ္ဒကလျာသည် အပျိုတော် ခြောက်ယောက်နှင့် လွတ်ရာသို့ ရှောင်တိမ်းပြေးခဲ့ရာ ပရိအရပ်ဒေသသို့ ရောက်ခဲ့၏။ ပရိအရပ်ဒေသမှာ အလွန်နက်သော တောဖြစ်၏။ ထိုတောအုပ်အတွင်းမှာပင် ကျောင်းသင်္ခမ်းပြုလုပ်၍ အပျိုတော်ခြောက်ဦးနှင့်အတူ ဘဒ္ဒကလျာသည် ထွက်ရပ်စခန်းကို ကြိုးပမ်းခဲ့ပြန်လေ၏။

မနုစာရီမှာလည်း မူလနေရာဖြစ်သော မန်းချောင်းအနီး တောအုပ်ကြီးသို့ ရောက်ပြီးနောက် ဘိုးဘိုး၏ ကျောင်းသင်္ခမ်းမှာပင် ဇောဂအကျင့်မြတ်ဖြင့် လောကီထွက်ရပ်လမ်း အပြီးတိုင် ကြိုးပန်းလေတော့၏။ နောင်အနှစ်တစ်ရာတွင် ပွင့်ပေါ်လာမည့် ဂေါတမဗုဒ္ဓမည်သော မဟာလူသားကို ချစ်လှစွာသော မောင်တော်အတိတ္ထျာနှင့်အတူ ဆယ်ဖြာသော လက်ဖြင့် ဖူးတွေ့ရမည်ဟု မျှော်လင့်ခဲ့သော်လည်း ယခုမိမိ၏ လက်ယာလက်တစ်ဖက်သည် မရှိတော့ချေ။

သို့သော် မနုစာရီက အားမလျှော့ချေ။ အကယ်၍ မောင်တော် အတိတ္ထျာသည်သာ ကရုဏာမေတ္တာတည်းဟူသော ဗြဟ္မစိုရ်တရားများဖြင့်လည်းကောင်း၊ ချစ်သူတို့၏ ချစ်ခြင်းဖြင့် သူ၏ လက်တစ်ဖက်ကိုပြန်၍ ဆက်ပေးပါမူ အကောင်း ပကတိပြန်၍ ဖြစ်လိမ့်ဦးမည်ဟု မျှော်လင့်မိ၏။

ထို့ကြောင့် နောင်အနှစ်တစ်ရာတွင် ပွင့်ပေါ်မည့် မဟာလူသား ဂေါတမဗုဒ္ဓကို ရည်မျှော်၍ ဆုတောင်းခြင်းများပြု၏။ လောကပါလနတ်များကိုလည်း သူ၏ ပြတ်သွားသော လက်တစ်ဖက်ကို ချစ်သူ အတိတ္ထျာ ရှာဖွေတွေ့ရှိသည်အထိ မပျောက်မပျက်ရအောင် အထူးထူး တိုင်တည် ဆုတောင်းမှုများ ပြု၏။

အလွန်လှပသော တောပန်းတစ်မျိုးကိုလည်း မျိုးမတုံးသွားစေရန် အဓိဋ္ဌာန်၍ စိုက်ပျိုးခဲ့၏။ ထိုပန်းစိုက်ပျိုးစဉ်အခါက သူ၏ ခြောက်ယောက်သော ညီမငယ်တို့က မနုစာရီကို ဤသို့ကျင်ပေးခဲ့ကြ၏။







www.burmeseclassic.com

www.burmeseclassic.com



"မမ မနုစာရီ၊ အဲဒါဘာပန်းလို့ခေါ်ပါသလဲ၊ ဘာကြောင့် စိုက်ပျိုးရပါသလဲ၊ ညီမတစ်စု သိပါရစေ"

"အဲဒီပန်းဟာ အခုတော့ အမည်နာမအတိအကျ မရှိတဲ့အညတြ တောပန်းမျှသာ ဖြစ်ပေတယ်။ နောင်အနှစ်တစ်ရာ ကြာညောင်းတဲ့အခါမှာ အနောက်မဈ္ဈိမတိုင်းမှာ ဂေါတမဗုဒ္ဓမည်တဲ့ မြတ်စွာကြီးတစ်ဦး ပေါ်ပေါက်လာလိမ့်မည်။ အဲဒီအခါမှာ အဲဒီဗုဒ္ဓကို ပူဇော်ကိုးကွယ်ဖို့ မမ စိုက်ပျိုးတာပဲ၊ ဒါကြောင့် ဒီပန်းကို 'ဗုဒ္ဓသရဏံ' ပန်းလို့ပဲ ကင်ပွန်းတပ်ကြပါ့ဂူယ်"

မနုစာရီသည် ဤသို့လျှင် တောရပ်မှီ၍ ဇောဂအကျင့် ကျင့်ခြင်း၊ အင္ဂရိတ် ထိုးခြင်း၊ အင်းရေးခြင်း၊ မန္တန်ရွတ်ခြင်း စသော ဝိဇ္ဇာထိုက်ဖြစ်ရာဖြစ်ကြောင်းများကို မပြတ်လုပ်ရင်းဖြင့် အချိန်ကုန်ခဲ့ရလေသည်။

အာပရန္တတိုင်းကား ဘဒ္ဒကလျာ၏ မပေါင်းစပ်သင့်သောဓာတ်များကို ပေါင်းစပ်၍ ဗိုထိုးခဲ့ရာတွင် ပြင်းထန်သော ပေါက်ကွဲမှုကြီး ဖြစ်ရာမှအစ ထိုဒေသအတွင်းရှိ ပထဝီမြေကြီးအတွင်း ဓာတ်များသည် အမျိုးမျိုး ပြောင်းလွဲ၍ နေ့စဉ်ရက်ဆက် ပေါက်ကွဲမှုများ၊ လျှော်လှုပ်မှုများအဆက်မပြတ် ဖြစ်ပေါ်ခဲ့ရာ၊ ထိုတိုင်းတစ်ခုလုံးလောက် နီးသည်ချိုင့်ကြီးများ၊ ကျင်းကြီးများ၊ တောင်ကမူကြီးများ ပေါ်ပေါက်ဖြစ်ပေါ်ပြီးနောက် ပျက်စီးခဲ့ရ၏။

(မှတ်ချက်။ ။ ကမ္ဘာကျော် အရှဉ်တော်တယ်ဟူသော ဂရိပညာ





ရှင်ကြီး၏ အဆိုအရ ကမ္ဘာ့မြေပုံပေါ်၌ ဟာကျူလီပီလောဟုခေါ်သော ဒေသအနီး ပင်လယ်ပြင်ကြီးသည် ယခင်က လယ်မှုးရိုးယားနှင့် အတ္တလန်တာဟူသော တိုက်ကြီးနှစ်တိုက်ရှိခဲ့ပြီး ရှေးအတိတေက လောကီရှတ် ပညာရှင်တို့၏ မတည့်သော ဓာတ်များစမ်းသပ်မိရာတွင် ပြင်းထန်သော ပေါက်ကွဲမှုကြီးဖြစ်ပြီး ပင်လယ်အောက်သို့ နစ်မြုပ်ခဲ့သည်ဟု ဆိုခဲ့ဖူး၏။ ထိုအဆိုကို ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရိုကတ္တဗေဒနည်းဖြင့် တွက်ချက်၍ မှန်ကန်ပါသည်ဟု ထောက်ခံခဲ့၏။ တစ်ဖန် မျက်မှောက်ခေတ် ဘူမိဗေဒပညာရှင်အချို့သည် ထိုဒေသအနီး ကျောက်တောင်များကို စမ်းသပ်ကြည့်ရာ ထိုကျောက်တောင်တို့သည် တစ်ချိန်တစ်ခါက ယခုခေတ် မီဂါတန်တစ်ရာဗုံး ပေါက်ကွဲသည်ထက် သပေါင်းများစွာ ပြင်းထန်သော ပေါက်ကွဲမှုမျိုးဖြစ်ခဲ့သည့် လက္ခဏာတွေ့ရှိရသည်ဟု ထုတ်ဖော်ကြေညာခဲ့သည်။ လောကီရပ်ပညာကြောင့် ပေါက်ကွဲမှု ပြင်းထန်ပုံကို နှိုင်းစာကြည့်နိုင်၏။ အာပရန္တတိုင်းဟူသည် ား ယခု မင်းဘူး၊ ဝက၊ စေတုတ္တရာ၊ ငဖဲမှစ၍ သရက်၊ ပတောင်း များ အပါအဝင် ဖြစ်ပါသည်။ အာပရန္တတိုင်း၏ မြို့တော်ကား သက်သာပြည်တော်ဖြစ်၏။ ရာဇဝင်အရေးအသားတို့၌ ပန်းတောင်းသက်သာ ရေးလေ့ရှိ၏။ ယခု ပတောင်းမြို့ ဖြစ်ပါသည်။ (စာရေးသူ)

ထိုတိုင်း၌ လူအမြောက်အမြား သေကြေ ပျက်စီးခဲ့ရ၏။ င်းပြည်တည်၍ မရအောင် ဆုံးရှုံးခဲ့ရ၏။ သက္ကရာဇ် ဘုရင်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင် နတ်ရွာစံခဲ့ရင်း ကျန်ရှိသော လူများမှာလည်း အခြားတစ်ပါးသော အရပ်များသို့ ထိတ်လန့်၍ ထွက်ပြေးကုန်ကြရသတည်း။

များသောအားဖြင့် နောင်အခါ စက်တော်ရာဘုရားတည်ရှိမည် မန်းတောင်ဘက်သို့ ပြေးခဲ့ကြ၏။ ထို့ကြောင့် အသက်လေးရယ် ရှည်စေလို မန်းတောင်ရိပ်ခို ဆိုသည့် တဘောင်စကားမှာ ယခုတိုင် အောင် တည်ရှိနေခြင်း ဖြစ်သည်။

မောင်တော် အတိတျာမှာလည်း မကင်းရုပ်အလံကိုင်ဆော သော တပ်မကြီးကိုလည်းကောင်း၊ လူဦးခေါင်းနှင့် မြင်းကိုယ်ထည် ဖြစ်သော ခေမည်သော အလံကို ကိုင်ဆောင်သော ဟပ်မကြီး လည်းကောင်း၊ ကင်းမြီးကောက်ရုပ်အလံကို ကိုင်ဆောင်သော ဗြိစ္ဆာမည်သည့် တပ်မကြီးကိုလည်းကောင်း ဦးဆောင်၍ ဂဠုပ တိုင်း၏ မြို့ရိုးကို ဝန်းရံနိုင်ခဲ့သော်လည်း မိမိ၏ တိုင်းပြည်တစ်ခု နောက်ပိုင်းတွင် ပျက်စီးခြင်းမလှ ပျက်စီးဆုံးပါးခဲ့ရပြီ ဖြစ်ရာ နောက်ဆုံးတွင် ဂဠုပဏီတိုင်းကို အညံ့ခံလိုက်ရတော့၏။

ဂဠုပဏီတိုင်းဘုရင်သည် အတိ ျာ အပါအဝင် တာဝန်ရှိသေ စစ်မှူး၊ စစ်ကြပ်၊ စစ်ဗိုလ်တို့ကို စစ်သုံးပန်းအဖြစ် ဖမ်းဆီးလိုက် ကြွင်းသော စစ်တပ်၏ ယဉ်သားတို့ကိုမူ ကျေးကျွန်များအဖြစ် သ လိုက်၏။

အတိတျာမင်းသားသည် စစ်သုံးပန်းအဖြစ်နှင့် နေခဲ့ရာမှ



အခွင့်ကိုကြည့်၍ ထွက်ပြေးလွတ်မြောက်ရန် နှစ်ကြိမ်တိုင်တိုင် ကြံစည် ခဲ့သော်လည်း အချိန်နှောင်းဖြစ်ခဲ့ရ၏။ သို့သော်လည်း ဂဠုပဏီတိုင်း၏ ပညာရှိတစ်ဦး၏ ကူညီမှုကြောင့် တတိယအကြိမ်တွင် လွတ်မြောက် ခဲ့ရလေ၏။

အပရန္တနေပြည်တော်သို့ မြင်းကို နှင်းစိုင်း၍ ကိုးရက်နှင့်ကိုးည တိုင်တိုင် ကြမ်းတမ်းစွာသော ခရီးကိုဖြတ်၍ ပြန်ခဲ့၏။ နေပြည်တော် ကား မမှတ်မိနိုင်လောက်အောင် ပျက်စီးနေပြီကို ဝမ်းနည်းဖွယ် တွေ့ရ တော့၏။

နန်းတော်နေရာကိုလည်းကောင်း၊ မနုစာရီ၏ တပင်တိုင်ဆောင် နေရာကို လည်းကောင်း ကြိုးစား၍ အနိုင်နိုင် ရှာဖွေခဲ့ရ၏။ နောက်ဆုံး တွင် မနုစာရီ၏ တပင်တိုင်ဆောင်နေရာ၌ အနံ့အပြား မနုစာရီ၏ သေဆုံးပြီး ရုပ်အလောင်းကို ရှာဖွေခဲ့ရာ တစ်ခုသောနေရာ၌ အလွန် လှပသော မနုစာရီ၏ လက်ပြတ်ကလေးကို အတိတျာသည် ရင်နင့် ဖွယ်ရာ တွေ့ရတော့၏။

မနုစာရီ၏ လက်ကိုမူ အခြားသူများ၏ လက်နှင့် ခွဲခြား၍ အတိတျာသိ၏။ မနုစာရီလက်သည် အခြားမိန်းမတို့၏ လက်ထက်လှ ၏။ ထို့နောက် လက်ဝါးတွင်'ဂျေရာ' မည်သော တံဆိပ်ကလေးရေး ထိုးထားသည် မဟုတ်ပါလား။

အတိတျာသည် ကိုယ်ကိုအနိုင်နိုင် အားတင်း၍ ရပ်ယူရလေသော်



www.burmeseclassic.com

www.burmeseclassic.com



အောင် အားလျော့၍ နုန်းခွေနေပြီ ဖြစ်၏။ စစ်မထွက်မီညက မနုစ
သည် ဤလှပသော လက်ကလေးဖြင့် နောင်အနှစ်တစ်ရာရောက်လျှ
ပွင့်ပေါ်လာမည့် ဂေါတမဗုဒ္ဓဟူသော မြတ်ဗုဒ္ဓကြီးကို မိမိနှင့်အတူတ
ဖူးတွေ့၍ ထိုမြတ်ဗုဒ္ဓကြီးထံမှ 'အမတ' ဟူသော ဘုံဌာနသို့ ရောက်
ရောက်ကြောင်း နည်းများကို တောင်းခံကာ နှစ်ကိုယ်တူ အမတ
သို့ အရောက်ကူးမြောက်မည်ဆိုသည့် ကြီးမားလေးနက်သော
မှန်းချက်ကြီးကို ပြောပြခဲ့၏။

နားတွင် ယခုတိုင် ကြားယောင်လျက် ရှိသေးတော့ ၏။ သ
ဖြာသောလက်ဖြင့် ဂေါတမဗုဒ္ဓကို ဖူးတွေ့လိုသော မနုစ သည် ယ
မရှိတော့ပြီ။ သူ၏ ရုပ်အလောင်းကိုမျှ မတွေ့ရတော့။ သူ၏ လက်ဖြ
ကလေးတစ်ဖက်သာလျှင် မိမိကိုနှုတ်ဆက်သည့်အလား တွေ့ရတေ
၏။

မျက်ရည်မကျဘူးသော သူရဲကောင်းမင်းသား အတိတျာသ
မျက်ရည်များ တသွင်သွင်စီးကျလာ၏။ သူ၏ ဓားကိုကျစ်ကျ
အောင်ဆုပ်ထား၏။ အံကို ကြိတ်ထား၏။ မိမိ၏ အပရန္တတိုင်းပြည်
မည်သူ့ကြောင့် မည်သို့ ပျက်စီးသွားသည်ကိုလည်း မသိလိုက်ရ
ဒေသတွင် ထိုအချိန်၌ သက်ရှိသတ္တဝါဆို၍ အတိတျာတစ်ဦးတ
သာလျှင် ရှိ၏။

အတိတျာသည် နောက်ဆုံး၌ မနုစာရီ၏ လက်ပြတ်ကလေ





ကျာက်ချပ်ကြီးနှစ်ခုကြားတွင် လုံခြုံစွာထည့်လိုက်၏။ ထိုလက်ပြတ်
လေးကို အသက်ရှိသကဲ့သို့ နာကျင်သွားမည်စိုးသည့်အလား မိမိ
စစ်ချပ်ဝတ်ဟန်ဆာများဖြင့် သေချာစွာထုပ်ပိုး၍ ထည့် ိုက်ခြင်း
၏။

အတိတျာသည် မနုစာရီ၏ လက်ကလေးကို ထိုသို့ သိမ်းဆည်း
နောက် မိမိ၏ ဓားကို ဓားအိမ်မှ ဆွဲထုတ်ကာ မိမိကိုယ်ကို အဆုံး
င်မည်ဟု ကြံရွယ်၍ အထက်သို့ စုံမြှောက်လိုက်၏။

စူးရှ အရှိန်ကောင်းစွာ ရုတ်တရက်ပေါ်ထွက်လာသော သူရိန်
မင်း၏ အလင်းရောင်သည် အသွားထက်ထက် အဖျားစွန်းကလေး
တစ်စတစ်စွန်း ကျရောက်နေသောကြောင့် ဓားသွား၏ရောင်ပြန်
ည် အတိတျာ၏ မျက်စိနှစ်လုံးကို စူးရှသောရောင်ပြန်တို့ လာ
က် ရိုက်ခတ်နေ၏။

ငြိမ်သက်တိတ်ဆိတ်၍ တစ်ပြင်လုံးဖွယ်ဖြစ်နေသော အပရန္တ
ပြည်ကြီးတစ်ခုလုံး သက်ရှိအရာဝတ္ထုများ မရှိသော်ငြားလည်း
တုန်ပြင်းပြင်းနှင့် ရုတ်တရက်အားကောင်းလာသော လေပြင်း
ခတ်သံများ။

လျှပ်တန်ရှည်လိုက်သည့်အလား မြေပြင်တစ်ခုလုံး သွက်သွက်
မ်းသွားသည့် တုန်လှုပ်တိုက်ခတ်မှုများ။

သဗ္ဗိတာရားကို ဖမ်းယူ ထိန်းကွပ်၍ မရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချား ယိမ်းယိုင်သွားသည့် အတိတ်ဘာ၏ အသွင်အပြင်မှာ မတ်တတ်ပင် မရပ်နိုင်တော့ချေ။

သို့သော် အတိတ်ဘာသည် သတိကို မြဲမြဲစွာ ထိန်းသိမ်းတည့်မတ်လိုက်၏။ သူ၏ စိတ်ဆန္ဒအရ တိုက်ခတ်လှုပ်ရှားနေမှုများအတွက် သူ၏ နိုင်မာသော ဆုံးဖြတ်ချက်သည် အချည်းနှီးသက်သက် မိုက်ရူးရဲတို့၏ အတွေးအခေါ် စိတ်ထားမျိုး အဖြစ်မခံ။

မေတ္တာတရားကို သူယုံကြည်ကိုးစားသည်။ ထိုမေတ္တာတရားအတွက် သူ၏ ဆုံးဖြတ်ချက်ကို မပြင်။

သို့ပေမယ့် နိုင်မာသော ယုံကြည်ချက်အတွက် ဆုံးဖြတ်ချက်မှ ခင် လူသတ္တဝါဟူ၍ အသိသက်သေ မရှိသော်ငြားလည်း အစဉ်း ဖန်ဆင်းထားခဲ့ပြီဖြစ်သော ကောင်းကင်အနန္တ မြေအနန္တာကို သက်သေပြုရန် ရည်ရွယ်လိုက်၏။

ထို့ကြောင့်ပင် တိုးတိုးညင်သာ၍ ရင်ထဲမှ လှိုမ့်တက်လာသော အသံဖြင့် သစ္စာပြုလိုက်၏။

''မောင်အရှင်ရဲ့ သည်းပွတ်နှလုံးမှု ချစ်လှစွာသော မနုတ်မောင်အရှင်ဟာ နှမ မနုတ်ရီရဲ့ လှပပြီး ချစ်မြတ်နိုးဖွယ်ရာသော လက်ပြတ်ကလေးကိုသာ ဆွေးမြေ့ကြေကွဲစွာ တွေ့ရပါတယ် နှမရဲ့ ရုပ်ကလာပ်နှင့်အတူ ဒီလက်ကလေးကို ထားပေးနိုင်သော်လည်း မောင်အရှင်တာ နှမရဲ့ ရုပ်အလောင်းကို





ရှာမတွေ့တဲ့အတွက် အတူတကွ ထားမပေးနိုင်တာကို ခွင့်လွှတ်ပါ မနုတ်ရီ....။

အကာယ်၍များ သေလွန်ပြီးဘဝတစ်ဖန် ဖြစ်ရရိုးထုံးစံ ရှိလာခဲ့လျှင် မောင်အရှင်ဟာ နှမ မနုတ်ရီနဲ့ တွေ့လိုလှပါတယ်။ နှမပြောပြခဲ့တဲ့ ဇေတာမဟုဒ္ဒဆိုတဲ့ ဗြဟ္မာကြီးကိုလည်း နှမ မနုတ်ရီမပါဘဲလျက် မောင်အရှင်တစ်ယောက်တည်း မဖူးတွေ့ရပါစေနဲ့။ ချစ်သော မနုတ်ရီ ဤလောက၌ မရှိတော့ပြီဖြစ်တဲ့အတွက် မောင်အရှင်တို့ ဤလောက၌ အသက်ရှင်လျက် မနေလိုပါ''

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





## 'ကျွန်ုပ်' နှင့် 'မနုစာရီ'

ကျွန်ုပ်သည် ဆရာဦးသိမ်းမောင် မဖြေရှင်းပေးနိုင်သော စာထုပ်ကြီးကို အလွန်ထူးဆန်းသော ဝဲလ်ူဝင်းဆိုသည့် တာရုတ်ဘုန်းတော်ကြီး၏ အကူအညီဖြင့် မြန်မာဘာသာသို့ ပြန်ဆိုနိုင်ခဲ့ပြီးသော်လည်း ကျွန်ုပ်၏ ဦးနှောက်တွင်း၌ အဖြေမရသော ပြဿနာတစ်ခု ကျန်နေ၏။

ထိုပြဿနာကား မနုစာရီနှင့် ပတ်သက်၍ သိလိုလှခြင်းဟူသော ထူးဆန်းသည့် ဝေဒနာဖြစ်၏။ တစ်နေ့ထက် တစ်နေ့ ထိုဝေဒနာသည် အဆောက်အအုံကြီးထက် ကြီးလာတော့၏။

အပရန္တတိုင်းပြည် ပျက်သွားပြီးနောက် မနုစာရီသည် မန်းချောင်းအနီး တောအုပ်ကြီးအတွင်း၌ မောင်တော်အတိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် စောင့်မျှော်နေခဲ့ရာ နောက်ထပ် မည်သည့် အဖြစ်အပျက်များ ဖြစ်သေးသနည်း။

ပြတ်သွားသော သူ၏ လက်တစ်ဖက်ကကော ယခုတိုင်ရှိသေးသလော၊ ရှိသည်ဆိုလျှင် လက်ဖတင်နှင် နန်းဝေပြောသကဲ့သို့ ကျောက်ဆည်မြို့ ဝေဘူတောင်ပေါ်ရှိ ကျောက်သင္ဘာကြီးအတွင်းမှာပဲလား။

လက်ဖတင်နှင် နန်းဝေကရော မနုစာရီ၏ ဘဝဟောင်းက ချစ်သူ အတိတ္ထာမင်းသားဟုတ်သလော။

ထိုသို့ဆိုလျှင် တက္ကသိုလ်ကျောင်းသား မောင်ကျော်ခိုင်က မည်သူနည်း။ သူကလည်း မနုစာရီ၏ ချစ်သူပါဟု၍ ဆိုနေ၏။

မနုစာရီသည် ရန်ကုန်တက္ကသိုလ်မှာ ရုက္ခဗေဒ အဓိကဘာသာတွဲဖြင့် ကျောင်းလာ၍ တက်သွားသည်ဆိုသည်မှာကော ဖြစ်နိုင်ပါမည်လား။ ဖြစ်နိုင်သည်ဆိုလျှင် လက်ဖတင်နှင် နန်းဝေ တွေ့ခဲ့သည့် မဂိုမလေးဘိဘိနာက မည်သူနည်း။ စသည် စသည့် အဖြေပေါ်ပေါက်ရန် ခက်ခဲလှသော ရှုပ်ထွေးပွေလီသည့် မေးခွန်းများသည် ကျွန်ုပ်ဦးခေါင်းသို့ ခြောက်ပေါင်တူနှင့် အဆက်မပြတ် ထုနေသကဲ့သို့ ရှိတော့၏။

လူသတ္တဝါသည် သိချင်သော သိလိုသော အရာအတွက် ဒုက္ခအခံနိုင်ဆုံး သတ္တဝါဖြစ်၏။ အဘယ်ကြောင့်ဆိုလျှင် အခြားသော





သတ္တဝါများထက် ဦးနှောက်အဆင့်အတန်း မြင့်မားသောသတ္တဝါဖြစ်သည့်အလျောက် ထိုဦးနှောက်အတွက် ဒုက္ခခံစားရာ၌လည်း အခြားသတ္တဝါများထက်ပို၍ ခံစားရတတ်စမြဲ ဖြစ်၏။ ဤကား သဘာဝမိခင်ကြီး၏ တရားမျှတစွာပေးထားသော ဒုက္ခအရသာဖြစ်၏။ ငြင်းဆန်၍ ရနိုင်စကောင်းသည် မဟုတ်။ ထို့ကြောင့် ကျွန်ုပ်လည်း မနုစာရီနောက်ဆက်တွဲ အဖြစ်အပျက်ကို သိလိုလှ၏။

ကျွန်ုပ်သည် သဲလွန်စ ရလိုရငြားဟူ၍ သဘောထားကာ မောင်ကျော်ခိုင်နှင့် တွေ့ကြုံခဲ့ရသော စကုမြို့သို့လည်း သွားရောက်ခဲ့သေး၏။ စကုမြို့၏ ပတ်ဝန်းကျင်ကျေးရွာများသို့လည်း လှည့်လည်၍ မနုစာရီ၏ ဇာတ်လမ်းကို သိမသိ စုံစမ်းကြည့်မိသေး၏။ ထို့မှတစ်ဖန် လက်ဖတင်နှင် နန်းဝေပြောပြသော ကျောက်ဆည်မြို့မှ ကျောက်သေတ္တာကြီးဆီသို့လည်း သွားရောက်လေ့လာခဲ့၏။

ကျောက်ဆည်မြို့တွင် လက်ဖတင်နှင် နန်းဝေ စိတ်ရူးပေါက်၍ လက်ဖြတ်ပစ်လိုက်သော ကုလားမအိမ်သို့လည်း သွားရောက်ခဲ့သေး၏။

ထိုသို့ ငွေကုန်လူပန်းခံ၍ သွားခဲ့ရသော်လည်း မနုစာရီနှင့် ပတ်သက်သော သဲလွန်စ တစ်စုံတစ်ရာကိုမျှ ကျွန်ုပ်မရရှိခဲ့ပါ။ နောက်ဆုံး၌ မိတ်ဆွေတစ်ဦး၏ အကြံပေးချက်အရ စစ်ကိုင်းမြို့ရှိ စာရေးဆရာကြီး စစ်ကိုင်း ဦးဘိုးသင်းထံသို့ပင် သွားရောက်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားရသည့်အကြောင်းမှာ ၎င်းစာရေးဆရာကြီးသည် မနုစာရီအမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားဖူးသောကြောင့် ဖြစ်၏။ ကျွန်ုပ်သည် စစ်ကိုင်း ဦးခိုးသင်းအား ကျွန်ုပ်၏ အဖြစ်အပျက်များကို ပြောပြ၍ ကျွန်ုပ်သိလိုသော မနုစာရီအကြောင်းကို မေးမြန်းကြည့်ရာ အစတွင် ယင်းစာရေးဆရာကြီးသည် ကျွန်ုပ်အား အလွန်ထူးဆန်းသောသတ္တဝါအလား အံ့သြစွာကြည့်ပြီးလျှင် ၎င်း၏ မှတ်စု စာရွက်စာတမ်းများအား ထုတ်၍ပြလေ၏။

''ကျုပ်တော့ ခင်ဗျားပြောတဲ့ မနုစာရီအကြောင်းကို သိလည်းမသိဘူး၊ ပြီးတော့ ယုံ့နိုကလည်း တော်တော်ခက်တယ်။ ဒါပေမဲ့ လို့ ခင်ဗျား ကိုယ်တိုင်က တတ်အပ်သေချာ ပြောနေလေတော့ ဒီအဖြစ်အပျက်ဟာ တကယ်ပဲလို့ ယူဆရမှာပါပဲ။ ခက်တာက ကျုပ်ရေးတဲ့ မနုစာရီက ပေမူဟောင်းဘာစ်ခုထဲက ပုံပြင်တစ်ခုကို မှီငြမ်းပြုပြီးရေးတာ ဖြစ်လေတော့ ကျုပ် ကိုယ်တိုင် ဘာမှ မသိပါဘူး။ ခင်ဗျားစိတ်ဝင်စားရင်တော့ အဲဒီရှုပ်ပွေနေတဲ့ ကျုပ်ရဲ့ မှတ်စုတွေကို ပတ်ချင်ဖတ်ပါ၊ ကျုပ် ခွင့်ပေးပါတယ်''

ထိုစာရေးဆရာကြီးကလည်း ပညာရှိပီပီ ကျွန်ုပ်၏ ပြဿနာအား ကျွန်ုပ်ကိုယ်တိုင် ရှင်းလင်းရန်အတွက် ကျွန်ုပ်က သူ့အား သွား၍ပေးသော 'ရာဇဝင် အရုပ်တော်ပုံ' အား ကျွန်ုပ်၏ ပခုံးပေါ်သို့ ညင်ညင်သာသာလေးပြန်၍ တင်ပေးလိုက်လေ၏။





ကျွန်ုပ်လည်း ၎င်းစာရေးဆရာကြီး၏ မှတ်စုများ၊ ပေမူများ၊ ရေးလက်စ စာမူများကို ရ–ရက်တိုင်တိုင် ဖတ်ရှုရှာဖွေခဲ့သော်လည်း ကျွန်ုပ်လိုချင်နေသော မနုစာရီ၏ သဲလွန်စကို မရရှိခဲ့ပါချေ။

ထို့ကြောင့် စစ်ကိုင်းမှ ပြန်ခဲ့ပြီးလျှင် မနုစာရီ၏ အတ္ထုပ္ပတ္တိ၌ပါရှိသော တစ်ခါက အပရန္တတိုင်း သက်သာနေပြည်တော်ကြီးတည်ရှိခဲ့သော နေရာဟု ယူဆသည့် ပန်းတောင်းကားလမ်းတစ်လျှောက် ကျေးရွာများအား သွားရောက်၍ စုံစမ်းရပြန်၏။

(မှတ်ချက်။ ။ ရာဇဝင် စာအုပ်များတွင် ပန်းတောင်းအား ပန်းတောင်းသက်သာဟု ရေးသားဖော်ပြလေ့ ရှိပါသည်။)

၎င်းကျေးရွာမှ လူများကလည်း မနုစာရီကို မဆိုထားဘိ။ ယခင်က သူတို့ ယခုနေထိုင်လျက်ရှိသော နေရာတွင် အလွန်စည်ကားသော နေပြည်တော်ကြီးတစ်ခု ရှိကြောင်းကိုမှ မသိကြရုံမျှမက အချို့ဆိုလျှင် ကျွန်ုပ်ပြောပြသည်ကိုပင် မယုံကြည်ကြပေ။

ကျွန်ုပ်သည် ပန်းတောင်းကားလမ်းတစ်လျှောက်တွင် နှံ့စပ်အောင် လှည့်လာခဲ့ရာ ကားလမ်းဘေးတစ်နေရာတွင် ကျင်းကြီးချိုင့်ကြီးများ တည်ရှိသဖြင့် ကားလမ်းမှားပြတ်ကို မကြာခဏ အားပြတိုက်လေ့ရှိသော နေရာတစ်ခုသို့ ရောက်ရှိသွားလေ၏။ ကျွန်ုပ်လည်းထိုနေရာတစ်ဝိုက်အား သေချာစွာလှည့်လာကြည့်ရှုရာ ၎င်းကျင်းကြီးချိုင့်ကြီးများမှာ သဘာဝအလျောက် ပထဝီအနေအထား ပြောင်းလဲ၍



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်နေသော ကျင်းကြီး ချိုင့်ကြီးများ၏ သဏ္ဍာန်ထက် တစ်စုံတစ်ခု ပြင်းထန်စွာ ပေါက်ကွဲခြင်းကြောင့် ဖြစ်ပေါ်နေသည့် သဏ္ဍာန်ဘက်ဟ အလေးသာနေသဖြင့် ၎င်းနေရာအား သေချာစွာ ကြည့်ရှုလေတော့၏။

၎င်းကျင်းကြီးချိုင့်ကြီး ရှုမြောင်ကြီးများ ဖြစ်ပေါ်နေသောနေရာ အကျယ်အဝန်းမှာလည်း မြို့ကြီးတစ်မြို့စာလောက် ကျယ်ဝန်းလှသည် ဖြစ်ရာ မနုစာရီ၏ လက်တစ်ဖက်အား ဗိုကျင်ထိုးရာမှ ပေါက်ကွဲမှုကြီး ဖြစ်ပေါ်ခဲ့၍ ပျောက်ဆုံးပျက်စီးသွားရသော သက်သာမြို့ကြီးသည် ဤနေရာ၌ပင် ရှိခဲ့မည်ဟု အခိုင်အမာ ယုံကြည်မိလေတော့၏။

အချို့သော ကျောက်နံရံများမှာ လွန်စွာ ပူပြင်းသောအပူရှိန် တစ်ခုကြောင့် ပျော်ကျခဲ့သော ပုံသဏ္ဍာန်များကို အထင်းသား တွေ့ရှိခဲ့ရ၏။

လွန်စွာနက်သော ကျင်းတစ်ခုအတွင်း၌မူ လေးထောင့်သဏ္ဍာန် အလွန်ညီညာလှသော ကျောက်ခဲတစ်လုံးကို ရရှိခဲ့သည်ဖြစ်ရာ တစ်ခါက ဤနေရာ၌ နေထိုင်ခဲ့သော သက်သာမြို့သားတို့ လက်ရာသာဖြစ် ရပေမည်။ သဘာဝဖြစ်သော ကျောက်တုံးဖြစ်ပါမူ ဤမျှ တိတိကျကျ လေးထောင့်သဏ္ဍာန် မဖြစ်တန်ရာဟု ကျွန်ုပ်အနေနှင့် တွေးခေါ်မိလေ တော့၏။

ကျွန်ုပ်သည် ဓါးသေတ္တာ၊ ပေါင်မုန့်၊ မီးခြစ်၊ ဖယောင်းတိုင် စသော ပစ္စည်းများကို နှစ်ပတ်စာခန့် အလုံအလောက် စားသုံးနိုင်ရန်





ဝယ်ယူခဲ့ပြီးလျှင် မည်သူ့အားမျှ အဖော်မပြုဘဲလျက် ကျွန်ုပ်တစ်ကိုယ် တည်း စိတ်ရှိလက်ရှိ ထိုကျင်းကြီး ချိုင့်ကြီးများအတွင်း၌ ၁၅-ရက်ခန့် သက်သာနေပြည်တော်ကြီး၏ သဲလွန်စအား မနေမနား ရှာဖွေခဲ့လေ၏။

သို့ရာတွင် မနုစာရီ၏ သဲလွန်စကို မဆိုထားဘိ သက်သာနေ ပြည်တော်ကြီး၏ သဲလွန်စကိုပင် သဲသဲကွဲကွဲ မရရှိခဲ့ပါ။ ကျွန်ုပ်ထို အရပ်မှ ပြန်မည့်နေ့တွင် ဓားပြများက ကားတစ်စီးကို လုယက်တိုက် ခတ်လျက်ရှိသည်ကို ကျွန်ုပ်သည် ကုန်းမြင့်ကလေးပေါ်မှတွေ့မြင်နေ ရသဖြင့် ကျွန်ုပ်၌ပါ‌ေသာ သဘော်သုံးမှန်ပြောင်းဖြင့် ဖုံးကွယ်၍ ကြည့် ကာ ဓားပြများ၏ မျက်နှာများကို မှတ်သားခြင်း၊ ဓားပြများ၏ ပြန်သွားသော လမ်းများကို မှတ်သားခြင်းများ ပြုလုပ်၍ ပန်းတောင်း ရဲစခန်းသို့ သွားရောက်တိုင်တန်းကာ သတင်းပေးခဲ့သဖြင့် ဓားပြ များကို ထိုနေ့ညနေ၌ပင် အကုန်အစင် ဖမ်းမိနိုင်ခဲ့လေ၏။

နောက်နှစ်ရက်ခန့်အကြာတွင် ကားလမ်းဓားပြများအကြောင်း နှင့် ရဲအားအကူအညီပေးခဲ့သော ကျွန်ုပ်အကြောင်းကို သတင်းစာများ ၌ ဖတ်ရှုရလေ၏။

သတင်းစာထဲ၌ ကျွန်ုပ်နှင့် မော်တော်ကားဓားပြများအကြောင်း ပါရှိပြီး များမကြာမီရက်အတွင်း၌ပင် ကျွန်ုပ်၏ တပည့်လေးမောင်ဝိုင်း မောင်နှင့် ကျွန်ုပ်၏မိတ်ဆွေ ကိုစိန်ရတို့သည် ကျွန်ုပ်ထံသို့ ရောက်ရှိလာ ကြကာ ရန်ကုန်သို့ ပြန်ရန်အတွက် ကျွန်ုပ်အား ခေါ်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ထိုနှစ်ဦး၏ မရမက ခေါ်ငင်မှုကြောင့် ရန်ကုန်သို့ ပြန်ခဲ့ရသော်လည်း ကျွန်ုပ်၏ ဦးနှောက်အတွင်း၌မူ မနုစာရီ၏ အဖြစ်အပျက် နောက်ဆက်တွဲကိုသာလျှင် မည်သို့မည်ပုံ ရှာကြံရမည်ကို တွေးခေါ် စဉ်းစားလျက် ရှိတော့၏။

ကျွန်ုပ် အထက်က ဆိုခဲ့သည့်အတိုင်း လူတို့သည် မိမိသိလိုသော အကြောင်းအရာအတွက် ဒုက္ခအခံနိုင်ဆုံးသော သတ္တဝါတစ်မျိုး ဖြစ်သည့်အတိုင်း မရောက်ဘူးသော အရပ်ဒေသများ၊ တောင်များ၊ တောနက်ကြီးများ၊ ပင်လယ်ကြမ်းပြင်များသာမက အခြားဂြိုဟ်များသို့ တိုင်အောင် သွားရောက်ခဲ့ကြ၏။ မရောက်သေးသော နေရာများသို့လည်း ရောက်ရှိနိုင်အောင် ကြိုးစားလျက် ရှိကြ၏။ ဤသို့ စွန့်စား သွားလာနေကြခြင်းသည် မသိသေးသောအရာများအား သိလိုသော စိတ်ဓာတ် တစ်ခုတည်းက အားဘီးမောင်းတံသဖွယ် စေ့ဆော်ခဲ့ခြင်းကြောင့် ဖြစ်၏။

အချို့သော သိလိုမှုများမှာ လူအားလုံးနှင့် ဆိုင်၏။ အချို့သော သိလိုမှုမှာမူ လူတစ်ဦးတစ်ယောက်တည်းနှင့်သာ သက်ဆိုင်၏။ တစ်ဦးတစ်ယောက်တည်းနှင့်သာ သက်ဆိုင်သော သိလိုမှုအား အများကို အကူအညီတောင်း၍ ရနိုင်မည် မဟုတ်ပေ။ သိလိုသူ၏ ဇွဲ၊ လုံ့လနှင့်သာလျှင် ကြိုးပမ်းရလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း မနုစာရီ၏ အဖြစ်အပျက် နောက်ဆက်





တွဲကို ပြည့်ပြည့်စုံစုံ သိရှိရန်အတွက် ကျွန်ုပ်ကိုယ်တိုင်သာလျှင်ကြိုးပမ်း ရမည်ဟု သဘောရသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ကိုစိန်ရနှင့် ကျွန်ုပ်၏တပည့်လေး မောင်ဝိုင်းမောင်တို့နှင့်အတူ ပြန်၍လိုက်ခဲ့သော် လည်း မနုစာရီနှင့် ပတ်သက်၍ကား မျက်ခြည်ပြတ်ခြင်း မရှိခဲ့ပါ။

အချိန်ရှိသရွေ့ မနုစာရီအကြောင်းကို စဉ်းစားနေ၏။ အခြားမည် သည့်ကိစ္စကိုမျှ စိတ်မဝင်စားတော့ချေ။ ထိုစိတ်သည် နောက်ဆုံး၌ ကျွန်ုပ်ကို လုံးဝ အနိုင်ယူသွားသည်ဟု ဆိုရပေမည်။ မနုစာရီ အကြောင်းသော သိရမည်ဆိုလျှင် ကျွန်ုပ်၏ စည်းစိမ်ဥစ္စာသာမက အသက် ကိုပင် စွန့်ရစေတော့ ကျွန်ုပ်သိချင်လှပေ၏။

ထိုအခြေအနေသို့ ရောက်သွားသည်နှင့်အမျှ ကျွန်ုပ်ကိုလည်း ပေါင်းအသင်း မိတ်ဆွေသင်္ဂဟများကသာမကတုတ်၊ ကျွန်ုပ်ကို အလွန် လေးစားလှသော တပည့်မောင်ဝိုင်းမောင်ကပင်လျှင် ရူးသွပ်သွားပြီ ဟု မှတ်ထင်လေတော့၏။

ကျွန်ုပ်သည် လက်ဖတင်နင် နန်းဝေကို လည်းကောင်း၊ တက္ကသိုလ်ကျောင်းသား မောင်ကျော်ခိုင်ကိုလည်းကောင်း တွေ့လို ပေသည်။ သို့သော် ကျွန်ုပ်၏ဆုတောင်းများကား မပြည့်ခဲ့ချေ။ ကျွန်ုပ်သည်ဆိုင်အလုပ်ကိုလည်း စိတ်မဝင်စားတော့သည့်အလျောက် မောင်ဝိုင်းမောင်နှင့်ပင် ဆိုင်ကို အပြီးအပိုင်လွှဲအပ်ကာ စိတ်သက်သာ ရာ ရမည်ထင်သော နေရာများသို့ သွားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အဖို့ ကံကောင်းသည်လား၊ ကံဆိုးသည်လား မပြော
ပေ။ တစ်နေ့သ၌ အစ်မဝမ်းကွဲတစ်ဦးသည် အင်းစိန်သို့ မလိုက်မ
ရ လိုက်ရမည်ဟု ကားနှင့်လာခေါ်၏။ ကျွန်ုပ်၏အစ်မဝမ်းကွဲမှာ အ
စိန်၌နေထိုင်ပြီး သူ၏ယောက်ျားမှာ ရဲအရာရှိတစ်ဦးဖြစ်၏။

ကျွန်ုပ်သည် ငြင်းမရသည့်အဆုံး၌ လိုက်သွားခဲ့ရာ အင်းစိ
ကျွန်ုပ်အစ်မဝမ်းကွဲမ ငင်စိန်တို့ အိမ်ပေါ်တက်လိုက်သည်နှင့် အ
အနေကို ရိပ်မိလေတော့၏။ သူတို့သည် ကျွန်ုပ်ကို ပယောဂကပ်
ရှုးသွပ်နေသည်ဟု ယူဆသည့်အလျောက် ပယောဂဆရာတစ်ဦး
ကုသရန် ပြင်ဆင်ထားခြင်းဖြစ်၏။

ငှက်ပျောပွဲ၊ အုန်းပွဲများ ပြင်ထား၏။ ဖယောင်းတိုင်များ ထွ
ထား၏။ အပြင်မှ မမြင်နိုင်ရန် အိမ်တံခါးများပိတ်ထားပြီး ံခါးရွက်
လေးတစ်ရွက်သာ လှပ်ထား၏။ ဆရာဟုထင်ရသူသည် ခေါင်း
ဘက်၌ ကွမ်းဝါးရင်း ကျွန်ုပ်ကို လူမိုက်ဂိုက်နှင့် လှမ်း၍ကြည့်လိုက်

ကျွန်ုပ်၏ ယောက်ဖ ရဲအရာရှိကမူ ကျွန်ုပ်ကိုပြုံး၍ နှုတ်ဆက်
ဆီးကြိုခေါ်ငင်၏။ သူ့အနီးတွင် ပုမပဲရွယ်ရွယ်လေးဦးလည်း
လူရွယ်များမှာ ကျွန်ုပ်နှင့် ကျွန်ုပ်ယောက်ဖ၏ အခြေအနေကို အ
ခတ်နေပုံ ရ၏။

ကျွန်ုပ်အစ်မကြီး မခင်စိန်ကမူ ကျယ်လောင် ကျယ်လော
ပြောရင်း ကျွန်ုပ် အနောက်မှ တက်လာ၏။

"ဆရာရယ် ဆရာ့ရဲ့ အစွမ်းပါပဲ ကျွန်မလည်း ဟိုရောက်၊ သူက
အပြင်ထွက်မလို့ သိသိလေးရယ်"

"ဒေါ်ခင်စိန်ရယ်၊ ဘယ်ထွက်လို့ရမလဲဗျာ၊ ကျုပ် ဒီကနေရွှေတိဂုံ
ဘိုးဘိုးကြီးရော၊ ရှာတော်ရှင်ကိုရော သူ့ကို ဘယ်မှမသွားနိုင်
အောင် ခြေချုပ်ချထားဖို့ ခင်ဗျားလည်း ထွက်သွားကတည်းက
လှမ်းပြီး အပ်လိုက်တာပဲ"

"ဟုတ်မယ်ဆရာ...ဟုတ်မယ်ဆရာ၊ နို့မို့ရင် မလွယ်ပါဘူး"

"ဒီလိုပါဆရာ ကျွန်မပြောတဲ့အတိုင်းပါပဲ၊ မနုစာရီဉစ္စာစောင့်မ
နဲ့ ဘယ်မှာတွေ့ခဲ့ကြသလဲ မဆိုနိုင်ပါဘူး၊ တွေ့ပြီးကတည်းက
တစ်ခါတည်း စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ပါပဲ၊ သူ့
တပည့် မောင်ဝိုင်းမေ ်လာပြောကတည်းက ဆရာ့အပ်ဖို့ပါပဲ"

"ဟုတ်တယ် ကျုပ်လည်း ပုပ္ပါးကို အထက်အမိန့်နဲ့ သွားနေရ
တာနဲ့ ဦးလှမောင်၊ ဒေါ်ခင်စိန်တို့ဆီကို မရောက်ဖြစ်တာဘဲ"

သေချာပေပြီ၊ ကျွန်ုပ်၏တပည့် ဂျပုဝိုင်းမောင်က ကိုလှမောင်နဲ့
ခင်စိန်တို့ထံလာ၍ ကျွန်ုပ်၌ ပယောဂကပ်နေပြီဟု လာ၍ ဖောက်
ည်ချခဲ့ပေမည်။ ဆရာဆိုသူမှာ ညွင်းဆိုးဆိုးညစ်ထပ်ထပ်နှင့် ကြည့်
သည်ပင် လေးစားစရာ ဥပဓိရုပ်က မရှိ၊ ပြောသည့်စကားများမှာ
ည်း လူနှင့် မလိုက်အောင် ကြီးကျယ်လှ၏။ သူသည် ကြွားလည်း
လွန်ကြွားပုံရ၏။ သူ့ကို အထင်လည်း အလွန်ကြီးစေချင်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကျင့်ကြံ အားထုတ်ပုံကိုလည်း မကြာခဏ ထုတ်ဖော်၍ ၏။ သူ့စကားထဲတွင် အသေးအဖွဲဆို၍ တစ်ခုမျှ မပါချေ။ သူ့စကား အဌာဝက နတ်ဘီလူးကြီးကို အသေးဆုံးအဖြစ်ထား၍ ပြောဆိုနေ သူကုသခဲ့သော ပယောဂများသည် အသေးအဖွဲဆို၍ တစ်ခုမျှ ချေ။ သို့ရာတွင် လူစွမ်းကောင်း ရုပ်ရှင်များကဲ့သို့ နောက်ဆုံးဇာ လိုက်သည်ပင် အနိုင်ရသည့်အလား၊ အလွန်ကြမ်းသော ပယော များသည် နောက်ဆုံး၌ သူ၏ခြေကို ဦးခိုက်၍ အရှုံးပေးရကြော ကိုသာ နားငြီးဖွယ်ရာ လျှောက်၍ပြောနေ၏။

ပြီးတော့ သူ၏ ဆေးကြိမ်လုံးကိုလည်း အလွန်ညွှန်း၍ပြော ထိုကြိမ်လုံးကို သူကိုယ်တိုင်ပင် လုပ်သည်မဟုတ်၊ ပုပ္ပါးတောင် အဓိဋ္ဌာန်ဝင်စဉ်က တောင်စောင့်ဘီလူးကြီးက လက်ဆောင် သယောင် ပြောဆိုနေ၏။

မည်သို့ဖြစ်စေ ကျွန်ုပ်သည် ထိုဆရာကို အထင်မကြီး လည်း သူ၏ကြိမ်လုံးကို အထင်ကြီးမိ၏။ အကယ်၍ ကျွန် ပယောဂ ရှိသည်ဆိုကာ သူ၏ ဆေးကြိမ်လုံးဖြင့် ရိုက်ခဲ့လျှင် သတ် လိမ့်မည် မဟုတ်ချေ။

"ကဲ... ကဲ ဘုရားကို ဦးတိုက်ပြီးရင် ဆရာ့ကို ဦးတို တော့"

ကျွန်ုပ်ဘုရားကို ဦးတိုက်ရန်အတွက် ဤဆရာစုတ်က



မလိုချေ။ သို့ရာ၌ ထိုဆရာကို ဦးတိုက်ရန်မှာမူ လုံးဝမဖြစ်နိုင်ပါ။ နုပ်ကိုယ်တိုင်ကလည်း သူပြောသည့်အတိုင်း လိုက်နာခြင်း မပြုဘဲ ခဲ့၏။

"ဦးတိုက်လေ"

"ခင်ဗျားတို့ ဘာတွေ လုပ်နေကြတာလဲ၊ ကျုပ် ခင်ဗျားကို အရိုအသေ မပေးနိုင်ဘူး"

"ဟဲ...ဟဲ......ဟဲ" ဆရာ ခပ်စုတ်စုတ်သည် ဟန်ပါပါရယ်၏။ လျှင် ကွမ်းတံတွေးကို 'ထွီ'ဟု ဟန်ပါပါ ထွေး၏။

"ဒို့ကို အာခံတဲ့ ဥစ္စာစောင့်မတော့ကွာ၊ ကဲ ချုပ်လိုက်ကြစမ်း"

ကျွန်ုပ်သည် ဆရာစုတ်၏ အမိန့်သံကို ကြားပြီးနောက် ရုန်း၍ တော့ချေ။ အမှတ်တမဲ့ဖြစ်၍ ကျွန်ုပ်ခံသွားရပေပြီ၊ ကျွန်ုပ်၏ တက်ဖ ကိုလှမောင်နှင့် သူ၏တပည့် ရဲသားလူရွယ်ကလေးများက နုပ်ကို ဝိုင်း၍ ဖမ်းချုပ်လိုက်ကြပြီး ဖြစ်၏။ ကြိုးနှင့်သာမက လက် များပင် ခတ်လိုက်ကြပေပြီ။

ကျွန်ုပ် များစွာတုန်လှုပ်သွားပေပြီ၊ ဆရာသည် ကြိမ်လုံးကို ဝှေ့၍ တတ်ရပ်လိုက်၏။

"မနုစာရီ ဥစ္စာစောင့်မ အခု ရောက်စေ... ရှမ်း"

ပါးစပ်မှလည်း အမိန့်ပေးရင်း ကြိမ်လုံးဖြင့် ကျွန်ုပ်ကို တအား



www.burmeseclassic.com

www.burmeseclassic.com



လွဲ၍ ရိုက်လိုက်တော့၏။ နာလွန်းလှသော်လည်း ယောကျ်ားတို့ ဘုရ[illegible]

ပျက်မည်စိုး၍ မအော်ဘဲ ကြိတ်၍သာ ခံနေရ၏။

"ရှမ်း....ရှမ်း.....ရှမ်း အခုရောက်စမ်း"

မနုစာရီကား မရောက်၊ ကျွန်ုပ်သည်သာ နာကျင်လွန်းသဖြင့် မရိုက်ရန် တောင်းပန်ရတော့၏။

"အောင်မာ ငါလို ဆရာကို ဒီလို ပရိယာယ်ဆင်လို့တယ်ရမလဲ"

"ရှမ်း..ရှမ်း.......ရှမ်း"

ကျွန်ုပ်သည် နာလွန်း၍ အသက်အောင့်ထားရာ ချွေးများတ[illegible] ကိုယ်လုံးစီးကျနေ၏။ ချွေးတို့သာ မဟုတ်၊ သွေးများပင် ထွက်ပေပြ[illegible]

ဆရာဆိုသူကမူ ရိုက်မြဲဆက်၍ ရိုက်နေ၏၊ ကြိမ်လုံးနှင့်ရိုက်နေ[illegible] ရာမှ ခြေထောက်ဖြင့်လည်း တစ်ချက်တစ်ချက် ဆောင့်၍ကန်လိုက် သေး၏။

"ဟေ့ သူငယ် ဆရာ့ကို ယပ်ခပ်ပေးစမ်း"

ဆရာဆိုသူသည် အနီးရှိ သူငယ်တစ်ဦးအား ခပ်မာမာနှင့် ယ[illegible] ခပ်ခိုင်းပြီးနောက် အမောဖြေလျက်ရှိ၏။ ရိုက်သူပင် ချွေးတစ်လုံးလုံး[illegible] မောဟိုက်၍ နေပြီဆိုလျှင် ခံရသူကျွန်ုပ်အဖို့မှာ မည်ကဲ့သို့ ရှိမည်[illegible] နည်း။

ဆရာဆိုသူသည် အမောဖြေပြီးနောက် ထပ်၍ရိုက်ပြန်လေ[illegible]

"ရှမ်း...ရှမ်း.....ရှမ်း" ဆိုသော ကြိမ်သံများသည် ကြောက်ခ[illegible]

[illegible]လို ကျွန်ုပ်နား၌ ကြားနေရ၏။ ကျွန်ုပ်သည် နာကျင်လွန်းသဖြင့် [illegible]သက်ကို အောင့်ထားရာ ကျွန်ုပ်၏ အသားများသည် တဆတ်ဆတ် [illegible]န်လျက် ရှိကြတော့၏။

[illegible]ဤသို့ အသားများတုန်နေသည်ကို ကြည့်ကာ ကျွန်ုပ်အစ်မ[illegible]သည် အတွေးအခေါ်ခေါင်၍ ဆရာ့အား....

"ပယောဂရောက်လာချင်ပြီ ဆရာ၊ အသားတွေ တုန်လာပြီ" ဟု ပြောပိုက်သေး၏။

"ဟုတ်တာပေါ့ မခင်စိန်၊ မရောက်လို့ ဘယ်ဖြစ်မလဲ ရောက်ရ မှာပေါ့ဗျာ၊ ခင်ဗျားတောင် ဆရာနဲ့ အတွေ့များလို့ ပညာခွင်တွေ တက်နေမှကိုး။ ဒါကြောင့် ပဏ္ဍိတာနုဥ္ သေဝနာ ပညာရှိနဲ့ ဆည်းကပ်ရမယ်လို့ ဘုရားက ဟောခဲ့တာပေါ့ဗျာ"

'ရှမ်း' ဆရာဆိုသူသည် ပြောပြောဆိုဆိုနှင့် ရိုက်လိုက်ပြန်၏။ [illegible]နုပ်လည်း အံကိုကြိတ်၍ ခံနေရ၏။ ဆရာဆိုသူကလည်း အဆက် [illegible]တ် ရိုက်လေတော့၏။ ရိုက်လွန်းမက ရိုက်နေသောအခါ၌ ကျွန်ုပ် [illegible]မျက်စိများသည် မှုံဝါး၍ဆရာဆိုသူကိုလည်းကောင်း၊ အခြားအရာ [illegible]ကိုလည်းကောင်း သဲသဲကွဲကွဲ မမြင်ရရုံမျှမက လွန်စွာကြောက် [illegible]ဖွယ်ရာ ကောင်းလှသည့် ကြိမ်လုံးသံကြီးသည်လည်း ကျွန်ုပ၏ [illegible]အတွင်း၌ သဲသဲကွဲကွဲမကြားရတော့ဘဲ လုံးဝ ပျောက်ကွယ်သွား [illegible]တော့၏။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ရိုက်နှက်နေသော ဒဏ်ကို မခံနိုင်သဖြင့် မေ့မြော သွားခြင်း ဖြစ်၏။

ကျွန်ုပ်သည် မည်မျှကြာကြာ မေ့မြောသွားသည်ကို မသိရပေ။ ကျွန်ုပ်သတိရလာ၍ ကြည့်လိုက်သောအခါ၌ ကျွန်ုပ်အားဝိုင်း၍ ယပ်ခပ်ပေးနေသောသူများနှင့် ဟန်ပါပါနှင့် ကော်ဖီသောက်လျက်ရှိသော ဆရာဆိုသူကို တွေ့ရလေ၏။ ကျွန်ုပ်အားခတ်၍ ထားသောလက်ထိပ်များကိုလည်း ဖြုတ်ထားပြီးဖြစ်သည်ကို တွေ့ရလေ၏။ ကျွန်ုပ်အစ်မကြီးသည် ကျွန်ုပ်သတိရလျှင်ရချင်း....

"ဟော..သတိရလာပြီရော့ရော့ ကော်ဖီလေးသောက်လိုက်ဦး"

ဟုဆိုကာ ကော်ဖီခွက်လာ၍ ချပေး၏။ ဆရာဆိုသူသည် ခေါင်းရင်းဘက်တွင် ခပ်တည်တည်နှင့် ကော်ဖီသောက်ရင်း...

"ပယောဂကုတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ အခုကြည့်လား၊ ဆရာခေါ်တာကို ဥစ္စာစောင့်မက လာမလိုလိုနဲ့ မလာဘဲ ကပ်နေတယ်။ ဒါပေမဲ့ မရပါဘူး။ နောက်တစ်ခါထပ်ပြီး ခေါ်ရဦးမယ်၊ ဆရာတို့က အကြမ်းမပက်ချင်လို့ ဒါလောက် ကြာနေတာပါ"

ကျွန်ုပ်သည် ထိုဆရာဆိုသူ၏ စကားကိုကြားရလျှင် လွန်စွာ အမျက်ထွက်မိတော့၏။ ဤမျှ စိတ်ရှိလက်ရှိ တအားရိုက်ပြီးသည့်တိုင် အောင် ဆရာတို့က အကြမ်းမပက်ချင်ပါဘူးဟူ၍ ပြောရက်သော သူ၏





သိက္ခာရှိမှုကို အမျက်ထွက်မိခြင်း ဖြစ်၏။

ဆရာဆိုသူသည် ကော်ဖီသောက်ပြီးနောက် ငါးသုံးလုံးစီး ကရက်အား နှုတ်ခမ်းဖျားကလေးနှင့် တေ့ကာခဲလျက်...

"အခု ကျုပ်ကြိမ်လုံးနဲ့ တအားလွှဲရိုက်တာ အရိုက်ခံရတဲ့ ကာယကံရှင် နာတယ်များ မှတ်သလား၊ ဘယ်နာပါ့မလဲ ဟိုက ဥစ္စာစောင့်မှာ သွားပြီးနာတယ်။ ကာယကံရှင်ကတော့ ဘာဖြစ်တယ်တောင် သိလိုက်မှာ မဟုတ်ဘူး"

ကျွန်ုပ်သည် မခံမရပ်နိုင်အောင် ဖြစ်သွားတော့၏။ နာကျင်လွန်း၍ မေ့လဲသွားသည်ကိုပင် ကာယကံရှင်နာလိမ့်မည်မဟုတ်ဟု ပြောင်ပြောင်ကြီး ဖြီးလိုက်သော ထိုဆရာဆိုသူ၏ စကားမှာ ကျွန်ုပ်၏ အသည်းနှလုံးပေါ်သို့ ဓားဖြင့် ရက်ရက်စက်စက် ဆွလိုက်သကဲ့သို့ အခံရခက်သွားတော့၏။ ထို့ကြောင့် ဤမျှ ရက်စက်၍ ဤမျှ လိမ်ညာ ဖြီး ဖြီးဖြန်းတတ်သူအား ဆုံးမရန် အချိန်တန်ပြီဟု ယူဆသည့် အလျောက် ကျွန်ုပ်သည် ဆရာဆိုသူ၏ ဂုတ်အား 'ဆတ်'ခနဲလှမ်း၍ ဆွဲလိုက်ပြီးလျှင် ကျစ်ကျစ်ပါ ဆုပ်ထားမိပြီသော ညာဘက် လက်သီးနှင့် မေးစေ့အောက်မှ ကော်၍ ထိုးချလိုက်ရာ 'ခွပ်'ခနဲ အသံမြည်သံနှင့်အတူ မထိန်းနိုင်တော့ဘဲ ထိုဆရာသည် ကြမ်းပြင် ပေါ်သို့ ဆန့်ဆန့်ကြီး လဲကျသွားလေတော့၏။

ကျွန်ုပ်၏အစ်မနှင့် ကျွန်ုပ်၏ယောက်ဖတို့သည်လည်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား ဝိုင်းဝန်းချုပ်နှောင်ပေးကြသော ရဲသားကလေးများသည်လည်းကောင်း ဟန့်တားခြင်း၊ ဆွဲထားခြင်း ပြုရန်အတွက် အချိန်မရကြတော့ပေ၊ ကျွန်ုပ်၏အစ်မကမူ...

"ဘယ်လိုလုပ်လိုက်တာလဲ ဖိုးမောင်ရယ်၊"ဟု ကျွန်ုပ်အား ယူကျုံးမရဖြစ်သည့် လေသံနှင့် ပြောသောကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ အင်္ကျီအား ရင်ဘတ်မှ ဆောင့်ဆွဲ၍ ဖြုတ်ချလိုက်ပြီးလျှင် သွေးများစို့၍နေသော ကျွန်ုပ်၏ကိုယ်ပေါ်မှ ဒဏ်ရာများ၊ အရှိုးရာများကို ပြကာ...

"ခင်ဗျားတို့ဆရာ နှိပ်စက်ထားတဲ့ ဒဏ်ရာတွေမြင်ပြီမဟုတ်လား၊ ဒါတောင် သူက ကာယကံရှင်ဟာ နာမှာ မဟုတ်ဘူးလို့ ပြောသေးတယ်၊ ကျုပ်မှာ ဘယ်က ဥစ္စာစောင့်မှလည်း မရှိဘူး၊ ဘာပယောဂမှလည်း မရှိဘူး၊ ခင်ဗျားတို့ဆရာဟာ လူလိမ်၊ နားလည်ပြီလား၊ ခင်ဗျားတို့ ဆရာသတိရလာရင် ပြောလိုက်၊ နောက်တစ်ခါ ဒီလိုလူတွေကို နှိပ်စက်နေတာတွေ့ရင် အသေသတ်ပစ်မယ်လို့ ဒီတစ်ခါတော့ ဒီလောက်နဲ့ပဲ ချမ်းသာပေးလိုက်မယ်။ ခင်ဗျားတို့လို အသိဉာဏ်မရှိတဲ့ လူတွေ၊ ဒီဆရာမျိုးလို ဖြီးဖြန်းတဲ့ ဆရာတွေကြောင့် ဟစ်စတီးရီးယားလို့ခေါ်တဲ့ ကယောင်ကတန်းဖြစ်တဲ့ ရောဂါသည်တွေ အသက်ဆုံးရှုံးတာ မနည်းတော့ဘူး"

ကျွန်ုပ်သည် အထက်ပါအတိုင်း ပြောကြားပြီးနောက် ထိုအိမ်ပေါ်





မှ ဆင်း၍ပြန်ခဲ့လေတော့သတည်း။

ကျွန်ုပ်ကြားသိရသည်မှာ ကျွန်ုပ်လက်သီးဖြင့် ထိုးခဲ့သောဆရာဆိုသူသည် နောက်တစ်နေ့အထိ စကားမေးမရဟု ဆို၏။ နောင်တွင် ကျွန်ုပ်စုံစမ်း၍ သိရပြန်သည်မှာ ၎င်းဆရာဆိုသူသည် နာမည်ကြီး အထက်ဂိုဏ်းတစ်ခုမှ ဂိုဏ်းချုပ်ဆရာကြီး ဖြစ်သည်ဆို၏။

ကျွန်ုပ်သည် အိမ်သို့ ပြန်ရောက်ပြီးနောက် ကျွန်ုပ်၏တစ်ကိုယ်လုံးမှ အရှိုးများ၊ သွေးစေးများအား ကျွန်ုပ်၏တပည့်လေး မောင်ဝိုင်းမောင်ကို ရေနွေးနှင့်ဆေးကြောခိုင်းကာ ဆေးများထည့်ရ၏။ ကျွန်ုပ်သည် အနာများဆေးထည့်နေစဉ်၌ စဉ်းစားမိသည်မှာ မိုးကြိုးအိုးကလေး မရမီကလည်းရအောင် အမျိုးမျိုးဒုက္ခဆင်းရဲခံရ၏။ ထွေကုန်ကြေးကြခံရ၏။ ရပြန်တော့လည်း မိုးကြိုးအိုးတွင်ပါသော စာအတွက်ဒုက္ခခံရပြန်၏။ ၎င်းစာကို သိပြန်တော့လည်း ထိုစာနှင့်ဆက်နွယ်၍ ဖြစ်ပေါ်လာသော စာထုပ်ကြီးအတွက် ဒုက္ခခံရပြန်၏။ ၎င်းစာများအား 'ဝဲလူဝင်း'ဆိုသော တရုတ်ဘုန်းတော်ကြီးက ဘာသာပြန်၍ ပေးပြန်တော့လည်း မနုစာရီအတ္ထုပ္ပတ္တိ နောက်ဆက်တွဲများကို သိလို၍ ပန်းတောင်းသို့ လည်းကောင်း၊ စကုမြို့သို့လည်းကောင်း သွားရောက်၍ သဲလွန်စရှာခဲ့ရပြန်၏။

ယခုဆိုလျှင် ပယောဂဆရာဆိုသူ၏ နှိပ်စက်ညှဉ်းပမ်းမှုကိုပင် မရှုမလှ ခံခဲ့ရပြန်၏။ ထို့ကြောင့် မနုစာရီကိစ္စနှင့် ပတ်သက်၍ ဆက်



www.burmeseclassic.com

www.burmeseclassic.com



သက်၍ စုံစမ်းခြင်း၊ လေ့လာခြင်း မပြုတော့လျှင် ခုက္ခများငြိမ်းသွားပေ ‌လိမ့်မည်ဟု စဉ်းစားမိခြင်း ဖြစ်၏။

ထို့ကြောင့် ညနေ ၆–နာရီခန့်တွင် အဝတ်အစားများလဲ၍ ‌ရွှေတိဂုံဘုရားသို့ သွားရောက်ခဲ့လေ၏။ ကျွန်ုပ်၏အကြံမှာ မနုစာရီ ‌အကြောင်း အတ္ထုပ္ပတ္တိအား နောက်နောင်၌ လုံးဝ မစပ်စုမိရန်အတွက် ‌ရွှေတိဂုံဘုရား၌ အဓိဋ္ဌာန်ပြုလိုက်ရန် ဖြစ်၏။

ကျွန်ုပ်သည် ရွှေတိဂုံဘုရားအား မြို့ဘက်မုခ်ဝမှနေ၍ တက်ကာ ‌န်းသည်များထံမှ သပြေပန်းနှင့် သစ္စာပန်းများကို ဝယ်ယူ၍ ‌ာနက်နွေတောင့်ဘက်သို့ သွားခဲ့လေ၏။

ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်တွင် အေးအေးချမ်းချမ်းဘုရား ‌တ်ပြုနေသူများ၊ လမ်းလျှောက်နေကြသူများ၊ ပုတီးစိပ်နေကြသူ ‌ျားနှင့် အပြာရင့်ရောင် မိုးကောင်းကင်အားနောက်ခံပြုလျက် ရွှေရောင် ‌င်းလျက်ရှိသော ရွှေတိဂုံစေတီကြီးမှာ လွန်စွာ ပဏာရလှ၏။ အချို့ ‌သာ ဓာတ်မီးများမှာလည်း လင်းနေပြီဖြစ်ရာ ပို၍ပင် သပ္ပာယ်လှ ‌တော့၏။

နေကလည်း လုံးဝပျောက်ကွယ်ခြင်းသို့ မရောက်သေးသည်ဖြစ် ‌ာ နေ့၏ နောက်ဆုံးနှင့် ည၏ အစဦးကာလဟု ဆိုအပ်သော ညနေ ‌ည်းဆာကာလသည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြင်ရသူ ‌ဒ္ဓဘာသာဝင် သူတော်စင်အပေါင်းအား အခြားသော အချိန်အခါများ





ထက် သဒ္ဓါကြည်ရွှင် စိတ်အား ညွှတ်နူးစေလေသည်ဟု ကျွန်ုပ် ထင် မှတ်မိ၏။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် မေ့စကြာတရား တော်မြတ်အား ထိုကဲ့သို့သော ညနေဆည်းဆာအချိန်၌ ဖူးဦးသော ပဥ္စဝဂ္ဂီများအား ဟောကြားခဲ့ခြင်းများလည်း အချိန်ကာလ၏ လှို့ဝှက် သော စွမ်းရည်အားအပြည့်အဝ အသုံးချလိုက်ခြင်းဖြစ်လေမလားဟုပင် စဉ်းစားမိပြန်၏။

ကျွန်ုပ်[illegible]ည် တနင်္ဂနွေထောင့်၌ရှိသော ခေါင်းလောင်းကြီးအနီး၌ ခေတ္တအမောအပန်းဖြေပြီး စေတီတော်ကြီးအား ကြည့်၍ ကြည်ညို ကာနေပြီးလျှင် ၎င်းခေါင်းလောင်းကြီးဘေးရှိ လမ်းကလေးပေါ်သို့ သွားရောက်ကာ ဘုရားကို အာရုံပြုလျက် မိမိအဓိဋ္ဌာန်ပြုမည့် အကြောင်းအရာများအား ရွတ်ဆို၍ [illegible]ေ[illegible]ာင်းစေရန်အတွက် စိတ်ထဲမှ [illegible]ေ[illegible]၍ တစ်ခေါက်ရွတ်ဆို၍ ကြည့်ပြီးနောက် ထိုအတိုင်းဆိုတော့မည် ဟု မျက်စိကိုမှိတ်၍ ဘုရားအား အာရုံပြုလိုက်ရာ...

လွန်စွာသာယာနာပျော်ဖွယ်ကောင်းလှ၍ နားထောင်၍မငြီးနိုင် သော အသံတစ်သံသည် ကျွန်ုပ်၏နား၌ ကြားလေတော့၏။ နား ထောင်ကောင်းရုံမျှမက အံ့သြဖွယ်ရာလည်း ဖြစ်နေ၏။ အံ့သြဖွယ်ဖြစ် ရသည့် အကြောင်းမှာ ထိုအသံကလေးသည် ဘုရားရှိခိုးလျက်ရှိသော [illegible]လေးတစ်ဦး၏ အသံဖြစ်သော်လည်း မြန်မာဘာသာ၊ ပါဠိဘာ



www.burmeseclassic.com

www.burmeseclassic.com



သာ၊ စသည့် သုံးစွဲနေကျဘာသာ၊ ကြားနေကျဘာသာမျိုးမဟုတ်ဘဲ အင်္ဂလိပ်ဘာသာနှင့် ဖြစ်နေခြင်းက တစ်မျိုးတစ်ဖုံ ထူးခြားနေပြန်၏။

A Himsa! non-violence mentally and physicalls is a most basic asdvice in Buddhism. All kinds of violence and cruelity with other evils and ills are the out come of greed, hatred, Anger and Egoism in the long run it is suicidal, Killing harming injuring their fellow beings are imagined as pleasures and victory Putujjana Puggalas the ignorant.

It is not a victory!

A true victory is that of conquering one's interna enemies such as greed hatred and Delusion.

(အကြမ်းဖက်မှုဆိုတာ အဟိံသတရားနဲ့ ဆန့်ကျင်ပါတယ်။ ရုပ်နာမ်တရား နှစ်ပါးစလုံး အကြမ်းဖက်မှုတွေ မပြုဖို့ ဗုဒ္ဓရှင်တော်ဘုရားတာ ဟောကြားတော်မူခဲ့ပါတယ်။ အကြမ်းဖက်မှု၊ ရက်စက်မှု၊ ဒုစရိုက်မှု ဆိုတဲ့ အရာတွေဟာ လောဘ၊ ဒေါသ၊ မောဟ၊ မာန ဆိုတဲ့ အကုသလစေတသိကတရားတွေရဲ့ ကိုယ်ပွားတွေ ဖြစ်ပါတယ်။

ပုထုဇဉ်တွေဟာ အဲဒီ ဒုစရိုက်မှုတွေကိုပဲ သာယာမှုတွေ၊ အောင်မြင်မှုတွေရယ်လို့ မိုက်မဲစွာ ထင်မှတ်မှားနေကြပါတယ်။

စစ်မှန်တဲ့ အောင်မြင်မှုဆိုတာကတော့ တခြားတစ်ပါးသော ရန်သူကို ရန်ပြုအောင်နိုင်ခြင်း မဟုတ်ပါဘူး။ မိမိရဲ့ အတွင်းသဏ္ဍာန်





မှာရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုတဲ့ တရားတွေကို နှိမ်ကွပ် အောင်နိုင်မှုသာ ဖြစ်ပါတယ်လေ...)

အထက်ပါအဓိပ္ပါယ်ရသော အင်္ဂလိပ်စကားဖြင့် ရှုန်ဆိုနေသံသည် ယခုထက်တိုင်အောင်ပင် ကျွန်ုပ်၏နား၌ မထွက်ပဲရှိနေတော့၏။ ကျွန်ုပ်သည် ဆက်လက်၍ဘုရား၌ အာရုံပြုခြင်း၊ အဓိဋ္ဌာန်ပြုခြင်းများ မပြုလုပ်နိုင်တော့ဘဲ အသံလာရာဆီသို့ လှမ်း၍ကြည့်လိုက်ရာ အသက် ၁၉–နှစ်ခန့်ရှိသော မိန်းကလေးတစ်ဦးသည် ဗုဒ္ဓသရုပ်ပန်းများ၊ သစ္စာပန်းများကို [illegible]အုပ်တွင်း၌ ထည့်ကာ မျက်စိမှိတ်၍ ဘုရားရှိခိုးနေသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် ဆက်လက်၍ ဘုရားရှိခိုးခြင်း မပြုတော့ဘဲ ၎င်းမိန်းကလေးအနီးသို့ သွားရောက်ကာ သေသေချာချာကြည့်လိုက်မိပြန်၏။ မိန်းကလေးသည်လွန်စွာ နက်မှောင်သော သူ၏ ဆံပင်အား ဆံပင်ဖွဲ့ထုံး ငါးဆယ့်ငါးပါး အပါအဝင်ဖြစ်သော 'တုမဲ့ရွှေရောင်' ဆံထုံး ပုံစံမျိုး ထုံး၍ထား၏။ ကျွန်ုပ်သည် တရုတ်ပြည်မှ ရရှိသော ရှေးခေတ်မြန်မာအမျိုးသမီးတို့၏ ဆံပင်ဖွဲ့ထုံးနည်း ၅၅–ပါးပုံပါသော ပုရပိုက်တစ်ဆု ရရှိဖူးသည်ဖြစ်ရာ ၎င်းပုရပိုက်အား နန်းတွင်းစာဆို(ရဝေရှင်ထွေး)၏ ဆံပင်ထုံးဖွဲ့နည်း အန်ချင်းတစ်ပုဒ်နှင့် တိုက်ဆိုင်၍ လေ့လာဖူးသည်ဖြစ်ရာ ထိုမိန်းကလေး၏ ဆံပင်ထုံးဖွဲ့ပုံကို မြင်လိုက်ရုံမျှနှင့်ပင် 'တုမဲ့ရွှေရောင်' ဆံထုံးဟု တပ်အပ်သေချာ သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဆရာတို့၏ အဆိုအရ သရေခေတ္တရာခေတ်ထက်ပို၍ ရှေးကျသော ခေတ်အခါကာလကပင် အမျိုးသမီးများသည် ထိုဆံထုံး အမျိုးမျိုးကို ထုံးဖွဲ့ခဲ့ကြောင်း အထောက်အထားပြနိုင်သည်ဆို၏။

ကျွန်ုပ်သည်တစ်ခါက ပရော်ဖက်ဆာ ဒေါက်တာလုစ်နှင့်အတူ ပုဂံဘုရားများသို့ သွားရောက်ခဲ့ရာ၌ မင်းနန်သူဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီကားပေါ်မှ အမျိုးသမီးတစ်ဦး၏ ပုံကို ညွှန်ပြ၍ ဒေါက်တာလုစ်က "ဟောဒီမိန်းမရဲ့ ဆံထုံးပုံစံဟာ ခေတ်ကို သတ်မှတ်ပိုင်းခြားပေးထားသလို ဖြစ်နေတယ်ဗျ။ ဒီဆံထုံးမျိုးဟာ အေဒီ ၄၀၀–လောက်တုန်းက အမျိုးသမီးတွေ ထုံးခဲ့တဲ့ ဆံထုံးပုံစံမျိုးဖြစ်တယ်" ဟု၍ သင်ကြားပြသခဲ့ဖူးပါသည်။ ထိုစဉ်က ကျွန်ုပ် မှတ်ထားခဲ့သော ဆံထုံးပုံစံမှာ 'တုမဲ့ရွှေရောင်' ဟု ရဝေရှင်ထွေးစပ်ဆိုသော အန်ချင်းထဲမှ ဆံထုံးပုံစံပင် ဖြစ်လေ၏။ မိန်းကလေး၏ အသားအရောင်သည် ဖြူသည်လည်း မဟုတ်၊ ဝါလွန်းသည်လည်း မဟုတ်ဘဲ အဝါနုနုစ်ကျပ်သားနှင့် အစိမ်းနု ဝါးမှုံးသားခန့် ရောစပ်လျှင် ဖြစ်ပေါ်လာမည့် ဝါစိမ့်စိမ့် အသားရောင်မျိုးဖြစ်၏။

သူ၏ မျက်နှာမှာလည်း နုတံပေါ်ခြင်း၊ နှုတ်ခမ်းလှခြင်း၊ မျက်ခုံးမျက်မှောင်လှခြင်း၊ မျက်တောင်များ ရှည်သွယ်၍ကော့ညွတ်ခြင်းစသော မိန်းမများ လှသည်ဆိုသည့် အချက်အလက်တို့သမျှအား သိမ်းကျုံး၍ စုပေါင်းထားသကဲ့သို့ ထူးကဲစွာ လှပနေသော မျက်နှာမျိုးဖြစ်





၏။ လည်တိုင်မှာသွယ်၍ လည်ရစ်ကလေးများ လှပစွာ ပေါ်နေ၏။

ကိုယ်လုံးကိုယ်ထည်မှာလည်း မဝလွန်း၊ မပိန်လွန်း၊ မနိမ့်လွန်း၊ မမြင့်လွန်းရှိရုံမျှမက 'ရှိက်ဖိုကြီးငယ် သွယ်သွယ်စုစုသိကြားထုသို့' ဟူသော စာကဲ့သို့ သိကြားမင်းကိုယ်တိုင် ထုလုပ်သော ပန်းပုရုပ်သည်ပင်လျှင် ထိုမိန်းကလေးထက်ပို၍ လှနိုင်စရာအကြောင်း မရှိတော့ပေ။

ဝတ်ထားသော အင်္ကျီမှာလည်း လက်ကောက်ဝတ်နေရာတိုင်အောင် ကြပ်ထားသော ကိုယ်ကြပ်အင်္ကျီဖြစ်ပြီး အရောင်မှာလည်း မီးရောင်နေရောင်၌ လက်သော ရွှေရောင်မျိုးဖြစ်၏။ ထဘီမှာလည်း အင်္ကျီကဲ့သို့ပင် ရွှေရောင်ဖြစ်၏။

ကျွန်ုပ်သည် ၎င်းမိန်းကလေးအား သေသေချာချာ ငေးမောကြည့်ရှုရာ၌...

"သံပုရာဖျား၊ ရွှေရွက်နားလည်း
ပြန့်ကားရွှေရေး၊ ရွှေလည်ရေးနှင့် ရွှေကျေးလည်ရစ်
ပေါ်စသစ်သို့" ဟူသော ကျွန်ုပ် အိုင်အေတန်း၌ သင်ခဲ့သော ဦးပုညအွန်မိုဖျူအား အမှတ်ရစေခဲ့၏။ ထို့ပြင် 'ကိန္နရီမ၊ မျက်ချိုလှနှင့် ရွှင်ပျသံကား၊ ကိန္နရာနှင့်၊ သီးခြားနုံးအောင်၊ နှလုံးဆောင်သို့' ဟူသော စာကိုလည်းကောင်း၊ 'တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ ဘုံကမ္ဘာလာသို့' ဟူသော စာကိုလည်းကောင်း၊ ဆည်းဆာရိပ်တွင် ဖြူတ်ချည်းမြင်သည်၊ ရှင်သာရခိုင် တန်ဆောင်လော" ဟူသော



www.burmeseclassic.com

www.burmeseclassic.com



စာကိုလည်းကောင်း၊ ကျွန်ုပ် ဖတ်ဖူး သင်ဖူးသမျှသော ပုံပြင်၊ ဇာတ်လမ်း ကဗျာ၊ ရ
အန်ချင်းများထဲမှ အလှဘွဲ့ မှန်သမျှ အားလုံးအား ပြန်၍ အမှ
ရမိလေတော့၏။ အနုစာပေ အလှဘွဲ့များအား မှတ်မိသူများကို ဆု
ပွဲ လုပ်ခဲ့ပါမူ ထိုခဏ၌ ကျွန်ုပ် ပြန်၍ အမှတ်ရသော စာမျာ
ရွတ်ဆိုပြလိုက်ရုံမျှနှင့်ပင် ပထမဆုကို ကောင်းစွာ ဆွတ်ခူးနိုင်လိမ့် မ
ဖြစ်၏။

မြန်မာအလှဘွဲ့များသာ မဟုတ်ဘဲ ဥရောပဘဲလက် သီချင်း
ကြီးများ၌ ပါသော အလှဘွဲ့များ လောဒ်တင်နီဆင်နှင့် ဂုလိယံဝ
တို့၏ အင်္ဂလိပ်ဘာသာ အလှဘွဲ့များကိုလည်းကောင်း အိုမာခေ
၏ အလှဘွဲ့များကိုလည်းကောင်း သွား၍ အမှတ်ရမိပြန်ပါသည်
ကျွန်ုပ်သည် ထိုမိန်းကလေးအား ငေးမော၍ ကြည့်နေမိ
အချိန်မည်မျှ ကြာညောင်းသွားသည် မသိပေ၊ ထိုမိန်းကလေး
အင်္ဂလိပ်ဘာသာဖြင့် ကျွန်ုပ်အား....။

"ကိုယ်လုပ်ရမယ့် အလုပ်ကို မလုပ်ဘဲ ဘာကြောင့် ဒီမှာ လာ
ငေးမော အချိန်ဖြုန်းနေရတာလဲ"

ဟု၍ ပြောလိုက်မှပင် ကျွန်ုပ်သည် အိပ်ပျော်နေရာမှ လ
နိုးသွားသည့်အလား ၎င်းမိန်းကလေးအား သေသေချာချာ ထ
ကြည့်နေမိပြန်၏။ ၎င်းမိန်းကလေးသည် မျက်စိအစုံကို ဖိတ်လျ
သားနှင့် ကျွန်ုပ်အား ပြောလိုက်ခြင်း ဖြစ်၏။





သူမ၏ အင်္ဂလိပ်စကားပြောဟန်မှာလည်း "လန်းဒ်နားအင်း
ဂလိန့်" ဟု ဆိုလေ့ရှိသော လန်ဒန်မြို့ကြီးသူ မြို့ကြီးသားများ ပြောဆို
သုံးနှုန်းလေ့ရှိသော လေယူလေသိမ်းမျိုး ဖြစ်၏။

"ဟုတ်ပါတယ်ကွယ် ကျုပ်က ဒီလောက် သာယာနာပျော်ဖွယ်
ကောင်းတဲ့ အသံမျိုး၊ ဒီလောက် ရှုမငြီးတဲ့ ရုပ်ရည်မျိုး ကျုပ်
တစ်သက်မှာ တစ်ခါမှ မတွေ့ဘူး မမြင်ဘူးလို့ ငေးနေမိတာပါ။
တကယ်လို့များ ရိုင်းတဲ့ အပြုအမူမျိုး ဖြစ်နေရင်တော့ ခွင့်လွှတ်ပါ"

ကျွန်ုပ်ကလည်း အင်္ဂလိပ်ဘာသာဖြင့် အထက်ပါစကားအား
ပြန်၍ ပြောကြားလိုက်ရာ ထိုမိန်းကလေးသည် မျက်လွှာကို တဖြည်း
ဖြည်း ပင့်၍ ကျွန်ုပ်အား ကြည့်လေ၏။ သူ၏ မျက်လုံးများမှာ လွန်
စွာ ကြည်လင်၍ လွန်စွာ တောက်ပြောင်လှသည်ဖြစ်ရာ ကျွန်ုပ်သည်
သူ၏ မျက်လုံးအား ငေးစိုက်၍ ကြည့်နေပြန်၏။ သူသည် ကျွန်ုပ်အား
ကြည့်၍ စကားကို တစ်လုံးချင်း ဖြည်းဖြည်းနှင့်မှန်မှန် ပြောဆိုလိုက်
ပြန်သည်မှာ...

"အင်္ဂလိပ်စကားအပြင် မည်သည့်ဘာသာစကားများ တတ်
ပါသေးသလဲ"

"ကျုပ် မြန်မာစကားကို ကောင်းကောင်း ပြောတတ်ပါတယ်"

"သက္ကတဘာသာကော တတ်သလား"

"မတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပါဠိလိုကော တတ်သလား"

"မတတ်ပါဘူး၊ ဒါပေမဲ့ တက္ကသိုလ်မှာ နေတုန်းက ပါဠိဘာသာ နည်းနည်းပါးပါး သင်ဖူးပါတယ်၊ ကျွမ်းကျွမ်းကျင်ကျင်တော့ မတတ်ပါဘူး"

"ကိစ္စမရှိပါဘူးလေ၊ မြန်မာစကားဆိုတာနဲ့ပဲ ပြောပါ့မယ်၊ ခဏလေးစောင့်ပါဦး"

မိန်းကလေးသည် ခတ္တမျှ မျက်စိကလေးကို မှိတ်ကာ ဘုရားအာရုံပြုနေပြီးနောက် ပြန်၍ မျက်လွှာကလေးကိုပင့်၏ တင်ပြီးလျှင် လွန်စွာတည်ငြိမ်သော ကြာနွေနှင့် ကျွန်ုပ်အား....

"မင်း ငါ့ကို သိသလား"

ကျွန်ုပ်သည် မိန်းကလေး၏ စကားကိုကြားရလျှင် အံ့သြစွာဖြင့် မိန်းကလေးအား ကြည့်လိုက်၏။ သူ၏ အသက်သည် ၂၀ ပင် မပြည့်တတ်သေးပါဘဲလျက် ကျွန်ုပ်အား မင်းနဲ့ငါနဲ့ ပြောလိုက်သည်ကို နားထောင်ပြီးနောက် ဘုရားရှိခိုးတုန်းကလည်း အင်္ဂလိပ်လို ရှိခိုးခဲ့၏။ ကျွန်ုပ်အားလည်း ပါဠိလို၊ သက္ကတလို တတ်သလားဟု မေးမြန်းခဲ့၏။ ဘာလူမျိုးပါလိမ့်ဟု အစဉ်းစားရကြပ်အောင် ဖြစ်သွား၏။

"မင်းကို ငါမေးနေတယ်၊ ငါ့ကို သိသလားလို့"

"မသိပါဘူး မိန်းကလေး။ ပြီးတော့ ကျုပ်အသက်က ငါးဆယ့်ခြောက်နှစ် ရှိပါပြီ"





ကျွန်ုပ်သည် ကျွန်ုပ်အား ကျွန်ုပ်၏ သမီးလေး၊ တူမလေးလောက်သာရှိသော မိန်းကလေးက မင်းနဲ့ငါနဲ့ မပြောစိမ့်သောငှာ အသက် ငါးဆယ့်ခြောက်နှစ်ရှိပြီဖြစ်ကြောင်း ပြောပြ သိပေးလိုက်ခြင်း ဖြစ်၏။

"ငါးဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ် ဟုတ်လား၊ သိပ်ပြီး ငယ်သေးတာပေါ့"

"ဗျာ... ဘာပြောတယ်၊ ကျုပ်အသက်က ငယ်သေးတယ် ဟုတ်လား"

"ငယ်တယ် ကြီးတယ်ဆိုတာ နှိုင်းယှဉ်မှု သဘောတရားတစ်ရပ်သာ ဖြစ်ပါတယ်။ ကိုယ့်ထက်ကြီးတဲ့လူနဲ့ တွေ့ရင် ကိုယ်ဟာ ငယ်တဲ့လူဖြစ်သွားပြီး ကိုယ့်ထက်ငယ်တဲ့လူနဲ့ ယှဉ်လိုက်ရင်တော့ ကိုယ်က ကြီးတဲ့သူဖြစ်သွားပါတယ်။ ဒါကြောင့် နိမ့်ခြင်း၊ မြင့်ခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်း၊ ဝေးခြင်း၊ နီးခြင်း ဆိုတဲ့ နှစ်ခွသဘောပါတဲ့ ဒွန်တာဘူတိက သဘောတရားတွေဟာ နှိုင်းယှဉ်မှုသဘောပေါ်မှာ မူတည်နေပါတယ်။ လုံးဝမှန်ကန်ပြီး အမြဲမှန်ကန်တဲ့ (Absolute Truth) လို့ ဆိုကြတဲ့ ပရမတ္ထသစ္စာ မထိုက်ပါဘူး"

"ဆက်စမ်းပါဦး မိန်းကလေး"

"ဒါကြောင့် မင်းအသက်က ငါးဆယ့်ခြောက်နှစ် ရှိပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်ငယ်တဲ့လူတွေအဖို့တော့ မင်းဟာ ဦးလေးအရွယ်၊ အဖေအရွယ်၊ အဘိုးကြီးတစ်ယောက်ပေါ့။ ဒါပေမဲ့ ငါနဲ့စာလိုက်ရင်တော့ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက်လို့ခေါ်တဲ့ ဆွေဆက် (၇) ရက် စာရင်းမှာ အနိမ့်ဆုံးဖြစ်တဲ့ 'ဆက်' ဆိုတဲ့ နေရာမှာတောင် ထားလို့မရအောင် အသက်ဟာ ငယ်လွန်းပါတယ်"

"အဖြင့်ရင် မိန်းကလေးရဲ့ အသက်ဟာ"

"ငါ့အသက်ဟာ နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာ ကျော်ပြီကွယ့်"

"တိုက်" ကျွန်ုပ်သည် ယောင်ယမ်း၍ 'တိုက်'ဟုသာ အော်လိုက်နိုင်၏။ မည်သည့်စကားကို ဆက်၍ ပြောရမည်ကိုပင် မစဉ်းစားနိုင်အောင် ဖြစ်သွားတော့၏။ အသက် (၁၉) နှစ်အရွယ်နတ်မိမယ်တမျှ လှပလှသော မိန်းကလေးတစ်ဦးက သူ၏အသက်သည် နှစ်ပေါင်း (၂၆၀၀) ကျော်ပြီဟု ပြောဆိုနေခြင်းကို ယုံကြည်လက်ခံရန်အတွက် ကျွန်ုပ်၏ ဦးနှောက်က ပြင်းပြင်းထန်ထန် ငြင်းဆန်လျက်ရှိတော့၏။

မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်စရာအကြောင်းကလည်း မရှိပေ။ ကျွန်ုပ်သည် ဆာရိုက်ဒါတ်ဒ်ဂါဒ်ဆိုသော အနောက်နိုင်ငံ စာရေးဆရာတစ်ဦး ရေးသားခဲ့သည့် 'ရှီ' ဆိုသော စိတ်ကူးယဉ်ဝတ္ထုထဲမှ မင်းသမီးသည် နှစ်ပေါင်း (၃၀၀၀) ကျော်ခန့် အသက်ရှည်သည်ဟု ဖတ်ဖူး၏။ စိတ်ကူးယဉ်ဝတ္ထုထဲမှ မင်းသမီးကဲ့သို့ ထိုမိန်းကလေးသည်ဝါအား ပြောနေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏နားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။

ကျွန်ုပ်ကြားခဲ့သည့် စကားများသည် ဟုတ်... ... ... လျှပင် သံသယ ဖြစ်မိတော့၏။

"မင်းက မယုံဘူးလား"

"ဘယ်လိုလုပ် ယုံနိုင်ပါမလဲ မိန်း...လေး။ ပြီးတော့ အသက်ဟာ ဒါလောက်ရှိပါပြီဆိုတာ ... ...က်သေပြမလဲ မိန်းကလေးရယ်"

"အသက် ဒါလောက်ရှည်ပါတယ်ဆိုတာကို တခြားနည်းနဲ့တော့ သက်သေပြဖို့ မပြနိုင်ပါဘူး။ ဒါပေမဲ့ 'ဆာရေရေ့ခ်ါ သျှုတ္တာရ' ကျမ်းဆိုတဲ့ လက်ဝါးပြင်ပေါ်မှာရှိတဲ့ အရေးအကြောင်းတွေကို ဖတ်တဲ့ သျှုတ္တာရ ပညာတစ်ရပ်နဲ့တော့ သက်သေထူနိုင်ပါတယ်"

"ဘယ်လိုပြောတယ် မိန်းကလေး"

"ဒီနားကို တိုးပါ။ ပြီးတော့ ငါ့ရဲ့ လက်ဝါးကို ပြန့်လိုက်စမ်းပါ"

ကျွန်ုပ်လည်း သူပြောသည့်အတိုင်း လက်ဝါးကို ဖြန့်၍





လာဘ်မိုးရွာစေ

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ရာ သူသည် ကျွန်ုပ်၏ လက်ဝါးပေါ်တွင် လက်မ၏ အရင်းကြွက်သားဖောင်းဖောင်းကြီးအား ကွေ့ပတ်၍ ထင်နေသော အရေးအကြောင်းတစ်ခုကို ထောက်၍ပြကာ....

"ဟောဒီအကြောင်းကလေးကို ဆာရီရေခါသျှတ္တရ ပညာမှာ အတ္တမာရေခါ၊ ဒါမှမဟုတ် ရောဟနီ ရေခါလို့ ခေါ်တယ်၊ လူတို့ရဲ့ သက်တမ်းကို ဖော်ပြတဲ့ အကြောင်းကလေးပဲ၊ မင်းတို့ သက်တမ်းဟာ ၅၅-နှစ် သက်တမ်းပဲ ရှိသေးဘယ်၊ နှစ်ပေါင်း (နှစ်ထောင်)ကျော် (သုံးထောင်) နီးပါးနေရဲ့မယ့် လူရဲ့ လက်ဝါးမှာ ဒီအကြောင်း လေးဟာ အခု မင်းတို့မှာရှိသလို တိုတိုကလေး မဖြစ်နိုင်ဘူး၊ မင်းတို့မှာရှိတဲ့ အကြောင်းကလေးထက် အဆပေါင်း သုံးဆယ်နီးပါးခန့် ရှိရမယ် မဟုတ်လား"

"အင်း.. ဆိုစမ်းပါဦး မိန်းကလေး"

"ကဲ... ဒီမှာကြည့်စမ်း၊ ဂျီရဲ့ လက်ဝါးပေါ်က အတ္တရေခါခေါ်တဲ့ အသက်ရှည် လမ်းကြောင်းကို"

ဟု ဆိုကာ မိန်းကလေးသည် သူ၏ ဖြူသွယ်ညက်ညောလှသော လက်ဝါးကလေးကို ဖြန့်၍ ကျွန်ုပ်အား ယခု လက္ခဏာဆရာများက (Line of Life) ဟု ခေါ်ဝေါ်လျက်ရှိသော အသက်လမ်းကြောင်းခေါ် အတ္တမာရေခါ လမ်းကြောင်းအား ပြ၏။ ပြီးလျှင် သူ၏ အကျီလက်အားတတောင်ဆစ်တိုင်အောင် ပင့်တင်၍ ပြလိုက်၏။





ငင်းလမ်းကြောင်းသည် လက်ဝါးပြင်ပေါ်၌ အဆုံးသတ်ခြင်း မရှိဘဲ ကျွန်ုပ်အား လှစ်၍ပြသော တတောင်ဆစ်တိုင်အောင် ပြတ်ပြတ်သားသား ထင်လျက်ရှိသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။

"ဒီ အတ္တမာရေခါဆိုတဲ့ အကြောင်းလေးဟာ ဂျီရဲ့ တတောင်ဆစ်မှာ မဆုံးသေးဘူး။ ဂျီရဲ့ခါးကို တစ်ပတ်ပတ်ပြီး ဘယ်ဘက်ခြေထောက်က ခြေမတိုင်အောင် ရောက်တယ်။ ကဲ..မင်းယုံပြီ မဟုတ်လား"

"အင်းလေ၊ ဒီလို ထူးထူးဆန်းဆန်း သက်သေပြနိုင်တော့လည်း ယုံရမှာပေါ့ဗျာ။ ဒါပေမဲ့ ဒါလောက် အသက်ရှည်နိုင်တယ်လို့ ကျုပ်ဖြင့် တစ်ခါမှ မကြားဘူးခဲ့ဘူး"

"ကိုယ်မကြားဘူး၊ မမြင်ဘူးလို့ မယုံကြည်ဘူးဆိုရင် 'အမြင်ကျဉ်း လက်တွေ့ဝါဒီသမား' ဖြစ်သွားလိမ့်မယ်။ မကြားဘူး၊ မမြင်ဘူးပေမယ့် ယုံကြည်လောက်တဲ့ အထောက်အထားတွေ၊ ယုတ္တိတွေ ရှိရင် ယုံကြည် ရတယ်ကွယ့် ကလေးရဲ့"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုဥစ္စာက ဘုရားမပွင့်မီကတည်းက လူသားတစ်ယောက်ဟာ အခုထက်ထိ အသက်ရှင်လျက် ရှိတယ်ဆိုတာ စဉ်းစားလို့မရနိုင်အောင် ဖြစ်နေလို့ပါ"

"ဒီလိုဆိုရင် မင်းအနေနဲ့ ဒီလို စဉ်းစားကြည့်ပါလား"

"ဘယ်လိုများ စဉ်းစားကြည့်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်တယ်ဆိုတာ သေတာနဲ့ ခပ်ဆင်ဆင်တူတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ တချို့ဟာ အိပ်စက်ခြင်း . . . အသေးစားသေဆုံးခြင်းလို့တောင် တင်စားခေါ်ဝေါ်နိုင်းနှိုင်းကြပါတယ်။

"ကဲ..တချို့က စောစောအိပ်တယ်၊ တချို့က ညဉ့်နက်မှ အိပ်တယ်၊ တချို့ဆိုရင် လက်ဖက်၊ လက်ဖက်ခြောက်ရည် စသည့် မျက်လုံး ကြောင်စေတတ်တဲ့ ပစ္စည်းများ ညဉ့်ဦးပိုင်းမှာ စားမိလို့ မျက်လုံး ကြောင်ပြီး မအိပ်နိုင်ဘဲ မိုးလင်းသည့်တိုင်အောင် နေနိုင်ကြပါတယ်"

"ဟုတ်ပေသားပဲ"

"လက်ဖက်ခြောက်လို ဘာမှ အသုံးမဝင်တဲ့ သစ်ရွက်ခြောက်ကလေးဟာ ခဏသေခြင်းလို့ဆိုတဲ့ အိပ်စက်ခြင်းကို ဟန့်တားနိုင်တယ်ဆိုတာတော့ မငြင်းနိုင်ဘူးပေါ့၊ ဒီလိုပဲပေါ့ကွယ်၊ လက်ဖက်ခြောက်ထက်များစွာ အစွမ်းထက်တဲ့ အာယုသိဒ္ဓိခေါ်တဲ့ ဆေးဝါးတွေကို မှီဝဲထားတဲ့ လူတွေဟာ သေခြင်းတရားကို အကန့်အသတ် အတိုင်းအတာ တစ်ခုအထိတော့ သူတို့ရဲ့ သက်တမ်းကို ရှည်အောင် ဆန့်ထားနိုင်ပေမှာပေါ့၊ လုံးလုံး မသေနိုင်တော့ဘူးဆိုတာတော့ ဘယ်ဟုတ်နိုင်ပါ့မလဲ၊ (Law of Inpermenance )လို့ ခေါ်တဲ့ အနိစ္စတရားရဲ့ နိယာမကို





တော့ ဘယ်လိုလုပ်ပြီး လွန်ဆန်နိုင်ပါ့မလဲ။ မရဏာပွတ္တိလေးပါးလို့ခေါ် တဲ့ သက်တမ်းစေ့လို့သေခြင်း၊ သက်တမ်းမစေ့မီ သေခြင်း၊ သက်တမ်းလည်းစေ့ ကံလည်းကုန်၍ သေခြင်း၊ သက်တမ်းမစေ့၊ ကံမကုန်ဘဲလျက် သေဆုံးခြင်းဆိုတဲ့ သဘောတရား၊ လေးရပ်ထဲမှာ ဇါဟာ အခုအချိန်ထိ သက်တမ်းမဖစ္စသေးဘူး၊ ဒါကြောင့် မသေသေးတာပေါ့"

"ကောင်းပါပြီလေ ထားပါတော့၊ ဘယ်နိုင်ငံကလဲ၊ အခုလို အသက်တွေ ထောင်နဲ့ချီပြီး ရှည်နေတာကို တခြားလူတွေ မသိကြဘူးလား"

"ဇါ အခုလို အသက်ရှည်နေတာကို သိတဲ့လူဟာ လူသားထဲကဆိုရင် မင်းပါမှ သုံးလေးဦးလောက်ပဲ ရှိအေးတယ်။ ဇါဟာ အခု မင်းတို့ မြန်မာပြည်လို့ခေါ်နေတဲ့ တိုင်းပြည်ကပဲ၊ ဇါနေခဲ့တဲ့ တိုင်းပြည်ကို အခုရှိတဲ့ လူတွေအချို့ ကြားတောင်မကြားဖူးကြပါဘူး၊ ပြီးတော့ ဇါ့နာမည်ဟာလည်း မင်းတို့ မြန်မာလူမျိုးတွေ ပြောဆိုနေတဲ့ ဒဏ္ဍာရီထဲမှာလောက်ပဲ ရှိပါတော့တယ်"

"နာမည် ဘယ်လို ခေါ်သလဲ"

"မနုစာရီလို့ ခေါ်ပါတယ်"

"ဗျာ..." ကျွန်ုပ်သည် ယောင်ယမ်း၍သာ အော်လိုက်မိတော့၏။ ကျွန်ုပ်သိချင်လှသော 'မနုစာရီ'၏ အတ္ထုပ္ပတ္တိ နောက်ဆက်တွဲကို



www.burmeseclassic.com

www.burmeseclassic.com



သိရပေတော့မည်။ ကျွန်ုပ်သည် မယုံကြည်နိုင်လောက်အောင် 'မနုစာရီ'နှင့် လူကိုယ်တိုင် တွေ့နေရပေပြီ။

"ကျုပ် ခင်ဗျားရဲ့ အတ္ထုပ္ပတ္တိကို သိချင်နေတဲ့ လူတစ်ယောက်ပါဗျာ၊ ခင်ဗျားဟာ သက်သာနိုင်ငံတော်ကြီးက ပညာရှင်မင်းသမီး မနုစာရီ ဟုတ်ပါရဲ့နော်"

"ဟုတ်ပါတယ်၊ လူကလေးရယ်"

"စပ်စုတယ်၊ အမေးမြန်းထူတယ်လို့ သဘောမထားပါနဲ့၊ ကျုပ်မေးစရာရှိတာလေးတွေကို မေးခွင့်ပြုပါ၊ ပြီးတော့ အမှန်အတိုင်းလည်း ဖြေဆိုစေချင်ပါတယ်"

"ကောင်းပါပြီလူကလေး"ဟုဆိုကာ မနုစာရီသည် အောက်ပါဂါထာကလေးဖြင့် ဝိနိစယပါလ နတ်သမီးအား တိုင်တည်သစ္စာပြုလေ၏။

(သောအဂ္ဂပါတိ ဝိနိစယော ဟောတိ)

မနုစာရီသည် မျက်စိကလေး မှိတ်ထားပြီးနောက် ဂါထာကိုရွတ်၍ သစ္စာပြုပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်ကာ 'မေးချင်တာ မေးနိုင်ပါပြီ လူကလေး' ဟုပြောလေ၏။

"ကျုပ်ဆီမှာရှိတဲ့ မိုးကြိုးအိုးလေးရဲ့ ပန်းခက်တွေကြားထဲမှာပါတဲ့ စာဟာ ဘယ်သူ့လက်ရာလဲ မနုစာရီ"

"အဲ့ဒါ ရတနာဂီရိကို သိပေါမင်း ပါတော်မူရာမှာ အတူလိုက်





သွားခဲ့ရတဲ့ ပန်းတဉ်းဝန်ရဲ့ လက်ရာပါ။ ပန်းတဉ်းဝန်နဲ့ မနုစာရီဟာ အခု လူကလေးနဲ့ မိတ်ဆွေဖြစ်ကြသလို အမှတ်မထင်မိတ်ဆွေဖြစ်ခဲ့ကြပါတယ်။ဒီတော့ တစ်ယောက်နဲ့တစ်ယောက်တရားဆွေးနွေးခဲ့ကြလေတော့ မနုစာရီ ပြောပြတဲ့ အရဟံဂုဏ်တော်ရဲ့ တန်ခိုးအစွမ်းနဲ့ အသက်ရှည်အောင် လုပ်မယ်ဆိုပြီး ပန်းတဉ်းဂန်ဟာ ဂုဏ်တော်ကို အခါမလင်တ် ပွားများခဲ့ပါတယ်။ ဒါပေမဲ့ လုပ်နည်း မဟုတ်လေတော့ သူဟာ သူ့ရဲ့သက်တမ်းကို ဘန်ပြီး မထုတ်နိုင်ရှာခဲ့ပါဘူး"

"ကောင်းပါပြီ မနုစာရီ ကျုပ်ဟာ တစ်ခုသောညမှာ အဲဒီပန်းတဉ်းဝန်ရေးထွင်းထားတဲ့ စာကို ရွတ်ဆိုနေရင်း မြုန်းခနဲသတိ လစ်သွားပြီး ကျုပ်ကိုယ်တိုင် မဖတ်နိုင်တဲ့ စာမျိုးတွေကိုလျှောက်ပြီး ရေးခြစ်ခဲ့ပါတယ်။ အဲဒီစာကို ဘာသာဗေဒဗြာနတွေ အပါအဝင် တတ်သိနားလည်မယ်လို့ ထင်ရတဲ့လူတော်တော်များများကို ဖတ်ခိုင်းခဲ့ပေမယ့် မဖတ်နိုင်ခဲ့ပါဘူး၊ ဒါပေမယ့် တရုတ်ဘုန်းတော်ကြီးတစ်ပါးကတော့ ဖတ်ပြီးဘာသာပြန်ပေးခဲ့လို့ ဟိုးတုန်းက သက်သာ နိုင်ငံတော်ကြီးမှာဖြစ်ပျက်ခဲ့တဲ့ မနုစာရီ၊ အတိတ္တာမင်းသား၊ ဘုရင် သတ္တရာဇ်မင်း စတဲ့ လူတွေရဲ့ အတ္ထုပ္ပတ္တိဖြစ်နေပါတယ်။ အဲဒါဘယ်လိုဖြစ်တာလဲ၊ မနုစာရီလာပြီးရေးသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မနုစာရီ ရေးသွားတာ မဟုတ်ပါဘူး၊ လူကလေးဟာ လူကလေး ရေးခဲ့တာပါ"

"အိုဖြင့် အဲဒီ အတ္ထုပ္ပတ္တိဟာ မနုစာရီရဲ့ အတ္ထုပ္ပတ္တိအမှန်ပဲလား"

"လူကလေးရေးထားတဲ့ အတ္ထုပ္ပတ္တိကို မနုစာရီမှ မဖတ်ရဘဲနဲ့ ဘယ်လိုလုပ်ပြီး မနုစာရီရဲ့ အတ္ထုပ္ပတ္တိ အစစ်အမှန်ဟုတ်တယ် မဟုတ်ဘူးဆိုတာ အဆုံးအဖြတ်ပေးနိုင်ပါ့မလဲ"

"ဒီလိုဆိုရင် ကျုပ်ရေးခဲ့တဲ့ အတ္ထုပ္ပတ္တိကို ယခုပြောပြပါ့မယ်။ မနုစာရီ နားထောင်ကြည့်ပါ။ ပြီးတော့ ဟုတ်တယ်၊ မဟုတ်ဘူး ပြောဆိုပါ မနုစာရီ"

"ကောင်းပြီလေ၊ လူကလေး ပြောပြပါ"

ကျွန်ုပ်သည် ၁၅–မိနစ်ခန့် ကြာသည်အထိ ဘုန်းတော်ကြီး ဝဲလူဝင်း ပြန်ဆိုပေးသွားသော မနုစာရီအတ္ထုပ္ပတ္တိကို ပြောပြလိုက်ရာ မနုစာရီသည် လေးလေးနက်နက် နားထောင်ပြီးနောက် မနုစာရီက ကျွန်ုပ်အား ဤသို့ ပြောလေ၏။

"လူကလေးပြောတဲ့အတိုင်းဆိုရင်တော့ မနုစာရီရဲ့ အတ္ထုပ္ပတ္တိ အမှန်ပါပဲ"

"အဲဒါ သိပ်ခက်တာပဲ မနုစာရီ၊ ဒီအတ္ထုပ္ပတ္တိကို ကျုပ်ဟာ နဂိုက ဘာမှ သိခဲ့ဖူးတာလဲ မဟုတ်ဘူး၊ မနုစာရီကလည်း လာပြီးရေးသွားတာ မဟုတ်ဘဲနဲ့ ကျုပ်ဟာ ဒီဇာတ်ကြောင်းကို ဘယ်လို





လုပ်ပြီး ရေးနိုင်ခဲ့တာလဲ"

"လူကလေး၊ ဒီလောကမှာ ပျောက်ပျက်သွားတယ်ဆိုတာ ဘာမှမရှိဘူး၊ ခေတ္တ ငုတ်လျှိုးနေတာ ဖြစ်တယ်။ အခါအခွင့်သင့်ရင် ပြန်ပြီး ပေါ်ပေါက်လာတတ်ပါတယ်။ အဲဒါကို 'လျှို့ဝှက်အချိန်' သဘောလို့ ခေါ်ပါတယ်။ ဥပမာပြောရရင် အခု အနောက်ဘက်မှာ နေလုံးကြီးဟာ လုံးဝပျောက်ကွယ်သွားတဲ့ အချိန်ဖြစ်နေပါပြီ၊ ဒါပေမဲ့ အခုနေများ အခါအခွင့်သင့်လို့ ဒုန်းဝေး[illegible]ညို့မြန်တဲ့ ယာဉ်တစ်မျိုးနဲ့ အခါအခွင့် ကြုံကြိုက်လို့ လူကလေးဟာ အဲဒီ ဒုံးယာဉ်နဲ့ အနောက်ဘက်ကို စီးပြီး လိုက်သွားနိုင်ခဲ့လို့ရှိရင် လူကလေးအနေနဲ့ ဝင်သွားပြီလို့ ထင်မှတ်ခဲ့တဲ့ နေလုံးကြီးဟာ မဝင်သေးဘဲ မပျောက်ကွယ်သေးဘဲ ပကတိအတိုင်း တွေ့ရပါလိမ့်မယ်။ အဲဒီတော့ နေလုံးကြီးဟာ ပျောက်ကွယ်သွားတာ မဟုတ်ဘဲ အခါအခွင့် မသင့်လို့ မမြင်ရတော့တာဆိုတာ မရှင်းဘူးလား၊ ဒါကြောင့် ပညာရှင်တချို့ဟာ မိဂဒါဝုန်တောမှာ မြတ်စွာဘုရားသခင်ရဲ့ ဓမ္မစကြာတရားတွေကို အသံဖမ်းစက်နဲ့ စောင့်ပြီး ဖမ်းယူနေကြတယ်။ သူတို့ရဲ့ ပင်မသဘောတရားကတော့ အခါအခွင့်သင့်တဲ့ တစ်နေ့မှာ အသံဖမ်းစက်ထဲကို ဘုရားရှင်ရဲ့ အသံတော် ပြန်ဝင်လာလိမ့်မယ်လို့ ယုံကြည်ထားကြလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်တော့ နားလည်ဖို့ခက်တဲ့ သဘောတရားပါပဲလား မနုစာရီ"

"လွယ်ပါတယ် လူကလေး၊ အခါအခွင့်သင့်တဲ့ အချိန်မှာ ရုပ်ဝတ္ထုတွေရော၊ အတွေးအကြံတွေရော၊ သင်္ခါရလို့ခေါ်တဲ့ ပြုမှုတွေရော၊ အဖြစ်အပျက်တွေရော၊ အသံတွေရောဟာ ပြန်ပြီး ပေါ်လာပါတယ်။ မနုစာရီရဲ့ လွန်ခဲ့တဲ့ အနှစ်နှစ်ထောင်ကျော် လောက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ဟာလည်း အခါ အခွင့်သင့်သွားတဲ့အတွက် လူကလေး သပိုသစ်ပြီး ရေးတဲ့ စာတွေထဲကို ရောက်သွားပါတယ်။

"ဒီလို အခါအခွင့်သင့်လို့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်ခဲ့တဲ့ သာဓကလေးတစ်ခုလောက် ကျုပ်အနေနဲ့ ပိုပြီး နားရှင်းသွား အောင် ပြောပြစမ်းပါဦး မနုစာရီ"

"ကဲ...လူကလေး စဉ်းစားကြည့်ပါဦး တို လွန်ခဲ့တဲ့ အနှစ်တစ် ရာလောက်မှာ အလွန်ထက်ထက်မြက်မြက်ရှိတဲ့ ကနောင် မင်းသားနဲ့ တိုင်းပြည်ခေါင်းဆောင် မင်းညီမင်းသားတွေဟာ နန်းတွင်းမှာ လုပ်ကြံခံခဲ့ရတယ်၊ မဟုတ်လား။ တော..အခု မြန်မာပြည်မှာ ထက်ထက်မြက်မြက်ရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း နဲ့ တိုင်းပြည်ခေါင်းဆောင်တွေဟာ လွှတ်တော်ထဲမှာ ရက် ရက်စက်စက် လုပ်ကြံခံခဲ့ရတယ် မဟုတ်လား။ ဒီအဖြစ်အပျက်





မျိုးဟာ ဒီတိုင်းပြည်မှာ အနှစ်တစ်ရာအတွင်း အခါအခွင့်သင့်လို့ ပြန်ပြီး ပေါ်ပေါက်ခဲ့တာ မဟုတ်လား"

"ဟုတ်ပါကယ် မနုစာရီ"

"ဒါကို အကြောင်းအရာအားလုံးသမ္မာသံမဂ္ဂ ဖြစ်လို့ အကျိုးတ ရား တစ်ရပ်ဖြစ်ရတယ်လို့ ဒဿနိကဗေဒအမြင် တစ်ရပ်ဖြစ် လာတယ် မဟုတ်လား၊ 'အခါအခွင့်သင့်' တယ်ဆိုတဲ့ မြန်မာ စကားကို ပါဠိလို 'သမ္မာသံမဂ္ဂ'လို့ သုံးရင် ဖြစ်နိုင်ပါလိမ့်မယ်။ အင်္ဂလိပ်လိုတော့ (As history repeats itself the incident repecatss itself )လို့ သုံးကြတယ်၊ မဟုတ်လား လူကလေး"

"ကောင်းပါပြီ မနုစာရီ ပြောတဲ့အတိုင်း အခါအခွင့်သင့်လို့ မနုစာရီရဲ့ အတ္ထုပ္ပတ္တိကို ကျုပ်ဟာရရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီ အတ္ထုပ္ပတ္တိမှာ မနုစာရီရဲ့ အပရန္တတိုင်းပြည်တာ မနုစာရီရဲ့ လက်ကို ဖြတ်ပြီး ဗိုကျင်ထိုးရာကအစ တိုင်းပြည်ကြီးတစ်ခုလုံး မြေကြီးကျွံပြီး နစ်မြုပ်သွားသည်အထိ ပြင်းထန်တဲ့ ပေါက်ကွဲ မှုကြီးဖြစ်ပြီး ပျောက်ကွယ်သွားခဲ့တယ်ဆိုတဲ့ နေရာလောက် မှာပဲ အဆုံးသတ်သွားခဲ့ပါတယ်။ အဲဒါ အခုလို အခါအခွင့်သင့် တုန်း ကျန်တဲ့ နောက်ဆက်တွဲကလေးကို သိချင်ပါတယ်"

"လူကလေးသိချင်တဲ့ အကြောင်းအရာကို မေးပါ၊ မနုစာရီ ဖြေဆိုပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မနုစာရီဟာ ပေါက်ကွဲမှုကြီး ဖြစ်ပွားချိန်မှာ လွတ်မြောက်ထွက်ပြေးသွားပြီး မနုစာရီရဲ့ ဘိုးဘိုးရှိရာ မန်းချောင်းအနီးကတောအုပ်ကြီးဆီကို ရောက်ရှိသွားတယ် ဆိုတာတော့ အတ္ထုပ္ပတ္တိမှာ ပါရှိလို့ သိပါပြီ၊ အဲဒီနောက်မှာ မနုစာရီ ဘာတွေဖြစ်ပျက်ခဲ့သေးတယ်ဆိုတာ သိချင်ပါတယ်"

"ဘိုးဘိုးရဲ့ ကျောင်းသင်ခန်းကို ရောက်သွားတဲ့ အချိန်ကစပြီး မနုစာရီဟာ အဂ္ဂိရတ်အတတ်ကိုသာ မတုတ်ဘဲ အင်းအတတ်၊ ဆေးအတတ်တွေကို အပြီးအပိုင်စွန့်လွှတ်လိုက်ပြီး ပရာနာလို့ ခေါ်တဲ့ ယောဂအကျင့်မြတ်တစ်ခုကို စွဲစွဲမြဲမြဲကျင့်ခဲ့ပါတယ်။ အဲဒီကျင့်စဉ်ကတော့ အသက်ရှူမှုကို ထိန်းချုပ်ချွေတာခြင်းနည်းစနစ်တစ်ရပ်ပါပဲ။ အသက်ရှူခြင်းဟာ အသက်ပါပဲ၊ အသက်ရှူခြင်းကို ချွေတာ,တာဟာ အသက်ကို ချွေတာတာဖြစ်ပါတယ်။ ချွေတာခြင်းတကာတို့တွင် အသက်ကို ချွေတာခြင်းဟာ အမွန်မြတ်ဆုံး ချွေတာခြင်းဖြစ်တယ်လို့ အဲဒီယောဂကျင့်စဉ်က ညွှန်ပြထားပါတယ်"

"မနုစာရီအခုလောက် ,အသက်ရှည်နေတာဟာ အဲဒီ ပရာနာကျင့်စဉ်ကြောင့်လို့ ဆိုနိုင်ပါသလား"

"အဲဒီလိုပဲ ဆိုရမှာပါပဲ လူကလေး"

ကျွန်ုပ်သည် ခံတွင်းအနည်းငယ်ချဉ်လာသဖြင့် ဆေးလိပ်ကို





မီးညှိ၍ ဖွာရှိုက်လိုက်ပြီးနောက် မနုစာရီအား ဆက်၍ မေးမြန်းရပြန်၏။

"မနုစာရီရဲ့ အတ္ထုပ္ပတ္တိထဲမှာပါတဲ့ 'အမတ'ဆိုတဲ့ နေရာကို ညွှန်ပြနိုင်တဲ့ မြေပုံကြီးဆိုတာနဲ့ကော တွေ့ကြုံခဲ့ရဲ့လား"

"အမတဆိုတာ နိဗ္ဗာန်ကို ဆိုပါတယ်၊ နိဗ္ဗာန်ကို ညွှန်ပြနိုင်တဲ့ ဗုဒ္ဓဘုရားရှင်ဟာ အပရန္တတိုင်းကြီး ပေါက်ကွဲပြီး နှစ်တစ်ရာလောက်မှာ ပွင့်တော်မူခဲ့ပါတယ်။ ဒါပေမဲ့ မနုစာရီ ဗုဒ္ဓကို မဖူးတွေ့ရခဲ့ပါဘူး"

"ဘာဖြစ်လို့လဲ မနုစာရီ"

"မနုစာရီမှာ လိုအပ်ချက်နှစ်ခု ရှိနေတဲ့အတွက် ဘုရားရှင်ကို မဖူးတွေ့ခဲ့တာပါပဲ"

"ဘယ်လို လိုအပ်ချက်တွေများလဲ မနုစာရီ"

"မနုစာရီမှာ လိုအပ်နေတဲ့ လိုအပ်ချက်နှစ်ခုကတော့ မနုစာရီရဲ့ ချစ်သူ မောင်တော်အတိတ္တာနဲ့ မနုစာရီရဲ့ လက်တစ်ဖက်ကြောင့်ပါပဲ"

ထိုအခါကျမှ ကျွန်ုပ်လည်း မနုစာရီ၏လက်များကို သေသေချာချာ ကြည့်မိပြန်၏။ မနုစာရီ၏လက်နှစ်ဖက်စလုံးအား အကောင်းပကတိအတိုင်း တွေ့မြင်ရသဖြင့် ကျွန်ုပ်သည် နားမလည်နိုင်အောင်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မနုစာရီ ကျုပ် အခုမြင်ရတာကတော့ မနုစာရီရဲ့လက်ကို အကောင်းပကတိအတိုင်းပါပဲလား"

"ဟုတ်ပါတယ်၊ အလွန်ထူးဆန်းတဲ့အတတ်ပညာနဲ့ မနုစာရီရဲ့လက်ကို အကောင်းပကတိနဲ့ မခြားအောင် ပြုပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ အတုဟာ အားပါတဲ့ အစစ်ဖြစ်နိုင်ပါဘူး"

"မနုစာရီရဲ့ချစ်သူ အတိတ်ဘုရင်သားဟာ ဘယ်လိုနေသလဲ"

"ရေစီးသန်တဲ့ မြစ်ထဲမှာ ငုတ်ချေး ပေါ်ချေဖြစ်ပြီး မျောနေတဲ့ ပစ္စည်းကလေးတစ်ခုကို ရှာဖွေကောက်ယူရဖို့ ကိစ္စဟာ မလွယ်ပါဘူး။ ဒီထက်ပိုပြီး မလွယ်တာက သံသရာရေစီးကြောင်းထဲမှာ မျောနေတဲ့ သူတစ်ယောက်ကို ကျန်တစ်ယောက်က နှစ်ပေါင်းတွေ ရှည်ချင်တိုင်း ရှည်ပြီး စောင့်ကြည့်ရှာဖွေနေရတာဟာ လွယ်ပါ့မလား လူကလေးရယ်"

"ဟုတ်ပါတယ် မနုစာရီ၊ ဒီကိစ္စဟာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမယ့် တစ်နေ့နေ့တော့ ပြန်ပြီး ဆုံစည်းကြရမှာပေါ့လေ၊ မနုစာရီပြောတဲ့ 'အခါအခွင့်သင့်' တဲ့ အခါမျိုးမှာပေါ့"

"ဒီမှာ မနုစာရီ၊ ကျုပ် တစ်ခုသိချင်ပါသေးတယ်။ လက်ဖတင်နင် နန်းဝေဆိုတဲ့ စစ်ဗိုလ်ကလေး တစ်ယောက်ကို မနုစာရီ





ဟာ ကျောက်ဆည်က ကျောက်သေတ္တာကြီးထဲမှာ မနုစာရီရဲ့ လက်တစ်ဖက် ရှိတယ်ဆိုပြီး ယူနိုင်းလိုက်သေးတယ် မဟုတ်လား"

"မှန်ပါတယ်

ပေမဲ့

မြော်မြင်နိုင်တဲ့ အသိဉာဏ်မျိုးတော့ အတော်ကလေး ဆင်းရဲရှာပါတယ်"

"ဘာပဲဖြစ်ဖြစ် မနုစာရီဟာ သူ့ကို ရူးသွပ်သွားအောင်လုပ်တာတော့ မကောင်းပါဘူး၊ မနုစာရီမှာ တာဝန်ရှိပါတယ်"

"မနုစာရီ သူ့ကို ရူးသွပ်အောင် မလုပ်ခဲ့ပါဘူး၊ သူ့ဘာသာသူ ရူးသွပ်သွားတာပါ။ မနုစာရီရဲ့အလှမှာ ယစ်မူးသွားတဲ့ ရောဂါပါ။ အလောင်းတော် သီဝိမင်းကြီးဖြစ်စဉ်က ဥမ္မာဒန္တီရဲ့ အလှကြောင့် ရူးသွပ်သွားခဲ့သလို အခုလည်း လက်ဖတင်နင် နန်းဝေဟာ မနုစာရီရဲ့ အလှကြောင့် ရူးသွပ်သွားတာပါ"

"အဲဒါကြောင့် မနုစာရီမှာ တာဝန်ရှိတယ်လို့ ကျုပ်ပြောနေတာပေါ့"

"မနုစာရီရဲ့အလှဟာ လက်ဖတင်နင် နန်းဝေအတွက် အဆိပ်အတောက် ဖြစ်စေခဲ့တာကိုတော့ မနုစာရီ မငြင်းလိုပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီလောကကြီးမှာတော့ အလှဆိုတဲ့ တရားဟာ ဆိတ်သုဉ်းသွားနိုင်စရာ မရှိပါဘူး၊ ဒါကြောင့် အလှအပမှာ ယစ်မူးတတ်တဲ့ လူတွေဟာ ဆက်ပြီး အဆိပ်သင့်နေကြဦးမှာပါပဲ၊ ဒီလို အလှအဆိပ်သင့်တဲ့ ဝေဒနာရှင်တွေ ပေါ်ပေါက်လာတိုင်း အလှတရားတွေကို အပြစ်ဖို့ပြီး တရားခံရှာနေမယ်ဆိုရင် အလှဆန့်ကျင်ရေး ဝါဒတစ်ခု ပေါ်ထွန်းလာနိုင်စရာ ရှိပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ အလှတရားကတော့ သတ္တဝါတွေ ရှိနေသမျှ တည်ရှိနေဦးမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ အကျည်းတန်မှု တရားတွေ တည်ရှိနေသမျှ အလှတရားတွေဟာ တည်ရှိနေမှာ မဟုတ်လား၊ ဒီတော့ ဒီလောကမှာ အကျည်းတန်မှု တရားတွေဟာလည်း ဘယ်တော့မှ မပျောက်ပျက်နိုင်အောင် အမြစ်တွယ်နေပြီ မဟုတ်ပါလား လူကလေး"

"ပြီးတော့ တက္ကသိုလ်ကျောင်းသား မောင်ကျော်ခိုင်ကိုလည်း ရူးသွပ်သွားအောင် လုပ်ခဲ့သေးတယ် မဟုတ်ပါလား မနုစာရီ"

"မောင်ကျော်ခိုင်ဟာ ဂီတသုခုမ ပညာဘက်မှာတော့ ပါရမီရှိတဲ့ ကလေးတစ်ယောက်ပါပဲ၊ သူဟာ သူ့ရဲ့ ဂီတစွမ်းရည်ကို အသုံးချပြီး အလှရှာပုံတော် ထွက်ခဲ့ပါတယ်။ ဒါပေမဲ့ လှပခြင်းနဲ့ အကျည်းတန်ခြင်းကို သူဟာ မခွဲခြားနိုင်ပါဘူး၊ သူက အလှအသ ထင်လိုတဲ့ အရာအားလုံးဟာ အကျည်းတန်မှုတွေ ဖြစ်နေ





ပါတယ်၊ အနုပညာရှင် တော်တော်များများဟာ သူ့လိုပါပဲ၊ တကယ့်အလှတရားနဲ့ တဖြည်းဖြည်းဝေးကွာ သွေဖယ်သွားတတ်ကြပါတယ်"

"တကယ့်အလှတရားဆိုတာ ဘာကို ခေါ်ပါသလဲ မနုစာရီ"

"တကယ့်အလှတရားဆိုတာ လွတ်လပ်ခြင်း၊ ညီမျှခြင်းနဲ့ ငြိမ်းချမ်းခြင်း ဖြစ်ပါတယ်။ ဒီအရာသုံးမျိုးကို လစ်လျူရှုပြီး အလှတရားကို ရှာဖွေရင်တော့ အလွန်ရူးမိုက်ရာ ကျပါလိမ့်မယ်။ လူကလေး နားရှင်းအောင် ပြောပြပါဦးမယ်။ ဒီကမ္ဘာရဲ့ အဦး အစအချိန်ပိုင်းလောက်မှာ တိမ်ညွန့်ကို စားတဲ့ဆင်၊ တိမ်ယံမှာ ပျံတဲ့ခြင်္သေ့တို့ဟာ တစ်ဦးကိုတစ်ဦး သဲသဲမဲမဲ တိုက်ခိုက်သတ်ပုတ်ခဲ့ကြပါတယ်။ သူ့တို့တိုက်ပွဲဟာ ပြင်းထန်လာလေ၊ လောကရဲ့ ငြိမ်းချမ်းမှုဟာ လျော့နည်းလာလေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီလောကရဲ့ အလှတရားသုံးပါးကို စောင့်ထိန်းတဲ့ လောကနတ်သားဟာ 'စည်စုပ်'ကို ကိုင်ပြီး သာယာနာပျော်ဖွယ်သော ဂီတသံကိုဖြစ်စေလျက် ခြင်္သေ့နှင့် ဆင်တို့ရဲ့ အကျည်းတန်စွာ တိုက်ခိုက်နေမှုကို ရပ်စေခဲ့ပါတယ်။ နားလည်ပြီလား လူကလေး"

"နားလည်ပါပြီ မနုစာရီ"

"တက္ကသိုလ်ကျောင်းသား မောင်ကျော်ခိုင်ဟာ အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ဦး ဖြစ်ပေမယ့် သူမှာ အခြေခံ အလှတရားတွေ ဖြစ်တဲ့ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့ အလွန် လိုအ[illegible] [illegible]ရှိ တဲ့အတွက် [illegible]

[illegible] ၁၈[illegible]

တဲ့အတွင်းမှာ ဘာတွေလုပ်နေခဲ့သလဲ"

"အဲဒီနှစ်ကာလတွေ အတွင်းမှာ မနုစာရီဟာ ပညာရပ်အမျိုးမျိုး တွေကို လေ့လာသင်ယူခဲ့ပါတယ်။ ဘာသာဗေဒတွေကို သင်ယူ ခဲ့ပါတယ်။ နိုင်ငံပေါင်းစုံ လှည့်လည်ပြီး ပညာတွေ သင်ယူခဲ့ပါ တယ်။ သိပ္ပံပညာ ထွန်းကားလာတဲ့ ၂၀-ရာစုနှစ်တွေမှာတော့ မနုစာရီဟာ သိပ္ပံပညာရပ်တွေကို လေ့လာသင်ယူခဲ့ပါတယ်၊ ကင်းဘရိတ်တက္ကသိုလ်၊ အောက်စဖို့တက္ကသိုလ်၊ ယေး တက္ကသိုလ်တွေမှာလည်း တက်ရောက်သင်ယူခဲ့ပါတယ်။ (Noc Electronic Theory) ခေါ်တဲ့ အီလက်ထရွန် သစ္စကာရိတ ကထာ စာတမ်းကို ပြုစုတဲ့ ပြင်သစ်ကျောင်းသူလေး မေရီ ဆိုတာ ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ်"

"အဲဒီမေရီဟာ မနုစာရီပါပဲ"





"ပြီးတော့ (The Confusion Principles Of Mathemactical ) ခေါ်တဲ့ 'ဖေကဏ္ဍာနိယာမသချာ' ဆိုတဲ့ အမြင့်ဆုံး 'ကကုလ ဂဏ်ဂ' နိယာမကို ပြုစုခဲ့တဲ့ အိန္ဒိယသင်္ချာ ပါရဂူရင်မလေး

[illegible] ကို[illegible]

[illegible]ည်[illegible]

[illegible]

ကလေးက ဘယ်သူ့ အုတ်ဂူလဲ မနုစာရီ"

"ဒါက သီလရှင်မလေး (မနုစာရီ)ရဲ့ အုတ်ဂူပါ။ ဒါက မနုစာရီနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"မနုစာရီရဲ့ အကြီးမားဆုံးဆန္ဒဟာ ဘာလဲ မနုစာရီ"

"မနုစာရီရဲ့ အကြီးမားဆုံးဆန္ဒဟာ ငြိမ်းချမ်းမှုပါပဲ၊ ငြိမ်းချမ်းမှု ဟာ အများနဲ့ဆိုင်တဲ့ ငြိမ်းချမ်းမှုနဲ့ တစ်ဦးတစ်ယောက်တည်းနဲ့ ပတ်သက်တဲ့ ငြိမ်းချမ်းမှုရယ်လို့ နှစ်မျိုးရှိပါတယ်။ အများဆိုင်ရာ ငြိမ်းချမ်းမှုအတွက်လည်း မနုစာရီဟာ ဆောင်ရွက်လျက် ရှိပါ တယ်။ တစ်ဦးတစ်ယောက်တည်းနဲ့ ပတ်သက်တဲ့ ငြိမ်းချမ်းမှု အတွက်ကတော့ မနုစာရီဟာ နောင်ပွင့်တော်မူမည့် အရိမေတ္တေ ယျဘုရားရှင်ကို မောင်တော်အတိတ္ထျာနဲ့အတူ ဆယ်ပြာသော လက်နဲ့ ဖူးတွေ့ချင်ဘာပါပဲ၊ ဒီအတွက်မောင်တော် အတိတ္ထျာကို တွေ့ချင်လှပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတိတ္ထာ မင်းသားဟာ မနုစာရီကို အမှတ်ရနိုင်ပါ့မလား"

"ဘဝဆိုတာ မေ့လျော့မှု၊ မသိမှုတွေ လွှမ်းခြုံနေတာပါ။ ဇာတိသရညာဏ် မရရင်ဖြင့် အားလုံးမေ့လျော့ကုန်တော့တာပေါ့၊ မောင်တော် အတိတ္ထာဟာလည်း ဒီလိုပါပဲ၊ မနုစာရီကို မေ့နေသူပါ။ တကယ်လို့များ မကောင်းမှု တစ်ခုခုကြောင့် အပယ်ရဲကို မောင်တော်ဟာ ကျရောက်သွားမယ်ဆိုရင် သူရော မနုစာရီပါ နောင်ပွင့်တော်မူမယ့် ဘုရားရှင်ကို မဖူးတွေ့နိုင်ဘဲ လွဲကြရဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်တော် အတိတ္ထာမပါဘဲ မနုစာရီရဲ့ လက်တစ်ဖက်ကို မောင်တော် အတိတ္ထာကိုယ်တိုင် ပြန်ပြီး မယူပေးနိုင်ဘဲနဲ့တော့ မနုစာရီဟာ အရိမေတ္တေယျဘုရားကို မဖူးတွေ့ပါဘူးလို့ သစ္စာအဓိဋ္ဌာန် ပြုထားပါတယ်"

"မောင်တော်အတိတ္ထာဟာ လက်ဖတင်နှင် နန်းဝေလား၊ တက္ကသိုလ်ကျောင်းသား မောင်ကျော်ခိုင်လား"

"သူတို့နှစ်ယောက်စလုံး တစ်ယောက်မှ မဟုတ်ဘူး"

"ဒါဖြင့်ရင် ဘယ်သူလဲ"

"မောင်တော်အတိတ္ထာဟာ မြန်မာပြည်ထဲမှာပဲ လူဖြစ်နေပါတယ်။ သူဟာစိတ်ဝါဒကို ဆန့်ကျင့်တဲ့ အမြင်ကျဉ်းလက်တွေ့ဝါဒသမားတစ်ဦး ဖြစ်နေပါတယ်။ လက်တွေ့မဟုတ်ရင်





ဘာကိုမှ မယုံတဲ့ လူတစ်ယောက် ဖြစ်နေပါတယ်လို့ မနုစာရီ စုံစမ်း သိရှိရပါတယ်"

"အဲဒီတော့ ကျုပ်အနေနဲ့ မနုစာရီကို ဘယ်လို ကူညီနိုင်ပါသလဲ"

"မနုစာရီနဲ့ မောင်တော် အတိတ္ထာတို့ သက်သာပြည်ကြီးမှာ ဖြစ်ပျက်ခဲ့ပုံ အသေးစိတ်ကို မောင်တော်အတိတ္ထာ သိရှိအောင် လုပ်ပေးနိုင်ရင် မောင်တော်အတိတ္ထာဟာပြန်ပြီး သတိရကောင်း သတိရနိုင်ပါတယ်၊ သတ္တဝါတွေမှာ လွန်စွာ ထူးဆန်းတဲ့ သံသရာအမွေအနှစ်လို့လည်း ခေါ်ရမယ် (သိမှုထူး) ကလေး တစ်ခု ရှိပါတယ်။ ဒါကို အခုခေတ်မှာ တယ်လီပသီအဖြစ် ခေါ်ဝေါ် အသုံးချနေကြပါတယ်။ ဒီတော့ တတ်နိုင်ရင်တော့ လူကလေး တစ်ဆိတ်လောက် ကူညီပါလား"

"ဘယ်လိုလဲ မနုစာရီ၊ ဘယ်လူ၊ ဘယ်အရပ်က၊ နာမည်က ဘယ်လို၊ အလုပ်အကိုင်က ဘာလုပ်တယ်လို့ အတိအကျ မပြောနိုင်ဘဲနှင့် ကျုပ်က မောင်တော်အတိတ္ထာလူဝင်စားကို ဘယ်လိုလုပ်ပြီး ရှာဖွေရမှာလဲ၊ အခု မြန်မာပြည်မှာ လူဦးရေ သန်းသုံးဆယ်ကျော်နေပါပြီ။ အဲဒီလူသန်းသုံးဆယ်စလုံးကို ကျုပ်က တစ်ယောက်စီ ပုံပြောသလို လိုက်ပြောရမှာလား"

"ဒီလိုကော့ မဟုတ်ပါဘူး"

"အင်း ကျုပ်တစ်ခုစဉ်းစားမိတယ်၊ မနုစာရီအနေနဲ့ ဒီအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်တွေကို စာရေးဆရာတစ်ယောက်ကို သွားပြီးပြောပြ ပါလား”

“မ[illegible]နိုင်ပါဘူး လူကလေး၊ မနုစာရီကြောက်[illegible] [illegible]ပြူကလေးနဲ့ [illegible] အကြောင်းတိုက်ဆိုင်ပြီး အခါအခွင့်သင့်[illegible] တွေ့ရတာ မဟုတ်လား”

ကျွန်[illegible]ည် မနုစာရီနှင့် မောင်တော်အတတ်တျာတို့ ပြန်လည် တွေ့ဆုံတွေ့ရေးအတွက် အကူအညီပေးလိုလှ၏။ မည်သို့မည်ပုံ ကူညီရမည်ကိုလည်း မကြံတတ်အောင် ရှိတော့၏။

လူ့ဘဝကပင် ပညာရှင်အမျိုးသမီးဖြစ်သော အသက် ၂၆၀၀- ကျော်ရှိပြီး ပညာရပ် အမျိုးမျိုးတတ်ကျွမ်းသည့် ထူးဆန်းသောလူသား မနုစာရီလည်း မည်သို့မျှ အကြံမပေးနိုင်ပါ။

“မနုစာရီ မင်းသားအတိတ္တျာနဲ့ မနုစာရီတို့ရဲ့ အဖြေကြောင်းကို ကျွန်တော် ဝတ္ထုသဖွယ် ရေးသားပါ့မယ်၊ အဲဒီ ဝတ္ထုကို အတိတ္တျာမင်းသား ဖတ်မိခဲ့ရင်ဖြင့် အတိတ်ကို တစ်နည်း နည်းနဲ့ လှမ်းဆွတ်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီလိုများသူဟာ တစ်နည်းနည်းနဲ့ အတိတ်ကို သတိရခဲ့ရင်ဖြင့် စိတ်ဟာ နူးညံ့လာပြီး ရုပ်လွန်လောကကို ယုံကြည်လာဖို့ နီးစပ်ပါလိမ့်မယ်၊ လက်တွေ့ဝါဒကို စွန့်လွှတ်လာပါလိမ့်မယ်”

ခ





ကျွန်ုပ်၏စကားကိုကြားလျှင် မနုစာရီသည် လွန်စွာစိတ်ဆိုး သည့် အမူအရာနှင့်...

“မင်းက မြန်မာစာတတ်တိုင်း စာရေးဆရာလုပ်လို့ ဖြစ်မယ်လို့ ခပ်လွယ်လွယ် ထင်နေသလား။ ဝါကျအထားအသို၊ ရသမြောက် အောင်၊ အလင်္ကာပါအောင် ရေးစွမ်းနိုင်မှုတွေ၊ စာပေရေးဖွဲ့နိုင် အောင် ဒေသန္တရ၊ ဘာသန္တရ ဗဟုသုတ ကုံလုံမှုတွေ၊ ပြီးတော့ စာရေးဆရာရဲ့ ရှာနိုင်လို့ခေါ်တဲ့ ပြောင်းလွဲခံစားတတ်မှု စွမ်းရည် တွေ လိုပါတယ်။ ဒါတွေဟာ ပြောရင်လွယ်သလောက် တကယ် ကျတော့ လွယ်တာတွေ မဟုတ်ဘူး၊ ပြီးတော့ အနုပညာဗီဇလို့ ခေါ်တဲ့ လျှို့ဝှက်တဲ့ အသိခက်တဲ့ ပြောပြရန်ခက်တဲ့ အရာ ကလေးလည်း လိုသေးတယ်။ ဖြစ်နိုင်ပါ့မလား၊ ဒါတွေမပါဘဲ စာရေးဆရာပဲလုပ်လုပ်၊ ပန်းချီဆရာပဲလုပ်လုပ်၊ ဂီတဆရာပဲ လုပ်လုပ် အောင်မြင်နိုင်မှာ မဟုတ်ဘူး၊ စဉ်းစားကြည့်စမ်းပါ။ မြန်မာပြည်မှာသာ မဟုတ်ဘဲ ကမ္ဘာပေါ်မှာ စာရေးဆရာတွေ အမြောက်အမြား ပေါ်ပေါက်ခဲ့ကြတယ်၊ ဒါပေမဲ့ သမိုင်းဆရာ က ယဉ်ကျေးသော လူ့သမိုင်းလို့ခေါ်ကြတဲ့ အနှစ်ခြောက် ထောင်ခရီးမှာ လူ့သမိုင်းကြီးမှာ တင်ကျန်ခဲ့တဲ့ စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာနဲ့ တွေးခေါ်ရှင်ဆိုတဲ့ ပုဂ္ဂိုလ်ကျော်တွေ ဟာ လက်ချိုးရေတွက်လို့ ရအောင်ကို အရည်အတွက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



နည်းပါးလှပါတယ်လေ၊ အဲဒါဘာလဲဆိုတော့ အနုပညာဗီဇနဲ့ အနုပညာသည်တစ်ဦးမှာ ထားရှိရမယ့် စေတနာ လျော့နည်းမှု ကြောင့်ပါပဲ၊ မနုစာရီ မြင်သမျှပြောရရင်တော့ မင်းမှာ အနုပညာ စေတနာတော့ ပါရှိပုံရပါတယ်။ ဗီဇပါတယ် မပါဘူးဆိုတာ တော့ မနုစာရီလည်း မသိဘူး၊ မနုစာရီနဲ့ မောင်တော် အတိတ်ဘဝ အကြောင်းကို ရေးချင်ရင် ရေးနိုင်ပါတယ်။ ဒါပေမဲ့ အပိုအလို မရှိအောင် ရေးပါ့မယ်လို့တော့ သစ္စာပြုရမယ်"

"ပြုပါ့မယ် မနုစာရီ"

"အဲဒီသစ္စာတည်ရင်တော့ မနုစာရီအတိုင်းထက်အလွန် ဝမ်း မြောက်ပါတယ်"

"ကျုပ် ဒီသစ္စာကို ပြုပါတယ်။ တည်အောင်လည်း ကြိုးစားပါ့ မယ်"

ထို့နောက် ကျွန်ုပ်အားမနုစာရီက ဘုရားကို မျက်စိမှိတ်၍ အာရုံ ပြုခိုင်း၏။ သူကိုယ်တိုင်လည်း မျက်စိကလေးမှိတ်၍ အာရုံပြုလျက်ရှိ၏။ အချိန်အတော်ကလေးကြာသွားမှ ကျွန်ုပ်မျက်စိကို ဖွင့်ကြည့်လိုက်ရာ မနုစာရီသည် ကျွန်ုပ်အနီး၌ မရှိတော့ကြောင်း တွေ့ရှိရပါတော့ သတည်း။

မနုစာရီနှင့် ကျွန်ုပ်သည် နောက်ထပ်ဆုံစည်းခြင်း မရှိတော့ပါ။ သူမကို ကတိပေးခဲ့သော်လည်း ကျွန်ုပ်သည် စာမရေးဖြစ်ခဲ့ပါ။ မရေး





ဖြစ်ခဲ့သည့် အကြောင်းမှာ အပိုအလိုမပါရှိရပါဟု သစ္စာပြုထားသော အချက်သည် စာရေးရာ၌များစွာ အနှောင့်အယှက်ပြုလျက် ရှိတော့၏။

စာရေးခြင်းအလုပ်၌ ကန့်သတ်ပေးထားခြင်း၊ ဘောင်ခပ်ပေး ထားခြင်းစသည့် အရာများရှိနေလျှင် ဝတ္ထုဟုဆိုသော (Novel )ပုံစံ မဖြစ်ဘဲ စာစီစာကုံးသို့မဟုတ် အစီရင်ခံစာတဲ့သို့ ဖြစ်နေတတ်သည် ဖြစ်ရာ ဖတ်၍ ကောင်းနိုင်မည် မဟုတ်ပေ။

ကျွန်ုပ်သည် ထို့ကြောင့် မရေးဖြစ်ဘဲထားခဲ့ရာ မနုစာရီကိုလည်း ကောင်း၊ စာထုပ်ကြီးကို လည်းကောင်း မေ့မေ့လျော့လျော့ပင် ရှိနေပြီ ဖြစ်၏။ မနုစာရီ၏ ပြောပြချက်အရ အတိတ်ဘဝသည် အခုအခါ၌ လူ့ဘဝ သို့ ရောက်ရှိနေသော်လည်း ရုပ်ဝါဒီသမားဆန်၏။ တမလွန်ဘဝရှိ သည်ကို မယုံ၊ သံသရာကို နားမလည်သောလူစားမျိုးဖြစ်သည်ဟူ၏။ ထိုသူမျိုးသည် စုန်း၊ နတ်၊ သရဲ တစ္ဆေ စသော အခြေအမြစ်မရှိသည့် အရာဟု ယူဆသောနာမ်လောက၊ ပရလောကကို လုံးဝ လက်ခံမည် မဟုတ်ပေ။

ကျွန်ုပ်၏စေတနာအတိုင်းဆိုရပါမူ အတိတ်ဘဝလူဝင်စားဆိုသူကို သရဏဂုဏ်သုံးပါး၌ တည်စေလို၏။ နောင် အရိမေတ္တေယျဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ၌ မနုစာရီ၏ လက်ပြတ်တစ်ဖက်ကို သူ၏ မေတ္တာနှင့် ပြန်၍ဆက်ပေးနိုင်ကာ တရားထူးကို နာကြားလျက် သံသရာ၏ ဟိုမှာဘက်ကမ်းသို့ တူမောင်မယ် ကူးမြောက်သွားစေလို လှ၏။



www.burmeseclassic.com

www.burmeseclassic.com



'သံသာလေကမ်းတိုင်' ဆိုသည့်အတိုင်း ချစ်သူနှစ်ဦးတို့သည် သံသရာ၏ တစ်ဖက်ကမ်း ရောက်သည့်တိုင်အောင် နိုင်မြဲသွားစေလို၏။ ဤသို့လျှင် သူတို့၏ အချစ်ဇာတ်လမ်းကို အဆုံးတာကာယ် သတ်စေချင်လှပါ၏။

ကျွန်ုပ်သည် စေတနာပါသော်လည်း စာမရေးဖြစ်ခဲ့ပါ။ သို့သော် တစ်နေ့တစ်၌ ထူးထူးဆန်းဆန်း တစ်ခုဖြစ်ပြန်တော့၏။ ကျွန်ုပ်သည် ကျူရှင်ယိုဆိုင်၌ရှိနေစဉ် စာတိုက်မှ စာတစ်စောင်ရရှိခဲ့၏။

စာမှာ မည်သူရေးလိုက်သည်ဟု အတတ်မပြောနိုင်သော်လည်း စာတိုက်တံဆိပ်ကို ကြည့်ခြင်းအားဖြင့် စကုမြို့မှ ထည့်လိုက်ကြောင်း သိရ၏။

"လုပ်ကြံသေသတ်၊ ယောကျ်ားမြတ်တို့ မှတ်သိအတိုင်း၊ ပြည့်လှိုင်းချမ်းသာ စီးပွားလာ၏။" ဟူသော ကန်တော်မင်ကျောင်း ဆရာတော်၏ ဆုံးမစာကလေး ဖြစ်နေ၏။ စာရေးသူ၏အမည်ကိုလည်းကောင်း၊ လက်မှတ်ကိုလည်းကောင်း ထိုစာထဲ၌ မတွေ့ရပါ။ ကျွန်ုပ်သည် ထိုစာကို အရေးမကြီးဟု ထင်မှတ်ကာ ဒိုင်ယာရီစာအုပ်ကြား၌ပင် ညှပ်ထားလိုက်မိ၏။

ထိုစာရပြီး တစ်လခန့်အကြာတွင် စာတစ်စောင်ရပြန်ပါ၏။ ထိုစာမှာလည်း ပထမစာများကဲ့သို့ပင် လက်မှတ်၊ လိပ်စာ မပါသော်လည်း စကုမြို့မှပင် ထည့်လိုက်သော စာဖြစ်နေပြန်၏။





"ဤလောက၌ ဆင်းရဲခြင်းတကာတို့တွင် ကတိပေးပြီး ကတိအတိုင်း မဆောင်ရွက်နိုင်သော ဆင်းရဲကားကြီးမားလှဘိ၏" ဟူသော နီတိဆန်ဆန် စာကလေးတစ်စောင် ရောက်လာ၏။ ကျွန်ုပ်သည် ပထမစာကဲ့သို့ပင် အရေးမကြီးဟု မှတ်ယူကာ သိမ်းဆည်းမြဲ သိမ်းဆည်းထား၏။

များမကြာမီ၌တတိယမြောက် စာတစ်စောင်ရောက်ရှိလာတော့၏။

"ခရီးသွားရန်အတွက် အိပ်၍ပဉ်းစားနေသူထက်၊ ထိုင်၍စဉ်းစားသူက ပို၍သင့်လျော်၏။ ထိုင်၍စဉ်စားသူထက် ထ၍စဉ်းစားသူက သာလွန်၍ သင့်လျော်၏"

ကျွန်ုပ်သည် ထိုစာများကို မည်သူက ရေးပို့နေသည်ဟု ဖော်ထုတ်ခြင်းမပြုတော့ဘဲ ကျွန်ုပ်ကို မနုစာရီအကြောင်း ရေးသားရန် တိုက်တွန်းနေပြီဟုသာ သဘောပေါက်သည့်အလျောက် စာရေးရန် ဆုံးဖြတ်လိုက်တော့၏။

(Biography)ခေါ် အတ္ထုပ္ပတ္တိရေးဟန်များကို ရေးသားခြင်း၌ ကျွမ်းကျင်သော အင်္ဂလိပ်စာရေးဆရာများ၊ မြန်မာစာရေးဆရာများ၏ စာများကို ဖတ်ရှုလေ့လာရပြန်၏။ မြန်မာ စာရေးဆရာများထဲတွင် အရှင်အာဒိစ္စဝံသသည် အတ္ထုပ္ပတ္တိရေးဟန်၌ စံတင်ရမည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ရာ သူ၏ စာအုပ်စာတမ်းများကို အထူးအလေးပေး၍ ဖတ်ရှုနေရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုနည်းယူခြင်း အလုပ်ကို ကျေနပ်လောက်သည်အထိ ပြုလုပ်ပြီးနောက် ရေးသားရန်အတွက် မနုစာရီနှင့် ဒိုင်ယာရီ၏မူရင်း စာထုပ်ကြီးအပြင် တရုတ်ဘုန်းတော်ကြီး ဝဲလူဝင်း ပြန်ဆိုပေးခဲ့သော ဘာသာပြန်စာမူကိုပါ စားပွဲပေါ်တွင် စုပုံတင်ပြီးနောက် စတင်ရေးသားလေတော့၏။

ကျွန်ုပ်စာရေးသောနေ့ကို ကျွန်ုပ်မှတ်မိနေပါသေးသည်။ ထိုနေ့က ထူးထူးဆန်းဆန်းပင် ကျွန်ုပ်၏ ကျူရီယိုဆိုင်လေး ဖွင့်ဖွင့်ချင်း ပစ္စည်းဝယ်ယူမည့်သူ သုံးယောက် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဝင်လာပြီးနောက် အင်းဝခေတ်မြေဆေးတံကလေး သုံးလုံးဝယ်ယူသွား၏။ ကျွန်ုပ်၏ဆိုင်သည် စတင်ဖွင့်သည့်မှ ထိုနေ့အထိ ဆိုင်ဖွင့်လျှင် ဖွင့်ချင်းလာရောက်၍ဝယ်သော ဝယ်သူမှာ ထိုအကြိမ်သည် ပထမဦးဆုံးအကြိမ် ဖြစ်ပေသည်။

ကျွန်ုပ်သည် မြေဆေးတံကလေးသုံးလုံးကို နှစ်ရာ့ငါးဆယ်စီနှင့် ရောင်းလိုက်ပြီးနောက် ကျွန်ုပ်စာရေးခြင်းအလုပ်ကို စတင်၍ လုပ်ကိုင်တော့၏။

စာတစ်ကြောင်းရေးချလိုက်မိသည်ဆိုလျှင်ပင် ဝယ်သူတစ်ဦးသည် ဆိုင်ရှေ့၌ကားကို ထိုးရပ်လိုက်၏။ ကားမှာ ထိုခေတ်ကအလွန်လူကြိုက်များ၍ အဖိုးတန်လှသော စတူတီဘေကာ ကားဖြစ်ကြောင်း ကျွန်ုပ် သတိပြုမိတော့၏။





ကားပေါ်မှ မိန်းမတစ်ဦး ဆင်းလာ၏။ အသက်မှာ သုံးဆယ်ပင် မပြည့်တတ်သေးချေ။ ထိုမိန်းမသည် ခေတ်ဆန်သည်လည်းမဟုတ်၊ ရိုးသည်လည်းမယည်သော အဝတ်အစားများကို ကျနစွာဝတ်စားထား၏။

အသားရောင်မှာ နတ်တော်လ၌သီးသော စပါးသီး၏ အရောင်ကဲ့သို့ စိမ်းသည်လည်းမဟုတ်၊ ဝါသည်လည်းမယည်သည့် လှပဝင်းစိုသော အသားရောင်မျိုးဖြစ်၏။ မျက်နှာမှာ မိန်းမချောဟု ဆိုရလောက်သူထဲတွင် ပါဝင်ပြီး မျက်လုံးမျက်ဖန်များမှာမူ ချီးမွမ်းရလောက်အောင် လှပနက်မှောင်၏။

ကိုယ်လုံးကိုယ်ပေါက်မှာလည်း ကျော့ရှင်းသည်ဟု ဆိုရမည်လား၊ သွယ်ပြောင်းသည်ဟု ဆိုရမည်လား၊ ကျွန်ုပ်မခွဲခြားနိုင်ပါ။ သို့ရာ၌ သူ၏ကိုယ်လုံးသည်သူ၏ မျက်နှာနှင့် လိုက်ဖက်ခြင်းရှိသည်ဟူတော့ ဆိုနိုင်၏။

သူသည်ဆိုင်တွင်းသို့ ဝင်လာပြီးနောက် ကျွန်ုပ်ကို သေသေချာချာ ကြည့်ပြီးလျှင်....

"ကျွန်မကို ဆိုင်ထဲက ပစ္စည်းလေးတွေ ကြည့်ခွင့်ပြုပါရှင်"

ကျွန်ုပ်၏ဆိုင်သည် ဝယ်မည့်သူရော၊ အပျင်းပြေကြည့်ရှုသူရော၊ ခွင့်တောင်းနေရန် မလိုသော ဆိုင်မျိုးဖြစ်၏။ ကျွန်ုပ်ရောင်းချသော ပစ္စည်းများကိုကပင် ရှေးဟောင်းပစ္စည်းနှင့် အထူးအဆန်းများ ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



ရာ တစ်စုံတစ်ယောက်သည် ဆိုင်ရှေ့မှဖြတ်သွားမိလျှင် ဝင်၍ မကြည့်သည့်တိုင်အောင် ဆိုင်ကို မလွှန်မချင်းခေါင်းကို ငဲ့၍ ကြည့်သွားတတ်ကြ၏။

များသောအားဖြင့် ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ဝင်၍ ကြည့်တတ်ကြ၏။ တစ်နည်းဆိုရပါမူ ပြတိုက်နှင့် သဏ္ဍာန်တူသော လုပ်ငန်းဖြစ်ပေသည်။ ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ကျူရီယို ဆိုင်ဆိုသည်မှာ ကြည့်သမျှလူသားအားလုံးကို ခွင့်ပြုရမြဲ ထုံးစံရှိ၏။

ယခုမူ ထိုမိန်းမသည် ယဉ်ကျေးစွာဖြင့် ကျွန်ုပ်ကို ကြည့်ခွင့်ပြုရန် အခွင့်တောင်းလိုက်၏။ ရုပ်ရည်နှင့်လိုက်အောင် သိမ်မွေ့သော မိန်းမပါပေတကားဟု ကျွန်ုပ်၏စိတ်၌ ဒုတိယအကြိမ် ချီးကျူးမိပြန်၏။

ထိုမိန်းမကို စိတ်ကျေနပ်သလိုကြည့်ရှုနိုင်ကြောင်း ဈေးနှုန်းများကိုလည်း ကျွန်ုပ်အားမေးရန် အားနာပါက ကတ်တလောက်စာအုပ်တွင် ကြည့်နိုင်ကြောင်းပါ ပြောဆို၍ ကတ်တလောက်စာအုပ်ကိုပါ ညွှန်ပြပေးခဲ့၏။

ကျွန်ုပ်သည် ထိုမိန်းမအား ကတ်တလောက်စာအုပ်ကို ပေးရန် အတွက် အနီးသို့ ရောက်သွားရာ၌ အလွန် ဆွတ်ပျံ့သောမွှေးနံ့တစ်မျိုး ရှူရှိုက်မိ၏။ ကုလားမထီးဆောင်း ရေမွှေးလောက်လည်း ရနံ့မစူး အီဗနင်းအဲဗရစ် ခေါ်သော ရေမွှေးလောက်လည်း ရနံ့မပျော့သော အမွှေးနံ့တစ်မျိုး ဖြစ်၏။





အမှန်အတိုင်း ဝန်ခံလျှင် ထိုကျက်သရေရှိ၍ မွှေးကြိုင်လှသော အမျိုးသမီးတစ်ဦး ကျွန်ုပ်ဆိုင်သို့ လာရောက်ခြင်းကိုပင် ကျွန်ုပ်က ဂုဏ်ယူမိသေး၏။ ကျွန်ုပ်လည်း စားပွဲ၌ပြန်၍ထိုင်ကာ စာရေးရန် ကြိုးစားပြန်၏။

ထိုမိန်းမသည် ဈေးဟောင်းကျောက်ပြင်တစ်ချပ်ကို သေချာစွာ လေ့လာပြီးနောက် ကက်တလောက်လှန်ကြည့်သည်ကို သတိပြုမိ၏။

တစ်ဖန်အာဖျ ကျွန်းမှ လူရိုင်းတစ်မျိုး ကိုင်လေ့ရှိသော လှံတစ်ချောင်းကို ကြည့်ရှုပြီးနောက် အိတ်အတွင်းမှ မှန်ဘီလူးငယ်တစ်ခုကို ထုတ်၍ လှံရိုးကို သေချာစွာ ကြည့်ပြန်၏။ ကြည့်ပြီးလျှင် စာအုပ်ငယ်တစ်ခုထုတ်ကာ လှန်လှောရှာဖွေ၍ ဖတ်ပြီးနောက်..

"ဒီဟာ ဘယ်လောက်ပါလဲရှင်"

"ကက်တလောက်မှာ ပါ ပါတယ်ခင်ဗျ။ ကျွန်တော့ပစ္စည်းတိုင်းရဲ့ ဈေးနှုန်းကို အလွတ်မရပါဘူး"

သူသည် ကတ်တလောက်စာအုပ်ကို လှန်ကြည့်ပြီးနောက်...။

"သုံးရာ ဆိုပါလား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒီလှံရဲ့ ရာဇဝင်လည်း အဲဒီမှာ ချိတ်ဆွဲထားပါတယ်"

"အာဒမံကျွန်းက လူရိုင်းတွေကိုင်တဲ့ လှံမျိုးပါ၊ ဒီလှံဟာ ရှိ့ မလွှယ်ပါဘူး၊ သူတို့ဟာ လှံကို ဖအောကနေ သားကိုပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမွေပစ္စည်း ဖြစ်ပါတယ်ရှင်၊ ဒါကို ကျွန်မ သိလို့ စိတ်ဝင်စားမိတာပါ။ ဒါပေမဲ့ ဒီလှံဟာ အာဒမံကျွန်းက လှံအစစ်မှ မဟုတ်ပေဘဲရှင်၊ ဈေးတော့ လျှော့ဦးမှပေါ့"

"ဈေးလျှော့ရမှာ ကျွန်တော့်အဖို့ ဝန်မလေးပါဘူး၊ ဒါပေမဲ့ ဒီပစ္စည်းဟာ အစစ်ဟုတ်တယ် မဟုတ်ဘူးဆိုတာတော့ နည်းနည်း စကားပြောရလိမ့်မယ်"

"အစစ်မဟုတ်ပါဘူး။ လှံအပေါ်မှာပါတဲ့ သရိုးကို ကြည့်ရုံနဲ့ ကျွန်မ ခွဲခြားပြီး သိနိုင်ပါတယ်၊ ဒီသရိုးဟာ သစ်စေးသရိုးပါ၊ အစစ်ဟာ သားကောင်းတွေရဲ့ အဆီတစ်မျိုးနဲ့ လုပ်ထားတဲ့ သရိုးပါ။ ကျွန်မဟာ အရှေ့တိုင်းမှာရှိတဲ့ လူရိုင်းများရဲ့ အသုံးအဆောင် လက်နက်ပစ္စည်းများနဲ့ ပတ်သက်ပြီး အချိန်ယူ လေ့လာထားပါတယ်"

ကျွန်ုပ်သည် မည်သို့မျှ မပြောနိုင်ပါ။ ကျွန်ုပ်ကိုယ်တိုင် အစစ်ထင်မှတ်၍ သဘော်သားတစ်ဦးထံမှ ဝယ်ယူထားခြင်း ဖြစ်၏။

"အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်တော် အစစ်ဖြစ်တယ်လို့ ယုံကြည်ထားတာ တစ်ခုပါပဲ၊ အစစ်ဖြစ်ကြောင်း ကျွန်တော့်မှာ ခိုင်လုံတဲ့ သာဓကတော့ မရှိပါဘူး"

"ကောင်းပြီးလေ၊ ကျွန်မ မှစ်ပါဘူး၊ ကက်ဘလောက်ထဲမှာ ပါတဲ့ ဈေးနဲ့ပဲ ဝယ်ပါ့မယ်"





ဟု ဆိုကာ ငွေသုံးရာကို ရာတန် အသစ်ကလေးများ ထုတ်၍ ပေးသွား၏။ ကျွန်ုပ်သည် ထိုလှံကြီးကို သတင်းစာစက္ကူဟောင်းများဖြင့် ပတ်ကာ ထိုမိန်းမလက်သို့ ပေးလိုက်၏။

"နောက်ကိုလည်း အလိုရှိတဲ့ ပစ္စည်းများရှိရင် လာပါခင်ဗျာ၊ စော်ကားတယ်လည်း မထင်ပါနဲ့နော်၊ ရောင်းလိုတဲ့ ပစ္စည်းရှိရင်လည်း အကြောင်းကြားပါ ခင်ဗျာ၊ ဪ... ဒါထက် ဒီက နာမည်လေးများ သိနိုင်ရင် သိထားပါရစေခင်ဗျာ၊ ကျွန်တော် အခုလို မေးရခြင်း ဖြစ်ပါတယ်" ဖောက်သည်ကောင်းများကို အစဉ်လေးစားတဲ့အတွက် မေးရခြင်း ဖြစ်ပါတယ်"

"ကျွန်မနာမည်က မသက်ဆွေလို့ ခေါ်ပါတယ်၊ ကျွန်မ ခင်ပွန်းက ကင်းဘရိတ် တက္ကသိုလ်က ပါမောက္ခတစ်ဦးပါ၊ သူက အမေရိကန် အမျိုးသားပါ၊ ကျွန်မတို့ အခု သီးစစ် (Thesis) တစ်စောင်အတွက် မြန်မာပြည်ကို ခဏ လာခဲ့ကြတာပါ"

"ဟုတ်ကဲ့ ခင်ဗျာ၊ သိရတာ အများကြီး ဝမ်းသာပါတယ်"

ထိုအမျိုးသမီး နှုတ်ဆက်၍ ထွက်သွား၏။ သူ၏ ကားကလေးသည် အဝေးလှမ်းလှမ်းသို့ ရောက်သွားပြီး ဖြစ်သော်လည်း ထိုမိန်းမ၏ အကြောင်းသည် ကျွန်ုပ်၏ ဦးနှောက်တွင်းမှ မထွက်သေးချေ။ အမေရိကန်လူမျိုး ပါမောက္ခ၏ ဇနီးချောလေး မသက်ဆွေကို ကျွန်ုပ် စိတ်၌ ထူးဆန်းသလိုလို ဖြစ်ကာ ရင်ဝယ် မသိမသာ ဂယက်ထ၍ ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စာကို ရေးမြဲ ဆက်၍ ရေးနေတော့၏။ ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်း စာရေးခြင်းအလုပ်ကို မပျက်မကွက် လုပ်လာခဲ့၏။ ရက်သတ္တပတ် နှစ်ပတ်ခန့်ရှိလျှင် ကျွန်ုပ်၏ စာများသည် အတော်အတန် ပြီးစီးခြင်းသို့ ရောက်ခဲ့၏။

ထိုရက်ပိုင်းလောက်တွင် မသက်ဆွေ ရောက်လာပြန်၏။ ကျွန်ုပ်ကို နှုတ်ဆက်ကာ ပစ္စည်းများကို ယခင်တစ်ခါကအတိုင်း စိတ်ဝင်စားစွာ ကြည့်ပြီးနောက် ဘီလူးကဟန် စီးထားသော ရှေးခေတ် ဆေးမှင်ကြောင့် ထိုးရာ၌ အသုံးပြုသော ကြေးစုတ်ကြီးတစ်ချောင်းကို ကိုင်ကြည့်ကာ....။

"ဒီဟာ ဘယ်လောက်လဲရှင့်"

"ဟုတ်ကဲ့ ကျွန်တော် ကတ်တလောက်ထဲမှာ ရှာကြည့်ပါဦးမယ် ခင်ဗျ"

ကျွန်ုပ်သည် ကက်တလောက်တွင် ရှာဖွေရာ ရှေးနှုန်းမှာ ခုနစ်ဆယ့်ငါးကျပ်ဟူ၍ ပြထားသဖြင့်...။

"မသက်ဆွေ ခုနစ်ဆယ့်ငါးကျပ်ပါ"

"သေသေချာချာ ကြည့်ပါဦးရှင်၊ နှစ်ရာ့ငါးဆယ်နဲ့များ မှားနေရောသလား"

"မဟုတ်ပါဘူး ခင်ဗျ၊ မမှားပါဘူး၊ ခုနစ်ဆယ့်ငါးကျပ်တည်းပါ"

"ရယ်စရာတော့ တော်တော် ကောင်းတာပဲရှင်၊ ဆိုင်မှာ





အတုတွေက ဈေးကောင်းပြီး အစစ်တွေက ဈေးသိပ်မှ မရှိဘဲကိုးရှင့်"

"ဘယ်လို ဘယ်လို မသက်ဆွေ၊ ဘာကို ဆိုလိုတာလဲ ခင်ဗျ"

"ခြော် အာဒမ်ကျွန်းက လုံမဟုတ်ဘဲ လုံအတုကိုတော့ သိုးရာတောင်းပြီး ကုန်းဘောင်ခေတ်ဦးလောက်က အလွန်ရှားပါးလှတဲ့ ကြေးစုတ်ကြီးကိုတော့ ခုနစ်ဆယ့်ငါးကျပ်တည်းနဲ့ ရောင်းပစ်တော့မှာကိုး"

"ခင်ဗျာ၊ ဒီစုတ်ကြီးဟာ ကုန်းဘောင်ခေတ်ဦးပိုင်းလောက်က ဟာ ဟုတ်လား မသက်ဆွေ"

"ဟုတ်ပါတယ်"

"ကုန်းဘောင်ခေတ်ဦးပိုင်းလောက်က ပစ္စည်းမှန်း ခင်ဗျား ဘယ်အချက်ကို ထောက်ပြီး သိနိုင်တာလဲ"

"သိတာပေါ့ရှင်၊ ဒီလိုပါ ကြေးစုတ်တွေကိုတော့ မြန်မာတွေ အသုံးပြုလာတာ ကြာခဲ့ပါပြီ၊ ဒါပေမဲ့ အခုလို အပေါ်က ဘီလူးစီးဟန်ကိုတော့ အလောင်းဘုရား ခေါ်မယ်၊ ယိုးဒယားကို ချီတော်မူပြီး နောက်ပိုင်းကျမှသာ ပြုလုပ်သုံးစွဲလာကြပါတယ်။ တစ်နည်းပြောရရင်ဖြင့် ယိုးဒယား ယဉ်ကျေးမှုနဲ့ ဆက်နွယ်လာတဲ့ သဘောပါပဲ"

"ခြော် ဒီလိုလား၊ ကျွန်တော်ဖြင့် မသိပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မြန်မာလို အလေးအနက်ထားတဲ့ ကြေးသတ္တု ခုနစ်ပါးရယ်လို့ ရှိပါတယ်။ အဲဒါကို အကျယ်သိချင်ရင်တော့ 'သဇ္ဈာတုက ဝိဇ္ဇာရေ ပကာသနီကျမ်း' ကို ကြည့်ရင် တွေ့နိုင်ပါတယ်။ အဲဒီကျမ်းမှာ ပါဋ္ဌိလို တမ္ဗလို့ဆိုတဲ့ စကားရပ်တိုင်းဟာ ကြေးကို ဆိုလိုတာ ဖြစ်ပါတယ်။ ဟောဒီ စုတ်ကြီးဟာ ကျမ်းအတိုင်း ပြောရရင်တော့ အဖြူရောင် ဖြစ်လေတော့ နာဂဇတမ္ဗခေါ်တဲ့ သလွဲမည်းကျောက်မှ ရတဲ့ ကြေးမျိုးနဲ့ မိစ္ဆဇာတာက တမ္ဗလို့ခေါ်တဲ့ ဥဒေါင်းမွေးမှ ထွက်သော ကန့်ဒုတ္ထာတစ်မျိုးက ရတဲ့ ကြေးမျိုးနှစ်ခုအနက် တစ်ခုခု ဖြစ်နိုင်ပါတယ်"

ကျွန်ုပ်သည် ထို မသက်ဆွေဆိုသော ပါမောက္ခကတော်လေးကို များစွာအံ့ဩနေမိတော့၏။ မြန်မာမှုကို ကျွမ်းကျင်နားလည်သည့် စံချိန်ထက်ကျော်လွန်နေ၏။ တော်ရုံတန်ရုံ အင်္ဂလိပ်သမားများပင် မဖတ်ဖူးသော အင်္ဂလိပ်ကျမ်းကို လည်းကောင်း၊ ကြေးသတ္တုမျိုးကို လည်းကောင်း တတ်သိနားလည်စွာ ပြောဆိုလိုက်ခြင်းကို ကျွန်ုပ်သည် မအံ့ဩဘဲ မနေနိုင်တော့ပါ။

"အနည်းဆုံး ရှုံ့စွည်းဟာ တစ်ထောင်လောက် တန်ပါတယ်၊ ဒါပေမဲ့ ရှင့်ကိုတော့ တစ်ထောင် မပေးနိုင်ဘူး။ သုညတစ်လုံးတိုးပြီး ခုနစ်ရာ့ငါးဆယ်တော့ ပေးသွားမယ်၊ ပြီးတော့ ကျွန်မအကြံတစ်ခု ပေးပါရစေ၊ ဆရာလုပ်တယ်လို့တော့ မထင်ပါနဲ့"





"ပေးပါခင်ဗျာ၊ မထင်ပါဘူး"

"ကျုရိုယိုဆိုင် ရောင်းတယ်ဆိုတာ အများဆုံး ရောင်းရတဲ့ ပစ္စည်းကတော့ ရှေးဟောင်းပစ္စည်း ဖြစ်လေတော့ ရောင်းတဲ့လူဟာ အနိမ့်ဆုံးပြောရရင် ခပ်ညံ့ညံ့ သမိုင်းပါမောက္ခ တစ်ယောက်လောက်တော့ ပိုမညံ့သင့်ဘူး။ ဘာကြောင့်လဲဆိုတော့ သမိုင်းနောက်ခံ မသိဘဲ သမိုင်းဝင်ပစ္စည်းတွေ ရောင်းတယ်ဆိုတာ စိန်ရည်ကျောက်သွေး နားမလည်ဘဲ. စိန်ကုန်သည် ကျောက်ပွဲစား လုပ်သလို ရှိလိမ့်မယ်၊ စိန်ကုန်သည် ကျောက်ပွဲစားလုပ်တဲ့ လူဟာလည်း အနိမ့်ဆုံးတော့ ချက်ဖကျောက်နဲ့ တွင်းထွက်ကိုတော့ မြင်လိုက်ရုံနဲ့ ခွဲခြားနိုင်ရမယ် မဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျာ"

ထိုအမျိုးသမီးသည် ကျွန်ုပ်ကို ပညာသားပါပါ ဆုံးမပြီးနောက် ကျွန်ုပ်အား ငွေခုနစ်ရာ့ငါးဆယ် ထုတ်ပေးကာ ထွက်စွာသွားတော့၏။

ကျွန်ုပ်လည်း များစွာ အရှက်ရမိတော့၏။ နှစ်ပေါင်းများစွာ ကျွန်ုပ် လုပ်လာခဲ့သော အလုပ်အား ထိုနေ့ နံနက်က တစ်ခါတည်း ရပ်ဆိုင်းပစ်ချင်လောက်အောင်ပင် စိတ်ဓာတ်များ ကျဆင်းသွားတော့၏။ သို့သော် ထိုမသက်ဆွေသည် ကျွန်ုပ်ထံသို့ တော်တော်နှင့် ပေါ်မလာပါ။

ကျွန်ုပ်သည် စာရေးခြင်းကို ဆက်လက်ပြုလုပ်လာ[illegible]မနုစာရီ



www.burmeseclassic.com

www.burmeseclassic.com



သည် ပြီးဆုံးခြင်းသို့ တိုင်လေတော့၏။ ထိုနေ့ နံနက်တွင် ကျွန်ုပ်၏ ဝိုင်သို့ မသက်ဆွေ ရောက်ရှိလာပြန်၏။

"ကျွန်မလည်း ရှင့်ဆိုင်ကို လာမယ်လာမယ်နဲ့ လာကို မလာ ဖြစ်ပါဘူးရှင်"

ကျွန်ုပ်သည် မနုစာရီ၏ နောက်ဆုံး စာမျက်နှာကို ရေးပြီးသည့် အချိန်နှင့်ဆိုလျှင် မသက်ဆွေ ရောက်လာသော အချိန်မှာ တိုက်ထား ပကဲ့သို့ ရှိ၏။ ကျွန်ုပ်လည်း ရေးပြီး စာရွက်များကို ဖိုင်တွဲ၍ ဖိုင် ခေါင်တွင် "မနုစာရီ"ဟု မင်နီဖြင့် ရေးသားလိုက်၏။

မသက်ဆွေသည် ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ကျွန်ုပ်၏ ဖိုင် ဘွဲကို လှမ်း၍ ကြည့်လိုက်၏။ သို့သော် သူနှင့် မပတ်သက်သဖြင့် မေးမြန်းခြင်း၊ ကြည့်ရှုခြင်း၊ ဆက်လက် မပြုတော့ဘဲ ပိုက်ဆံအိတ်ကို ငွကာ စာတစ်စောင်ကို ထုတ်၍...

"ဟောဒီစာကို ဖတ်ကြည့်စမ်းပါရှင်၊ ကျွန်မတို့ မိတ်ဆွေကင်း ဘရိတ် တက္ကသိုလ် သမိုင်းပါမောက္ခတစ်ဦးက ရေးလိုက်တဲ့ စာပါပဲ၊ ရန်ကုန်ရောက်ရင် ရှင့်ဆိုင်ကို ဝင်ပြီး ပစ္စည်းကလေး တစ်ခု ရှိမရှိ စုံ စမ်းပါတဲ့၊ ရှိတယ်ဆိုရင် ဖြစ်တဲ့နည်းနဲ့ ဝယ်ခဲ့ဖို့ ရေးလိုက်တဲ့ စာပါပဲ"

"ဘယ်လို ပစ္စည်းမျိုးပါလဲ ခင်ဗျာ"

"ရှင်ကိုယ်တိုင် စာကို ဖတ်ကြည့်ပါလားရှင်၊ တခြားအကြောင်း





အရာ မပါပါဘူး၊ ကျွန်မ ခွင့်ပြုပါတယ်။ ဖတ်ကြည့်စမ်းပါ"

ကျွန်ုပ်လည်း မသက်ဆွေပေးသော စာကိုယူ၍ ဖတ်ကြည့်မိ၏။ စာရေးစက္ကူမှာ ကင်းဘရိတ်တက္ကသိုလ်တံဆိပ်ပါသော စာရေးစက္ကူ ဖြစ်ပြီး စာများကိုမူ ပန်းချီဆရာများ အသုံးပြုလေ့ရှိသော ဘီခြောက် လုံးအဆင့်အတန်းထိ မည်းနက်သော ခဲတံတစ်မျိုးဖြင့် ရေးသားထား ခြင်း ဖြစ်၏။

ပါမောက္ခ တော်တော်များများသည် ဖောင်တိန်၊ ဘောပင်၊ စသည်များထက် ခဲတံကို ပိုမို နှစ်သက်တတ်ကြောင်း ကျွန်ုပ် မကြာ ခဏ သတိပြုမိ၏။ ပါမောက္ခကြီး၏ စာမှာ လက်ရေး အလွန်သော့ သော်လည်း တိုတိုနှင့် ရှင်းရှင်း ရေးသားထားပါ၏။

ထိုပါမောက္ခကြီးမှာ အခြားသူ မဟုတ်ချေ။ ကျွန်ုပ်၏ ဆိုင်တွင် မိုးကြိုးအိုးကလေး ပြသထားစဉ်က နှစ်ကြိမ်တိုင်တိုင် လာရောက်၍ ကြည့်ခဲ့ဖူးရုံမျှမက သုံးထောင်အထိ ဈေးပေးခဲ့ဖူးသော ပါမောက္ခ ကြီး ဖြစ်တော့၏။

ထိုစဉ်က ကျွန်ုပ်သည် ထိုအိုးကလေးကို ငါးထောင်ဟု ဈေးခေါ် ထားခဲ့ခြင်း ဖြစ်၏။ သူ၏ စာတွင် ငါးထောင်နှင့်ပင် ဝယ်ခဲ့ရန် မသက် ဆွေတို့ ဇနီးမောင်နှံကို ရေးသားထား၏။

ကျွန်ုပ်သည် စာကို ဖတ်ပြီးနောက် မသက်ဆွေအား ပြန်ပေး ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဆီမှာ အဲဒီအိုးကလေး ရောင်းဖို့ မရှိတော့ပါဘူး ခင်ဗျာ"

"ရောင်းဖို့ မရှိဘူးဆိုတော့ အခြား တစ်ယောက်ယောက် ဝယ်သွားပြီလား"

"ဒီလိုလည်း မဟုတ်ပါဘူး။ ကျွန်တော် မရောင်းတော့ဘူးလို့ ဆိုတာပါ မသက်ဆွေ"

"ရှင်ကြိုက်ဈေးရရင် ရောင်းရမှာပေါ့ရှင်"

"သူက ငါးထောင် ပေးဝယ်ခဲ့ဖို့ မှာပေမယ့် ဒီပစ္စည်းဟာ တကယ်ရှားပါးတဲ့ ပစ္စည်းဆိုရင် ငါးသောင်း ပေးဝယ်ဖို့လည်း ကျွန်မအနေနဲ့ ဝန်မလေးပါဘူး၊ ကြည့်ပါရစေလား"

"ဝမ်းနည်းပါတယ် မသက်ဆွေ၊ အဲဒီ မိုးကြိုးအိုးကလေးကို ငါးသောင်း မဟုတ်ပါဘူး။ ငါးသိန်းပေးလည်း ကျွန်တော် မရောင်းနိုင်ပါဘူး။ ဒါကြောင့် မပြရစေနဲ့လို့ တောင်းပန်ပါတယ်"

"ခက်လိုက်တာရှင်၊ ရှေးဟောင်းပစ္စည်း ရောင်းတဲ့လူဆိုတာ ရှေးဟောင်းပစ္စည်းရဲ့ တန်ဖိုးကိုတော့ နားလည်ဖို့ လိုပါတယ်။ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်ကတော့ အဲဒီပစ္စည်းတွေကို မခွဲနိုင် မခွာရက် စွဲလမ်းတပ်မက်တဲ့ စိတ်မျိုး မရှိရဘူးရှင်။ ဒီလိုစိတ်မျိုး ရှိနေရင် ဘယ်လိုလုပ်ပြီး ရောင်းလို့ ဖြစ်တော့မှာလဲ"

"ဟုတ်ပါတယ်၊ တခြားပစ္စည်းတွေကို ကျွန်တော် မတပ်မက်ပါ





ဘူး။ ဒီပစ္စည်းလေးကိုတော့"

"ကောင်းပါပြီရှင် ကျွန်မ ပြန်လိုက်ပါဦးမယ်"

မသက်ဆွေသည် မချင့်မရဲဖြစ်ကာ ကားပေါ်သို့ ပြန်၍ တက်သွား၏။ ကားကို မောင်းထွက်သွားသော်လည်း ကားသည် ကျွန်ုပ်၏ ဆိုင်နှင့် မျက်စောင်းထိုးလောက်တွင် ထိုး၍ ရပ်သွား၏။ မသက်ဆွေသည် ကျွန်ုပ်ကို ကားပေါ်မှ လှမ်းခေါ်၍ အကူအညီတောင်းသဖြင့် သွားရောက်ခဲ့ရ၏။

"ကား ဘာဖြစ်သွားသလဲ မသိဘူးရှင့်၊ တဆိတ်လောက် အကူအညီ ပေးပါဦး"

"ဆီပိတ်သွားတာ ဖြစ်မှာပါ၊ မသက်ဆွေ ကျွန်တော် ကြည့်ပါဦးမယ်"

ကျွန်ုပ်သည် ကားစက်ခေါင်းဖုံးကို ဖွင့်ကာ မိန်းဂျက်ကို ဖြုတ်၍ ပါးစပ်ဖြင့် မှုတ်ပြီးနောက် ပြန်၍ တပ်ပေးပြီးလျှင် အဖုံးကို ပိတ်နေစဉ်...

"ဟိတ်လူ ခင်ဗျား လူများကားကို လာပြင်ပေးနေ၊ ခင်ဗျား ဆိုင်မှာ သူခိုးဝင်နေပြီ အသုံးမကျတဲ့ လူ"

အသံလာရာသို့ ကြည့်လိုက်ရာ အလွန် စုတ်ပြတ်သော အဝတ်အစားများဖြင့် ညစ်ပေနေသော သူတောင်းစားလိုလို ဘိန်းစားလိုလို လူတစ်ယောက်က ကျွန်ုပ်ကို လှမ်း၍ ဝေါက်လိုက်ကြောင်း သိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ဆိုင်ဘက်သို့ ပြေးသွားရာ မာဂဓသုဒ္ဓိစာထုပ်ကြီး တရုတ်ဘုန်းတော်ကြီး ဝဲလူဝင်း ပြန်ဆိုပေးသွားသော စာထုပ်ကြီးများ သာမက အဝတ်အိတ်ဖြင့် ထည့်ထားသော မိုးကြိုးအိုးကလေးနှင့် ကျွန်ုပ် ရေးသားသော "မနုစာရီ" ဖိုင်တွဲကိုပါ ခိုးယူရန် ကြံနေသော အလှစ်သမားကို ပက်ပင်း တွေ့ရှိရသဖြင့် ထိုအလှစ်သမားကို ထိုး ကြိတ်ရန် ပြေးအသွားမှာပင် အလစ်သမားသည် သူ၏ လက်တွင်း ဝယ်ကိုင်ထားပြီးဖြစ်သော စာထုပ်များနှင့် ကျွန်ုပ်၏ မျက်နှာသို့ ပစ် ပေါက်၍ ဆိုင်တွင်းမှ ထွက်ပြေး လွတ်မြောက်သွားတော့၏။ ကျွန်ုပ် သည် နောက်သို့ ဖင်ထိုင်လျက် လဲကျသွားရာမှ ပြန်ထ၍ ပတ်ဝန်း ကျင်သို့ အကူအညီတောင်းရန် ဆိုင်အပြင်သို့ ပြေးထွက်ခဲ့သော်လည်း အလစ်သမားကား မျက်ခြည်ပြတ်သွားပြီ ဖြစ်၏။

ကျွန်ုပ်ကို ဓါက်ငန်း၍ သတိပေးခဲ့သော ဘိန်းစားလိုလို လူ သည်လည်း မရှိတော့ချေ။ ပါမောက္ခကတော်လေး မသက်ဆွေ၏ ကားသည်လည်း မရှိတော့။ အမှန်အားဖြင့် သူကားကို ပြင်ပေးနေစဉ် ကျွန်ုပ်ဆိုင်၌ အလစ်သုတ်ခံရခြင်းဖြစ်ရာ ယဉ်ကျေးမှုကို အပြည့်အဝ နားလည်သော မသက်ဆွေအနေနှင့် မည်သို့မည်ပုံ ဖြစ်ပျက်သည် ကို သတင်းစကား မေးသင့်လှ၏။ ယခုမူ နှုတ်ဆက်ခြင်းပင် မပြုခဲ့ဘဲ ထွက်ခွာသွားပေပြီ။ ထိုအဖြစ်အပျက်များကိုလည်း သွေးရိုးသားရိုးဖြစ် ပါသည်ဟု မည်သူမျှ အတတ်ပြောနိုင်မည် မဟုတ်ချေ။





ကျွန်ုပ်သည် ဆိုင်တွင်းသို့ ဝင်ခဲ့ပြီးနောက် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိသော စာရွက်များနှင့် မိုးကြိုးအိုးကလေးကို ကောက်ယူ ...းဆည်းလျက် ရှိ၏။

"မနုစာရီ" ဖိုင်တွဲမှာမူ အလွယ်တကူ ကောက်ယူနိုင်သော်လဲ တရုတ်ဘုန်းတော်ကြီး ပြန်ဆိုပေးခဲ့သည့် စာများနှင့် မာဂဓသုဒ္ဓိစာများ မှာမူ ခက်ခဲစွာ ပြန်၍ စီထပ်နေရ၏။

ထိုအဖြစ်အပျက်များကို ပညာရှင် မနုစာရီ သိမှသိပါလေစ။

ကျွန်ုပ်သည် မနုစာရီကို သစ္စာပြုခဲ့သည့်အတိုင်း အပိုအလိုမရှိ စီစဉ် ရေးသားခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ပြုခဲ့သော သစ္စာအတွက် ကျွန်ုပ် တစ်ကိုယ်တည်း ကြားရုံမျှ အသံကိုပြုလျက်..။

"ဤမှန်သော သစ္စာစကားကြောင့် ဤမနုစာရီမည်သော ဝတ္ထု ကို အတိတ်ချာ မောင်တော်သည် ဖတ်မိပါစေသတည်း"

ဦးအောင်ထွန်း
ကျူရိယိုဆိုင်၊ မအူကုန်း၊
ရန်ကုန်မြို့

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com





## ထူးဆန်းသော စာထုပ်ကြီး၏ဇာတ်သိမ်း

ကျွန်ုပ် (မင်းသိခ်)သည် အထက်ပါစာများကို ဖတ်ပြီးနောက် ထိုစာမူပိုင်တွဲကြီးကို ယူလာသော ကျွန်ုပ်၏ မိတ်ဆွေ ဗိုလ်ချစ်စိန်အား နားမလည်နိုင်သလို ကြည့်လိုက်မိ၏။

''ခင်ဗျားရေးတဲ့ ဝတ္ထုစာမူတွေလား၊ ဗိုလ်ချစ်စိန်''

''ဘယ်ကလာ ဟုတ်ရမှာလဲ ဆရာမင်းသိခ်ရယ်၊ ကျွန်တော် ဝတ္ထုလည်း မရေးတတ်ပါဘူး။ ရေးတတ်တဲ့တိုင်အောင်လည်း ကျွန်တော့်မှာ ဝတ္ထုရေးဖို့ အချိန်မရှိပါဘူးဗျာ''

''ဒါဖြင့်ရင် ဒီစာမူတွေက ဘယ်သူ့ဥစ္စာလဲ''

''အဲဒါကြောင့် ခင်ဗျားဆီ လာခဲ့တာပေါ့၊ ကျွန်တော့် အစ်ကိုကြီးကိုအောင်ထွန်းဆိုတာက အရင်တုန်းကတော့ စပါးပွဲစားကြီး



www.burmeseclassic.com

www.burmeseclassic.com

ပေါ့ဗျာ၊ နောက်တော့ စပါးပွဲစားအလုပ်ကို မလုပ်တော့ဘဲ ကျူရှင်ယိုဆိုင်ကလေး တစ်ဆိုင် ဖွင့်တယ်ဗျ၊ ကျွန်တော်နဲ့ ကတော့ မတွေ့တာ ကြာပါပြီဗျာ။ ကျွန်တော်က တပ်မတော်ထဲ မှာဆိုတော့ ညီအစ်ကိုချင်း ပြန်တွေ့ကြတယ်လို့ တယ်ပြီး မရှိလှ ပါဘူး။ အစ်ကိုကြီး သေပြီးတဲ့နောက် ဘဏ်မှာ အပ်ထားတဲ့ ငွေတွေကိုတော့ ကျွန်တော့်အစ်မကြီးက အမွေအဖြစ်ရတယ်။ ကျွန်တော်ကိုတော့ အိမ်ပိုင်ကလည်း မရှိလေတော့ ကျွန်တော် တပ်ကထွက်ရင် နေဖို့ဆိုပြီး အစ်ကိုကြီးက သူ့အိမ်ကြီးကို အမွေပေးသွားတယ်ဗျ၊ အခု ကျွန်တော် တပ်မတော်က အငြိမ်း စားယူလိုက်တဲ့ အခါကျတော့ အစ်ကိုကြီးရဲ့ အိမ်ကို သေသေ ချာချာ ရှင်းလင်းတဲ့အခါမှာ သူအိပ်ခဲ့တဲ့ အိပ်ခန်းထဲက ဒီဗိုင်တွဲ ကြီးကို တွေ့ရတယ်ဗျ၊ အဲဒါနဲ့ ကျုပ်လည်း ဖတ်ကြည့်တော့ တော်တော် စိတ်ဝင်စားမိတယ်။ အဲဒါ ခင်ဗျားဆီ လာပို့တာပဲ၊ ခင်ဗျား သဘောကျရင် ဝတ္ထု ပြန်ရေးချင်ရင်လည်း ရေးပေါ့ဗျာ၊ ဒါမှမဟုတ်လည်း နည်းနည်းပါးပါး ပြင်ဆင်ပြီး စာအုပ်ရိုက်လို့ ဖြစ်ရင်လည်း ရိုက်ပေါ့ဗျာ၊ ဆရာ မင်းသိင်္ခ ကြိုက်သလို အသုံး ပြုဖို့ လာပို့တာပဲ"

"ခင်ဗျား အစ်ကိုကြီး ကိုအောင်ထွန်းဆိုတာက စာအရေး အသား ဝါသနာပါသလား၊ အရင်ကရော ဝတ္ထုတို့ ဘာတို့

ရေးဖူးသလား ဗိုလ်ချုပ်စိန်"

"ကျွန်တော် သိရသလောက်တော့ ဝတ္ထုတွေ ဘာတွေကို ရေး ဖို့ မပြောနဲ့ ဖတ်ဖို့တောင် ဝါသနာပါတဲ့ လူမျိုး မဟုတ်ဘူးဗျ"

"ဒါပေမဲ့ အခု သူရေးထားတာကတော့ ဒါကျ အထားအသို တွေကော ရေးဟန်ရော သိပ်ပြီး မခေလှဘူးဗျ၊ ဇာတ်ကွက် ကလည်း အတော်ကလေး စေ့တာကို တွေ့ရတယ်၊ အဲဒါနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်စိန် ဘယ်လို ယူဆသလဲ"

"ကျွန်တော်ကတော့ အစ်ကိုကြီးဟာ မနုစာရီဆိုတဲ့ အမျိုးသမီး နဲ့ တကယ်တွေ့ခဲ့ကြတာ ဖြစ်မှာပါပဲဗျာ၊ ဒီကိစ္စကို ဂဃနဏ သိတဲ့ ကျွန်တော် အစ်မကြီးရော၊ သူ့တပည့် ဂျူပု ဗိုင်းမောင် ကပါ ဒီလိုပဲ ပြောနေကြတာပဲဗျ"

"ဒါဖြင့်ရင် သူ့စာထဲမှာပါတဲ့ မိုးကြိုးအိုးကလေးရယ်၊ လက် ပတင်နှင် နန်းဝေရဲ့ အမှတ်ပဲဟောင်းရယ်၊ တရုတ်ဘုန်းကြီး ဘာသာ ပြန်ခဲ့တဲ့ စာထုပ်ကြီးရယ်ကော ရှာကြည့်သေးလား"

"ရှာပါပြီးလားဗျာ၊ ဒါပေမဲ့ မတွေ့ပါဘူး အဲ... တစ်ခုတော့ ရှိတယ်။ တာမွေသချိုင်းထဲက မနုစာရီဆိုတဲ့ အုတ်ဂူကလေး တော့ဖြင့် ကျွန်တော် သွားရှာကြည့်တာ တွေ့တယ်ဗျို့ မနုစာရီ ဆိုတဲ့ ကမ္ပည်းကျောက်ပြားတောင် အဲဒီနားက ကလေးတွေ ဖျက်ဆီးထားလို့ တချို့တဝက် ပျက်တောင်နေပါပြီဗျာ"


လာဘ်မိုးရွှေစာပေ
www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် ဗိုလ်ချစ်စိန်သည် ဦးအောင်ထွန်း၏ 'မနုစာရီ' ဟု အမည်တပ်ထားသော စာမူပိုင်တွဲကြီးကို အကြောင်းပြုလျက် နာရီအတော်ကြာခန့် ဆွေးနွေး တိုင်ပင်ပြီးနောက် ဗိုလ်ချစ်စိန် ပြန်၍ သွားပါတော့၏။

အစပထမ၌ ကျွန်ုပ်သည် ၎င်းစာမူအား လိုအပ်လျှင် ပြင်ဆင်ရေးသားမည်ဟူ၍ အစမှ အဆုံးတိုင်အောင် နှစ်ခေါက်တိတိ ကျွန်ုပ်ပြန်လည် ဖတ်ကြည့်ပြီးနောက် စကားပြေ အရေးအသားဟန်နှင့်ပတ်သက်၍ လည်းကောင်း၊ ဇါတ်ကျ အထားအသိုများနှင့် ပတ်သက်၍လည်းကောင်း၊ ဝေါဟာရ အသုံးအနှုန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ရုပ်ပျက်ဆင်းပျက် ဖြစ်လောက်သော ချို့ယွင်းချက်များ မတွေ့ရှိရုံမျှမက ၎င်း 'မနုစာရီ' စာမူသည် ဦးအောင်ထွန်းဆိုသည့် ကျူရိယိုဆိုင်ရှင်တစ်ဦး အမှန်တကယ် တွေ့ကြုံဖြစ်ပျက်ခဲ့သည်ဟု ကျွန်ုပ်ကိုယ်တိုင်လည်း ယုံကြည်နိုင်လောက်သော အချက်ကလေး တစ်ချက်၊ နှစ်ချက်အား ၎င်း၏စာမူထဲတွင် တွေ့ရှိရသဖြင့် တစ်လုံးတစ်ပါဒမျှ ပြင်ဆင်ခြင်း၊ ဖြုတ်တောက်ခြင်း၊ ဖြည့်စွက်ခြင်း မရှိဘဲ စာဖတ်သူများ လက်သို့အမြန်ဆုံး ရောက်ရှိနိုင်မည့် စန်းမြင့်စာပေသို့ ပို့ပေးအပ်နှံခဲ့ပါတော့သတည်း။

စာဖတ်ပရိသတ်အား အစဉ်လေးစားလျက်

[illegible]

မင်းသိခ်



လာဘ်မိုးရွှေစာပေ

# မင်းသိခ်

## (၇) ရက် သားသမီးများအတွက်

## ဘဝတစ်သက်တာ ဟောစာတမ်း

စာမူခွင့်ပြုချက် - ၉၆၇/၂၀၀၄(၁၀)

ထွက်ပြီ။

လာဘ်မိုးရွှေစာပေ - အမှတ် (၁၁၁)၊ ၃၃ လမ်း(အလယ်)၊ [illegible]အနီး၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၂၁၁၁၃၇